# ယုံကြည်ချက်နဲ့ ရှေ့ဆက်ကြမယ်


## အရှင်ဇာနေယျာစာရ

[ရွှေညောင်ပင်ဖားအောက်တောရ]







# ယုံကြည်ချက်နဲ့ ရှေ့ဆက်ကြမယ်

## အရှင်ဇာနေယျာစာရ

၂၀၁၈ ခုနှစ် သုမမ္မာစာတော်ပြန်ပွဲ မြန်အောင်မြို့နှင့် [ ရွှေ ညောင် ပင် ဖား အောက် တော ရ ]
၂၀၁၉ ခုနှစ် စင်ကာပူနိုင်ငံ ဖားအောက်တောရတို့တွင် ဟောကြားခဲ့သော တရားတော်

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေခြင်း
၂၀၂၁ ခုနှစ်၊ ဇူလိုင်လ၊ [ပထမအကြိမ်]

ထုတ်ဝေသူ
ဒေါ်အိဝတ်ရည်ထွန်း၊ ဂျူတီစာပေ (၀၂၀၇၇)၊
အမှတ်(၄၉၉)၊ ၆-လွှာ(က)၊ ဗမာ့ရုံလမ်း၊
(၁၀) ရပ်ကွက်၊ လှိုင်မြို့နယ်။

ပုံနှိပ်သူ
ဦးစန်းဦး၊ SKCC Press (၀၀၄၁၃)၊
၆၇၊ ၁၆၄ လမ်း၊ တာမွေ။

မျက်နှာဖုံးသရုပ်ဖော်နှင့် အတွင်း
နိုင်ခွန်အား၊ ချစ်ကို

မျက်နှာဖုံးဒီဇိုင်းအယ်ဒီတာ, စာအုပ်နှင့်စာမျက်နှာ စီစဉ်ဖွဲ့စည်းတည်ဆောက်စာစီခြင်းဒီဇိုင်းနှင့်အယ်ဒီတာ
အရှင်သီလာနန္ဒ
ရွှေညောင်ပင်ဖားအောက်တောရကွန်ပျူတာဌာန

ထုတ်ဝေသည့်စာအုပ်အရေအတွက်
၁၀၀၀ [တစ်ထောင်]

စာအုပ်ထုတ်ဝေဖြန့်ချိရေး [မူရင်း]
ရွှေညောင်ပင်ဖားအောက်စာပေ

စာအုပ်တန်ဖိုး
ဓမ္မဒါန

### စာအုပ်ကတ်တလောက်အညွှန်း

စာရေးဆရာ - အရှင်ဇာနေယျာစာရ [ရွှေညောင်ပင်ဖားအောက်]
စာအုပ် - ယုံကြည်ချက်နဲ့ ရှေ့ဆက်ကြမယ်
အရွယ်အစား- ၁၄ စင်တီမီတာ × ၂၀.၅ စင်တီမီတာ
စာမျက်နှာ - ၁၈၆
အကြိမ်ရေ - ပထမအကြိမ်
ရက်စွဲ - ၂၀၂၃ ခုနှစ်၊ ဧပြီလ

## ‘နမော တဿ ဘုရားရှိခိုး’

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

**ဘဂဝတော –** ဣဿရိယ, ဓမ္မ, ယသ, သိရီ, ကာမ, ပယတ္တဟု ဆိုအပ်သော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော် မူပါပေထသော။

**အရဟတော –** ကိလေသာ အညစ်အကြေး ကင်းဝေးစင်ကြယ်တော်မူ၍ လူ, နတ်, ဗြဟ္မာ, သတ္တဝါတို့၏ ဝပ်စင်းကော်ရော် ပူဇော်အထူးကို ခံယူတော်မူထိုက်ပါပေထသော။

**သမ္မာသမ္ဗုဒ္ဓဿ –** ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် ဉေယျဓမ်ငါးပါး မြတ်တရားကို ကောင်းစွာထင်ထင် သိမြင်တော်မူပါပေထသော။

**တဿ –** ထိုထိုဂုဏ်တော်သခင် ဘုရားရှင်အား...။

**နမော –** ကာယ,ဝစီ မနောချီလျှက် ရှိသေမြတ်နိုး ရှိခိုးကန်တော့ပါ၏ မြတ်စွာဘုရား...။

# မာတိကာ

**ယုံ ကြည် ချက် နဲ့ ရှေ့ ဆက် ကြ မယ်**


| စဉ် | စာမျက်နှာ |
|---|---|
| ယုံကြည်ချက်နဲ့ ရှေ့ဆက်ကြစေချင် | ၉ |
| ဓမ္မသဘင်အဖွင့် | ၁၃ |
| ဘုရားရှိခိုး | ၁၄ |
| မေတ္တာဖွင့် | ၁၆ |
| သဒ္ဓါ၏ လက္ခဏာနှစ်မျိုး | ၁၉ |
| သဒ္ဓါ၏ ကြည်လင်ခြင်းသဘော - | ၂၅ |
| ကြည်လင်ခြင်းသဘော ပတ္တမြားရတနာဥပမာ | ၂၉ |
| သဒ္ဓါ၏ မဆုတ်နစ်ခြင်းသဘော - | ၃၅ |
| မဆုတ်နစ်ခြင်းသဘော သူရဲကောင်းဥပမာ - | ၃၅ |
| ဒါန [သိဝိဇာတက - ကိုယ်အင်္ဂါအလှူ] | ၃၉ |
| [ဝေဿန္တရဇာတက - ဇနီး, သား, သမီးအလှူ] | ၄၁ |
| [သသပဏ္ဍိတဇာတက - အသက်အလှူ] | ၄၂ |
| သီလ [ပဉ္စသီလသမာဒါနိယမထေရ်ဝတ္ထု] | ၅၀ |
| ဘာဝနာ [မဟာသီဝမထေရ်ဝတ္ထု] | ၅၆ |
| ပဋ္ဌာန်းကျမ်းမှ သဒ္ဓါ | ၆၂ |
| သာသနာတော်နှင့် သဒ္ဓါ | ၆၇ |
| သဒ္ဓါ နှစ်မျိုးနှစ်စား | ၇၅ |
| ရတနတ္တယသဒ္ဓါ - | ၇၆ |
| ဘုရားကို ယုံကြည်ခြင်း - | ၇၈ |
| ဘုရားဂုဏ်/စဏ္ဍာလီဝတ္ထု | ၈၁ |
| တရားကို ယုံကြည်ခြင်း - | ၉၁ |
| တရားဂုဏ်/ပဋာစာရာဝတ္ထု | ၉၆ |

# မာတိကာ

**ယုံ ကြည် ချက် နဲ့ ရှေ့ ဆက် ကြ မယ်**


သံဃာကို ယုံကြည်ခြင်း ၁၀၁
သံဃဂုဏ် - ပုဏ္ဏာသီဟဝတ္ထု ၁၀၂
ကမ္မဖလသဒ္ဓါ ၁၀၉
ဝိသုဒ္ဓိခုနစ်ပါး ၁၁၉
သီလဝိသုဒ္ဓိ ၁၂၀
စိတ္တဝိသုဒ္ဓိ ၁၂၃
- အာနာပါနကမ္မဋ္ဌာန်း အားထုတ်ပုံ ၁၂၄
- အာနာပါနကမ္မဋ္ဌာန်း၌ အခက်အခဲများကို ကျော်ဖြတ်ခြင်း ၁၂၈
- အာနာပါနကမ္မဋ္ဌာန်း အဆင့်ဆင့် ၁၃၄
ဒိဋ္ဌိဝိသုဒ္ဓိ ၁၄၀
- ဓာတ်ကမ္မဋ္ဌာန်း အကျဉ်းနည်း ၁၄၁
ကင်္ခါဝိတရဏဝိသုဒ္ဓိ ၁၅၂
- ကုသဇာတက ၁၅၅
-နည်းလေးပါး ၁၇၀
မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ၁၇၃
ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ၁၇၆
ဉာဏဒဿနဝိသုဒ္ဓိ ၁၇၆

ယုံကြည်ချက်နဲ့ ရှေ့ဆက်ကြရမယ် ..................... ၁၇၉
တရားနိဂုံး အမြွတ်ဆုံး ၁၈၀

တရားသိမ်း........................................ ၁၈၃
ကျမ်းကိုး......................................... ၁၈၅

# ယုံကြည်ချက်နဲ့ ရှေ့ဆက်ကြစေချင်

**"ယုံကြည်ချက်နဲ့ ရှေ့ဆက်ကြမယ်" ဆိုတဲ့ ဒီတရားခေါင်းစဉ်ကို ၂၀၁၈ ခုနှစ် သုဓမ္မာပရိယတ္တိစာတော်ပြန်ပွဲ မြန်အောင်မြို့နဲ့ ၂၀၁၉ ခုနှစ် စင်ကာပူနိုင်ငံ ဖားအောက်တောရမှာ ဟောကြားခဲ့တာ ဖြစ်ပါတယ်။**

၂၀၁၉ ခုနှစ်လောက်မှာ ဒီခေါင်းစဉ်နဲ့ စာအုပ်ထုတ်ဖို့ စိတ်ကူးခဲ့ပေမယ့် အကြောင်းအမျိုးမျိုးကြောင့် မဖြစ်မြောက်ခဲ့ဘူး။ အခု ၂၀၂၃ ခုနှစ်မှသာ "ယုံကြည်ချက်နဲ့ ရှေ့ဆက်ကြမယ်" ဆိုတဲ့ တရားကို စာအုပ်အဖြစ် ထုတ်ဝေနိုင်ခဲ့တယ်။

"ယုံကြည်ချက်နဲ့ ရှေ့ဆက်ကြမယ်" ဆိုတဲ့ အမည်ကို တရား

ခေါင်းစဉ်အနေနဲ့ ဘာကြောင့် ရွေးချယ်ခဲ့ရတာလဲဆိုတော့…။

ဦးပဥ္စင်းတို့ ဗုဒ္ဓဘာသာ သူတော်ကောင်းအားလုံးတို့ရဲ့ ကိုးကွယ်ရာဖြစ်တဲ့ ရတနာမြတ်သုံးပါးကို အဓိပ္ပာယ်ရှိရှိ လေးလေးနက်နက် ယုံကြည်ကိုးကွယ်တတ်တဲ့ **ရတနတ္တယသဒ္ဓါ ခိုင်မာဖို့အပြင်…။**

ဦးပဥ္စင်းတို့ ဗုဒ္ဓဘာသာသူတော်ကောင်းတွေရဲ့ တစ်ခုတည်းသော ပန်းတိုင်ဖြစ်တဲ့ နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ဖို့ရာ အတွက်လည်း **ကံနဲ့ကံရဲ့အကျိုးကို ယုံကြည်မှုသဒ္ဓါတရားက** ဘယ်လောက်အရေးကြီးသလဲဆိုတာကို ဗုဒ္ဓဘာသာသူတော်ကောင်းအားလုံး နားလည်သဘောပေါက်ဖို့အတွက် ဒီတရားအမည်ကို ရွေးချယ်ထားခြင်းဖြစ်ပါတယ်။

ဒီနေရာမှာ ဘုရားရှင်က ယုံကြည်ချက်သဒ္ဓါတရားနဲ့ ပတ်သက်လို့ **"သဒ္ဓါယ တရတိ ဩဃံ**[၁] **- ဩဃလေးဖြာ သံသရာကြီးကို သဒ္ဓါတရားနဲ့ ကူးခတ်ကျော်လွှား လွန်မြောက်နိုင်လိမ့်မယ်"** လို့ ဟောကြားခဲ့တယ်။

ဒီဒေသနာတော်နဲ့အညီ သံသရာဝဲဩဃကြီးက ကူးခတ်လွန်မြောက်နိုင်ဖို့, နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ဖို့ရာအတွက် ယုံကြည်ချက်ဆိုတဲ့ သဒ္ဓါတရားဟာ ဘယ်လောက် အရေးပါသလဲဆိုတာကို စာဖတ်သူတို့ သိရှိနားလည် သတိပြုစေလိုတဲ့ဆန္ဒနဲ့ ဒီတရားအမည်ကို ရွေးချယ်ခဲ့ခြင်းလည်း ဖြစ်တယ်။

**"ယုံကြည်ချက်နဲ့ ရှေ့ဆက်ကြမယ်"** ဆိုတဲ့ တရားအမည်နဲ့ ဓမ္မပလ္လင်ပေါ်မှာ ဟောခဲ့စဉ်က အကြောင်းအရာ အချက်အလက်တွေကို အခြေခံပြီး ဒီစာအုပ်မှာတော့ ဟောတရားမှာ ပြည့်ပြည့်စုံစုံ မပါဝင်ခဲ့တဲ့ အချက်အလက်တွေကိုပါ စုစည်းထည့်သွင်းပြီး စုံလင်အောင် ရေးသားထားတာဖြစ်ပါတယ်။

ဟောတရားမှာကတော့ အချိန်အတိုင်းအတာ တစ်ခုအတွင်း

---

[၁] [သံ၊ ၁၊ ၂၁၇]

ဟောရပြောရတာဆိုတော့ ဦးပဥ္ဇင်းဟောချင်တဲ့ အဓိကအချက်အလက်တွေလောက်သာ ပါဝင်တာပေါ့။

ဒီစာအုပ်မှာကတော့ ဟောတရားကို အခြေခံပြီး ရေးထားတဲ့အပြင် ဟောတရားမှာ မပါဝင်ခဲ့တဲ့ သိသင့်တဲ့ အကြောင်းအရာ အချက်အလက်တွေကိုပါ ထည့်သွင်းရေးသားဖြစ်ခဲ့တယ်။

ဒ့ါအပြင် **ဘာဝနာအလုပ်ကို စတင်အားထုတ်လိုတဲ့** ယောဂီသူတော်ကောင်းတွေအတွက် အခြေခံအားထုတ်ပုံ လမ်းစဉ်အကျဉ်းမျှကိုလည်း ထည့်သွင်းရေးသားထားပြီး ဝိပဿနာအထိ ဆက်လက်လေ့လာလိုတဲ့ သူတော်ကောင်းများအတွက်လည်း လျှောက်လှမ်းသင့်တဲ့လမ်းစဉ်အကျဉ်းကို ဒီစာအုပ်ထဲမှာ **လမ်းပြသဖွယ်** ထည့်သွင်းရေးသားထားပါတယ်။

ဒီ "ယုံကြည်ချက်နဲ့ရှေ့ဆက်ကြမယ်" ဆိုတဲ့ တရားအမည်ရဲ့အောက်မှာ... နိဗ္ဗာန်ကို လိုလားတောင့်တတဲ့ သူတော်ကောင်းတွေအနေနဲ့ မှန်ကန်တဲ့ ဘာဝနာကျင့်စဉ်တစ်ခုကို သေချာယန သိစေချင်တာကြောင့် အဓိကလမ်းပြအနေနဲ့ **ဝိသုဒ္ဓိခုနစ်ပါးကျင့်စဉ်** အကျဉ်းမျှကိုလည်း ထည့်သွင်း ရေးသားထားပါတယ်။

ဒီထက်ပိုပြီး ဝိပဿနာဘာဝနာကျင့်စဉ်တွေကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာချင်တဲ့ သူတော်ကောင်းများအနေနဲ့ကတော့ ဦးပဥ္ဇင်းတို့ရဲ့ ကျေးဇူးတော်ရှင် **ဖားအောက်တောရဆရာတော်၏ နိဗ္ဗာန်သို့သွားရာတစ်ကြောင်းတည်းသောလမ်းနှင့် နိဗ္ဗာနဂါမိနီပဋိပဒါ** ကျမ်းစာအုပ်တို့ကို ဆက်လက်လေ့လာဖို့ရာ တိုက်တွန်းလိုက်ရပါတယ်။

စာဖတ်သူ ပရိသတ်အပေါင်း ကိုယ်ရောစိတ်ပါ ချမ်းသာခြင်းရှိကြပါစေ...။

**အရှင်ဇာနေယျာဘိဝံသ (ရွှေဥဩင်ပင်ဖားအောက်)၊**

သာသနာတော်နှစ် ၂၅၆၅၊ ကောဇာသက္ကရာဇ် ၁၃၈၃၊ ဝါဆိုလဆန်း ၃ ရက်၊ တနင်္ဂနွေနေ့။
ခရစ်နှစ် ၂၀၂၁၊ ဇူလိုင် ၁၁၊ ညဉ့်ဦးယံ ၈နာရီ ၄၅မိနစ်တွင်ပြီး။

# ဓမ္မသဘင်အဖွင့်

ယနေ့ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတွေကို ဟောကြားဖို့ တရားအမည် ရွေးချယ်ထားတာကတော့ **"ယုံကြည်ချက်နဲ့ ရှေ့ဆက်ကြမယ်"** ဆိုတဲ့ တရားတော်။ ဘာတရားလဲ တို့ပရိသတ်...။

**"ယုံကြည်ချက်နဲ့ ရှေ့ဆက်ကြမယ်"** တရား ပါဘုရား

ဒီ **"ယုံကြည်ချက်နဲ့ ရှေ့ဆက်ကြမယ်"** ဆိုတဲ့... တရားတော်ကို ဘုရားဟော ပါဠိတော်, အဋ္ဌကထာများကို ကိုးကားပြီး ဟောကြားမှာ ဖြစ်တဲ့အတွက်ကြောင့် တရားဒေသနာတော်ပိုင်ရှင်, ဒေသနာတော်ဥက္ကဌ ဖြစ်တော်မူတဲ့ ဘုရားရှင်ကို ဦးစွာပထမ ရှိခိုးကန်တော့ကြရအောင်...။

တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့ကလည်း ဗုဒ္ဓရဲ့

ဂုဏ်တော်ကို စွမ်းအားရှိသလောက် အာရုံယူပြီး ရှိသေစွာနာယူကြဦးစို့။

## ဘုရားရှိခိုး

"ဗုဒ္ဓံ နရာနရသမောသရဏံ ဓိတတ္တံ၊
ပညာပဒီပဇုတိယာ ဝိဟတန္ဓကာရံ၊
အတ္တာဘိကာမနရဒေဝဟိတာဝဟံ တံ၊
ဝန္ဒာမိ ကာရုဏိက မဂ္ဂမနန္တဉာဏံ။"[၂]

နရာနရသမောသရဏံ - လောကုတ်လောကီ နစ်လီသော အစီးအပွားကို လိုလားတောင့်တကြကုန်သော စိတ်ထားမြတ်သူ နတ်လူပြဟ္မာ သတ္တဝါတို့၏ စုဝေးရာလည်းဖြစ်တော်မူထသော...

ဓိတတ္တံ - လောကီလောကုတ္တရာ နစ်ဖြာသော မယိမ်းမယိုင် မြဲခိုင်လှသည့် သမာဓိနှင့်ယှဉ်သော စိတ်ဓာတ်လည်း ရှိတော်မူထသော...

ပညာပဒီပဇုတိယာ - သစ္စာလေးရပ် တရားမြတ်ကို ထွင်းဖောက်သိမြင်တတ် အရဟတ္တမဂ်တည်းဟူသော ပညာတန်ဆောင်ဆီမီးရောင်လည်း ရှိတော်မူထသော...

ဝိဟတန္ဓကာရံ - သစ္စာလေးရပ် တရားမြတ်ကို ကွယ်ကာပိတ်ဖုံး ဉာဏ်မြင်တုံးအောင် ပြုတတ်ပေကြား အဝိဇ္ဇာတည်းဟူသော အမိုက်တရားကို အရဟတ္တမဂ် ဉာဏ်သံလျက်ဖြင့် ပယ်ဖျက်တော်မူပြီးထသော...

အတ္တာဘိကာမံ - လူနတ်ပြဟ္မာ သတ္တဝါတို့၏ အစီးအပွားကို အလွန်လိုလား တောင့်တတော်မူထသော...

နရဒေဝဟိတာဝဟံ - လူ့နတ်ပြဟ္မာ သတ္တဝါတို့အား လမ်းပြ

---

[၂] အဋ္ဌကထာဆရာတော် အရှင်မဟာဗုဒ္ဓဃောသ မထေရ်မြတ်၏ [မဟာနမက္ကာရပါဠိ၊ ၁၅ ဂါထာ]

နည်းညွှန် ဆုံးမသွန်သင်တော်မူလျက် လောကုတ်လောကီ နှစ်လီဆုံးကုန် အလုံးစုံသော ဂုဏ်သိမ်တန်ခိုး စည်းစိမ်ချမ်းသာ အကျိုးငှာ ရွက်ဆောင်တော်မူတတ်ထသော ...

ကာရုဏိကံ – လူနတ်ပြဟ္မာ သတ္တဝါအများ သနားချစ်ခင် မဟာကရုဏာတော်ရှင်လည်း ဖြစ်တော်မူထသော...

အဂ္ဂံ – ဇာတိအစ ပါရမီပုညနှင့် မနှိုင်းယှဉ်အပ် မနှိုင်းယှဉ်သာသော သီလ, သမာဓိ, ပညာ ဂုဏ်သကတ်ကြောင့် မြတ်သည်၏ အဖြစ်သို့ ရောက်တော်မူထသော...

အနန္တဉာဏံ – သဗ္ဗညုတ ဉာဏစသား အဆုံးအပိုင်းခြားမရှိသော ဉာဏ်တော်လည်း ရှိတော်မူထသော...

တံဗုဒ္ဓံ – ထိုထိုဂုဏ်အင် စုံလင်ပေတတ် ရှင်တော်မြတ် ဘုရားကို၊

အဟံ – တရားဟော တရားနာ အမည်မှည့်ခေါ် ဘုရားတပည့်တော်သည်...

ဝန္ဒာမိ – သဒ္ဓါရိုကျိုး မာန်စွယ်ချိုး၍ ရှိခိုးကန်တော့ပါ၏ မြတ်စွာဘုရား...။

"သာဓု, သာဓု, သာဓု...ပါဘုရား"

ဒေသနာတော်ပိုင်ရှင်, ဒေသနာတော်ဥက္ကဋ္ဌ ဖြစ်တော်မူသော ဘုရားရှင်ကို ရှိခိုးပြီးတဲ့နောက် သတ္တဝါတွေ ဘေးမသီရန်မခ ချမ်းသာရစေဖို့ ရတနသုတ်လာ ဂါထာတစ်ပုဒ်ဖြင့် သစ္စာပြုကာ မေတ္တာပို့ကြရအောင်. . .။

**မေတ္တာဖွင့်**

"ယံ ကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိတထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။"(၃)

ဣဓ ဝါ - ဤလူ့ပြည်၌ဖြစ်စေ လူ့လောက၌သော်လည်းကောင်း၊

ဟုရံ ဝါ - နဂါး, ဂဠုန်, ကုမ္ဘာန်, ယက္ခ, ဂန္ဓဗ္ဗတို့၌သော်လည်းကောင်း၊

သဂ္ဂေသု ဝါ - နတ်ပြည်, ပြဟ္မာ့ပြည်တို့၌သော်လည်းကောင်း၊

ကိဉ္စိ - အမှတ်မထားတစ်ပါးပါးသော

ယံ ဝိတ္တံ - အကြင်ဥစ္စာ, ရွှေ, ငွေ ရတနာတို့သည်

အတ္ထိ - ထင်ရှားမသေွ ရှိတော်မူပါပေ၏။

တထာဂတေန - တထာဂတဂုဏ်ထင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးနှင့်၊

သမံ - ထပ်တူညီမျှသော

ရတနံ - ရတနာသည်

န နော အတ္ထိ - မရှိရိုးဧကန် မှန်လှပါပေ၏။

(၃)[ခု - ၁၊ ၅]

ဗုဒ္ဓေ – တထာဂတဂုဏ်ထင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး၌

ဣဒမ္ပိ ရတနံ – ဤရတနာဟု သိမှတ်ဖွယ်အကြောင်း နှစ်–သက်ဖွယ် ဂုဏ်ရည်အပေါင်းသည်

ပဏီတံ – ထူးမြတ်တော်မူလှပါပေ၏။

ဧတေန သစ္စေန – ဤသို့နှုတ်သံ ဖော်ထုတ်ပြန်၍ ဟုတ်မှန်သော ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ ဂုဏ်ရည်နှင့်စပ်သော သစ္စာစကားကို ပြောဆိုရလေသောကြောင့်

တုမှာကံ – တရားနာပရိသတ်အပေါင်း သင်သူတော်ကောင်း တို့အား

သဗ္ဗသတ္တာနံ – အပေါင်းများစွာ သတ္တဝါတို့အား

သုဝတ္ထိ – ဘေးရန်ကုန်ကင်း ချမ်းသာအေးမြခြင်းသည်

ဟောတု – စင်စစ်မသွေ ဖြစ်ပါစေသတည်း။

"သာဓု, သာဓု, သာဓု...ပါဘုရား"

လူ့ပြည် နတ်ပြည် နဂါးပြည်တို့၌
သုံးဆောင်ဖွယ်ရာ ရတနာပစ္စည်း အသီးသီးတို့ ရှိကြလေကုန်၏။
ဘုရားရှင်နှင့် တူမျှဖွယ်ရာ ရတနာမျိုးသည် မရှိရိုးမှန်လှပါပေ၏။
ဘုရားရှင်၌ ဤရတနာဟုဆိုအပ် ဂုဏ်သကပ်ဖြင့် ထူးမြတ်လှပါပေ၏။
ဘုရားရှင်၏ ဤဂုဏ်ရည်နှင့်စပ် မွန်မြတ်သော သစ္စာစကားကြောင့်
သတ္တဝါတွေ ဘေးရန်ကုန်ကင်း ချမ်းသာခြင်း ရှိကြပါစေသတည်း။

## သဒ္ဓါ၏လက္ခဏာနှစ်မျိုး

ကဲ . . . သတ္တဝါတွေ ဘေးမသီရန်မခ ချမ်းသာရစေဖို့ ရတနသုတ်လာ ဂါထာတစ်ပုဒ်ဖြင့် သစ္စာပြုကာ မေတ္တာပို့ပြီးတဲ့နောက် ဒါယကာ, ဒါယိကာမကြီးတွေကို ယနေ့ဟောကြားမယ့် တရားအမည်က ဘာတဲ့တုန်း။

"ယုံကြည်ချက်နဲ့ ရှေ့ဆက်ကြမယ်ပါဘုရား"

**"ယုံကြည်ချက်နဲ့ ရှေ့ဆက်ကြမယ်"** ဆိုတဲ့ တရားအမည်မှာ **"ယုံကြည်ချက်"** ဆိုတာက တစ်ပိုင်း၊ **"ရှေ့ဆက်မယ်"** ဆိုတာက တစ်ပိုင်း။ ဒီလို အပိုင်းနှစ်ပိုင်းခွဲပြီး ဟောကြနာကြရအောင် တို့ပရိသတ်။

ဒီတော့ . . . **"ယုံကြည်ချက်"** ဆိုတဲ့ အပိုင်းမှာ အနီးဆုံးက

စပြောရမယ်ဆိုရင် **ကိုယ့်ကိုကိုယ်ယုံကြည်မှုကို** အရင်ပြောရလိမ့်မယ်။ ဘာတဲ့တုန်း။

"ကိုယ့်ကိုကိုယ်ယုံကြည်မှုပါဘုရား"

အင်္ဂလိပ်လိုဆိုရင်တော့ **Self – Confidence** လို့ခေါ်တဲ့ **ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုပေ့ါ။**

ဒါကတော့ ကိုယ်နဲ့အနီးစပ်ဆုံးပါပဲ။ အလုပ်လုပ်ပြီး၊ အလုပ်တစ်ခုမှာ **အောင်မြင်ချင်တယ်ဆိုရင် ထိုပုဂ္ဂိုလ်သည် ကိုယ့်ကိုကိုယ်ယုံကြည်မှု Self – Confidence** လည်း ရှိရတယ်။ ကိုယ့်ကိုကိုယ်မှ ယုံကြည်မှု မရှိဘူးဆိုရင် အဲဒီပုဂ္ဂိုလ်ဟာ ဘယ်အလုပ်ပဲလုပ်လုပ် အောင်မြင်မှု ဖြစ်နိုင်ပါ့မလား တို့ပရိသတ်...။

"မဖြစ်နိုင်တော့ပါဘူးဘုရား"

ဟုတ်တယ်။ ကိုယ့်ကိုကိုယ်မှ ယုံကြည်ချက်ကင်းသွားပြီဆိုရင် အောင်မြင်ဖို့ မဖြစ်နိုင်တော့ဘူး။ ဒါကြောင့်မို့လို့ ပထမဆုံး ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု အရင်တည်ဆောက်ရမယ်။ ကိုယ့်ကိုကိုယ် ယုံကြည်ရတယ်။ ယုံကြည်ချက်ရှိရတယ်။ **ဒါက ကိုယ့်ကိုကိုယ် ယုံကြည်မှု။**

သူ့ထက် နည်းနည်းလေး ထပ်ချဲ့ပြောရရင် မိသားစုတစ်စုမှာ တစ်ဦးနဲ့တစ်ဦး စိတ်ချယုံကြည်နေရတဲ့ အတိုင်းအတာတစ်ခု ရှိနေရမယ်။ **မိသားစုဆိုတာ ကိုယ်နဲ့အနီးဆုံးလူတွေဆိုတော့ ကိုယ့်မိသားစုဝင်တွေ အချင်းချင်းလည်း တစ်ဦးနဲ့တစ်ဦး ယုံကြည်ဖို့** မလိုအပ်ဘူးလား...။

"လိုအပ်ပါတယ်ဘုရား"

မိသားစုဝင်တွေ တစ်ဦးအပေါ်တစ်ဦး အချင်းချင်း မယုံကြည်ရဘူးဆိုရင် အဲဒီမိသားစုဟာ ပျော်ရွှင်မှုကို မရနိုင်တော့ဘူး။

ယုံကြည်မှုကင်းမဲ့သွားပြီဆိုရင် ပြဿနာတွေဆိုတာ တစ်ခုပြီး တစ်ခု တောက်လျှောက်ရှိလာနိုင်တာမျိုးပဲ။ ဒါကြောင့်မို့လို့ **ကိုယ့်မိသားစု**

**အသိုင်းဝိုင်းထဲမှာလည်း ယုံကြည်မှုအပြည့်ရှိနေရမယ်။** မိခင်ဖြစ်သူနဲ့ ဖခင်ဖြစ်သူ တစ်ဦးအပေါ်တစ်ဦး ယုံကြည်ချက်ရှိရတယ်။ သားသမီးနဲ့ မိဘကြားမှာလည်း တစ်ဦးအပေါ်တစ်ဦး ယုံကြည်ချက်ရှိရတယ်။

**ဆရာနဲ့တပည့်လည်း ထို့အတူပဲ။** တစ်ဦးအပေါ်တစ်ဦး ယုံကြည်ချက်ရှိနေရမယ်။ အဲဒီလို တစ်ဦးပေါ်တစ်ဦး ယုံကြည်ချက် မရှိကြဘူးဆိုရင် ဘဝလမ်းခရီး ရှေ့ဆက်ပြီး အတူတူသွားဖို့ လွယ်ပါဦးမလား။

"မလွယ်တော့ပါဘူးဘုရား"

အိမ်ထောင်ရှင်တွေမှာလည်း ဒီလိုယုံကြည်ချက်ရှိဖို့က အရေးကြီးတယ်။ **ယုံကြည်မှုဆိုတာကလည်း ယုံကြည်ထိုက်လောက်တဲ့ အနေအထားမျိုးကို ကိုယ်ကိုယ်တိုင် တည်ဆောက်ထားဖို့လိုတယ်။** ဒါမှသာလျှင် တစ်ဦးနဲ့တစ်ဦး ယုံကြည်မှုထားလို့ရကြမှာ။

ဟော...နောက်တစ်ခါ သူ့ထက်တစ်ဆင့်တက်ပြီး နည်းနည်းလေး ချဲ့လိုက်တဲ့အခါကျတော့ ဦးပဥ္စင်းတို့ ပုဂ္ဂိုလ်တစ်ဦးနဲ့တစ်ဦး ယုံကြည်တယ်၊ ယုံကြည်မှုရှိတယ်ဆိုတာက **လူမှုရေးဆက်ဆံတဲ့အခါ၊ စီးပွားရေးတွေ လုပ်တဲ့အခါ အချင်းချင်းယုံကြည်မှုရှိရတယ်။** ဒါမှ လုပ်ငန်းဆောင်တာ ဆောင်ရွက်ရတာက ရေရှည်ပါလိမ့်မယ်။ **ဒါက ကိုယ့်မိတ်ဆွေတွေနဲ့ ယုံကြည်မှု။**

အဲဒီထက် နည်းနည်းချဲ့၊ လူ့အဖွဲ့အစည်းတွေရှိတယ်။ လူ့အသိုင်းအဝိုင်းတွေရှိတယ်။ ဆိုင်ရာဆိုင်ရာ အသင်းအဖွဲ့တွေရှိတယ်။ ဒီအဖွဲ့အစည်းတွေကို တည်ထောင်ရာမှာလည်း ဘာနဲ့ တည်ထောင်ရမှာတုန်းဆိုတော့ ယုံကြည်ချက်နဲ့ပဲ တည်ထောင်ရတာ။ **အဖွဲ့အစည်းတစ်ခု၊ အသိုင်းဝိုင်းတစ်ခုမှာ အချင်းချင်း ယုံကြည်ချက်တွေ ပျောက်ဆုံးသွားပြီဆိုရင်** ဒါယကာ၊ ဒါယိကာမကြီးတွေ... သေချာတယ် အဲဒီအဖွဲ့အစည်း မကြာခင်ပျက်စီးသွားမယ်။ ဘာဖြစ်သွားမလဲ။

"ပျက်စီးသွားပါမယ်ဘုရား"

**ပျက်စီးသွားတော့မယ်။** အောင်မြင်မှု မရနိုင်တော့ဘူး။ မိမိတို့

လိုချင်တဲ့ပန်းတိုင် မရောက်နိုင်တော့ဘူး။ ဒါကြောင့်မို့လို့ လူ့အဖွဲ့အစည်းတွေမှာလည်း **ယုံကြည်မှုနဲ့ တည်ဆောက်ကြမှ အဆင်ပြေတာ။**

ဒီထက်ထပ်ချဲ့ပြီး ပြောရရင်တော့ ဒါယကာ, ဒါယိကာမကြီးတွေ . . . အသင်းအဖွဲ့ကြီးတွေပေ့ါ။ နိုင်ငံနှင့်လူသားအကျိုးပြု ပါတီအဖွဲ့အစည်းတွေ ဒီလိုအသင်းအဖွဲ့တွေမှာလည်း အချင်းချင်းယုံကြည်မှုရှိကြရမယ်။ အချင်းချင်းယုံကြည်မှုရှိပါမှ ရှေ့ဆက်သွားလို့ရမယ်။ ဒီလိုလူတွေကလည်း အများသူငါ **ယုံကြည်ခံထိုက်တဲ့ ပုဂ္ဂိုလ်တွေဖြစ်ရမယ်**။ ဒီလိုပုံစံနဲ့ပဲ ယခုခေတ်မှာ ဒါယကာ, ဒါယိကာမကြီးတို့. . . ပြည်သူတွေက ရွေးချယ်ရမှာ။ ဒီပုဂ္ဂိုလ်တွေကလည်း လူတွေရဲ့ယုံကြည်မှုကို ထိန်းထားနိုင်ရမယ်။ အဲဒီလိုမှမဟုတ်ရင်တော့ အဆင်မပြေနိုင်ဘူး။ အဲဒီတော့ **ဒီလိုယုံကြည်ချက်လေးကို** ထိန်းထားပြီး **ရှေ့ဆက်ကြမယ်ဆိုရင်** မိမိတို့လိုချင်တဲ့ပန်းတိုင်, မိမိတို့လိုချင်တဲ့ အခြေအနေကို တစ်နေ့ ရောက်ကြရမှာ မလွဲမသွေပဲ။ ဒါကြောင့် မိမိတို့၏ ယုံကြည်ချက်ကို မပျက်စေပဲ ရှေ့ဆက်ကြရမှာဖြစ်တယ်။

အဲဒီတော့ ယုံကြည်မှုဆိုတာ ဘယ်အတိုင်းအတာအထိ အရေးပါသလဲဆိုရင် ဦးပဉ္ဇင်းတို့ရဲ့ ရပ်တည်နေတဲ့ နေ့စဉ် လူ့ဘဝမှာပဲဖြစ်ဖြစ်၊ ဘဝသံသရာ အနာဂါတ်ဘဝခရီးအတွက်ပဲဖြစ်ဖြစ်၊ နောက်ဆုံး သံသရာဝဋ်ဒုက္ခတွေမှ လွတ်မြောက်ရာနိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရေးမှာပဲဖြစ်ဖြစ် ဒါယကာ,ဒါယိကာမကြီးတွေ...ယုံကြည်မှုသဒ္ဓါတရားသည် သိပ်ပြီးအရေးကြီးတယ်။

ဒါကြောင့်မို့လို့ ဦးပဉ္ဇင်းတို့ အနာဂါတ်ဘဝတွေ သာယာလှပဖို့အတွက် ကိုယ်စီကိုယ်စီ ယုံကြည်ချက်တည်ဆောက်ထားဖို့ မလိုဘူးလား။

"လိုပါတယ်ဘုရား"

ဒါကြောင့်မို့လို့ ဦးပဉ္ဇင်းတို့တတွေ ကိုယ်စီကိုယ်စီ ယုံကြည်-ချက်တွေနဲ့ ရှေ့ဆက်ကြရမှာဖြစ်တယ်။

ဒီတော့ ယုံကြည်ချက်ဆိုတာက ချဲ့ရင်ချဲ့သလောက် အင်မတန်မှ

ကျယ်ဝန်းတယ်။ အရင်ဆုံး ကိုယ်ကိုယ်တိုင် ကိုယ့်ကိုကိုယ်ယုံကြည်မှုကို စပြီးတည်ဆောက်ရတယ်။ အဲဒီကနေမှတဆင့် ကိုယ်လိုရာပန်းတိုင်ကို ဆက်ပြီး အရောက်လျှောက်လှမ်းကြရမယ်။ ဒီတော့ အကျဉ်းချုပ်လိုက်မယ်ဆိုရင်...။

ကိုယ့်ကိုကိုယ်ယုံကြည်မှုနဲ့ အခြားအရာတွေအပေါ် ယုံကြည်မှု ဆိုပြီး နှစ်မျိုးဖြစ်မသွားဘူးလား...။

"နှစ်မျိုး ဖြစ်သွားပါတယ်ဘုရား"

အင်္ဂလိပ်လို ပြောရမယ်ဆိုရင်တော့ ကိုယ့်ကိုကိုယ်ယုံကြည်မှုကို **Self – Confidence** လို့ ဘာသာပြန်လေ့ရှိကြတယ်။

အခြားအရာတွေအပေါ် ယုံကြည်မှုကိုတော့ အင်္ဂလိပ်လို **Belief** လို့ ဘာသာပြန်ကြတယ်။

ဒီလို ကိုယ့်ကိုကိုယ်ယုံကြည်မှု **Self – Confidence** နဲ့ အခြားအရာတွေအပေါ် ယုံကြည်မှု **Belief** ကို ဦးပဥ္စင်းတို့ ပါဠိလိုအားဖြင့် ပြောမယ်ဆိုရင် **"သဒ္ဓါ"...**။ ဘာတဲ့တုန်း...။

"သဒ္ဓါပါဘုရား"

ဦးပဥ္စင်းတို့ သဒ္ဓါဆိုတဲ့ ဝေါဟာရကို မြန်မာလူမျိုးတွေကတော့ အင်မတန်ရင်းနှီးပါတယ်။ အဲဒီတော့...သဒ္ဓါတရားကို ဘုရားရှင်က ပိဋကတ်တော်မှာ ဘယ်လိုဟောသလဲဆိုတာ ဒါယကာ၊ ဒါယိကာမကြီးတွေကို သိစေချင်တယ်။ ဒီသဒ္ဓါဆိုတဲ့ ဝေါဟာရအဓိပ္ပာယ်ကို သိပြီး ကိုယ့်သန္တာန်မှာ တည်ဆောက်နိုင်မယ်ဆိုရင် ဘဝမှာနေရတာ အင်မတန်မှ တန်ဖိုးရှိတာ။ အဲဒီလို မဟုတ်လို့ရှိရင် ဘဝက တန်ဖိုးမဲ့သွားတတ်တယ်။ ဒီတော့ **သဒ္ဓါဆိုတဲ့ ယုံကြည်မှုကို** ဦးပဥ္စင်းတို့ စာပေကျမ်းဂန်မှာ ဘယ်လို အဓိပ္ပာယ်ဖွင့်ဆိုထားသလဲဆိုတော့...။

**"သမ္ပသာဒနလက္ခဏာ စ သဒ္ဓါ သမ္ပက္ခန္ဒနလက္ခဏာ စ"**[၄]

---

[၄] [အဘိ - ဋ္ဌ - ၁၊ ၁၆၂]

ဒီလို ကျမ်းဂန်လာအတိုင်း သဒ္ဓါရဲ့သဘောလက္ခဏာကို နားလည်ရင် ဒါယကာ, ဒါယိကာမကြီးတွေ . . . အင်မတန်မှ အကျိုးရှိပြီ။

အဲဒီပါဠိက ဘာပြောတာတုန်းဆိုတော့ . . .။

သဒ္ဓါ – ယုံကြည်ခြင်းဆိုတဲ့ သဒ္ဓါတရားသည်၊

သမ္ပသာဒနလက္ခဏာ စ – **သမ္ပယုတ်တရားကို ကြည်လင်စေတတ်ခြင်း သဘောလည်းရှိတယ်။**

သမ္ပက္ခန္ဒနလက္ခဏာ စ – **မဆုတ်မနစ် သက်ဝင်ယုံကြည်ခြင်း သဘောလည်း ရှိတယ်တဲ့။**

ဒါက သဒ္ဓါရဲ့လက္ခဏာ နှစ်မျိုး။

သဒ္ဓါရဲ့ ပထမလက္ခဏာတစ်မျိုးက သူနဲ့ယှဉ်ဖော်ယှဉ်ဘက် သမ္ပယုတ်တရားတွေကို ကြည်လင်စေတာမျိုး။ ဒီနေရာမှာ သမ္ပယုတ်တရားတွေဆိုတာ စိတ်ကို အဦးမူပြီးပြောတာလို့ နားလည်ကြရမယ်။

ဒီတော့ . . . သူနဲ့ ယှဉ်ဖော်ယှဉ်ဘက်စိတ်ကို သဒ္ဓါတရားက ကြည်လင်သွားစေတယ်။ ဘာကို ကြည်လင်စေတာတဲ့ . . .။

"စိတ်ကို ကြည်လင်စေတာပါဘုရား"

ဒါက သဒ္ဓါရဲ့ ပထမလက္ခဏာတစ်မျိုး။

ဒုတိယလက္ခဏာ တစ်မျိုးကကျတော့ သမ္ပက္ခန္ဒနလက္ခဏာတဲ့။ သမ္ပက္ခန္ဒနလက္ခဏာဆိုတာက မဆုတ်မနစ် သက်ဝင်ယုံကြည်သွားတာမျိုး။ ဒီလိုမဆုတ်မနစ်နဲ့ သက်ဝင်ယုံကြည်တာမျိုးကို သမ္ပက္ခန္ဒနလက္ခဏာလို့ ခေါ်တယ်။

ဒီတော့ သဒ္ဓါတရားမှာ သဘော, သဘာဝလက္ခဏာ နှစ်မျိုးရှိတယ်။ ဘယ်နှစ်မျိုးရှိ . . .။

"နှစ်မျိုးရှိပါတယ်ဘုရား"

**သဒ္ဓါရဲ့ ပထမလက္ခဏာက ကြည်လင်စေတတ်တဲ့ သဘောရှိတယ်။** ဘာတဲ့တုန်း . . .။

"ကြည်လင်စေတတ်တဲ့ သဘောရှိပါတယ်ဘုရား"

ဒီနေရာမှာ ကြည်လင်စေတယ်ဆိုတာ သူနဲ့ယှဉ်ဘက်စိတ်ကို ကြည်လင်စေတာမျိုး။

**သဒ္ဓါရဲ့ဒုတိယလက္ခဏာက မဆုတ်မနစ် သက်ဝင်ယုံကြည်ခြင်း သဘောရှိတယ်။ ဘာတဲ့တုန်း...။**

"မဆုတ်မနစ် သက်ဝင်ယုံကြည်ခြင်း သဘောရှိပါတယ်ဘုရား"

ဒီနေရာမှာလည်း မဆုတ်မနစ် သက်ဝင်ယုံကြည်တယ်ဆိုတာ သူနဲ့ ယှဉ်ဖော်ယှဉ်ဘက်စိတ် စေတသိက်တို့ကို ရှေ့သွားဦးဆောင် ပြုနိုင်တာမျိုး။

## သဒ္ဓါ၏ ကြည်လင်ခြင်းသဘော

ဒီတော့ သဒ္ဓါရဲ့ပထမလက္ခဏာဖြစ်တဲ့ ကြည်လင်စေတတ်တဲ့ သဘော - သမ္ပသာဒနလက္ခဏာဆိုတဲ့ အပိုင်းမှာ...။

**"သဒ္ဓါ ဥပ္ပဇ္ဇမာနာ နီဝရဏေ ဝိက္ခမ္ဘေတိ၊ ကိလေသေ သန္နိသီဒါပေတိ၊ စိတ္တံ ပသာဒေတိ၊ အနာဝိလံ ကရောတိ"[၅] တဲ့။**

သဒ္ဓါ - **ယုံကြည်ခြင်းဆိုတဲ့ သဒ္ဓါတရားသည်**

ဥပ္ပဇ္ဇမာနာ - **ဖြစ်ပေါ်လတ်သော်**

နီဝရဏေ - **နီဝရဏငါးပါး အနှောက်အယှက်တရားတို့ကို**

ဝိက္ခမ္ဘေတိ - **ဖယ်ခွာနိုင်၏။**

ကိလေသေ - **ကိလေသာတရား အညစ်အကြေးများကို**

သန္နိသီဒါပေတိ - **ကောင်းစွာ နစ်မြုပ်စေ၏။**

စိတ္တံ - **စိတ်ကို**

ပသာဒေတိ - **ကြည်လင်စေ၏။**

အနာဝိလံ - **မနှောက်ကျူသည်ကို**

---

[၅] [အဘိ - ဋ္ဌ - ၁၊ ၁၆၂]

ကရောတိ – ပြုတတ်ပါပေသတည်း။

"သာဓု, သာဓု, သာဓုပါဘုရား"

အဓိပ္ပာယ်ကတော့ ယုံကြည်မှု သဒ္ဓါတရား ဖြစ်ပေါ်လာပြီဆိုရင် ကုသိုလ်တရားတွေကို ပိတ်ပင်တာဆီးတတ်သော **ကာမစ္ဆန္ဒ, ဗျာပါဒ, ထိန မိဒ္ဓ, ဥဒ္ဓစ္စ ကုက္ကုစ္စ, ဝိစိကိစ္ဆာ . . .** ဆိုတဲ့ နီဝရဏတရား ငါးပါးတို့ စိတ်အစဉ်ကနေ ကွာသွားတယ်တဲ့ ဒါယကာ, ဒါယိကာမကြီးတို့။ သဒ္ဓါတရား ဖြစ်ပေါ်လာပြီဆိုရင် စိတ်အစဉ်မှ ဘာတရားတွေ ကွာသွားလဲ တို့ပရိသတ် . . .။

"နီဝရဏတရားတွေ ကွာသွားပါတယ်ဘုရား"

အေး ဒီတော့ . . . ကိလေသာ အညစ်အကြေးတွေလည်း နစ်မြုပ်သွားတယ်။ နစ်မြုပ်သွားတယ်ဆိုတာက ကိလေသာတွေ အနည်ထိုင်သွားတာကို ပြောတာ။ ဘာတွေ အနည်ထိုင်သွားတာ . . .။

"ကိလေသာတွေ အနည်ထိုင်သွားတာပါဘုရား"

အဲဒီလို ကိလေသာတွေ အနည်ထိုင်သွားတဲ့အခါမှာ စိတ်ကလေး ဘာဖြစ်သွားတုန်းဆိုတော့ ကြည်လင်သွားတယ်။ စိတ်က ဘာဖြစ်သွားသလဲ တို့ပရိတ်သတ် . . .။

"ကြည်လင်သွားပါတယ် ဘုရား"

စိတ်ကြည်လင်သွားပြီဆိုတာနဲ့ နောက်ကျုမှုတွေလည်း မိမိရဲ့ စိတ်အစဉ်, ကိုယ့်ရဲ့သန္တာန်မှာ မရှိတော့ဘူး။ ဟုတ်ရဲ့လား . . .။

"ဟုတ်ပါတယ်ဘုရား"

မိမိရဲ့သန္တာန်မှာ ယုံကြည်မှု သဒ္ဓါတရား ဖြစ်သွားပြီဆိုတာနဲ့ စိတ်က ဘယ်လိုကြည်လင်သွားသလဲဆိုတာကို ဦးပဉ္ဇင်းတို့ ဥပမာလေးတစ်ခုနဲ့ ကြည့်ကြရအောင်။

မိလိန္ဒပဉှာမှာ အရှင်နာဂသိန်မထေရ်မြတ်ကို မိလိန္ဒမင်းကြီးက ယုံကြည်မှုသဒ္ဓါတရားနဲ့ ပတ်သက်လို့ သတ္တဝါတွေရဲ့ စိတ်ကို

ထိုယုံကြည်မှုသဒ္ဓါတရားက ဘယ်ပုံဘယ်ပန်းဘယ်နည်းလမ်းအားဖြင့် ကြည်လင်စေနိုင်သလဲဆိုတာကို ဥပမာဆောင်၍ ဟောကြားပေးဖို့ရန် လျှောက်ထားခဲ့ဖူးတယ်။ ဒီမေးလျှောက်ချက်ကို အကြောင်းပြု၍ အရှင်နာဂသိန်မထေရ်မြတ်က ဒီလိုဥပမာကို ဆောင်ပြခဲ့တယ်။

**"ယထာ ဥဒကံ ဇဝံ စိတ္တံ ဒဋ္ဌဗ္ဗံ"**[၆] တဲ့။

ဥဒကံ ယထာ – **ရေကဲ့သို့၊**

ဇဝံ – **ဤအတူ၊** စိတ္တံ – **စိတ်ကို၊**

ဒဋ္ဌဗ္ဗံ – **မှတ်ထိုက်ပါပေတယ်။**

မိမိတို့ရဲ့ စိတ်လေးကို ရေလိုပဲ သဘောထားပြီး မှတ်ထားကြရမယ်။ အဲဒီတော့ မိမိတို့ရဲ့ စိတ်လေးက ဘာနဲ့တူ...။

"ရေနဲ့ တူပါတယ်ဘုရား"

စိတ်က ရေနဲ့တူတယ်တဲ့။ ဦးပဥ္စင်းတို့ ဒါယကာ, ဒါယိကာမကြီးတွေ... ရေအသန့်ကို ကြည့်ကြမယ်ဆိုရင် အရောင်တွေရှိလား...။

"အရောင် မရှိပါဘူးဘုရား"

အေး...စိတ်ရဲ့သဘောက ရေလိုပဲ။ ဟော... နောက်တစ်ခုက။

**"ယထာ ပင်္ကသေဝါလပဏကံ ကဒ္ဒမော စ ဇဝံ ကိလေသာ ဒဋ္ဌဗ္ဗာ"**[၇]တဲ့။ ရေကို နောက်ကျုစေတတ်တဲ့ ရေညှိရေမှော်တွေ, ရွှံ့ညွန်တွေကဲ့သို့ ကိလေသာကို မှတ်လိုက်ပါ။ ဆိုလိုတာကတော့...

ရွှံ့ညွန်တွေက ရေကို နောက်ကျုစေသလို စိတ်ကို နောက်ကျုစေတာ ကိလေသာလို့မှတ်ရမယ်။ ဒီတော့ တို့ဒါယကာ, ဒါယိကာမကြီးတွေ... ကိလေသာတွေက ဘာနဲ့တူသလဲဆိုတော့ ရေညှိ, ရေမှော်တွေ, ရေကို နောက်ကျုစေတတ်တဲ့ ရွှံ့ညွန်တွေနဲ့ တူတယ်တဲ့။ အဲဒီတော့ **ကိလေသာတွေဆိုတာ စိတ်ရဲ့အနည်အနောက်တွေပေါ့။** နောက်တစ်ခါ...။

**"ယထာ ဥဒကပ္ပသာဒကော မဏိ ဇဝံ သဒ္ဓါ ဒဋ္ဌဗ္ဗာ"**[၈]

---

[၆] [အဘိ - ၄ - ၁၊ ၁၆၃။ မိလိန္ဒ - ၃၄]

**ရေကို ကြည်လင်စေတတ်တဲ့ ပတ္တမြားရတနာကဲ့သို့ ယုံကြည်မှု သဒ္ဓါတရားကိုမှတ်။** ယုံကြည်မှု သဒ္ဓါတရားကို ဘယ်လိုမှတ်ရမယ်...။

"ရေကို ကြည်လင်စေတတ်တဲ့ ပတ္တမြားရတနာလို့ မှတ်ရပါမယ် ဘုရား"

သဒ္ဓါတရားကို စကြာဝတေးမင်းတွေရဲ့ အသုံးအဆောင်ဖြစ်တဲ့ ရေကို ကြည်လင်စေတတ်သော ပတ္တမြားရတနာကဲ့သို့ မှတ်လိုက်ပါတဲ့။

အေး... ဒီဥပမာတွေကို သေသေချာချာလေး ပြန်ပြောကြ ရအောင်။

**မိမိတို့ရဲ့စိတ်ကလေးက ရေနဲ့တူတယ်။** စိတ်ကဘာနဲ့တူ...။

"ရေနဲ့ တူပါတယ်ဘုရား"

**ကိလေသာတွေက အနည်အနောက် ရေညှိ, ရေမှော်, ရွှံ့ ညွှန်တွေနဲ့ တူတယ်။** ကိလေသာတွေက ဘာနဲ့တူ...။

"အနည်အနောက် ရေညှိ, ရေမှော်, ရွှံ့ညွှန်တွေနဲ့ တူပါတယ် ဘုရား"

**နောက်တစ်ခါ သဒ္ဓါဆိုတဲ့ တရားကတော့ ရေကိုကြည်လင် စေတတ်တဲ့ ပတ္တမြားရတနာနဲ့ တူတယ်။** သဒ္ဓါတရားကဘာနဲ့တူ...။

"ရေကို ကြည်လင်စေတတ်တဲ့ ပတ္တမြားရတနာနဲ့ တူပါတယ် ဘုရား"

ဒီဥပမာသုံးခုကို မှတ်သားထားနိုင်ရင် နားလည်လွယ်မသွားဘူး လား။

"နားလည်လွယ်သွားပါတယ် ဘုရား"

**စိတ်ကလေးက ဘာနဲ့တူ...ရေနဲ့တူ။**

**ကိလေသာတွေက ဘာနဲ့တူ...ရွှံ့ညွှန်, အညစ်အကြေးတွေနဲ့တူ။**

**သဒ္ဓါက ဘာနဲ့တူ...ရေကို ကြည်လင်စေတတ်တဲ့ ပတ္တမြား**

ရတနာ(၅) နဲ့တူ။ ဟုတ်ပြီလား...။

"ဟုတ်ပါတယ်ဘုရား"

ကြည်လင်ခြင်းသဘော ပတ္တမြားရတနာဥပမာ -

ဒီနေရာမှာ ရေကိုကြည်လင်စေတတ်တဲ့ ပတ္တမြားရတနာဆိုတာ ဦးပဉ္ဇင်းတို့အားလုံးသိကြတဲ့ ကျွန်းကြီးလေးကျွန်းကိုအုပ်စိုးတဲ့ စကြာဝတေးမင်းတွေရဲ့ ပတ္တမြားရတနာကို ဆိုလိုတာ။ ဟုတ်ပြီလား...။

"မှန်ပါ့ဘုရား"

ဦးပဉ္ဇင်းတို့ ကျမ်းဂန်ထဲမှာ ဘုန်းတန်ခိုးအာနုဘော် ကြီးမားတဲ့ စကြာဝတေးမင်းကြီးက လေးပါးသောစစ်အင်္ဂါနဲ့ ခရီးသွားပြီဆိုတဲ့အခါမှာ ရေလေးအနည်းငယ် ရှိတဲ့နေရာကို ဖြတ်ကျော်ရတဲ့အခါ တို့ဒါယကာ, ဒါယိကာမကြီးတွေ... နားလည်အောင် ပြောရမယ်ဆိုရင်တော့ မြစ်ငယ်, ချောင်းငယ်တွေကို ဖြတ်ကျော်တဲ့အခါမှာ ဆင်တွေ, မြင်းတွေ, ရထားတွေ, ခြေလျှင်တပ်သားတွေ...စတဲ့ စကြာဝတေးမင်းကြီးရဲ့ နောက်လိုက်ဗိုလ်ပါတွေ ဖြတ်သွားတဲ့အခါ အဲဒီမြစ်ချောင်းရေတွေက နောက်ကျုမသွားနိုင်ဘူးလား...။

"နောက်ကျုသွားပါတယ်ဘုရား"

အဲဒီလို နောက်ကျုသွားတဲ့အခါကျတော့ စကြာဝတေးမင်းကလည်း ရေသုံးဆောင်ချင်လာပြီဆိုရင် အနီးတော်ပါးမှာရှိတဲ့ အခြွေအရံ

---

(၅) ယထာ မဟာရာဇ ရာဇာ စက္ကဝတ္တီ စတုရင်္ဂိနိယာ သေနာယ သဒ္ဓိံ အဒ္ဓါနမဂ္ဂပ္ပဋိပန္နော ပရိတ္တံ ဥဒကံ တရေယျ၊ တံ ဥဒကံ ဟတ္ထီဟိ စ အဿေဟိစ ရထေဟိ စ ပတ္တီဟိ စ သင်္ခုဘိတံ ဘဝေယျ အာဝိလံ လုလိတံ၊ ကလလီဘူတံ ဥတ္တိဏ္ဏောစ ရာဇာ စက္ကဝတ္တီ မနုဿေ အာဏာပေယျ "ပါနီယံ ဘဏေ အာဟရထ၊ တံ ပိဝိဿာမီ"တိ။ ရညော စ ဥဒကပ္ပသာဒကော မဏိ ဘဝေယျ။ "ဧဝံ ဒေဝါ" တိ ခေါ တေ မနုဿာ ရညော စက္ကဝတ္တိဿ ပဋိဿုတွာ တံ ဥဒကပ္ပသာဒကံ မဏိံ ဥဒကေ ပက္ခိပေယျုံ။ တသ္မိံ ဥဒကေ ပက္ခိတ္တမတ္တေ ပင်္ကသေဝါလပဏကံ ဝိဂစ္ဆေယျ၊ ကဒ္ဒမော စ သန္နိသီဒေယျ၊ အစ္ဆံ ဘဝေယျ ဥဒကံ ဝိပ္ပသန္နံ အနာဝိလံ တတော ရညော စက္ကဝတ္တိဿပါနီယံ ဥပနာမေယျုံ - "ပိဝတု ဒေဝ ပါနီယ"န္တိ။ [အဘိ - ၄ - ၁၊ ၁၆၂။ မိလိန္ဒ - ၃၄]

တစ်ယောက်ကို မြစ်ရေချောင်းရေ သွားခပ်ချေဆိုတော့ . . . သူ့နောက်လိုက် အခြွေအရံတွေ ဖြတ်သွားထားတော့ မြစ်ရေချောင်းရေတွေက နောက်ကျုနေတယ် မဟုတ်လား . . .။

"ဟုတ်ပါတယ်ဘုရား"

အဲဒီလို နောက်ကျုတဲ့ ရေတွေကို ခပ်လာတဲ့အခါ စကြာဝတေးမင်းကြီးရဲ့ ရေကို ကြည်လင်စေတတ်တဲ့ ပတ္တမြားရတနာကို ထိုရေထဲ ထည့်လိုက်သည်နှင့်တပြိုင်တည်း စောစောက နောက်ကျုနေတဲ့ ရေတွေဟာ သောက်သုံးလို့ရသည်အထိ ကြည်လင်သွားတယ်တဲ့ တို့ပရိသတ်။ နောက်ကျုနေတဲ့ရေတွေ ဘာဖြစ်သွား . . .။

" ကြည်လင်သွားပါတယ်ဘုရား"

ရေထဲရှိသမျှ မှော်ကြီး,မှော်သေးနဲ့တကွ ရွှံ့ညွှန်တွေ တစ်ခါတည်း အနည်ထိုင်ပြီး ရေမျက်နှာပြင်လေးက ကြည်လင်လာတော့ အဲဒီလို ကြည်လင်တဲ့ ရေလေးကို သုံးဆောင်ရတဲ့အခါမှာ စကြာဝတေးမင်းကြီး ချမ်းသာရာ ရမသွားဘူးလား . . .။

"ရသွားပါတယ်ဘုရား"

အေး . . . အဲဒီလိုပဲတဲ့။ မိမိတို့ သူတော်ကောင်းတွေရဲ့ စိတ်က လောဘ, ဒေါသ, မာန်မာန . . . စတဲ့ ကိလေသာတွေကြောင့် နောက်ကျုလာတဲ့အခါ ပတ္တမြားရတနာနဲ့တူတဲ့ သဒ္ဓါတရားကို ကိုယ့်သန္တာန်မှာ ဖြစ်ပေါ်လာအောင် ဆောက်တည်နိုင်မယ်, ဆင်ခြင်နိုင်မယ်ဆိုရင် ကိုယ့်ရဲ့စိတ်ဟာ စကြာဝတေးမင်းကြီး သောက်လို့ရတဲ့ရေကဲ့သို့ ကြည်လင်မသွားနိုင်ဘူးလား။

"ကြည်လင်သွားနိုင်ပါတယ်ဘုရား"

ဒီတော့ တို့ဒါယကာ,ဒါယိကာမကြီးတွေ . . . ရွှေ,ငွေ, ကျောက်သံ, ပတ္တမြား, နီလာ . . . စတဲ့ လောကီရတနာတွေကို လူတွေဟာ တန်ဖိုးထား စုဆောင်းကြတယ်။ ကိုယ်နဲ့မကွာ ဆင်ယင်ကြတယ်။ ဟုတ်ရဲ့လား။

"ဟုတ်ပါတယ်ဘုရား"

အဲဒီလို လောကီရတနာတွေဟာ မရခင်မှာလည်း ပိုင်ဆိုင်ရရှိဖို့အတွက် ခက်ခဲစွာရှာဖွေရတယ်။ ဒါက **ပရိယေသနဒုက္ခ – ခက်ခဲစွာရှာဖွေရတဲ့ ဒုက္ခ**။ ရရှိပိုင်ဆိုင်ပြီးတဲ့ နောက်မှာလည်း ပင်ပန်းစွာစီမံရတယ်။ ဒါက **ပရိသဏ္ဍာရဏဒုက္ခ – ပင်ပန်းစွာစီမံရတဲ့ဒုက္ခ**။ ဒီလို သင့်တော်အောင် စီမံမှု, ခေတ်စကားနဲ့ ပြောရရင်တော့ အတိုးရင်းပွား ပြုရတာပေါ့လေ။ အဲဒီလို စီမံပြီး ထပ်မံရရှိပိုင်ဆိုင်လာတဲ့ စည်းစိမ်ရတနာတွေကို ပူပန်စွာ ထိမ်းသိမ်းစောင့်ရှောက်ရတယ်။ ဒါကိုကျတော့ **အာရက္ခဒုက္ခ – ထိန်းသိမ်းရတဲ့ဒုက္ခ**တဲ့။

ကဲ… လောကီရတနာတွေကို ဆင်ယင်နိုင်ဖို့ ကြိုးစားရတဲ့ ဒုက္ခ ဘယ်နှစ်မျိုးရှိ…။

"သုံးမျိုးရှိပါတယ်ဘုရား"

အဲဒီလို ထိန်းသိမ်းစောင့်ရှောက်နေတဲ့ကြားက ကိုယ်ပိုင်ဆိုင်တဲ့ စည်းစိမ်ရတနာတွေ ပျောက်ဆုံးပျက်စီးသွားရင် ပိုပြီးမပူလောင်ရဘူးလား။

"ပူလောင်ရပါတယ်ဘုရား"

ဒီတော့ မိမိရဲ့စိတ်ကို တဏှာလောဘစတဲ့… ကိလေသာတွေနဲ့ နောက်ကျူစေတတ်၊ စိုးရိမ်မှုတွေနဲ့ ပူလောင်စေတတ်တဲ့ လောကီရတနာတွေကို ပိုင်ဆိုင်နိုင်အောင် ရှာဖွေကြသလို မိမိတို့ရဲ့စိတ်ကို ကြည်လင်အေးချမ်းစေတဲ့ သဒ္ဓါတည်းဟူသော ရတနာကိုလည်း ပိုင်ဆိုင်နိုင်အောင် မကြိုးစားသင့်ကြဘူးလား…။

"ကြိုးစားသင့်ပါတယ်ဘုရား"

ဒါကြောင့် အမြဲတမ်း မိမိတို့ တန်ဖိုးထားရှာဖွေနေကြတဲ့ ရွှေ,ငွေ, ကျောက်သံ,ပတ္တမြားဆိုတဲ့ ရတနာတွေထက် အဖိုးမတိုင်းတာနိုင်အောင် တန်ဖိုးကြီးတဲ့ သဒ္ဓါဆိုတဲ့ ရတနာကို မိမိတို့ရဲ့ နှလုံးအိမ်မှာ ဆင်ယင်နိုင်အောင် ကိုယ်စီကိုယ်စီ ကြိုးစားကြရမယ်။ အဲဒီလို စိတ်ကို ကြည်လင်စေတတ်တဲ့ သဒ္ဓါဆိုတဲ့ ရတနာကို မိမိတို့သန္တာန်မှာ ဆင်ယင်

နိုင်ပြီဆိုတာနဲ့...

"ပသန္နေန စိတ္တေန ယောဂါဝစရော ကုလပုတ္တော ဒါနံဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဘာဝနံ အာရဘတိ"(၅)

ပသန္နေန - ကြည်လင်သော

စိတ္တေန - စိတ်ဖြင့်

ယောဂါဝစရော - ယောဂါဝစရဖြစ်သော (ဝါ) ကမ္မဋ္ဌာန်း အားထုတ်လျှက်ရှိသော၊

ကုလပုတ္တော - အမျိုးကောင်းသားသည်

ဒါနံ - ပေးကမ်းလှူဒါန်း စွန့်ကြဲခြင်းအမှုကို

ဒေတိ - ပေးလှူ၏။

သီလံ - ငါးပါး, ရှစ်ပါး စသည်ပြားသည့် ကိုယ်ကျင့်တရားကို

သမာဒိယတိ - ဆောက်တည်၏။

ဥပေါသထကမ္မံ - ဥပုသ်သီတင်းသီလ စောင့်သုံးခြင်းတည်း ဟူသောအမှုကို

ကရောတိ - ပြု၏။

ဘာဝနံ - သမထ ဝိပဿနာ နှစ်ဖြာသော ဘာဝနာအလုပ်ကို

အာရဘတိ - အားထုတ်လေတော့သတည်း။

"သာဓု, သာဓု, သာဓုပါဘုရား"

ဒါက ဘာကိုပြောသလဲဆိုတော့... ကြည်လင်တဲ့ စိတ်ထား ရှိတဲ့ သူတော်ကောင်းသည် ပေးကမ်းလှူဒါန်းစွန့်ကြဲခြင်းဆိုတဲ့ ဒါနမှုတွေကို ပြုကြတယ်။ စိတ်ကြည်နေရင် ဒါယကာ , ဒါယိကာမကြီးတွေလည်း ဘာအမှုတွေကို ပြုနိုင်ကြသလဲဆိုတော့...ဒါနအမှုတွေကို ပြုနိုင်ကြတယ် စိတ်မကြည်တဲ့အခါတွေမှာလည်း ဒါနအမှုတွေကို ပြုမိတတ်ကြတယ်။

ထိုကဲ့သို့ မကြည်လင်တဲ့ စိတ်ထားနဲ့ပြုမိတဲ့ ကောင်းမှုတွေသည် မွန်မြတ်သောအကျိုးကို မပေးနိုင်ဘူး။ ကောင်းမြတ်တဲ့ ကုသိုလ်လည်း မဖြစ်နိုင်ဘူးဆိုတာ ဒီနေရာမှာ သတိချပ်သွားကြရမယ်။

ကြည်လင်တဲ့ စိတ်ထားရှိနေရင် ငါးပါး, ရှစ်ပါး စသည်ပြားတဲ့ ကိုယ်ကျင့်သီလတရားတွေကို ဖြည့်ကျင့်နိုင်တယ်။ စိတ်ကြည်လင်နေရင် ဘယ်တရားတွေကို ဖြည့်ကျင့်နိုင်လဲ တို့ပရိသတ်...။

"ကိုယ်ကျင့်သီလတွေကို ဖြည့်ကျင့်နိုင်ပါတယ်ဘုရား"

အဲဒီလိုပဲ။ ကြည်လင်တဲ့စိတ်ကလေးရှိနေရင် ဥပုသ်သီတင်းသီလတို့ကို ခံယူကျင့်သုံးတယ်။ သမထ, ဝိပဿနာဘာဝနာအလုပ်တို့ကို ပွားများအားထုတ်တယ်။ စိတ်ကြည်လင်နေရင် ဘာဝနာအလုပ်တွေကို ပွားများအားထုတ်နိုင်တယ်။

ဒီလို ဘာဝနာအလုပ်တွေဆိုတာ စိတ်ကြည်လင်နေမှ လုပ်လို့ရတာ။ ဒီလို မိမိတို့ရဲ့စိတ် ကြည်လင်နေဖို့ဆိုတာကလည်း သဒ္ဓါတရားတော့ အခြေခံရှိမှ။ ဟုတ်ရဲ့လား တို့ပရိသတ်...။

"ဟုတ်ပါတယ်ဘုရား"

အဲဒီတော့ ရေနဲ့တူတဲ့ စိတ်အစဉ်မှာ ရွှံ့ညွှန်ပမာ လောဘဆိုတဲ့ ကိလေသာအညစ်အကြေးတွေ ယုဉ်စပ်သွားပြီဆိုရင် မိမိတို့ပိုင်ဆိုင်ထားတဲ့ သက်ရှိသက်မဲ့ ကာမဝတ္ထု အစုစုတွေအပေါ်မှာ တွယ်တာမက်မောနေတဲ့ ထိုလောဘတရားက ပေးကမ်းလှူဒါန်းစွန့်ကြဲမှုတွေအတွက် အနှောက်အယှက် ဖြစ်မသွားဘူးလား...။

"ဖြစ်သွားပါတယ်ဘုရား"

ဒါကြောင့် **"ဘောဂေသု အာလယံ ဝိဇဟိတွာ ဒါယကော ဒါတုံ သက္ကောတိ"**(၆) စည်းစိမ်ဥစ္စာတို့အပေါ်၌ ငြိကပ်တွယ်တာမှုကို စွန့်လွှတ်နိုင်သူသာ ပေးကမ်းလှူဒါန်းစွန့်ကြဲခြင်းငှာ စွမ်းနိုင်တယ်တဲ့။

---

(၆) [ဓ - ၄ - ၃၊ ၄၄၉]

အဲဒီလို စည်းစိမ်ဥစ္စာတို့အပေါ်၌ ငြိကပ်တွယ်တာမှုကို မစွန့်လွှတ်နိုင်ခဲ့ရင် ဒါနပြုဖို့ရာ လွယ်ပါ့ဦးမလား...

"မလွယ်တော့ပါဘူးဘုရား"

အေး...ဒီလိုပဲ။ မိမိတို့ရဲ့ စိတ်အစဉ်မှာ ဒေါသတရားတွေက ထောင်းထောင်းထအောင် နေရာယူလာပြီ၊ ဒေါသတည်းဟူသော ကိလေသာက ဝင်ရောက်နှောက်ယှက်လိုက်လို့ အဲဒီစိတ်ကလေးက နောက်ကျုသွားပြီဆိုရင် ဒါယကာ,ဒါယိကာမကြီးတွေ သီလတရားတွေကို ခံယူကျင့်သုံးဆောက်တည်ဖို့ လွယ်ပါဦးတော့မလား။

"မလွယ်တော့ပါဘူးဘုရား"

ဒီလိုပဲ...မိမိရဲ့စိတ်အစဉ်ကို လောဘ, ဒေါသ, မာန်မာန...စတဲ့ ကိလေသာတရားဆိုးတွေက ဝင်ရောက်နှောင့်ယှက်လိုက်ရင်လည်းပဲ ရေနဲ့တူတဲ့ အဲဒီစိတ်ကလေး ဘာဖြစ်သွားပြီလဲ...။

"နောက်ကျုသွားပါပြီဘုရား"

အဲဒီလို စိတ်ကလေးက နောက်ကျုသွားပြီဆိုတာနဲ့ ဒါယကာ, ဒါယိကာမကြီးတွေ... သမထ ဝိပဿနာဆိုတဲ့ ဘာဝနာအမှုတွေကို ပြုဖို့ရာရော လွယ်ပါဦးမလား...။

"မလွယ်တော့ပါဘူးဘုရား"

အေး...ဒါကြောင့်မို့လို့ ဒီလို ဒါန, သီလ, ဘာဝနာဆိုတဲ့ ကောင်းမှုကုသိုလ်တွေကို ဖြည့်ကျင့်နိုင်ဖို့ရာ စိတ်အစဉ်ကို ကြည်လင်စေတတ်တဲ့ **"ဘာတရား"** ရှိဖို့လိုအပ်သလဲ...။

"သဒ္ဓါတရားရှိဖို့ လိုအပ်ပါတယ်ဘုရား"

**ဒါဟာ သဒ္ဓါရဲ့ ပထမသဘောလက္ခဏာ တစ်ခုဖြစ်တဲ့ သမ္ပသာဒနလက္ခဏာပဲ။**

ကဲ... ဒီတော့ သဒ္ဓါတရားရဲ့ ပထမသဘောလက္ခဏာဖြစ်တဲ့ သမ္ပသာဒနလက္ခဏာ အကြောင်းကို တို့ဒါယကာ, ဒါယိကာမကြီးတွေကို

နားလည်အောင် ရှင်းပြီးပြီဆိုတော့...

**သဒ္ဓါရဲ့ ဒုတိသဘောလက္ခဏာဖြစ်တဲ့ သမ္ပက္ခန္ဒနလက္ခဏာ** အကြောင်းကို ဆက်သွားကြရအောင်။

သဒ္ဓါရဲ့ ဒုတိယသဘောလက္ခဏာက ဘာတဲ့လဲ တို့ပရိသတ်...။

"သမ္ပက္ခန္ဒနလက္ခဏာပါဘုရား"

## သဒ္ဓါ၏ မဆုတ်နစ်ခြင်းသဘော

အေး... အဲဒီ သမ္ပက္ခန္ဒနလက္ခဏာဆိုတာ ဦးပဥ္ဇင်း ရှေ့ပိုင်းမှာ ပြောခဲ့တဲ့ အဓိပ္ပာယ်အတိုင်း **မဆုတ်မနစ် သက်ဝင်ယုံကြည်ခြင်း သဘော**တဲ့။ မှတ်မိကြရဲ့လား တို့ပရိသတ်။ ဘာတဲ့...။

"မဆုတ်မနစ် သက်ဝင်ယုံကြည်ခြင်း သဘောပါဘုရား"

သဒ္ဓါရဲ့ ယခုဒုတိယ သဘောလက္ခဏာဖြစ်တဲ့ **သမ္ပက္ခန္ဒန လက္ခဏာ**[၇] ဆိုတဲ့ နေရာမှာလည်း ကျမ်းဂန်မှာလာရှိတဲ့ ဥပမာတွေနဲ့ ဒါယကာ, ဒါယိကာမကြီးတို့ နားလည်အောင် ပြောကြရအောင်...။

### မဆုတ်နစ်ခြင်းသဘော သူရဲကောင်းဥပမာ -

ဒီနေရာမှာ မိကျောင်း, မကန်း စတဲ့... သားရဲတွေပြည့်နေတဲ့ မြစ်ကြီးတစ်ခုရှိတယ်လို့ အာရုံယူထားကြည့် တို့ပရိသတ်။ ဘယ်လို မြစ်။

---

(၇) ယထာ ပန ကုမ္ဘီလမကရဂါဟရက္ခသာဒိကိဏ္ဏံ ပူရံမဟာနဒိံ အာဂမ္မ ဘီရုကဇနော ဥဘောသု တီရေသု တိဋ္ဌတိ။ သင်္ဂါမသူရော ပန မဟာယောဓော အာဂန္တွာ "ကသ္မာ ဌိတတ္ထာ" တိ ပုစ္ဆိတွာ "သပ္ပဋိဘယဘာဝေန ဩတရိတုံ န ဝိသဟာမာ" တိ ဝုတ္တေ သုနိသိတံ အသိံ ဂဟေတွာ "မမ ပစ္ဆတော ဧထ၊ မာ ဘာယိတ္ထာ" တိ ဝတွာ နဒိံ ဩတရိတွာ အာဂတာဂတေ ကုမ္ဘီလာဒယော ပဋိဗာဟိတွာ ဩရိမတီရတော မနုဿာနံ သောတ္ထိဘာဝကရဏတော ပါရိမတီရံ နေတိ။ ပါရိမတီရတောပိ သောတ္ထိနာ ဩရိမတီရံ အာနေတိ။ ဧဝမေဝ ဒါနံ ဒဒတော သီလံ ရက္ခတော ဥပေါသထကမ္မံ ကရောတော ဘာဝနံ အရဘတော သဒ္ဓါ ပုဗ္ဗင်္ဂမာ ပုရေစာရိကာ ဟောတိ။ တေန ဝုတ္တံ "သမ္ပက္ခန္ဒနလက္ခဏာ စ သဒ္ဓါ" တိ။ [အဘိ - ဋ္ဌ - ၁၊ ၁၆၃]

"မိကျောင်း, မကန်းတွေ ပြည့်နေတဲ့ မြစ်ပါဘုရား"

အဲဒီလိုမြစ်ကြီးထဲမှာ မိကျောင်း,မကန်း...စတဲ့ သားရဲတွေရှိနေတော့ လူတွေက ဖြတ်မသွားရဲကြဘူးတဲ့။

ဦးပဋ္ဌင်းတို့ စာထဲမှာ ဘယ်လိုပြောထားလဲဆိုတော့...အဲဒီလို မိကျောင်း, မကန်းတွေရှိတဲ့ ဒီမြစ်ကြီးကို လူတွေမဖြတ်ရဲကြဘဲ ကမ်းနစ်ဖက်မှာပဲ ရပ်နေကြရပြီး လိုရာအရပ်ကို မရောက်နိုင်ဘူးဖြစ်နေတယ်။

အေး...ဒီနေရာမှာ အဲဒီလို အခက်အခဲအတားအဆီးတွေကို တွေ့တာနဲ့ ရှေ့ဆက်တိုးမသွားရဲဘဲ ရပ်နေတဲ့သူတွေကို ကျမ်းဂန်က ဘာပြောထားသလဲဆိုတော့...**ဘီရုကဇနော – ကြောက်တတ်တဲ့လူတွေ** တဲ့။ ဘယ်လိုလူတွေတဲ့...။

"ကြောက်တတ်တဲ့ လူတွေပါဘုရား"

**အေး...ကြောက်တတ်ရင် လိုရာမရောက်၊ ချမ်းသာမရနိုင်ဘူး** တို့ပရိသတ်။ မိမိတို့လိုရာ ချမ်းသာရနိုင်ဖို့ အကြောက်တရားကို ဖယ်ရှားပြီး သတ္တိတွေမွေးကြရမယ်။

အဲဒီလို မိကျောင်း, မကန်းတွေရှိနေတဲ့ မြစ်ကိုဖြတ်မကူးရဲဘဲ ကမ်းနစ်ဘက်မှာ ရပ်နေကြတဲ့လူတွေရှိရာကို ရဲစွမ်းသတ္တိနဲ့ ပြည့်စုံသော သူရဲကောင်းတစ်ဦး ရောက်ရှိလာတယ်။ ကြောက်တတ်တဲ့ လူတွေဆီကို ဘယ်သူရောက်လာသလဲ တို့ပရိသတ်...။

"သူရဲကောင်းတစ်ဦး ရောက်လာပါတယ်ဘုရား"

အဲဒီလို ရောက်လာတဲ့သူရဲကောင်းဟာ လက်ဗလာချည်း လာတာတော့ မဟုတ်ဘူးတဲ့ တို့ပရိသတ်။ သူ့မှာ မိကျောင်း၊ မကန်း... စတဲ့ အန္တရာယ်တွေကို ဖယ်ရှားနိုင်တဲ့ မြမြထက်အောင် သွေးထားတဲ့ သန်လျက်ဟူသော လက်နက်ပါလာတယ်တဲ့။ ဘာလက်နက်ပါလာ...။

"သန်လျက် ပါလာပါတယ်ဘုရား"

အေး...အဲဒီလို လက်နက်ပါလာတဲ့ သူရဲကောင်းက မြစ်ကို ဖြတ်မကူးရဲ ကြောက်လန့်နေတဲ့သူတွေကို ငါ့နောက်ကလိုက်ခဲ့ကြ

မကြောက်ကြနဲ့လို့ ဆိုပြီးတော့ မိကျောင်း၊ မကန်း... စတဲ့ သားရဲတွေရှိနေတဲ့ မြစ်အတွင်းကို ဆင်းသွားတယ်တဲ့ တို့ပရိသတ်။ သူရဲကောင်းဟာ ဘယ်ကို ဆင်းသွား...။

"မြစ်ထဲကို ဆင်းသွားပါတယ်ဘုရား"

အဲဒီတော့ ဘာတွေနဲ့တွေ့မလဲ တို့ပရိသတ်...။

"မိကျောင်း၊ မကန်း...စတဲ့ သားရဲတွေနဲ့ တွေ့ပါမယ်ဘုရား"

အေး... အဲဒီလို မြစ်ထဲကိုဆင်းသွားတဲ့ သူရဲကောင်းဟာ အန္တရာယ်များလှတဲ့ မိကျောင်း၊ မကန်း...စတဲ့ သားရဲတွေကို သူမှာပါလာတဲ့ ထက်မြက်လှတဲ့ သန်လျက်နဲ့ မဆုတ်မနစ် ယုံကြည်ချက်ရှိရှိ ရင်ဆိုင်ကာ ဖယ်ရှားပြီး သူ့ရဲ့ဦးဆောင်မှုနဲ့ လူများအပေါင်းဟာလည်း လိုရာခရီးကို အရောက်လှမ်းနိုင်ခဲ့ကြတယ်။

ဒီနေရာမှာ လူများအပေါင်း လိုရာခရီးကို အရောက်လှမ်းနိုင်ခြင်းဟာ အန္တရာယ်တွေကို မဆုတ်မနစ် ယုံကြည်ချက်ရှိရှိ ရင်ဆိုင်ရဲတဲ့ သူရဲကောင်းတစ်ယောက်ရဲ့ ဦးဆောင်နိုင်မှုကြောင့်သာဖြစ်တယ်လို့ နားလည်ထားကြရမယ် တို့ပရိသတ်...။

ဒါကြောင့် ဦးပဥ္စင်းတို့ စာပေကျမ်းဂန်ထဲမှာတော့ သဒ္ဓါရဲ့ဒုတိယ **သဘောလက္ခဏာတစ်ခုဖြစ်တဲ့ သမ္ပက္ခန္ဒနလက္ခဏာ - မဆုတ်မနစ်တဲ့ သက်ဝင်ယုံကြည်ခြင်းဆိုတာ** လူအများကို ရှေ့သွားဦးဆောင်ပြုနိုင်တဲ့ သူရဲကောင်းနဲ့တူတယ်လို့ ဥပမာပြုထားတယ်။

ဒီတော့ သဒ္ဓါရဲ့ ဒုတိယ **သဘောလက္ခဏာတစ်ခုဖြစ်တဲ့ မဆုတ်မနစ် သက်ဝင်ယုံကြည်ခြင်းဆိုတဲ့ သမ္ပက္ခန္ဒနလက္ခဏာ**ဟာ ရှေ့သွားဦးဆောင်ပဲတဲ့။ ဘာတွေရဲ့ ရှေ့သွားဦးဆောင်လဲဆိုတော့...

**"ဒါနံ ဒဒတော သီလံ ရက္ခတော ဥပေါသထကမ္မံ ကရောတော ဘာဝနံ အာရဘတော သဒ္ဓါ ပုဗ္ဗင်္ဂမာ ပုရေစာရိကာ ဟောတိ"**(၇)

ဒါနံ - **ပေးကမ်းလှူဒါန်း စွန့်ကြဲခြင်းဆိုတဲ့ ဒါနအမှုကို**

ဒဒတော – ပေးလှူသော ပုဂ္ဂိုလ်အားလည်းကောင်း၊

သီလံ – ငါးပါး, ရှစ်ပါး စသည်ပြားသည့် ကိုယ်ကျင့်တရားကို

ရက္ခတော – စောင့်ရှောက်သော ပုဂ္ဂိုလ်အားလည်းကောင်း၊

ဥပေါသထကမ္မံ – ဥပုသ်သီတင်းသီလ ဆောက်တည်ကျင့်သုံးသော အမှုကို

ကရောတော – ပြုသော ပုဂ္ဂိုလ်အားလည်းကောင်း၊

ဘာဝနံ – သမထဝိပဿနာ, ဘာဝနာအလုပ်ကို

အာရဘတော – အားထုတ်သော ပုဂ္ဂိုလ်အားလည်းကောင်း၊

သဒ္ဓါ – မဆုတ်မနစ် ယုံကြည်သက်ဝင်ခြင်းဆိုတဲ့ သဒ္ဓါတရားသည်

ပုဗ္ဗင်္ဂမာ ပုရေစာရိကာ – ရှေ့သွားဦးဆောင်ရှိသည်

ဟောတိ – ဖြစ်ပါပေသတည်း။

"သာဓု, သာဓု, သာဓု... ပါဘုရား"

ဒါကတော့ သဒ္ဓါရဲ့ ဒုတိယသဘောလက္ခဏာတစ်ခုဖြစ်တဲ့ မဆုတ်မနစ် သက်ဝင်ယုံကြည်ခြင်းဆိုတဲ့ သမ္ပက္ခန္ဒနလက္ခဏာကို ဦးပဉ္စင်းတို့ အဘိဓမ္မာ, ဓမ္မသင်္ဂဏီ အဋ္ဌကထာကြီးမှာ ဒီလိုဖွင့်ဆိုပါတယ်။

ဆိုလိုရင်းကတော့ မဆုတ်မနစ် သက်ဝင်ယုံကြည်ခြင်းဆိုတဲ့ သဒ္ဓါတရားက မိမိတို့ရဲ့စိတ်အစဉ်မှာ ရှေ့သွားဦးဆောင်ရှိနေပြီဆိုရင် ဒါနကိုလည်း ပြုဖြစ်မယ်။ သီလကိုလည်း ဆောက်တည်ဖြစ်မယ်။ သမထဝိပဿနာ, ဘာဝနာအလုပ်တွေကိုလည်း ပွားများအားထုတ်ဖြစ်မယ်။

ဒီလို ဒါန, သီလ, ဘာဝနာတရားတွေကို ဖြည့်ကျင့်နိုင်တာဟာ သဒ္ဓါတရား ရှေ့သွားဦးဆောင်လို့။ ဘာက ဦးဆောင်လို့...။

"သဒ္ဓါတရားက ဦးဆောင်လို့ပါဘုရား"

အဲဒီတော့ ဦးပဥ္စင်းတို့ ဒါယကာ, ဒါယိကာမကြီးတွေ... မိမိတို့ရဲ့ စိတ်အစဉ်ကို တကယ်အားကောင်းတဲ့ သဒ္ဓါတရားကသာ ရှေ့သွား ဦးဆောင်နိုင်ပါစေ... မိမိတို့ချွေးနဲ့ သွေးနဲ့ရင်းပြီး စုဆောင်းရှာဖွေထားတဲ့ စည်းစိမ်ဥစ္စာတွေ ကုန်ချင်ကုန်သွားပါစေ။ ဒါနပိုင်းမှာ ရက်ရက်ရောရော နဲ့ မလှူဒါန်းနိုင်ကြဘူးလား...။

"လှူဒါန်းနိုင်ကြပါတယ်ဘုရား"

အေး... အဲဒီလို ဦးပဥ္စင်းတို့ ဒါယကာ, ဒါယိကာမကြီးတွေ.. . အလှူဒါနတွေ ပြုလုပ်ကြတဲ့နေရာမှာ အများဆုံးက ဘုရားကျောင်း ကန်ကြီးတွေ တည်ဆောက်လှူဒါန်းတာ၊ ဦးပဥ္စင်းတို့ သာသနာတော်ကို ပစ္စည်းလေးပါးနဲ့ ပူဇော်လှူဒါန်းကြတာ။

ဒါကတော့ ဦးပဥ္စင်းတို့ သာသနာတော်မှာ အများဆုံး ရင်းနှီး ကြတဲ့ အလှူဒါနတွေပဲ။ ဒါယကာ,ဒါယိကာမကြီးတို့ရဲ့ ချွေးနဲစာထဲကနေ သာသနာတော်ကို ပူဇော်လှူဒါန်းကြတာ။

အေး... အဲဒီလို မိမိတို့ရဲ့ စိတ်အစဉ်ကို သဒ္ဓါတရားက ရှေ့သွား ဦးဆောင်လာနိုင်ပြီဆိုရင် မိမိတို့ပိုင်ဆိုင်တဲ့ ဗဟိဒ္ဓစည်းစိမ်ဥစ္စာတွေကို စွန့်ပြီး လှူဒါန်းတဲ့ဒါနက ဘာမှမပြောပလောက်တော့ဘူး။

တကယ်သာ သဒ္ဓါတရားက ရှေ့သွားဦးဆောင်ပြုနိုင်ပြီဆိုရင် မိမိတို့ရဲ့ ကိုယ်လက်အင်္ဂါတွေကို စွန့်လွှတ်လှူဒါန်းတာတွေ၊ မိမိတို့ရဲ့ ဇနီးမယား သမီး, သားတွေကို စွန့်လွှတ်လှူဒါန်းတာတွေ၊ ဟော... နောက်ဆုံး မိမိတို့ရဲ့ အသက်ကိုပါ ရဲရဲဝံ့ဝံ့ စွန့်လွှတ်လှူဒါန်းတာတွေ စတဲ့ အံ့သြဖွယ်ကောင်းလောက်တဲ့ စွန့်လွှတ်လှူဒါန်းမှု ပြုခဲ့ကြသူတွေ အကြောင်း စာပေကျမ်းဂန်တွေမှာ အထင်အရှားရှိခဲ့ကြပါတယ်။

**ဒီတော့ . . . ကိုယ်လက်အင်္ဂါတွေကို စွန့်လွှတ်လှူဒါန်းခဲ့တဲ့ နေရာမှာတော့ သီဝိမင်းကြီးဇာတ်ကြောင်း**[၈] ဟာ တို့ပရိသတ်တွေအတွက်

---

[၈] သီဝိဇာတက [ဇာ၊ ၃၊ ၄၊ ၄၀၂။ စရိယာ၊ ၃၊ ၆၄]

အံ့ဩရလောက်အောင် အားရအတုယူဖွယ် ကောင်းလှပါတယ်။

သိဝိမင်းကြီးဟာ အလှူဒါနပြုရာမှာ ဘယ်လောက်တောင် သဒ္ဓါတရား ရှေ့သွားဦးဆောင်မှု ရှိခဲ့သလဲဆိုရင်တော့ နေ့စဉ် အသပြာ ခြောက်သိန်း အကုန်အကျခံ လှူဒါန်းနေရတာကို အားမရဘူးတဲ့။ ကဲ... ဒါယကာ, ဒါယိကာမကြီးတို့... နေ့တိုင်း အသပြာခြောက်သိန်း လှူဒါန်း နေရတာကို သိဝိမင်းကြီး အားရကျေနပ်မှုရှိရဲ့လား...။

"အားရကျေနပ်မှုမရှိပါဘူးဘုရား"

အဲဒီတော့ တစ်နေ့မှာ သိဝိမင်းကြီးက ငါမလှူဖူးတဲ့ အပြင်အပ ပစ္စည်းဝတ္ထုဆိုတာ မရှိဘူး။ ဒါကြောင့် ငါတစ်ခါမှ မလှူဖူးသေးတဲ့ ငါ့ရဲ့ ကိုယ်လက်အင်္ဂါတွေကို လှူဒါန်းရရင်ကောင်းမှာပဲလို့ စဉ်းစားတယ်။

သိဝိမင်းကြီးရဲ့ စိတ်အစဉ်ကို ရှေ့ဆောင်ဦးစီးထားတဲ့ သဒ္ဓါ တရားက အံ့ဩစရာမကောင်းဘူးလား တို့ပရိသတ်...။

"အံ့ဩစရာ ကောင်းပါတယ်ဘုရား"

အဲဒီအချိန်မှာပဲ သိကြားမင်းကြီးက သူကန်းပုဏ္ဏားယောင်ဆောင် ပြီး သိဝိမင်းကြီးထံမှောက် အလှူခံရောက်ရှိလာခဲ့တယ်။ တို့ပရိသတ် သူကန်းယောင်ဆောင်ပြီး လာအလှူခံမှတော့ ဘာကိုအလှူခံမယ်လို့ ထင်တုန်း...။

"မျက်လုံးကို အလှူခံမယ်လို့ ထင်ပါတယ်ဘုရား"

အဲဒီမှာပဲ သိဝိမင်းကြီးက ဝမ်းမြောက်ဝမ်းသာနဲ့ တစ်ခါတည်း သူ့ရဲ့မျက်လုံးကို ထုတ်လှူလိုက်တယ်မဟုတ်လား။ ဒီတော့ မိမိရဲ့ ကိုယ်-အင်္ဂါအစိတ်အပိုင်းတွေကို ရက်ရက်ရောရော လှူဒါန်းနိုင်တယ်ဆိုတာ သိဝိမင်းကြီးရဲ့ စိတ်အစဉ်မှာ မဆုတ်မနစ် သက်ဝင်ယုံကြည်ခြင်း သဒ္ဓါ တရားက ရှေ့ဆောင်ဦးစီးပြုနေလို့။ ဘာက ရှေ့ဆောင်ဦးစီးပြုနေလို့...။

"မဆုတ်မနစ် သက်ဝင်ယုံကြည်ခြင်း သဒ္ဓါတရားက ရှေ့ဆောင် ဦးစီးပြုနေလို့ပါဘုရား"

ကဲ . . . ဒီသိဝိမင်းကြီး ဇာတ်ကြောင်းကတော့ မဆုတ်မနစ် သက်ဝင်ယုံကြည်ခြင်း သဒ္ဓါတရားက စိတ်အစဉ်ကို ဦးဆောင်နိုင်တဲ့ အတွက် ကိုယ်အင်္ဂါအစိတ်အပိုင်းတွေကို စွန့်လွှတ်လှူဒါန်းခဲ့တဲ့ နေရာမှာ ထင်ရှားခဲ့တဲ့ သာဓကတစ်ခုပဲ။

အဲဒီလို မဆုတ်မနစ် သက်ဝင်ယုံကြည်ခြင်း သဒ္ဓါတရားက စိတ်အစဉ်ကို ဦးဆောင်နိုင်တဲ့အတွက် ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတွေသာမက မိမိရဲ့ ဇနီးမယား, သမီးသားတွေကိုပါ ပြတ်ပြတ်သားသား စွန့်လွှတ်လှူဒါန်းနိုင်ခဲ့တဲ့ အလှူမျိုးမှာလည်းပဲ ထင်ရှားတဲ့သာဓက ပေးရမယ်ဆိုရင် တို့ပရိသတ်တို့ အားလုံးသိပြီးသားဖြစ်တဲ့ **ဝေဿန္တရဇာတ်တော်**[၉] ကိုပဲ ညွှန်းရမှာပေါ့။

အားလုံးသိကြတဲ့အတိုင်း...ဇူဇကာပုဏ္ဏားကြီးက ဝေဿန္တရာမင်းကြီးရဲ့ သားတော်ဇာလီနဲ့ သမီးတော်ကဏှာဇိန်တို့ကို လာပြီး အလှူခံတော့ တွန့်ဆုတ်ခြင်းမရှိဘဲ ပြတ်ပြတ်သားသား လှူဒါန်းနိုင်ခဲ့ခြင်းဟာ ဝေဿန္တရာမင်းကြီးရဲ့ စိတ်အစဉ်မှာ မဆုတ်မနစ် သက်ဝင်ယုံကြည်ခြင်းဆိုတဲ့ သဒ္ဓါတရားက ရှေ့သွားဦးဆောင်ပြုနေလို့ မဟုတ်ဘူလား...။

"ဟုတ်ပါတယ်ဘုရား"

ဒီလိုပဲ...သိကြားမင်းက ဝေဿန္တရာမင်းကြီးရဲ့ ကြင်ယာတော်ကို လာပြီးအလှူခံတော့လည်း ပြတ်ပြတ်သားသား လှူဒါန်းနိုင်ခဲ့ခြင်းဟာ မဆုတ်နစ် သက်ဝင်ယုံကြည်ခြင်းဆိုတဲ့ သဒ္ဓါတရားက ရှေ့သွားဦးဆောင်ပြုနေလို့ပဲ မဟုတ်လား...။

"ဟုတ်ပါတယ်ဘုရား"

ဒီတော့ စိတ်အစဉ်မှာ မဆုတ်မနစ် သက်ဝင်ယုံကြည်ခြင်းဆိုတဲ့ သဒ္ဓါတရားက ရှေ့သွားဦးဆောင်ပြုနေပြီဆိုရင် မိမိရဲ့ ဇနီးမယား,

---

(၉) ဝေဿန္တရဇာတက [ဇာ၊ ၄၊ ၇၊ ၂၄၁။ စရိယာ၊ ၄၊ ၇၆]

သမီး, သားကိုလည်း ပြတ်ပြတ်သားသား လှူဒါန်းနိုင်တယ် ဆိုတာ ဝေဿန္တရာဇာတ်တော်နဲ့ ထင်ရှားမသွားဘူးလား. . .။

"ထင်ရှားသွားပါတယ်ဘုရား"

ကဲ . . . နောက်ဆုံး မဆုတ်မနစ် သက်ဝင်ယုံကြည်ခြင်းဆိုတဲ့ သဒ္ဓါတရားက စိတ်အစဉ်ကို ဦးဆောင်နိုင်တဲ့အတွက် ကိုယ့်အသက်ကို တောင်မှ မငဲ့ကွက်ဘဲ ပေးစွန့်လှူဒါန်းခဲ့တဲ့နေရာမှာ ထင်ရှားတဲ့ သာဓက တစ်ခုကို ထုတ်ပြရမယ်ဆိုရင် . . .။

**သသပဏ္ဍိတဇာတက**[(၁၀)] ယုန်မင်းဇာတ်တော်ကို ပြရလိမ့်မယ်။ တို့ပရိသတ် ဘာဇာတ်တော်တဲ့. . .။

"သသပဏ္ဍိတ ယုန်မင်းဇာတ်တော်ပါဘုရား"

ဒီဇာတ်ကြောင်းက နည်းနည်းတော့ထူးခြားတယ်။ အရှေ့မှာ ဦးပဉ္ဉင်းတို့ ပြောခဲ့ကြတဲ့ သိဝိမင်းကြီးနဲ့ ဝေဿန္တရာမင်းကြီးဇာတ်တော်တွေမှာ ဘုရားအလောင်းတော်က လူပုဂ္ဂိုလ်တွေပဲ။ ဒါပေမဲ့ ဒီ-သသပဏ္ဍိတ ဇာတ်တော်မှာတော့ ဦးပဉ္ဉင်းတို့ ဘုရားအလောင်းတော်ဟာ လူသားဟုတ်သေးရဲ့လား. . .။

"မဟုတ်တော့ပါဘူးဘုရား"

ဘာဖြစ်နေ . . .။

"ယုန်မင်း ဖြစ်နေပါတယ်ဘုရား"

အေး...အဲဒီလို ဦးပဉ္ဉင်းတို့ ဘုရားအလောင်းတော်ဟာ တိရစ္ဆာန်ပင် ဖြစ်နေသော်ငြားလည်း အလှူခံပုဏ္ဏားအယောင်ဆောင်ထားတဲ့ သိကြားမင်းကြီး မိမိထံမှောက် ရောက်ရှိလာတဲ့အခါ မိမိရဲ့အသက်ကိုတောင် မငဲ့မကွက် မီးပုံအတွင်းခုန်ဆင်းပြီး သူ့ရဲ့အသားကို လှူဒါန်းနိုင်ခဲ့တယ်။ ဘာကို လှူဒါန်းနိုင်ခဲ့ . . .။

"သူ့ရဲ့အသားကို လှူဒါန်းနိုင်ခဲ့ပါတယ်ဘုရား"

---

(၁၀) သသပဏ္ဍိတဇာတက [ဇာ၊ ဋ္ဌ၊ ၃၊ ၄၇။ စရိယာ၊ ဋ္ဌ၊ ၁၀၄]

ဒီလို လှူဒါန်းနိုင်ခြင်းဟာ ဘုရားလောင်းယုန်မင်းရဲ့ စိတ်အစဉ်ကို မဆုတ်မနစ် သက်ဝင်ယုံကြည်ခြင်းဆိုတဲ့ သဒ္ဓါတရားက ဦးဆောင်နိုင်ခဲ့တဲ့ အတွက်ကြောင့်ပဲ ဖြစ်တယ်လို့ တို့ပရိသတ် နားလည်ထားရမယ်။ ဘာက ဦးဆောင်နိုင်ခဲ့လို့...။

"မဆုတ်မနစ် သက်ဝင်ယုံကြည်ခြင်းဆိုတဲ့ သဒ္ဓါတရားက ဦးဆောင်နိုင်ခဲ့လို့ပါဘုရား"

ဒီနေရာမှာ ဘုရားလောင်းယုန်မင်းရဲ့ စိတ်အစဉ်ကို ဦးဆောင်နေတဲ့ သဒ္ဓါတရားဟာ ဘာကိုယုံကြည်တာလဲဆိုတော့... ကံနဲ့ ကံရဲ့ အကျိုးကို ယုံကြည်တာပဲ။ ဘာကိုယုံကြည်နေတာ...။

"ကံနဲ့ကံရဲ့အကျိုးကို ယုံကြည်နေတာပါဘုရား"

အေး... အဟိတ်တိရစ္ဆာန်တစ်ကောင်မှာ ဒီလိုယုံကြည်ချက် သဒ္ဓါတရားမျိုး ရှိနိုင်ပါ့မလားလို့... တို့ဒါယကာ, ဒါယိကာမကြီးတွေ သို့လော...သို့လော တွေးတောနေနိုင်တယ်။

ဒီဖြစ်တော်စဉ် ငါးရာ့ငါးဆယ်ဇာတ်တော်တွေဟာ ဘုရား အလောင်း တော် သမ္မာသမ္ဗုဒ္ဓဘုရားဖြစ်ဖို့ရန် နိယတဗျာဒိတ်ပန်း ဆင်မြန်းပြီးတဲ့နောက်ပိုင်းမှာ ဖြစ်ခဲ့တာကြောင့် ဒီသသပဏ္ဍိတဇာတ်တော်က ဘုရား - အလောင်းယုန်မင်းမှာ ဒီလိုအသိ ဒီလိုယုံကြည်ချက်မျိုး ရှိနေပါပြီ။ ဒါကြောင့်လည်း ဒါနဆိုတာ ကောင်းတဲ့အလုပ်၊ ပါရမီမြောက်သော မြင့်မြတ်သူတို့ရဲ့ အလုပ်လို့သိပြီး ဖြည့်ကျင့်နေတာ ဖြစ်တယ်။

အဲဒီလိုပဲ ... ယနေ့ မျက်မှောက်ခေတ်မှာလည်း အများအ ကျိုးအတွက် ဘဝတွေ, အသက်တွေပေးဆပ်ပြီး နယ်ပယ်အသီးသီးမှာ ယုံကြည်ချက်နဲ့ ရှေ့ဆက်နေကြသူတွေကလည်း သူတို့ရဲ့ စိတ်အစဉ်ကို မဆုတ်မနစ် သက်ဝင်ယုံကြည်ခြင်း သဒ္ဓါက ဦးဆောင်နေတဲ့အတွက် ကြောင့်ပဲမဟုတ်လား...။

"ဟုတ်ပါတယ်ဘုရား"

အဲဒီတော့ ဒါနတစ်ခုပြုရာမှာ သဒ္ဓါမပါလို့ မဖြစ်ဘူးလား ဘုရားလို့

မေးမယ်ဆိုရင်...သဒ္ဓါမရှိရင် ကိုယ်လက်အင်္ဂါတွေ လှူဖို့မဆိုထားနဲ့။ ဗဟိဒ္ဓ စည်းစိမ်ဥစ္စာလောက်ကိုတောင် အကြောင်းအမျိုးမျိုးပြကာ ဒါနမှုတွေနဲ့ ဝေးနေတတ်ကြတယ်။

ဟော . . . လှူစရာမရှိပေမယ့် သဒ္ဓါရှိပြန်တော့ အသက်ကို စွန့်ပြီး မိမိခန္ဓာကိုယ်ကို အသားအဖြစ်လှူဒါန်းနိုင်တာ ဘုရားလောင်း ယုန်မင်း သသပဏ္ဍိတဇာတ်တော်က သက်သေပဲ။

အေး . . . ဒီတော့ ဒါနတစ်ခု ပြုတော့မယ်ဆိုရင် သဒ္ဓါတရားက ရှိကိုရှိမှဖြစ်မယ်။ အလှူဒါနပြုချင်တဲ့ သဒ္ဓါတရားသာရှိရင် လှူဖွယ်ပစ္စည်း မရှိပေမယ့် ကိုယ်တိုင် မီးပုံထဲခုန်ဆင်းပြီး မိမိအသားကို လှူဒါန်းခဲ့တဲ့ ဘုရားလောင်းယုန်မင်းရဲ့ သာဓကရှိခဲ့သလို လှူဒါန်းချင်တဲ့ သဒ္ဓါတရား မရှိဘူးဆိုရင် ဘယ်လောက်ပဲ ပစ္စည်းဥစ္စာတွေရှိရှိ အကြောင်းတွေ အမျိုးမျိုးပြပြီး မလှူ မတန်းနိုင်ကြဘဲ ဒါနပွဲတွေနဲ့ လွဲကြရတယ်။ ဟုတ်ရဲ့လား . . .။

"ဟုတ်ပါတယ်ဘုရား"

ဒီတော့ ဘယ်လောက်ပဲ ပစ္စည်းဥစ္စာတွေရှိရှိ လှူဒါန်းချင်တဲ့ သဒ္ဓါတရားမရှိဘူးဆိုရင် အကြောင်းတွေ အမျိုးမျိုးပြပြီး မလှူမတန်းနိုင်ဘဲ ဒါနပွဲတွေနဲ့ လွဲခဲ့ရတဲ့ ပုဂ္ဂိုလ်တစ်ယောက်ရဲ့ သာဓကတစ်ခုကို ဒီနေရာမှာ ထုတ်ပြရမယ်ဆိုရင် . . .။

ဦးပဉ္ဇင်းတို့ မြတ်စွာဘုရားရှင် လောကမှာ ထင်ရှားပွင့်ထွန်း ပေါ်ပေါက်တော်မူခိုက် အင်မတန် စည်းစိမ်ဥစ္စာတွေလည်း ပေါကြွယ်ဝတဲ့ **တောဒေယျ**ဆိုတဲ့ ပုဏ္ဏားကြီးတစ်ယောက် ရှိခဲ့ဖူးတယ်။ ဒါပေမဲ့ သူ့မှာ ရတနာမြတ်သုံးပါးကို ယုံကြည်တဲ့သဒ္ဓါတရား, ကံနဲ့ကံရဲ့အကျိုးကို ယုံကြည်တဲ့ သဒ္ဓါတရားကတော့ နည်းနည်းလေးမှ မရှိဘူး။

အဲဒီလို ယုံကြည်မှုသဒ္ဓါတရားက မရှိလေတော့ စည်းစိမ်ဥစ္စာတွေ ဘယ်လောက်ပဲ ပေါကြွယ်ဝနေနေ ထိုပုဂ္ဂိုလ်မျိုးမှာ ဒါနတရားနဲ့ အလှမ်း ဝေးနေတယ်။ ဘာနဲ့အလှမ်းဝေးနေ . . .။

“ဒါနတရားနဲ့ အလှမ်းဝေးနေပါတယ်ဘုရား”

အဲဒီလို ဒါနတရားနဲ့ အလှမ်းဝေးနေတဲ့ တောဒေယျဆိုတဲ့ ပုဏ္ဏားကြီးက သူကိုယ်တိုင်ပဲ ဒါနတရားနဲ့ အလှမ်းဝေးနေတာ မဟုတ်ဘူး။ **သုဘလုလင်**ဆိုတဲ့ သူ့ရဲ့တစ်ဦးတည်းသောသားကိုလည်း ဒါနအမှု မပြုဖို့ရန် ဆုံးမတယ်တဲ့။ ဘယ်လို ဆုံးမလဲဆိုတော့...။

**“အဉ္ဇနာနံ ခယံ ဒိသွာ၊ ဝမ္မိကာနဉ္စ သဉ္စယံ၊**

**မဓူနဉ္စ သမာဟာရံ၊ ပဏ္ဍိတော ဃရမာဝသေ။**(၁၁)တဲ့။

ဒီလို သူ့သားကို သူအမြဲတမ်းဆုံးမတာ။ ဒီဂါထာဟာ ဘာကို ပြောတာလဲဆိုတော့...။

ပဏ္ဍိတော - **ချစ်သား**... ပဏ္ဍိတော - အိမ်ရာတည်ထောင် လူ့ဘောင်မှာနေတဲ့ **ပညာရှိတဲ့ ယောကျာ်းတစ်ယောက်ဟာ**၊ အဉ္ဇနာနံ - **မျက်ကွင်းကျောက်လေးတွေရဲ့**၊ ခယံ - **ဖြည်းဖြည်းချင်း ကုန်သွား ပုံကို**၊ ဒိသွာ - **ကြည့်၍**။ ချစ်သားတဲ့... မျက်ကွင်းသွေးတဲ့ ကျောက်ညို လေးတွေ ဖြည်းဖြည်းချင်း ကုန်ကုန်သွားတာကို ပမာပြုရတယ်လို့ တောဒေယျပုဏ္ဏားကြီးက သူ့ရဲ့သား သုဘလုလင်ကို ဆုံးမတယ်။ ဘယ်သူ့ကို ဆုံးမ...။

“သားဖြစ်သူ သုဘလုလင်ကို ဆုံးမတာပါဘုရား”

အဲဒီတော့ ဒီနေရာမှာ ရှေးခေတ်အိန္ဒိယရဲ့ ဓလေ့ထုံးစံအရ မျက်ရေးခြယ်တဲ့အခါမှာ အညိုရောင်ကျောက်ကလေးတွေကို သွေးသွေး ပြီးတော့ မျက်ကွင်းမှာ အညိုလေးတွေခြယ်တာ။ ဒါက အလှအတွက် သက်သက်သာ မဟုတ်ဘဲ **မျက်စိကိုလည်း အေးစေတယ်**တဲ့။ ဒါကတော့ ဗဟုသုတပေါ့။

အဲဒီလို မျက်လုံးကို အလှခြယ်တာကို ဒီနေ့ခေတ်မှာဆိုရင်တော့ ဘာဆွဲတာလို့ခေါ်ကြလဲ တို့ဒါယိကာမကြီးတွေ...။

---

(၁၁)[ဒီ - ၄ - ၁၊ ၃၁၇။ မ - ၄ - ၄၊ ၁၇၅]

"မျက်လုံး လိုင်နာဆွဲတာပါဘုရား"

ဒါကတော့ ဒါယိကာမကြီးတွေ... ပိုသိမယ်ထင်တယ်။ အခုခေတ် လိုင်နာဆွဲသလိုပေါ့။ သူ့ခေတ်သူ့အခါက လိုင်နာတွေမပေါ်သေးတော့ အဲဒီလို ကျောက်ညိုလေးတွေကို သွေးသွေးပြီးတော့ မျက်ရေးမှာ ဆွဲရတယ်။

အဲဒီလို သွေးပြီးဆွဲပါများတော့ အဲဒီကျောက်ကလေးက ဖြည်း ဖြည်းချင်းကုန်သွားတယ်။ ဘာဖြစ်သွားတုန်း...။

"ဖြည်းဖြည်းချင်း ကုန်သွားပါတယ်ဘုရား"

အဲဒီလို ကျောက်ကလေးကို ဖြည်းဖြည်းချင်းသွေးပါများ တော့ ကုန်သွားသလို ဒီနေ့ခေတ် လိုင်နာတွေကရော ဆွဲပါများရင် မကုန်ဘူးလား...။

"ကုန်ပါတယ်ဘုရား"

အဲဒါကြောင့် ဒါယိကာမကြီးတွေ အလှပြင်ဖို့ ဒါယကာကြီးတွေ ခဏခဏပိုက်ဆံထုတ်ပေးရတာ။ ဟုတ်ရဲ့လား...။

"ဟုတ်ပါတယ်ဘုရား"

အဲဒီတော့ ပြောချင်တာက လိုင်နာကုန်တာပဲဖြစ်ဖြစ်၊ အဲဒီ မျက်ကွင်းရေးတဲ့ ကျောက်ညိုလေးတွေ ကုန်ကုန်သွားတာပဲဖြစ်ဖြစ် ချက်ချင်းကုန်သွားတာ ဟုတ်ရဲ့လား...။

"မဟုတ်ပါဘူးဘုရား"

အေး... ချက်ချင်းကြီးကုန်တာ မဟုတ်ဘူး။ နည်းနည်းချင်း သွေးတာများပြီး ကုန်သွားတာ။ အဲဒီဥပမာကိုဆောင်ကာ တောဒေယျ ပုဏ္ဏားကြီးက ချစ်သား... မှတ်ထား။ မင်းမှာရှိတဲ့ စည်းစိမ်ဥစ္စာတွေကို ရဟန်းသံဃာတော်တွေ သို့မဟုတ် မရှိဆင်းရဲနွမ်းပါးတဲ့ ပုဂ္ဂိုလ်တွေကို ပေးလှူမယ်ဆိုရင် မင်းရဲ့ဥစ္စာပစ္စည်းတွေက နည်းနည်းချင်း နည်းနည်းချင်းနဲ့ ကုန်သွားလိမ့်မယ်လို့ တောဒေယျပုဏ္ဏားကြီးက သူ့သားသုဘလုလင်ကို အဲဒီလို ဆုံးမခဲ့တာ။

နောက် ဥပမာတစ်ခုကကျတော့ . . . **ဝမ္မိကာနဥ္စ** – ခြတောင်ပို့ကြီးကိုလည်း၊ **ဒိသွာ** – မင်းကြည့်လိုက်ဦးကွာ။ အဲဒီ ခြတောင်ပို့ကြီးဖြစ်လာတာ၊ **သဥ္စယံ** – အဲဒီခြလေးတွေက နည်းနည်းချင်း နည်းနည်းချင်း စုရင်းနဲ့ တောင်ပို့ကြီးဖြစ်လာတာတဲ့။ အဲဒီလိုပဲကွ… မင်းလည်း စည်းစိမ်ဥစ္စာတွေကို ခြလေးတွေလို နည်းနည်းချင်းစုရတယ်လို့ တောဒေယျပုဏ္ဏားကြီးက သူ့သားကို ဆုံးမနေပြန်တယ်။

ဟော . . . နောက်ထပ် ဥပမာတစ်ခုက ပျားသကာချပ်ကြီးတွေ၊ ပျားတင်းလဲကြီးတွေ ဖြစ်ပေါ်လာတာကလည်း၊ **မဓူနဥ္စ** – ပျားကောင်တို့ရဲ့ **သမာဟာရံ** – ပန်းဝတ်မှုန်တွေကို နည်းနည်းချင်း စုဆောင်းပြီးမှ ဖြစ်လာတာတဲ့။ ဒီအချက်ကိုလည်းပဲ ပုတ္တ – ချစ်သားရေ၊ ဒိသွာ – မင်းမြင်၍ကြည့်၍ ဥပမာယူစမ်းတဲ့။ နောက်ပြီး . . . **ပဏ္ဍိတ** – ပညာရှိယောကျ်ားမှန်ရင် မင်းဒါတွေကို ပမာပြုပြီးတော့ စည်းစိမ်ဥစ္စာ စုဆောင်းရတယ်တဲ့။ ဘယ်သူ့ကို ဆုံးမနေတာ . . .။

"သူ့ရဲ့သား သုဘလုလင်ကို ဆုံးမနေတာပါဘုရား"

အေး . . . ဒီတော့ တောဒေယျ ပုဏ္ဏားကြီးဟာ ပစ္စည်းဥစ္စာတွေရှိပါလျှက်နဲ့ သဒ္ဓါတရားမရှိတော့ ဒါနပွဲတွေနဲ့ အလွဲကြီးလွဲနေတယ်။

ဒီအကြောင်းကနေ "**ချကိုပုံပြု ပျားလိုစုလော့**" ဆိုတဲ့ စကားပုံပေါ်လာတာဖြစ်မယ် ထင်ရတယ်။

ဒီလို သူ့သားကို ဆုံးမခဲ့သလို သူကိုယ်တိုင်လည်း ဒါနကောင်းမှုနဲ့ ဝေးနေတယ်။ သူ့ရဲ့သားကိုလည်း ဒါနကောင်းမှုတွေနဲ့ ခြားသည်ထက်ခြား၊ ဝေးသည်ထက်ဝေးသွားအောင် သွန်သင်ပြသနေတယ်။

တို့ပရိသတ် စဉ်းစားကြည့်… အင်မတန်မှ နစ်နာသွားတယ်။ သူသည် မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိတဲ့အခိုက်မှာ လူဖြစ်ခွင့်၊ ဘုရားရှင်ကို ဖူးတွေ့ခွင့်ရတဲ့ ပုဂ္ဂိုလ်တစ်ယောက် မဟုတ်ဘူးလား . . .။

"ဟုတ်ပါတယ်ဘုရား"

ဒါပေမဲ့ ရတနာမြတ်သုံးပါးအပေါ်၌ ယုံကြည်ခြင်းဆိုတဲ့ သဒ္ဓါတရား

ကံနှင့်ကံရဲ့အကျိုးကို ယုံကြည်ခြင်းဆိုတဲ့ သဒ္ဓါတရားကို မတည်ဆောက်နိုင်တဲ့ အခါကျတော့ သူရသင့်ရထိုက်တဲ့ ကုသိုလ်ကောင်းမှု အခွင့်အရေးတွေကို ဆုံးရှုံးလိုက်ရတယ်။

အေး… ကုသိုလ်ပြုခွင့်တွေ မရတော့တဲ့အပြင် ဆုံးရှုံးနစ်နာသွားတာ။ သူ့ရဲ့ဘဝ ဘယ်လိုနိဂုံးချုပ်လဲဆိုတာတော့…။

"**တောဒေယျပြာဟ္မဏော ဓနလောဘေန အတ္တနော ဃရေ သုနခေါ ဟုတွာ နိဗ္ဗတ္တော**"(၁၂) တဲ့။

အဲဒီလို သဒ္ဓါတရားက မရှိလေတော့ အလှူဒါနကောင်းမှု တွေနဲ့ ဝေးကွာသွားတဲ့ **တောဒေယျပြာဟ္မဏော** - တောဒေယျ ပုဏ္ဏားကြီးဟာ၊ **ဓနလောဘေန** - သူပိုင်ဆိုင်ထားတဲ့ **စည်းစိမ်ဥစ္စာတွေအပေါ်မှာ တွယ်တာမက်မောလွန်းတဲ့ တဏှာလောဘကြောင့်၊ အတ္တနော ဃရေ - မိမိရဲ့အိမ်၌သာလျှင်၊ သုနခေါ - ခွေးသည်၊ ဟုတွာ - ဖြစ်၍၊ နိဗ္ဗတ္တော - ဖြစ်ပြီ**တဲ့။ တို့ပရိသတ် တောဒေယျပုဏ္ဏာကြီး ဘာဖြစ်သွား…။

"ခွေးဖြစ်သွားပါတယ်ဘုရား"

တို့ပရိသတ် ဒီနေရာမှာကြည့်စမ်း…။ ကိုယ့်မှာရှိတဲ့ စည်းစိမ်ထဲက ဒါနအမှုမပြုဘဲ နေတော့ရော ဘာဖြစ်သလဲ။ ဒါနမပြုလို့ ဘာမှတော့ မဖြစ်ဘူးပေါ့။

ဒါပေမဲ့ အဲဒီလို မိမိပိုင်ဆိုင်ထားတဲ့ စည်းစိမ်ဥစ္စာတွေအပေါ်မှာ တွယ်တာမက်မောတဲ့ တဏှာကြောင့် **မပေးရက် မလှူရက်တဲ့ လောဘဖက်နေခဲ့ရင်** အဲဒီလောဘတရားကပဲ ထိုဥစ္စာပိုင်ရှင်ကို အပါယ်လေးဘုံသို့ ဆွဲခေါ်သွားတတ်တယ်ဆိုတာကို **ဒီတောဒေယျပုဏ္ဏားကြီးရဲ့ အဖြစ်က သံဝေဂယူစဖွယ် မကောင်းဘူးလား** တို့ပရိသတ်…။

"သံဝေဂယူစရာ ကောင်းပါတယ်ဘုရား"

---

(၁၂)[မ - ၄ - ၄၊ ၁၇၅]

ဒါကြောင့် သဒ္ဓါမရှိရင် အကြောင်းအမျိုးမျိုးပြပြီးတော့ ဒါနဆိုတဲ့ ကုသိုလ်ကောင်းမှုတွေနဲ့ ဝေးနေတတ်ကြတယ်။ ဒါကို သခ်န်းစာယူစေချင်တယ်။ သခ်န်းစာယူကြရမယ်။

အေး... ဒ့ါကြောင့် မိမိရဲ့သန္တာန်မှာ စိတ်ကိုကြည်လင်စေခြင်း၊ မဆုတ်မနစ် သက်ဝင်ယုံကြည်ခြင်းဆိုတဲ့ သဒ္ဓါတရား ရှိနေမယ်ဆိုရင် အပါယ်လေးဘုံကို ဆွဲခေါ်သွားနိုင်တဲ့ တဏှာလောဘ...စတဲ့ ကိလေသာတရားဆိုးတွေကို အနည်ထိုင်သွားစေလိမ့်မယ်။ အပါယ်တံခါးကိုလည်း ပိတ်စေနိုင်တယ်။ တို့ပရိသတ် သဒ္ဓါတရားရှိရင် အပါယ်တံခါးကိုလည်း ပိတ်စေနိုင်တယ်တဲ့...။ ဘာတံခါးပိတ်စေနိုင်သလဲ ...။

"အပါယ်တံခါး ပိတ်စေနိုင်ပါတယ် ဘုရား"

ဒါကြောင့် အပါယ်တံခါးပိတ်စေနိုင်တဲ့ စိတ်ကိုကြည်လင်စေတတ်၊ မဆုတ်မနစ် သက်ဝင်ယုံကြည်စေတတ်တဲ့ သဒ္ဓါတရားကို မိမိတို့ရဲ့သန္တာန်မှာ ကိုယ်စီကိုယ်စီ တည်ဆောက်နိုင်ကြပါစေ...။

အဲဒီတော့ ဒါနတစ်ခုပြုတော့မယ်ဆိုရင် မိမိတို့သန္တာန်မှာ တည်ဆောက်ထားတဲ့ သဒ္ဓါတရားက ရှေ့သွားပြုရသလို သီလတစ်ခုဆောက်တည်တော့မယ်ဆိုရင်လည်း သဒ္ဓါတရားကို မိမိတို့သန္တာန်မှာ ရှေးဦးစွာ အခြေတည်ရတာပဲ။

အခု သီလနေရာမှာလည်းပဲ သဒ္ဓါတရားက ရှေ့သွားဦးဆောင်ပြုထားနိုင်ရင် မိမိရဲ့သန္တာန်မှာ သီလတရားတွေကို ခိုင်ခိုင်မြဲမြဲ တည်ဆောက်နိုင်တယ်ဆိုတာကို **ပဉ္စသီလသမာဒါနိယမထေရ်လောင်းလျာ**(၁၃) ရဲ့ ဇာတ်ကြောင်းကို သာဓကအဖြစ် ပြောကြရအောင်။ ဟိုး... လွန်ခဲ့သော တစ်သင်္ချေနဲ့ ကမ္ဘာတစ်သိန်းအထက်က အနောမဒဿီမြတ်စွာဘုရား လောကမှာ ပွင့်ထွန်းတော်မူခဲ့တဲ့အချိန်။

တို့ပရိသတ် ဘယ်ဘုရားရှင်ပွင့်တဲ့အချိန်...။

---

(၁၃) [အပ၊ ၁၊ ၈၄]

"အနောမဒဿီဘုရားရှင် ပွင့်တဲ့အချိန်ပါဘုရား"

အဲဒီလို အနောမဒဿီဘုရားရှင်ရဲ့ လက်ထက်မှာ ပဉ္စသီလ–သမာဒါနိယမထေရ်မြတ်လောင်းလျာ အမျိုးကောင်းသားတစ်ယောက်ဟာ သူဆင်းရဲ၊ သူခစား ဘဝမှာ ဖြစ်ခဲ့တယ် တို့ပရိသတ်။ သူဆင်းရဲဘဝမှာ ဖြစ်နေတာ ဘယ်သူလဲ တို့ပရိသတ်...။

"ပဉ္စသီလသမာဒါနိယ မထေရ်မြတ်လောင်းလျာပါဘုရား"

သူဆင်းရဲ၊ သူခစား ဘဝဆိုတာက နားလည်အောင်ပြောရမယ်ဆိုရင်တော့ သူတစ်ပါးကျေးကျွန်ဘဝကို ပြောတာ။

အဲဒီလို ကျေးကျွန်ဘဝမှာရောက်နေတဲ့ ပဉ္စသီလသမာဒါနိယမထေရ်မြတ်လောင်းလျာဖြစ်တဲ့ အမျိုးကောင်းသားဟာ သူဆင်းရဲဘဝနဲ့ပဲ အနောမဒဿီဘုရားရှင်ရဲ့ တရားတော်ကို နာကြားခွင့်ရခဲ့ပါတယ်။ အေး...ပဉ္စသီလသမာဒါနိယမထေရ်မြတ်လောင်းလျာဖြစ်တဲ့ အမျိုးကောင်းသားဟာ အဲဒီလို အနောမဒဿီဘုရားရှင်ရဲ့ အထံတော်မှ သစ္စာလေးပါးနှင့်စပ်သော တရားတော်ကို နာကြားခွင့်ရပြီးတဲ့ နောက်မှာ... **သံသာရေ အာဒီနဝံ ဥတွာ**"[၁၄] တဲ့။ သံသရာရဲ့ အပြစ်ကိုသိ၍ သံသရာဝဋ်ဆင်းရဲကနေ လွတ်မြောက်ဖို့ရာ ရဟန်းပြုချင်တဲ့ စိတ်ကူးရခဲ့တယ်။ ဘာစိတ်ကူးရ...။

"ရဟန်းပြုဖို့ စိတ်ကူးရခဲ့ပါတယ်ဘုရား"

ဘယ်ကနေ လွတ်မြောက်ချင်လို့...။

"သံသရာဝဋ်ဆင်းရဲကနေ လွတ်မြောက်ချင်လို့ပါဘုရား"

ဒီနေရာမှာ တို့ဒါယကာကြီးတွေ ဦးပဉ္စင်းတို့ သာသနာတော်မှာ သူ့ကျွန်အဖြစ်မှ တော်လှန်ပြီးသူ၊ သူ့ကျွန်အဖြစ်မှ ကင်းလွတ်သူကိုသာ ရဟန်းပြုပေးရမယ်လို့ ရှင်တော်မြတ်ဘုရားက မိန့်ကြားပညတ်တော်မူချက် ရှိတာကြောင့် သူတစ်ပါးရဲ့ အစေအပါး သူခစားကျေးကျွန်

---

(၁၄) [အပ၊ ဋ္ဌ၊ ၂၊ ၄၀]

ဘာဝရောက်နေတဲ့ ပဥ္စသီလသမာဒါနိယ မထေရ်မြတ်လောင်းလျာ အမျိုးကောင်းသားဟာ သာသနာ့ဘောင်ကို ဝင်ရောက်ပြီး ရဟန်းပြုဖို့ အခွင့်အရေးရနိုင်ပါ့မလား...။

"မရနိုင်ပါဘူးဘုရား"

ဒီလို သာသနာတွင်းမှာ ရှင်ရဟန်းပြုလိုတဲ့...ပဥ္စသီလသမာ-ဒါနိယမထေရ်မြတ်လောင်းလျာ အမျိုးကောင်းသားဟာ သာသနာတော်ကို ကြည်ညိုတဲ့ သူတော်ကောင်းတစ်ယောက် ဖြစ်တယ်ဆိုတာတော့ မသိနိုင်ဘူးလား...။

"သိနိုင်ပါတယ်ဘုရား"

ထိုကဲ့သို့ သာသနာတော်ကိုကြည်ညိုတဲ့ သူတော်ကောင်းတိုင်းဟာ ဒါန, သီလ, ဘာဝနာမှုတွေကို မိမိတို့ စွမ်းအားရှိသလောက် ကြိုးစားပြုလုပ်ကြသလို ပဥ္စသီလသမာဒါနိယမထေရ်မြတ်လောင်းလျာ အမျိုးကောင်းသားမှာတော့ သာသနာတော်ကို ကြည်ညိုတာမှန်ပေမယ့် သူတစ်ပါးရဲ့ အစေအပါး သူခစားဖြစ်နေတော့ မွန်မွန်မြတ်မြတ် ဒါနအမှု ပြုနိုင်ပါဦးမလား...။

"ဒါနအမှု မပြုနိုင်ပါဘူးဘုရား"

အေး ဒီလို ဒါနကောင်းမှုတွေကို မွန်မွန်မြတ်မြတ် မပြုနိုင်တဲ့ ပဥ္စသီလသမာဒါနိယမထေရ်မြတ်လောင်းလျာ အမျိုးကောင်းသားဟာ ဘာဝနာအလုပ်ကို တစ်စိုက်မတ်မတ် လုပ်မယ်ဆိုပြန်တော့လည်း သူတစ်ပါးရဲ့ အစေအပါး ကျေးကျွန်ဖြစ်နေလေတော့ ဘာဝနာအလုပ်ကို တစ်စိုက်မတ်မတ် လုပ်ဖို့ရာလည်း အချိန်ရောရှိနိုင်ပါ့မလား...။

"မရှိနိုင်ပါဘူးဘုရား"

အေး...ဒီတော့ ဒါန, သီလ, ဘာဝနာအလုပ်သုံးခုမှာ ပဥ္စသီလသမာဒါနိယမထေရ်မြတ်လောင်းလျာ အမျိုးကောင်းသား ပြုလုပ်နိုင်တာဆိုလို့ သီလဆောက်တည်ဖို့ရာပဲ ကျန်တော့မယ်။

**ဒီနေရာမှာ ဦးပဥ္စင်းတို့အားလုံး ကိုယ့်လက်ရှိဘဝနဲ့ ကိုယ်**

ဘာလုပ်နိုင်သလဲဆိုတာကို ကွဲကွဲပြားပြား သိဖို့လိုလိမ့်မယ်။ အခု ပဥ္စသီလသမာဒါနိယမထေရ်မြတ်လောင်းလျာကို ကြည့်လိုက်ရင် သူ့မှာ သာသနာတော်တွင်းကိုလည်း ဝင်ရောက်ခွင့်မရှိဘူး။ ဒါနပြုဖို့ရန်ကျ တော့လည်း ဆင်းရဲနေပြန်။ ဘာဝနာအလုပ် ပွားများအားထုတ်ဖို့ရာလည်း သူ့မှာအချိန်မရှိတော့ သူလုပ်နိုင်တာကို သူရွေးချယ်ခဲ့ရတယ်။ အဲဒါကတော့ ပိုက်ဆံလည်းမကုန်၊ လူတန်းစားမရွေး ကျင့်သုံးနိုင်တဲ့ သီလဆောက်တည် ဖို့ရန်ပဲ ဆုံးဖြတ်ခဲ့ရတယ်။ ပဥ္စသီလသမာဒါနိယမထေရ်မြတ်လောင်းလျာ ဟာ ဘာလုပ်ဖို့ ဆုံးဖြတ်ခဲ့လဲ တို့ပရိသတ်. . .။

"သီလဆောက်တည်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်ဘုရား"

အဲဒီလိုနဲ့ ပဥ္စသီလသမာဒါနိယမထေရ်မြတ်လောင်းလျာဟာ သီလဆောက်တည်ဖို့ ဆုံးဖြတ်ပြီးတော့ အနောမဒဿီဘုရားရှင်ရဲ့ အဂ္ဂသာဝက မထေရ်တစ်ပါးဖြစ်တဲ့ **နိသဘမထေရ်မြတ်**ထံသို့ သွားပြီး တော့ ငါးပါးသီလကို ခံယူကျင့်သုံးဆောက်တည်ခဲ့တယ်။ ပဥ္စသီလ သမာဒါနိယမထေရ်မြတ်လောင်းလျာသည် ဘယ်မထေရ်မြတ်ထံမှာ သီလခံယူဆောက်တည်. . .။

"နိသဘမထေရ်မြတ်ထံမှာပါဘုရား"

ဒီတော့ တို့ပရိသတ်တို့က ထင်နေလိမ့်မယ်။ ငါးပါးသီလကတော့ တို့ဒါယကာ, ဒါယိကာမကြီးတွေလည်း ဆောက်တည်နေကြတာပဲ။ ဘာခက်တာများ မှတ်လို့လဲပေါ့။ ဒါပေမဲ့ အဲဒီကာလက **လူတို့ရဲ့ သက်တမ်းဟာ နှစ်ပေါင်းတစ်သိန်း**တဲ့။ တို့ပရိသတ် ထိုအချိန်လူတို့ရဲ့ သက်တမ်းက ဘယ်လောက်ရှိ. . .

"နှစ်ပေါင်း တစ်သိန်းပါဘုရား"

ကဲ. . .နှစ်ပေါင်းတစ်သိန်း သက်တမ်းရှိတဲ့ ကာလမှာ သက်တမ်း တစ်လျှောက်လုံး ငါးပါးသီလကို မကျိုးမပေါက်အောင် စောင့်ထိန်း နိုင်ဖို့ဆိုတာ လွယ်ပါ့မလား။

"မလွယ်ပါဘူးဘုရား"

အေး... ဒါပေမဲ့ ပဉ္စသီလသမာဒါနိယမထေရ်မြတ်လောင်းလျာကတော့ သူ့ရဲ့အသက်ရှင်သန်ရတဲ့ သက်တမ်းတစ်လျှောက်လုံး ငါးပါးသီလကို ခိုင်ခိုင်မြဲမြဲ စောင့်ထိန်းနိုင်ခဲ့တယ်။ အဲဒီလို နှစ်ပေါင်းတစ်သိန်းလောက် အချိန်ကာလပတ်လုံး သီလတရားကို ခိုင်ခိုင်မြဲမြဲ စောင့်ထိန်းနိုင်ခဲ့ခြင်းဟာ ပဉ္စသီလသမာဒါနိယမထေရ်မြတ်လောင်းလျာရဲ့ စိတ်အစဉ်မှာ ဘုရားရှင်ရဲ့ အဆုံးအမဖြစ်တဲ့ ဒီသာသနာတော်မြတ်ကြီးကို သက်ဝင်ယုံကြည်တဲ့ သဒ္ဓါတရားက ဦးဆောင်နေခဲ့တဲ့အတွက်ကြောင့် မဟုတ်လား...။

"ဟုတ်ပါတယ်ဘုရား"

အဲဒီလို ပဉ္စသီလသမာဒါနိယမထေရ်မြတ်လောင်းလျာဟာ နှစ်ပေါင်းတစ်သိန်းလောက် သီလတရားကို ခိုင်ခိုင်မြဲမြဲ ဆောက်တည်နိုင်ခဲ့ခြင်းကြောင့် ဘယ်လိုအကျိုးကျေးဇူး ရခဲ့သလဲဆိုတော့...

**"အပရိမေယျေ ဣတော ကပ္ပေ, ပဉ္စသီလာနိ ဂေါပယိံ၊**
**ဒုဂ္ဂတိံ နာဘိဇာနာမိ, ပဉ္စသီလာနိဒံ ဖလံ"**[၁၅] တဲ့။

ဒီဘဒ္ဒကမ္ဘာမှ မရေမတွက်နိုင်တဲ့ကမ္ဘာတို့၌ ငါးပါးသီလ ဆောက်တည်ကျင့်သုံးခဲ့ခြင်းကြောင့် ထိုသီလဆောက်တည်ကျင့်သုံးခဲ့တဲ့ ဘုံဘဝမှစ၍ ဒုဂ္ဂတိဘုံဘဝကို မသိစဖူး, မရောက်ဖူးခဲ့ပေ။ ဒီလို ဒုဂ္ဂတိဘဝ မကျရောက်ရခြင်းသည် ငါးပါးသီလ ဆောက်တည်ကျင့်သုံးခြင်း၏ အကျိုးတရားတဲ့။

ဒီတော့ ... ပဉ္စသီလသမာဒါနိယမထေရ်မြတ်လောင်းလျာကို ကြည့်လိုက်ရင် လွန်ခဲ့တဲ့ တစ်သင်္ချေနဲ့ကမ္ဘာတစ်သိန်းက ဆောက်တည်ခဲ့တဲ့ သီလ၏အကျိုးက ဒီဘဝ ကျွတ်တမ်းဝင်သည့်တိုင်အောင် သုဂတိဘုံဘဝတွေမှာပဲ ကျင်လည်နေရတာ။ ဒီလောက် ရှည်လျားတဲ့ သံသရာတစ်လျှောက် အပါယ်လေးဘုံ မကျရောက်ခြင်းသည် ဘာရဲ့

(၁၅) [အပ၊ ၁၊ ၈၆]

အကျိုး...။

"ငါးပါးသီလ ဆောက်တည်ကျင့်သုံးခြင်း၏ အကျိုးပါဘုရား"

အဲဒီလိုနဲ့ သံသရာတစ်လျှောက် လူ့ပြည်နတ်ပြည်ဆိုတဲ့ သုဂတိဘုံဘဝတွေမှာပဲ လူ့စည်းစိမ်နတ်စည်းစိမ်ခံစားရင်း နောက်ဆုံးဘဝမှာတော့ ဦးပဥ္စင်းတို့ ဂေါတမမြတ်စွာဘုရားရှင် သာသနာတော်အတွင်းမှာ ငါးနှစ်သားအရွယ်နဲ့ ကျွတ်တမ်းဝင်ခဲ့ပြီး ပဉ္စသီလသမာဒါ နိယမထေရ် မြတ်ရယ်လို့ ထင်ရှားခဲ့တယ် တို့ပရိသတ်။

အဲဒီလို ပဉ္စသီလသမာဒါနိယမထေရ်မြတ်လောင်းလျာဟာ သီလတရားတွေကို အချိန်အကြာကြီး ခိုင်ခိုင်မြဲမြဲဆောက်တည် ကျင့်သုံးနိုင်ခဲ့ခြင်းသည် မဆုတ်မနစ် သက်ဝင်ယုံကြည်ခြင်းဆိုတဲ့ သဒ္ဓါတရားက သူ့ရဲ့စိတ်အစဉ်ကို ဦးဆောင်နိုင်ခဲ့လို့သာ ဖြစ်တယ်လို့ တို့ဒါယကာကြီး, ဒါယိကာမကြီးတွေ နားလည်ကြရမယ်။

ဒါကြောင့် မဆုတ်မနစ်သက်ဝင်ယုံကြည်ခြင်း သဒ္ဓါတရားရှိပြီး ကိုယ်ကျင့်သီလကို စောင့်ထိန်းနိုင်ခြင်းရဲ့ အကျိုးကျေးဇူးကလည်း အင်မတန်ကြီးမားတယ်။ မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ ဒီလို အခြေခံစောင့်ထိန်းရမယ့် ငါးပါးသီလဆိုတာ...။

**"ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။**

**အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။**

**ကာမေသုမိစ္ဆာစာရာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။**

**မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။**

**သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိ ယာမိ။**

ပါဏာတိပါတာ - **သူ့အသက်ကိုမသတ်နဲ့ ရှောင်ကြဉ်ကြ၊** အဒိန္နာဒါနာ - **သူ့ဥစ္စာကိုမခိုးနဲ့ ရှောင်ကြဉ်ကြ၊** ကာမေသုမိစ္ဆာစာရာ - **သူ့အိမ်ရာကိုမဖျက်ဆီးနဲ့ ရှောင်ကြဉ်ကြ၊** မုသာဝါဒါ - လိမ်လည်လှည့်ဖျား မပြောကြားနဲ့ ရှောင်ကြဉ်ကြ၊ သုရာမေရယမဇ္ဇ -

ပမာဒဋ္ဌာနာ – **အရက်သေစာ မသောက်စားနဲ့ ရှောင်ကြဉ်ကြလို့** ဘုရားရှင်က မကောင်းမှုတွေကို မပြုလုပ်မိစေဖို့ ဒီလိုသိက္ခာပုဒ်တွေနဲ့ တားမြစ်မထားဘူးလား. . .။

"တားမြစ်ထားပါတယ်ဘုရား"

ဘုရားရှင်နဲ့ ဘုရားဟော တရားတွေအပေါ်မှာ ယုံကြည်ခြင်းဆိုတဲ့ သဒ္ဓါတရားနဲ့သာ ဒီလိုသီလတရားတွေကို ထိန်းသိမ်းစောင့်ရှောက်နိုင်မှာဖြစ်ပြီး **သဒ္ဓါမရှိက သီလမလုံ ဒုစရိုက်အစုံကို အကုန်ပြုတတ်ကြ** သလို ထိုဒုစရိုက်တို့ရဲ့ အကျိုးဆက်က. . .။

**"သော တေန ကမ္မေန ဧဝံ သမတ္တေန ဧဝံ သမာဒိန္နေန၊**

**ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ။**[၁၆] တဲ့။

ဒီပါဠိက ဘာကိုပြောတာလဲဆိုတော့ . . . သော – **ထိုဒုစရိုက်အမှုတို့ကို ပြုလုပ်နေသော ပုဂ္ဂိုလ်သည်၊** ဧဝံ သမတ္တေန – **ဤသို့ပြည့်စုံသော၊** ဧဝံ သမာဒိန္နေန – **ဤသို့ဆောက်တည်ထားအပ်သော၊** တေန ကမ္မေန – **ထိုမကောင်းမှု အကုသိုလ်ကံကြောင့်၊** ကာယဿ – **ကိုယ်ခန္ဓာ၏၊** ဘေဒါ – **ပျက်စီး၍၊** မရဏာ – **စုတိပြတ်ကြွေသေလွန်သည်မှ၊** ပရံ – **နောက်ကာလဌ်၊** အပါယံ – **ချမ်းသာဟူ၍ မြူငွေ့မျှ ရှာမရသော၊** ဒုဂ္ဂတိံ – **မကောင်းမှုပြုသူ ဒုစရိုက်သမားတို့၏ လားရောက်ရာဖြစ်သော၊** ဝိနိပါတံ – **အလိုအာသာ ဆန္ဒမရှိဘဲ ဖရိုဖရဲပြိုကွဲ၍ ကျရောက်ရာဖြစ်သော၊** နိရယံ – **ငရဲသို့၊** ဥပပဇ္ဇတိ – **ကပ်ရောက်ရ၏တဲ့. . .။**

အဓိပ္ပာယ်က ကံငါးပါးကို မလုံခြုံဘဲ ဒုစရိုက်အမှုတွေ ပြုမိကြမယ်ဆိုရင် ထိုအကုသိုလ်ကံတွေက ရင့်ကျက်လို့ အကျိုးပေးခွင့်သာတဲ့အခါ သတ္တဝါတွေဟာ ချမ်းသာမှုဆိုတာ နည်းနည်းမျှ မရှိတဲ့

---

[၁၆] [မ - ၃၊ ၂၄၄]

အပါယ်ဒုဂ္ဂတိ ဘုံဘဝတွေကို ရောက်ကြရတယ်လို့ မြတ်စွာဘုရား ဟောကြားထားတဲ့ ဒေသနာတော်တွေလည်း အထင်အရှားရှိတာကြောင့် အပါယ်ဒုဂ္ဂတိ ဘုံဘဝတွေကို မရောက်ချင်ဘူးဆိုရင် သီလတရားတွေကို ခိုင်ခိုင်မြဲမြဲ ဆောက်တည်ထားဖို့လိုတယ်။

အဲဒီလို သီလတရားတွေကို ဆောက်တည်ကျင့်သုံးနိုင်ဖို့ရာ အတွက် ဘုရားရှင်နှင့် ဘုရားရှင်၏ အဆုံးအမတည်းဟူသော တရားတော်ကို မဆုတ်မနစ် သက်ဝင်ယုံကြည်ခြင်း သဒ္ဓါတရားဟာ မိမိစိတ် အစဉ်မှာ ရှေ့သွားဦးဆောင်ရှိနေဖို့ လိုအပ်တယ်။

အေး . . . ဒါကြောင့် သီလဆောက်တည်နိုင်ဖို့ရာအတွက် ယုံကြည်မှု သဒ္ဓါတရားဟာ အရေးမကြီးဘူးလား . . .။

"အရေးကြီးပါတယ်ဘုရား"

ဟော . . . ဒါနနဲ့ သီလပြီးတော့ ဘာကျန်ဦးမလဲ . . .။

"ဘာဝနာ ကျန်ပါသေးတယ်ဘုရား"

ဒီတော့ ဘာဝနာပိုင်းမှာလည်း မိမိရဲ့စိတ်အစဉ်မှာ မဆုတ်မနစ် သက်ဝင်ယုံကြည်ခြင်းဆိုတဲ့ သဒ္ဓါတရားက ဦးဆောင်နိုင်ပြီဆိုရင် သမထဝိပဿနာ ဘာဝနာလုပ်ငန်းတွေကိုလည်း အားသွန်ခွန်စိုက် ပွားများအားထုတ်နိုင်ကြလိမ့်မယ်ဆိုတာကို သာဓကတစ်ခုနဲ့ ပြောကြရအောင် . . .။

ဦးပဥ္စင်းတို့ သာသနာတော်မှာ ဂိုဏ်းကြီးတစ်ဆယ့်ရှစ်ဂိုဏ်းတို့ရဲ့ ဦးစီးနာယကဖြစ်တဲ့ **မဟာသီဝမထေရ်**[၁၇] မြတ်ကြီးတစ်ပါး ထင်ရှားရှိခဲ့ဖူးတယ်။ အဲဒီမထေရ်မြတ်ကြီးရဲ့ အဆုံးအမ ဩဝါဒကို ခံယူပြီး သမထဝိပဿနာ ဘာဝနာလုပ်ငန်းတွေကို ပွားများအားထုတ်ခဲ့ကြလို့ ရဟန္တာဖြစ်သွားတဲ့ တပည့်ပေါင်း သုံးသောင်းဝန်းကျင်ရှိခဲ့တယ်။ တို့ ပရိသတ် . . . မဟာသီဝမထေရ်မြတ်ကြီးရဲ့ တပည့်ရဟန္တာပေါင်း ဘယ်

---

[၁၇] [ဒီ - ၄ - ၂၊ ၃၁၉]

လောက်ဝန်းကျင်ရှိ...။

"သုံးသောင်းဝန်းကျင် ရှိပါတယ်ဘုရား"

ဒါပေမဲ့ မဟာသီဝမထေရ်မြတ်ကြီးကတော့ တရားထူးတရားမြတ်ကို မရရှိသေးတဲ့ ပုထုဇဉ်ဘဝပဲရှိသေးတယ်။ ရဟန္တာတပည့်သုံးသောင်းတို့ရဲ့ ဆရာဖြစ်တဲ့ မဟာသဝမထေရ်မြတ်ကြီးက ဘာအဖြစ်နဲ့ပဲရှိသေး...။

"ပုထုဇဉ်အဖြစ်နဲ့ပဲ ရှိပါသေးတယ်ဘုရား"

တစ်နေ့မှာတော့ ရဟန္တာဖြစ်တဲ့ တပည့်တစ်ပါးက ပုထုဇဉ်အဖြစ်ပဲရှိသေးတဲ့ သူတို့ရဲ့ဆရာ မဟာသီဝမထေရ်မြတ်ကြီးကို တရားထူးရရှိရန်အားထုတ်ဖို့ သတိပေးခဲ့တယ်။ ဆရာဖြစ်သူ မဟာသီဝမထေရ်မြတ်ကြီးကို အရိယာဖြစ်ရေး တရားအားထုတ်ဖို့ရန် ဘယ်သူက သတိပေးခဲ့သလဲ တို့ပရိသတ်...။

"တပည့်ရဟန္တာတစ်ပါးက သတိပေးတာပါဘုရား"

အဲဒီလို ရဟန္တာတပည့်ပေါင်း သုံးသောင်းရဲ့ ဆရာဖြစ်တဲ့ မဟာသီဝမထေရ်မြတ်ကြီးရဲ့ အတွေးမှာက သူ့ရဲ့တပည့်ပေါင်းသုံးသောင်းဝန်းကျင်တောင် ရဟန္တာတွေဖြစ်နေကြသေးတာ။ ဒီလို တပည့်တွေရဲ့ ဆရာဖြစ်တဲ့ သူကိုယ်တိုင်ကတော့ တရားကျင့်မယ်ဆိုရင် နှစ်ရက်သုံးရက်လောက် တရားအားထုတ်လိုက်ရုံနဲ့ လွယ်လွယ်ကူကူ တရားထူး ရရှိနိုင်လိမ့်မယ်လို့ ထင်နေတာ။

ဒီလိုအတွေးနဲ့ မဟာသီဝမထေရ်မြတ်ကြီးက တပည့်ဖြစ်သူတွေကို ဘယ်သူ့မှ အသိမပေးဘဲ တစ်ကိုယ်ထီးတည်း ညချမ်းအချိန်မှာ တောထဲကို တရားအားထုတ်ဖို့ ထွက်သွားလိုက်တယ် တို့ပရိသတ်။ မဟာသီဝမထေရ်မြတ်ကြီး တရားအားထုတ်ဖို့ ဘယ်ကိုထွက်သွား...။

"တောထဲကို ထွက်သွားပါတယ်ဘုရား"

မဟာသီဝမထေရ်မြတ်ကြီးရဲ့ စိတ်ထဲမှာ အဲဒီလို နှစ်ရက်သုံးရက်လောက် အားသွန်ခွန်စိုက် တရားအားထုတ်လိုက်ရင် တရားထူး

ရလိမ့်မယ်လို့ထင်ပြီး တရားထူးရမှ ကျောင်းကိုပြန်လာမယ်ဆိုတဲ့ စိတ်ကူးနဲ့ပေါ့။

ဒါပေမဲ့ မဟာသီဝမထေရ်မြတ်ကြီး တရားအားထုတ်လိုက်တာ နှစ်ရက်သုံးရက်နဲ့လည်း တရားထူးမရ၊ ဒီတော့ နောက်သုံးလ တစ်ဝါအတွင်း တရားထူးရအောင် အားထုတ်ပြီး ဝါကျွတ်တဲ့အခါမှာ ရဟန္တာအဖြစ်နဲ့ ဝိသုဒ္ဓိပဝါရဏာပွဲ ဆင်နွှဲမယ်လို့ စိတ်ကူးပြန်တယ်။ မဟာသီဝမထေရ်မြတ်ကြီး နှစ်ရက် သုံးရက်တည်း တရားအားထုတ်ရုံနဲ့ တရားထူးမရတော့ နောက်ထပ် အချိန်ဘယ်လောက်အတွင်း တရား ထူးရအောင် အားထုတ်ဖို့စိတ်ကူးသလဲ တို့ပရိတ်သတ်...။

"ဝါတွင်းသုံးလပါဘုရား"

အေး... အဲဒီလို ဝါလကင်းလွတ် သီတင်းကျွတ်တဲ့အခါ ရဟန္တာ အဖြစ်နဲ့ ဝိသုဒ္ဓိပဝါရဏာပွဲကို ဆင်နွှဲဖို့ စိတ်ကူးထားခဲ့တယ်။ မဟာသီဝ မထေရ်မြတ်ကြီး ရဟန္တာအဖြစ်နဲ့ ဘယ်ပွဲကို ဆင်နွှဲဖို့စိတ်ကူး...။

"ဝိသုဒ္ဓိပဝါရဏာပွဲကိုပါဘုရား"

ဒီနေရာမှာ **ပဝါရဏာ**[၁၈] ဆိုတာ... ဝါလကင်းလွတ် သီတင်း ကျွတ်ကြတဲ့အခါ ရဟန်းသံဃာအချင်းချင်း အရှင်ဘုရား တပည့်တော် သည် သံဃာတော်အပေါင်းကို မြင်ခြင်းဖြင့်လည်းကောင်း၊ ကြားခြင်းဖြင့် လည်းကောင်း၊ ယုံမှားသံသယဖြင့်လည်းကောင်း ဖိတ်ကြားပါ၏။ အရှင်ဘုရားတို့သည် တပည့်တော်ကို သနားစောင့်ရှောက် ချီးမြှောက် သောအားဖြင့် ပြောဆိုဆုံးမကြပါဘုရား။ တပည့်တော်သည် အပြစ်ကို ရှုဆင်ခြင်၍ ကုစားပါမည်ဘုရား...လို့ ဖိတ်ကြားမှုပြုခြင်းကိုခေါ်တာ။

---

(၁၈) သံဃံ ဘန္တေ ပဝါရေမိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ။ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ။ ပဿန္တော ပဋိကရိဿာမိ။ ဒုတိယမ္ပိ ဘန္တေ သံဃံ ပဝါရေမိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ။ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ။ ပဿန္တော ပဋိကရိဿာမိ။ တတိယမ္ပိ ဘန္တေ သံဃံ ပဝါရေမိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ။ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ။ ပဿန္တော ပဋိကရိဿာမီတိ။ [ဝိ - ၃၊ ၂၂၃]

ဝိသုဒ္ဓိပဝါရဏာပွဲ ဆိုတာကတော့ . . . ကိလေသာကင်းစင်တဲ့ ရဟန္တာအရှင်သူမြတ်တွေ အချင်းချင်းဖိတ်ကြားခြင်းမျိုးကို ခေါ်တာဖြစ်တယ်။

အဲဒီလို ဝိသုဒ္ဓိပဝါရဏာပွဲကို ဆင်နွှဲမယ်ဆိုတဲ့ စိတ်ကူးနဲ့ မဟာသီဝမထေရ်မြတ်ကြီး ဝါတွင်းသုံးလ ကာလပတ်လုံး တရားအားထုတ်ပေမယ့်လည်း တရားထူးကို မရနိုင်ပြန်ဘူးတဲ့။ မဟာသီဝမထေရ်မြတ်ကြီး ဝါတွင်းသုံးလကာလပတ်လုံး တရားဘာဝနာအလုပ်အားထုတ်လိုက်တာ တရားထူးရရဲ့လား . . .။

"တရားထူးမရသေးပါဘုရား"

ဒီလိုနဲ့ တစ်ဝါကျွတ်သွားပြန်တော့လည်း တရားထူးမရ ရဟန္တာမဖြစ်။ နောက်ဆုံးတော့ . . . တရားထူးမရမချင်း ဇွဲသန်သန်နဲ့ တစ်ဝါပြီးတစ်ဝါ တရားအားထုတ်လိုက်တာ နှစ်ပေါင်းသုံးဆယ်ကြာတော့မှ တရားထူးတရားမြတ်ကို ရရှိပြီး ရဟန္တာဖြစ်သွားတယ် တဲ့ပရိသတ်။ မဟာသီဝမထေရ်မြတ်ကြီး အချိန်ဘယ်လောက်ကြာမှ ရဟန္တာဖြစ် . . .။

"နှစ်ပေါင်းသုံးဆယ်ကြာမှ ရဟန္တာဖြစ်ပါတယ်ဘုရား"

ဒီနေရာမှာ မဟာသီဝမထေရ်မြတ်ကြီးသည် နှစ်ရက်သုံးရက်လောက်အားထုတ်ရုံနဲ့ တရားထူးရနိုင်မယ်လို့ ထင်ပြီး အားထုတ်ခဲ့ရာကနေ နှစ်ပေါင်းသုံးဆယ်တိုင်တိုင် တရားထူးရတဲ့အထိ တစ်စိုက်မတ်မတ် သမထဝိပဿနာ တရားဘာဝနာအလုပ်တွေကို အားသွန်ခွန်စိုက်ကြိုးစားအားထုတ်နိုင်ခဲ့ခြင်းဟာ ဒီမထေရ်မြတ်ကြီးရဲ့ စိတ်အစဉ်မှာ မြတ်စွာဘုရားနဲ့ဘုရားရှင်ရဲ့ အဆုံးအမတရားတော်တွေအပေါ်မှာ မဆုတ်မနစ် သက်ဝင်ယုံကြည်ခြင်း သဒ္ဓါတရားက ဦးဆောင်နိုင်ခဲ့လို့ပဲ တဲ့ပရိသတ်။ ဒါကို တို့ဒါယကာကြီး, ဒါယိကာမကြီးတွေ . . . နားလည်ထားကြရမယ်။

ဒါကြောင့် သမထဝိပဿနာ တရားဘာဝနာ အလုပ်တွေကို

ကြိုးစားအားထုတ်နိုင်ဖို့ရာ အတွက်လည်း မဆုတ်မနစ် သက်ဝင်ယုံကြည်ခြင်း သဒ္ဓါတရားဟာ မိမိတို့ရဲ့ စိတ်အစဉ်မှာ ရှေ့သွားဦးဆောင်ရှိနေဖို့ မလိုအပ်ဘူးလား...။

"လိုအပ်ပါတယ်ဘုရား"

ဒီလို ယုံကြည်ခြင်းသဒ္ဓါတရားက မိမိရဲ့စိတ်အစဉ်ကို ရှေ့သွားဦးဆောင်ရှိနေပါမှ သမထဝိပဿနာ တရားဘာဝနာအလုပ် အားထုတ်တဲ့အခါမှာ အရိုးကြေကြေ အရေခမ်းခမ်း နောက်မဆုတ်တမ်း အားထုတ်ဖြစ်မယ်ဆိုတာ မဟာသီဝမထေရ်မြတ်ကြီးကို စံနမူနာယူကြရမယ် တို့ပရိသတ်။

ဒီတော့ သဒ္ဓါရဲ့ ဒုတိယလက္ခဏာဖြစ်တဲ့ သမ္ပက္ခန္ဒနလက္ခဏာဆိုတဲ့ မဆုတ်မနစ် သက်ဝင်ယုံကြည်ခြင်း သဒ္ဓါတရားဟာ မိမိတို့ရဲ့ သန္တာန် စိတ်အစဉ်မှာ ရှေ့ဆောင်ဦးစီး ပြုနိုင်ပြီဆိုရင် ဦးပဥ္စင်းတို့ ရှေ့မှာပြောခဲ့တဲ့...။

**ဒါန် ဒဒတော - အလှူဒါန ပေးကမ်းစွန့်ကြဲဖို့ရာလည်း မတွန့်ဆုတ်တော့ဘူး** ဆိုတာကို သာဓကတွေအနေနဲ့လည်း...။

**ကိုယ်အင်္ဂါအစိတ်အပိုင်းကို** ရက်ရက်ရောရော စွန့်လှူရဲတဲ့ သာဓကမှာဆိုရင် "**သိဝိမင်းကြီးဇာတ်**"၊

**ဇနီးမယား** သမီးသားတွေကို ပြတ်ပြတ်သားသား စွန့်လှူရဲတဲ့ သာဓကမှာဆိုရင် "**ဝေဿန္တရာမင်းကြီးဇာတ်**"၊

**အသက်ကိုတောင်** မငဲ့ကွက်ဘဲ စွန့်လှူရဲတဲ့ သာဓကမှာ ဆိုရင် "**သသပဏ္ဍိတယုန်မင်းဇာတ်**"... စတဲ့ ဘုရားအလောင်းတော်ရဲ့ **ဇာတ်တော်တွေနဲ့ ဥပမာပြခဲ့ပြီ**။

အဲဒီလို သဒ္ဓါမရှိတဲ့အတွက်ကြောင့် လှူဒါန်းမှုအလှူဒါနနဲ့ ဝေးကွာခြင်းရဲ့ အပြစ်ကိုလည်း တောဒေယျပုဏ္ဏားကြီးရဲ့ အကြောင်းနဲ့ သံဝေဂယူစရာအဖြစ် ဦးပဥ္စင်းတို့ သာဓကပြခဲ့ကြပြီးပြီ။

ဟော...နောက်တစ်ခါ **သီလံ ရက္ခတော - သီလဆောက်တည်**

ဖို့ရာလည်း နိုင်မြဲသွားပြီ ဆိုတာကိုကျတော့ ဦးပဥ္စင်းတို့ ပဉ္စ **သီလသမာဒါနိယမထေရ်မြတ်လောင်းလျာရဲ့** ဇာတ်ကြောင်းနဲ့ ဥပမာ ပေးခဲ့ပြီနော်။ ဟုတ်ရဲ့လား တို့ပရိသတ်...။

"ဟုတ်ပါတယ်ဘုရား"

နောက်ဆုံးတစ်ခုဖြစ်တဲ့... **ဘာဝနံ အာရဘတော - သမထ ဝိပဿနာ တရားဘာဝနာအလုပ်တွေကိုလည်း ပွားများအားထုတ် နိုင်ပြီဆိုတဲ့** ဥပမာကို မဟာသိဝမထေရ်မြတ်ကြီးရဲ့ အကြောင်းကို သာဓကပြုပြီး ဟောခဲ့နာခဲ့ကြပြီးပြီ။

ဒါကြောင့်မို့လို့... **သဒ္ဓါ ပုဗ္ဗင်္ဂမာ ပုရေစာရိကာ - သဒ္ဓါရှေ့ သွားဦးဆောင်ရှိရမယ်** ဆိုတဲ့အတိုင်း... ဒီလို ဒါနအမှု, သီလအမှု, ဘာဝနာအမှုတွေကို ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်တဲ့ ပုဂ္ဂိုလ်ရဲ့ စိတ်အစဉ်မှာ သဒ္ဓါရဲ့ဒုတိယလက္ခဏာဖြစ်တဲ့ သမ္ပက္ခန္ဒနလက္ခဏာဆိုတဲ့ မဆုတ်မနစ် သက်ဝင်ယုံကြည်ခြင်း သဒ္ဓါတရားဟာ ရှေ့ဆောင်ဦးစီး ပြုနေလို့ပဲ။ ဘာက ရှေ့ဆောင်ဦးစီးပြုနေလို့...။

"သဒ္ဓါက ရှေ့ဆောင်ဦးစီးပြုနေလို့ပါဘုရား"

**အေး... ဒီတော့ သဒ္ဓါမှာ "သမ္ပသာဒနလက္ခဏာ" ဆိုတဲ့ ကြည်လင်ခြင်းသဘောနဲ့ "သမ္ပက္ခန္ဒနလက္ခဏာ" ဆိုတဲ့ မဆုတ်မနစ် သက်ဝင်ယုံကြည်ခြင်းသဘောဆိုပြီး လက္ခဏာနှစ်မျိုးရှိတယ်။**

ဒီလိုလက္ခဏာနှစ်မျိုးရှိတဲ့ သဒ္ဓါတရားကို မိမိတို့ရဲ့ သန္တာန်မှာ တည်ဆောက်နိုင်ပြီဆိုရင် ဒါန, သီလ, ဘာဝနာတရားတွေကို တစ်စိုက် မတ်မတ် ဖြည့်ကျင့်နိုင်မှာဖြစ်တယ်။ သဒ္ဓါလက္ခဏာ နှစ်မျိုးပြည့်စုံရင် ဘာတရားတွေကို ဖြည့်ကျင့်နိုင်မလဲ...။

"ဒါန, သီလ, ဘာဝနာတရားတွေ ဖြည့်ကျင့်နိုင်ပါမယ်ဘုရား"

ဒါကြောင့် တို့ဒါယကာကြီး, ဒါယိကာမကြီးတွေ ရွတ်ဖူးရင် လည်း ရွတ်ဖူးကြလိမ့်မယ်။ အနည်းဆုံးတော့ ကြားနာဖူးကြလိမ့်မယ်။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေနဲ့ ဒီလိုရင်းရင်းနှီးနှီး အကျွမ်းဝင်တဲ့ ပဋ္ဌာန်း

ဒေသနာတော်ကြီးမှာလည်း ဒီသဒ္ဓါတရားရဲ့ အခရာကျပုံကို အထင်အရှား ဟောကြားထားတာ ရှိတယ်။ ဘယ်ဒေသနာတော်မှာလဲ...။

"ပဋ္ဌာန်းဒေသနာတော်မှာပါဘုရား"

## ပဋ္ဌာန်းကျမ်းမှ သဒ္ဓါ

ပဋ္ဌာန်းဒေသနာတော်မှာ ဘယ်လိုဟောထားသလဲဆိုတော့...

"သဒ္ဓံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ"(၁၉)

သဒ္ဓံ - ယုံကြည်ခြင်းဆိုတဲ့ သဒ္ဓါတရားကို

ဥပနိဿာယ - အမှီပြု၍ (ဝါ) အကြောင်းပြု၍

ဒါနံ - ပေးကမ်းလှူဒါန်း စွန့်ကြဲခြင်းဆိုတဲ့ ဒါနအမှုကို

ဒေတိ - ပေးလှူ၏။

သီလံ - ငါးပါးရှစ်ပါး စသည်ပြားသည့် ကိုယ်ကျင့်တရားကို

သမာဒိယတိ - ဆောက်တည်၏။

ဥပေါသထကမ္မံ - ဥပုသ်သီတင်းကျင့်သုံးခြင်းအမှုကို

ကရောတိ - ပြုကျင့်၏။

ဈာနံ - ဥပစာရ,အပ္ပနာ လောကီ,လောကုတ္တရာဈာန် သမာဓိကို

ဥပ္ပါဒေတိ - ဖြစ်စေ၏။

ဝိပဿနံ - ဝိပဿနာဉာဏ်ကို

ဥပ္ပါဒေတိ - ဖြစ်စေ၏။

မဂ္ဂံ - သောတာပတ္တိစသည့်လေးပါး မဂ်တရားကို

ဥပ္ပါဒေတိ - ဖြစ်စေ၏။

အဘိညံ - အဘိညာဉ်တရားကို

(၁၉) [ပဋ္ဌာန - ၁၊ ၁၄၅]

ဥပ္ပါဒေတိ - **ဖြစ်စေ၏။**

သမာပတ္တိံ - **သမာပတ်တရားကို**

ဥပ္ပါဒေတိ - **ဖြစ်စေ၏။**

ဣတိ - **ဤသို့**

ဘဂဝါ - **ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူပါပေထသော မြတ်စွာဘုရားသည်**

ဒေသေတိ - **ကရုဏာရှေ့ထား မေတ္တာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း...။**

"သာဓု, သာဓု, သာဓုပါဘုရား"

**အဲဒီတော့ ... ယုံကြည်ခြင်းဆိုတဲ့ သဒ္ဓါကို အကြောင်းပြုပြီး**

**ဒါနတွေ ပြုကြတယ်။**

**သီလတွေ ဆောက်တည်ကြတယ်။**

**ဥပုသ်သီတင်းတွေ ကျင့်သုံးကြတယ်။**

**ဈာန်တရားတွေကို ဖြစ်စေတယ်။**

**ဝိပဿနာဉာဏ်ကိုလည်း ဖြစ်စေတယ်။**

**လေးပါးသောမဂ်တရားတို့ကိုလည်း ဖြစ်စေတယ်။**

**အဘိညာဏ်ကိုလည်း ဖြစ်စေတယ်။**

**သမာပတ်တရားကိုလည်း ဖြစ်စေတယ်။**

တို့ပရိသတ် စုစုပေါင်း တရားဘယ်နှစ်ပါး...။

"ရှစ်ပါးပါဘုရား"

ဒီတော့... နံပါတ်တစ် ဒါနံ ဒေတိ - ဒါနတွေပြုကြတယ်ဆိုတာ ဒါယကာကြီး,ဒါယိကာမကြီးတွေ ဘယ်အပေါ်မှာ အခြေတည်ပြီး ပြုကြသလဲ...။

"သဒ္ဓါတရားအပေါ်မှာ အခြေတည်ပြီး ပြုကြပါတယ်ဘုရား"

နံပါတ်နှစ် **သီလံ သမာဒိယတိ – သီလတွေဆောက်တည်ကြ တယ်** ဆိုတာရော ဘယ်အပေါ်မှာ အခြေတည်ပြီး ဆောက်တည်ကြ သလဲ။

"သဒ္ဓါတရားအပေါ်မှာ အခြေတည်ပြီး ဆောက်တည်ကြပါ တယ်ဘုရား"

အေး . . . နောက်တစ်ခါ **ဥပေါသထ ကမ္မံ ကရောတိ – ဥပုသ်သီတင်းတွေ ကျင့်သုံးကြတာ** ကရော ဘယ်အပေါ်မှာ အခြေတည် ပြီး ကျင့်သုံးကြသလဲ . . .။

"သဒ္ဓါတရားအပေါ်မှာအခြေတည်ပြီး ကျင့်သုံးကြပါတယ်ဘုရား"

နောက်ထပ် **ဈာနံ ဥပ္ပါဒေတိ – လောကီ, လောကုတ္တရာ ဈာန်သမာဓိတွေကို ဖြစ်စေတာ** ကလည်း တို့ပရိသတ် ဘယ်အပေါ်မှာ အခြေတည်ပြီးဖြစ် . . .။

"သဒ္ဓါတရားအပေါ်မှာ အခြေတည်ပြီး ဖြစ်ပါတယ်ဘုရား"

နံပါတ်ငါး အချက်ဖြစ်တဲ့ **ဝိပဿနံ ဥပ္ပါဒေတိ – ဝိပဿနာ တရားတွေဖြစ်ဖို့ရန်** လည်း သဒ္ဓါတရားအပေါ်မှာပဲ အခြေခံတယ်။ နံပါတ်ခြောက် အချက်ဖြစ်တဲ့ **မဂ္ဂံ ဥပ္ပါဒေတိ – လေးပါးသော မဂ်တရား တို့ကိုဖြစ်စေတာ** လည်း ဒီသဒ္ဓါတရားအပေါ်မှာပဲ မူတည်တယ်။ ဟော . . . နံပါတ် ခုနစ်အချက်ဖြစ်တဲ့ **အဘိညံ ဥပ္ပါဒေတိ – အဘိညာဏ်တရားတွေ၊ တန်ခိုးအဘိညာဏ်တွေပေါ့။** မြန်မာလူမျိုးတွေ နားလည်အောင် ပြောရရင် **မြေလျှိုးမိုးပျံခြင်း . . . စတဲ့ တန်ခိုးမျိုးတွေ ဖန်ဆင်းနိုင်တဲ့ အဘိညာဏ် တရားတွေကို ဖြစ်စေတာ** သည်လည်းပဲ ဒီသဒ္ဓါတရား အပေါ်မှာပဲ အခြေခံ တာပဲ။

နောက်ဆုံး ရှစ်ခုမြောက်ဖြစ်တဲ့ **သမာပတ္တိံ ဥပ္ပါဒေတိ – သမာပတ်တရားတွေ . . .** ဖလသမာပတ်တို့လို, **နိရောဓသမာပတ်တို့လို စတဲ့ . . . သမာပတ်တွေကို ဖြစ်စေတာ** ကလည်း ဘာကြောင့်။

"ယုံကြည်ခြင်းဆိုတဲ့ သဒ္ဓါတရားကြောင့်ပါဘုရား"

ဒါကြောင့် "**သဒ္ဓံ ဥပနိဿာယ**" သဒ္ဓါတရားကို အကြောင်းပြု၍ ထိုကဲ့သို့သော အဆင့်မြင့်တဲ့ ကုသိုလ်တရားတွေကို ဖြစ်စေတယ်။

ဘယ်တရားတွေကို ဖြစ်စေ…။

"အဆင့်မြင့်တဲ့ ကုသိုလ်တရားတွေကို ဖြစ်စေပါတယ်ဘုရား"

ဒီလို အဆင့်မြင့်ကုသိုလ်တရားတွေကို ဖြစ်စေတာကြောင့် ယုံကြည်ခြင်းဆိုတဲ့ သဒ္ဓါတရားဟာ သိပ်ပြီးတော့ အခရာကျတယ်။ ဟုတ်ရဲ့လား…။

"ဟုတ်ပါတယ်ဘုရား"

"**သမ္ပသာဒနလက္ခဏာ စ သဒ္ဓါ သမ္ပက္ခန္ဒနလက္ခဏာ စ**"(၄)

သဒ္ဒါ – **ယုံကြည်ခြင်းဆိုတဲ့** သဒ္ဒါတရားသည်၊ သမ္ပသာဒနလက္ခဏာစ – **သမ္ပယုတ်တရားကို ကြည်လင်စေတတ်ခြင်း** သဘောလည်း**ရှိပါပေ၏။** သမ္ပက္ခန္ဒနလက္ခဏာ စ – **မဆုတ်မနစ် သက်ဝင်ယုံကြည်ခြင်း သဘောလည်းရှိပါပေ၏။** ဣတိ – **ဤသို့၊** ဒဠှံ – **ကောင်းစွာမသွေ မှတ်ထိုက်ပါပေတော့သတည်း…။**

"သာဓု, သာဓု, သာဓုပါဘုရား"

# သာသနာတော်နှင့်သဒ္ဓါ

ဦးပဋ္ဌင်းတို့ အခု ဟောခဲ့ပြောခဲ့ကြတာတွေသည် ဒါန, သီလ, ဘာဝနာတွေအတွက်သာမက ဒါယကာကြီး, ဒါယိကာမကြီးတွေ ယုံကြည် ကိုးကွယ်နေတဲ့ သာသနာတော်အတွက်လည်း ဒီသဒ္ဓါတရားဟာ အင်မတန် မှ အရေးကြီးတယ်ဆိုတာကိုလည်း သတိပြုကြရလိမ့်မယ်။

ဦးပဋ္ဌင်းတို့ ဒီနေရာမှာ သာသနာတော်အတွက် သဒ္ဓါတရားဟာ ဘယ်လောက်အရေးပါသလဲဆိုရင်တော့… သာသနာတော် သုံးရပ်ကနေ အရင်ဆုံး စပြောရလိမ့်မယ်။ တို့ပရိသတ် သာသနာတော် ဘယ်နှစ်ရပ်ရှိ။

“သုံးရပ်ရှိပါတယ်ဘုရား”

ဒါကတော့ ဗုဒ္ဓဘာသာ သူတော်ကောင်းတိုင်းလိုလို သိကြပါတယ်။ ပရိယတ္တိသာသနာတော်, ပဋိပတ္တိသာသနာတော်, ပဋိဝေဓ-သာသနာတော်။ ဟုတ်ရဲ့လား...။

"ဟုတ်ပါတယ်ဘုရား"

အေး ... အဲဒီမှာ ပရိယတ္တိသာသနာတော်ဆိုတာ စာပေကျမ်းဂန်တွေကို လေ့လာ, သင်ယူ, ပို့ချ, ဟောကြား, နာယူနေကြခြင်းကို ခေါ်တယ်။ ဒါလည်း တို့ပရိသတ်နဲ့ ရင်းနှီးမနေဘူးလား...။

"ရင်းနှီးနေပါတယ်ဘုရား"

အဲဒီလို ဦးပဥ္စင်းတို့ လေ့လာ, သင်ယူ, ပို့ချ, ဟောကြား, နာယူနေကြတဲ့ ဗုဒ္ဓရဲ့ အဆုံးအမတရားတော်တွေကို လိုက်နာ, ကျင့်သုံး, အားထုတ်နေခြင်းကိုကျတော့ ပဋိပတ္တိသာသနာတော်။ ဘာသာသနာတော်...။

"ပဋိပတ္တိသာသနာတော်ပါဘုရား"

အဲဒီလို ပရိယတ္တိကို အခြေခံပြီး ကျင့်ကြံအားထုတ်ခြင်း ပဋိပတ္တိရဲ့အဆုံးမှာ ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်အပ်, ရရှိ,ရောက်ရှိအပ်သော တရားထူးတရားမြတ်သည်ကား ပဋိဝေဓ-သာသနာတော်။ ဘာသာသနာတော်...။

"ပဋိဝေဓသာသနာတော်ပါဘုရား"

ဒီတော့ တို့ပရိသတ် ပရိယတ္တိကိုသင်ယူကာ, ပဋိပတ္တိကို ကျင့်ပြီး ရရှိ,ရောက်ရှိအပ်သော အကျိုးတရားကို ပဋိဝေဓ- သာသနာတော်လို့ ခေါ်တာ။

ဒါကြောင့် လေ့လာသင်ယူခြင်း ပရိယတ္တိသာသနာ၊ ကျင့်ကြံအားထုတ်ခြင်း ပဋိပတ္တိသာသနာ၊ ထိုးထွင်းသိမြင်ခြင်း ပဋိဝေဓသာသနာ ဆိုတဲ့ သာသနာတော်သုံးရပ်ဟာ ဆက်စပ်နေတယ် တို့ပရိသတ်။

ဒီလို သာသနာသုံးရပ်ထဲမှာ ဘယ်သာသနာတော်က မူလပဓာန အဓိကကျသလဲဆိုတော့...။

**“သာသနဋ္ဌိတိယာ ပန ပရိယတ္တိယေဝပမာဏံ”**[၂၀] တဲ့။

သာသနဋ္ဌိတိယာ ပန – **သာသနာတည်ခြင်းသည်ကား၊ ပရိ–ယတ္တိယေဝ ပမာဏံ – ပရိယတ္တိသည်သာလျှင် မူလပဓာန အဓိက ဖြစ်ပါပေ၏။** ဒါက ရှေးရှေးအဋ္ဌကထာများမှာ ဖွင့်ဆိုထားတာ။ သာသနာတော်ကြီး အရှည်တည်တံ့နေခြင်းဟာ **ပရိယတ္တိကသာလျှင် မူလပဓာန အဓိက** တဲ့။ ဘာကအဓိကတဲ့...။

“ပရိယတ္တိက အဓိကပါဘုရား”

အဲဒီလို စာပေကျမ်းဂန်တွေကို လေ့လာ, သင်ယူ, ပို့ချ, ဟောကြား, နာယူနေကြတဲ့ ပရိယတ္တိသာသနာတော် တည်တံ့နေပါမှ ပဋိပတ္တိဆိုတဲ့ ကျင့်စဉ်တွေကို မှန်မှန်ကန်ကန် ကျင့်သုံးနိုင်မှာ။ ဟုတ်ရဲ့လား။

“ဟုတ်ပါတယ်ဘုရား”

အဲဒီ ကျင့်စဉ်တွေက ပရိယတ္တိကိုအခြေခံထားတဲ့ ကျင့်စဉ်ဖြစ်ပါမှ မှန်ကန်တဲ့ ကျင့်စဉ်ဖြစ်ပြီးတော့ ထိုမှန်ကန်တဲ့ ကျင့်စဉ်ကို ကျင့်သုံးနေတဲ့ သူတော်ကောင်းတွေသည်သာလျှင် ပဋိဝေဓလို့ခေါ်တဲ့ သစ္စာလေးရပ် တရားမြတ်ကို ထိုးထွင်းသိမြင်နိုင်မှာဖြစ်တယ်။

ဒီလို မူလပဓာနကျတဲ့ ပရိယတ္တိသာသနာတော်ကြီးကို မပျောက် မပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ထားကြတဲ့ အဓိကပုဂ္ဂိုလ်တွေ ဟာ သာသနာတွင်းသား ရှင်, ရဟန်းများသာ ဖြစ်ကြတယ်။ ဘယ်သူ တွေဖြစ်ကြ...။

“သာသနာတွင်းသား ရှင်, ရဟန်းတွေ ဖြစ်ကြပါတယ်ဘုရား”

ဒီလို ပရိယတ္တိသာသနာတော်ကြီးကို မပျောက်မပျက်အောင် ထိန်းသိမ်းစောင့်ရှောက်နေကြတဲ့ အဓိကပုဂ္ဂိုလ်တွေဖြစ်ကြတဲ့ ရှင်, ရဟန်းတွေ သာသနာတော်တွင်းမှာ မကြောင့်မကျ မတောင့်မတနဲ့ အေးချမ်းစွာ သာသနာပြုနိုင်ဖို့ရာအတွက် ပစ္စည်းလေးပါးဆိုတာ မရှိ

---

[၂၀] [ဒီ - ၄ - ၃၊ ဂ၂။ အဘိ - ၄ - ၂၊ ၄၁၂]

မဖြစ် လိုအပ်တယ်။ အဲဒီလို ရှင်, ရဟန်းတွေအတွက် အဓိက လိုအပ်တဲ့ ပစ္စည်းလေးပါးကို ထောက်ပံ့, လှူဒါန်းပေးမယ့် ဒါယကာ, ဒါယိကာမကြီး တွေဆိုတာလည်း သာသနာတော် အရှည်တည်တံ့ရေးအတွက် အဓိက အရေးမပါဘူးလား…။

"အရေးပါပါတယ်ဘုရား"

အဲဒီလို ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းနေကြတာဟာ လည်း ဦးပဥ္စင်းတို့ ဒါယကာ, ဒါယိကာမကြီးတို့ရဲ့ သန္တာန်မှာ ယုံကြည်ခြင်း ဆိုတဲ့ သဒ္ဓါတရားရှိနေလို့ မဟုတ်လား…။

"ဟုတ်ပါတယ်ဘုရား"

အဲဒီလို သဒ္ဓါတရားရှိနေမှ သာသနာတော်ကို ပစ္စည်းလေးပါးနဲ့ ထောက်ပံ့လှူဒါန်းနိုင်မှာ ဖြစ်တယ်။ ထိုကဲ့သို့ သဒ္ဓါတရားဖြင့် ထောက် ပံ့လာတဲ့ ပစ္စည်းလေးပါးကို အမှီပြုပြီးတော့ သာသနာတွင်းသား ရှင်, ရဟန်းတွေက ပရိယတ္တိသာသနာဝန်ကို ထမ်းဆောင်နိုင်မှာဖြစ်တယ်။

အဲဒီလို ပရိယတ္တိသာသနာတော်ကြီး အထင်အရှားရှိနေသမျှ မှန်ကန်တဲ့ ပဋိပတ္တိကျင့်စဉ်တွေဟာလည်း ကွယ်ပျောက်သွားမှာ မဟုတ် ဘူး။ ဆက်လက်တည်တံ့နေဦးမှာဖြစ်တယ်။

**အဲဒီလို မှန်ကန်တဲ့ ပဋိပတ္တိကျင့်စဉ်တွေကို ကျင့်ကြံအား ထုတ်နေတဲ့ သူတော်ကောင်းတွေ ရှိနေသမျှ ကာလပတ်လုံး ပဋိဝေဓသာသနာတော်ကြီးဟာလည်း ဆိတ်သုဉ်းသွားမှာမဟုတ် ဆက်လက်တည်တံ့နေဦးမှာပဲဖြစ်တယ်။**

ဒါကြောင့် သာသနာတော်သုံးရပ်မှာ ပရိယတ္တိသာသနာတော် သည် မူလပဓာန အဓိကဖြစ်တယ်လို့ ဦးပဥ္စင်းတို့ အဌကထာကြီးတွေက မိန့်ဆိုခဲ့ကြတာ။

ဒီတော့…မူလပဓာနအဓိကဖြစ်တဲ့ ပရိယတ္တိသာသနာတော်ကြီး တည်တံ့ဖို့အတွက် သဒ္ဓါတရားရှိကြတဲ့ ဒါယကာကြီး, ဒါယိကာမကြီး တွေက ပစ္စည်းလေးပါး လှူဒါန်းမှုဒါနတရားနဲ့ ထောက်ပံ့ပေးကြသလို

ဦးပဥ္စင်းတို့ သာသနာတော်တွင်းသား ရှင်,ရဟန်းတွေကလည်း ပရိယတ္တိ သာသနာ တော်ကြီး အရှည်တည်တံ့အောင် လေ့လာ, သင်ယူ, ပို့ချ, ဟောကြားခြင်းဖြင့် ပရိယတ္တိသာသနာတော်ကြီးကို ထိန်းသိမ်းစောင့် ရှောက်နေကြတယ်။

ဦးပဥ္စင်းတို့ သာသနာတော်သမိုင်းကို ပြန်ကြည့်မယ်ဆိုရင် သာသနာတော်ဟာ နှစ်ပေါင်းတော်တော်စောစောကတည်းက မြန်မာ ပြည်ကို ရောက်ခဲ့ပေမယ့် ပုဂံခေတ်လောက်ကစပြီးတော့ သာသနာ တော်ဟာ ကျယ်ကျယ်ပြန့်ပြန့်နဲ့ စည်ကားထင်ရှားလာခဲ့တယ်။

အဲဒီလို စည်ကားထင်ရှားလာတဲ့ သာသနာတော်ကို စာချ,စာသင် ရဟန်း,ရှင်,လူတွေနဲ့ လက်ဆင့်ကမ်းလာခဲ့ကြတာ သာလွန်မင်းတရားကြီး ခေတ်လောက် ရောက်တဲ့အခါ စာပြန်ပွဲတွေစပြီးတော့ ကျင်းပနိုင်ကြတဲ့ အခြေနေအထိ ရောက်ခဲ့တယ်။

အဲဒီလို စာပြန်ပွဲတွေ, စာဖြေပွဲတွေဟာ သာလွန်မင်းတရားကြီး လက်ထက်ကနေစပြီး ကျင်းပလာခဲ့တာ ဦးပဥ္စင်းတို့ မန္တလေးခေတ် လောက်ရောက်တဲ့အခါမှာတော့ ကျုံးဘေးမှာ သုဓမ္မာစောင်းတန်းကြီး တွေ ဆောက်လုပ်ပြီး စာပြန်ပွဲတွေကို ဆက်လက်ကျင်းပခဲ့ကြတာ ဖြစ်ပြီး ယနေ့တိုင်အောင် မှတ်တိုင်တစ်ခုအနေနဲ့ ထိုသုဓမ္မာစောင်းတန်းကြီးတွေ ရှိနေတာကို မြင်တွေ့နေကြရမှာဖြစ်တယ်။

အဲဒီလို စာတော်ပြန်ပွဲကြီးတွေကို ကျင်းပလာရင်းနဲ့ တစ်ချိန် နှစ်လေးအတော်နှောင်းလာတဲ့အခါ သူ့ကျွန်ဘဝရောက်လာပြီး နယ်ချဲ့လက် အောက်ကျရောက်ချိန်မှာ ဘာဖြစ်လာတုန်းဆိုတော့ . . . ကိုးနှစ်လောက် ပရိယတ္တိစာပြန်ပွဲတွေ ရပ်တန့်သွားတယ်။

အဲဒီလို ကိုးနှစ်လောက် ပရိယတ္တိစာပြန်ပွဲတွေ ရပ်တန့်သွားပြီး တဲ့ နောက်ပိုင်းမှာတော့ ဦးပဥ္စင်းတို့ တိုင်းပြည်အုပ်ချုပ်တဲ့ ပုဂ္ဂိုလ်တွေက တိုင်းသူပြည်သား လူအများတို့ရဲ့ စိတ်ဆန္ဒကို လိုက်လျောတဲ့အနေနဲ့ အဲဒီမှာ ပြန်ပြီးတော့ အစိုးရစာမေးပွဲတွေကို တဖန်ပြန်လည် ကျင်းပ

ပေးခဲ့တယ်။ အဲဒီလို အစိုးရက ကျင်းပပေးတဲ့ စာမေးပွဲတွေကနေ **၁၂၆၀ ခုနှစ်ဝန်းကျင်**လောက် ရောက်တဲ့အချိန်မှာတော့ တကယ်သဒ္ဓါတရားရှိပြီး သာသနာတော်ရဲ့ရှေ့ရေးကို မျှော်တွေးတတ်တဲ့ သူတော်ကောင်းကြီးတွေ, မြန်မာလူမျိုးတွေကနေစတင်ပြီး အသင်းအဖွဲ့တွေနဲ့ ပရိယတ္တိစာမေးပွဲတွေ ကျင်းပဖို့ရန် ရည်ရွယ်ချက်နဲ့ မန္တလေးမှာ သကျသီဟအသင်းကြီးကို စပြီးတည်ထောင်ခဲ့ကြတယ်။ တည်ထောင်ပြီးလို့ နှစ်များမကြာခင်မှာပဲ သကျသီဟဆိုတဲ့ ပရိယတ္တိစာမေးပွဲကြီးကို **၁၂၆၅ ခုနှစ်**မှာ စတင်ကျင်းပခဲ့ကြတယ်။

အဲဒီကနေစပြီး ဒီဘက် ယေဘုယျအားဖြင့် ဆယ့်ငါးနှစ်ဝန်းကျင်လောက်တော့ ကွာမယ်ထင်ပါတယ်။ ရန်ကုန်, စေတီယင်္ဂဏဆိုတဲ့ အသင်းကြီးတည်ထောင်ပြီး နောက်ငါးနှစ်လောက် ကြာတဲ့အခါမှာပဲ စေတီယင်္ဂဏ စာမေးပွဲတွေ စပြီးတော့ ကျင်းပခဲ့ကြတယ်။

အဲဒီနောက် ထင်ရှားတာတော့ မော်လမြိုင်စာမေးပွဲတွေ၊ မော်လမြိုင် ပရိယတ္တိ စာပြန်ပွဲတွေ၊ ထို့နောက်... ညောင်တုန်း သုဓမ္မာစာပြန်ပွဲတွေ ဒါတွေလည်း ထင်ရှားခဲ့ပါတယ်။ အဲဒီကနေ ပရိယတ္တိသာသနာတော်ကြီးဟာ ဒီလိုမျိုး အသင်းအဖွဲ့တွေက ကျင်းပကြတဲ့ စာပြန်ပွဲတွေကတစ်ဆင့် တော်တော်များများ ပြန့်ပွားလာတယ်လို့ လေ့လာမှတ်သားဖူးတယ်။

ဦးပဉ္စင်းတို့တစ်တွေ ဒီလိုစာပြန်ပွဲတွေမှာ ဝင်ရောက်ပြန်ဆိုခဲ့ကြသလို ဒါယကာကြီး, ဒါယိကာမကြီးတွေလည်း ဒီလိုစာပြန်ပွဲတွေမှာ ပစ္စည်းဝတ္ထုတို့ဖြင့် ပူဇော်လှူဒါန်းကြ၊ လုပ်အားဒါနတို့ဖြင့်လည်း ထောက်ပံ့ပေးနေကြတာဟာ ပရိယတ္တိသာသနာတော်ကြီးကို စောင့်ရှောက်နေကြတာပဲ မဟုတ်လား...။

"ဟုတ်ပါတယ်ဘုရား"

ဒီလို ပရိယတ္တိစာမေးပွဲတွေကြောင့် သာသနာတော်မှာ အခြေတည်သွားတဲ့ ရဟန်းသံဃာတော်တွေဆိုတာ မနည်းလှပါဘူး။ ဒီလို

သာသနာတော်ရဲ့ မူလပဓာနလို့ဆိုရတဲ့ ပရိယတ္တိစာပြန်ပွဲတွေ ကျင်းပနိုင်ခြင်း၊ ထောက်ပံ့လှူဒါန်းနိုင်ခြင်းသည် သဒ္ဓါတရားရဲ့ အခြေခိုင်မာမှုကြောင့်ပါပဲ။ ဘာရဲ့ အခြေခိုင်မာမှုကြောင့်. . .။

"သဒ္ဓါတရားရဲ့ အခြေခိုင်မာမှုကြောင့်ပါဘုရား"

ဒီလို သဒ္ဓါတရားရဲ့ အခြေခိုင်မာမှု, တစ်နည်းအားဖြင့် **သာသနာတော်ခရီးကို ယုံကြည်ချက်နဲ့ ရှေ့ဆက်ခဲ့ကြလို့**ပဲ။ ဘာတဲ့တုန်း။

"ယုံကြည်ချက်နဲ့ ရှေ့ဆက်ခဲ့ကြလို့ပါဘုရား"

သာသနာတော်အပေါ်မှာ ဆရာနဲ့ဒကာ ညီညာစွာ သဒ္ဓါတရားဆိုတဲ့ ယုံကြည်ချက်နဲ့ ခရီးဆက်ခဲ့ကြလို့ အခုအချိန်ထိ ပရိယတ္တိသာသနာတော်ကြီး အထင်အရှား တည်ရှိနေခြင်းဖြစ်တယ်။

နောက်ပြီးတော့ အခုလို ဓမ္မသဘင်ပွဲကြီးတွေ ကျင်းပပြီး တရားဟော, တရားနာ ပရိသတ်တွေ ကြွရောက်ကာ အတူတကွ တရားတော်တွေကို နာယူကြ, မှတ်သားကြတယ်။ ဒါကလည်း ပရိယတ္တိ သာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက်နေတာပဲ။ ဟုတ်ရဲ့လား. . .။

"ဟုတ်ပါတယ်ဘုရား"

နောက်ပြီး သာသနာတော်ဆိုတာက သာသနာတော်မှာ ဦးဆောင်နေတဲ့ ရဟန်းသံဃာတော်တွေ၊ ရှင်သာမဏေတွေနဲ့ သာသနာတော်ကို ပူဇော်လှူဒါန်း ထောက်ပံ့နေတဲ့ ဒါယကာ, ဒါယိကာမအပေါင်း သူတော်ကောင်းတွေ အတူတကွ သာသနာပြုလုပ်ငန်းတွေမှာ ညီညီညာညာနဲ့ လက်တွဲနိုင်ပါမှ တစ်နည်းအားဖြင့် မိမိတို့ယုံကြည်ချက် သဒ္ဓါတရားတွေကို အခြေခံပြီး ပရိယတ္တိသာသနာတော်ကြီးကို စောင့်ရှောက်ပါမှ ဒီသာသနာတော်ကြီးဟာ အရှည်တည်တံ့မှာ ဖြစ်တယ်။

ဒါကြောင့်မို့လို့ ဦးပဥ္စင်းတို့ အဲဒီလို မူလပဓာနဖြစ်တဲ့ ပရိယတ္တိသာသနာတော်ကြီး အရှည်တည်တံ့ရေးအတွက် စာပေကျမ်းဂန်တွေကို သင်ယူ, ပို့ချ, ဟောပြောပြသပြီး မပျောက်မပျက်အောင် ထိန်းသိမ်းစောင့်ရှောက်နေတဲ့ သာသနာတွင်းသား ရှင်ရဟန်းတွေရဲ့ ယုံကြည်ခြင်း

သဒ္ဓါတရားဟာ အရေးကြီးသလို သာသနာတော်ကို ထောက်ပံ့လှူဒါန်းပြီး ဒါနအမှုတွေ ပြုနေကြတဲ့ ဒါယကာ, ဒါယိကာမတွေရဲ့ ယုံကြည်ခြင်း သဒ္ဓါတရားကရော အင်မတန်မှ အရေးမကြီးဘူးလား။

"အရေးကြီးပါတယ်ဘုရား"

ဒါတင်မက . . .

**"သဒ္ဓါယ ပါတိမောက္ခသံဝရော သမ္ပာဒေတဗ္ဗော"**[၂၁] တဲ့။

သာသနာတွင်းသား ရှင်ရဟန်းများသည်လည်း ဘုရားရှင်ရဲ့ ပညတ်တော်မူချက်ဖြစ်တဲ့ ဝိနည်းစည်းကမ်းတွေကို လိုက်နာဖြည့်ကျင့်နိုင်ဖို့ ဆိုတဲ့နေရာမှာ ယုံကြည်ချက်သဒ္ဓါတရားက အဓိကနေရာမှာ ရှိနေပြန်တယ်။ သဒ္ဓါတရားက ဘယ်နေရာမှာ ရှိနေပြန်။

"အဓိကနေရာမှာ ရှိနေပြန်ပါတယ်ဘုရား"

ဒါကြောင့်မို့ သာသနာတော်သုံးရပ်တို့တွင် မူလပဓာန အဓိကဖြစ်တဲ့ ပရိယတ္တိသာသနာတော်ကြီး အဓွန့်ရှည်တည်တံ့ရေး၊ ပရိယတ္တိသာသနာ့ဝန်ကို ရှင်သာမဏေ, ရဟန်းသံဃာတော်တွေ ဘုရားရှင်၏ အဆုံးအမတော်နဲ့အညီ ထမ်းဆောင်နိုင်ရေးအတွက် **ယုံကြည်ချက်သဒ္ဓါတရားသည်** အင်မတန်မှ အရေးကြီးတယ်ဆိုတာကို ဆရာ,ဒကာကိုယ်စီကိုယ်စီ နားလည်သဘောပေါက်၍ ယုံကြည်ချက်သဒ္ဓါတရားကို မိမိတို့ရဲ့စိတ်အစဉ်မှာ ကောင်းစွာတည်ဆောက်နိုင်ကြကုန်ရာသတည်း . . .။

**"သာဓု, သာဓု, သာဓု . . ."**

---

[၂၁] [ဝိသုဒ္ဓိမဂ် - ၁၊ ၃၄]

## သဒ္ဓါနှစ်မျိုးနှစ်စား

အေး… အဲဒီလို သာသနာသုံးရပ် အရှည်တည်တံ့ရေးအတွက် အခရာကျတဲ့ သဒ္ဓါတရားဟာ အမျိုးအစား ဘယ်နှစ်မျိုးရှိသလဲဆိုတာကို ဦးပဥ္စင်းတို့ ဆက်ပြီး ဟောကြနာကြရအောင်…။

**“ပသာဒေါတိ ရတနတ္တယသဒ္ဓါ ကမ္မဖလသဒ္ဓါပိ”**[၂၂]

**ပသာဒေါတိ** – စိတ်ကိုကြည်လင်စေတတ်၊ သက်ဝင်ယုံကြည်စေတတ်ခြင်းဟူသည်ကား…

ရတနတ္တယသဒ္ဓါပိ – **ဘုရား, တရား, သံဃာ ရတနာမြတ်**

---

[၂၂] [ဒီ - ဋီ - ၂၊ ၂၇၂]

**သုံးပါးတို့ အပေါ်၌ သက်ဝင်ယုံကြည်ခြင်းဆိုတဲ့ သဒ္ဓါတရားလည်းကောင်း၊**

ကမ္မဖလသဒ္ဓါပိ – **ကံနှင့်ကံ၏ အကျိုးကို ယုံကြည်ခြင်းဆိုတဲ့ သဒ္ဓါတရားလည်းကောင်း၊**

ဣတိ – **ဤသို့ နှစ်မျိုးနှစ်စားအားဖြင့်**

ဒဋ္ဌဗ္ဗော – **ကောင်းစွာမသွေ မှတ်ထိုက်ပါပေတော့သတည်း။**

"သာဓု၊ သာဓု၊ သာဓုပါ ...ဘုရား"

သဒ္ဓါရဲ့ **ပထမအမျိုးအစားက ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးတို့အပေါ်၌ သက်ဝင်ယုံကြည်ခြင်းဆိုတဲ့ ရတန- တ္တယသဒ္ဓါ။** ရတနာသုံးပါးကို သက်ဝင်ယုံကြည်ခြင်းက ဘာသဒ္ဓါ...။

"ရတနတ္တယသဒ္ဓါပါဘုရား"

နောက် **ဒုတိယအမျိုးအစားက ကံနှင့်ကံ၏အကျိုးကို ယုံ ကြည်ခြင်းဆိုတဲ့ ကမ္မဖလသဒ္ဓါ။** ကံနဲ့ကံရဲ့အကျိုးကို ယုံကြည်ခြင်းက ဘာသဒ္ဓါ...။

"ကမ္မဖလသဒ္ဓါပါဘုရား"

ကဲ... သဒ္ဓါအမျိုးအစား ဘယ်နှစ်မျိုးရှိ...။

"နှစ်မျိုးရှိပါတယ်ဘုရား"

ဒီရတနတ္တယသဒ္ဓါနဲ့ ကမ္မဖလသဒ္ဓါဆိုတဲ့ သဒ္ဓါနှစ်မျိုးနှစ်စား ကိုတော့ တို့ပရိသတ် သေချာမှတ်ထားကြရမယ်။ ဟုတ်ပြီ။ ဒါဆိုရင် ဒီသဒ္ဓါနှစ်မျိုးနှစ်စားထဲက ပထမသဒ္ဓါအမျိုး အစားဖြစ်တဲ့ ရတနတ္တယ သဒ္ဓါအကြောင်းကို ဦးပဥ္စင်းတို့ စပြီး ဟောကြနာကြားကြရအောင်...။

## ရတနတ္တယသဒ္ဓါ

တို့တရားနာ ပရိသတ်အပေါင်း ဗုဒ္ဓဘာသာသူတော်ကောင်းတွေ ဘုရား,တရား,သံဃာ ရတနာမြတ်သုံးပါးကို ကြည်ညိုယုံကြည်ခြင်း ဆိုတဲ့

ရတနတ္တယသဒ္ဓါအပိုင်းမှာ...

ရတနာမြတ်သုံးပါးကို ဘာကြောင့်ကြည်ညိုယုံကြည်တာလဲ... ဆိုတဲ့အဓိပ္ပာယ်ကို လေးလေးနက်နက်သိထားမယ်ဆိုရင် မိမိတို့ရဲ့ သဒ္ဓါတရားက အတော်အတန်ခိုင်မာပြီလို့ ပြောလို့ရတယ်။

ဒီနေရာမှာ ရတနတ္တယသဒ္ဓါအကြောင်းကို မပြောခင် ဘုရား, တရား, သံဃာ သုံးပါးဟာ ဘာကြောင့် ရတနာမည်ထိုက်ရသလဲ ဆိုတာကို အရင်စပြောကြရအောင်...။

**"စိတ္တီကတံ မဟဂ္ဃဉ္စ, အတုလံ ဒုလ္လဘဒဿနံ**
**အနောမသတ္တပရိဘောဂံ, ရတနံ တေန ဝုစ္စတိ"**[၂၃]

စိတ္တီကတံ – **စိတ်၌စွဲကပ် အလေးလည်းပြုအပ်၏။**

မဟဂ္ဃဉ္စ – **အဖိုးများစွာလည်း ထိုက်တန်၏။**

အတုလဉ္စ – **အတုလည်းမရှိ။**

ဒုလ္လဘဒဿနဉ္စ – **မြင်ရခဲသော အရာလည်းဖြစ်၏။**

အနောမသတ္တပရိဘောဂဉ္စ – **မယုတ်ညံ့သူ၊ လူမွန်လူမြတ်တို့၏သာ သုံးဆောင်ရာလည်းဖြစ်၏။**

တေန – **ထိုအကြောင်းကြောင့်**

ရတနံ – **ရတနာဟူ၍**

ဝုစ္စတိ – **ဆိုအပ်၏။**

အဲဒီတော့... ရတနာဆိုတာ အလေးအမြတ်ပြုအပ်တယ်။ အဖိုးထိုက်တန်တယ်။ အတုလည်းမရှိဘူး။ မြင်လည်းမြင်ရခဲတယ်။ မြတ်သောသူတွေရဲ့သုံးဆောင်ရာလည်းဖြစ်တယ်။ ဒီလို အကြောင်းငါးပါးနဲ့ ပြည့်စုံတဲ့အရာကို ရတနာလို့ခေါ်တယ်။ ရတနာမည်ထိုက်တဲ့ အကြောင်းဘယ်နှစ်ပါး...။

---

[၂၃] [ဒီ - ၄ - ၂၊ ၃၅]

"ငါးပါးပါဘုရား"

ဒီတော့… ဗုဒ္ဓဘာသာ သူတော်ကောင်းတို့ ကြည်ညိုဆည်းကပ်နေကြတဲ့ ဘုရား, တရား, သံဃာဟုဆိုအပ်သော ရတနာမြတ်သုံးပါးမှာ ယခု ပြောခဲ့တဲ့ ရတနာမည်ထိုက်တဲ့ ဂုဏ်ရည်ငါးပါးနဲ့ ပြည့်စုံတဲ့အပြင် လောကီရတနာတို့နဲ့ မနှိုင်းယှဉ်အပ် မနှိုင်းယှဉ်သာအောင် မြတ်နိုးဖွယ်ရာ ရတနာဖြစ်ကြောင်းနှင့် ဦးပဥ္စင်းတို့ ဒါယကာကြီး, ဒါယိကာမကြီးတွေ အားလုံး ကြည်ညိုဆည်းကပ် မြတ်နိုးအပ်တဲ့ ရတနာအစစ်ဖြစ်တယ်လို့ နားလည်ထားကြရမယ်။

ယခုလို ရတနာမည်ထိုက်သည့် ဂုဏ်ရည်တွေနဲ့ ပြည့်စုံတော်မူပြီး ရတနာအစစ် ဖြစ်တော်မူသော ဘုရား, တရား, သံဃာ ဆိုတဲ့ ရတနာမြတ်သုံးပါးတို့ကို ကြည်ညိုဆည်းကပ်ရခြင်း ရတနတ္တယသဒ္ဓါ အကြောင်းနဲ့ စပ်ပြီး…။

ဒီလိုရတနာသုံးပါးကို ကြည်ညိုဆည်းကပ်တဲ့ နေရာမှာ ဘာကြောင့် ဘုရားကိုကြည်ညိုတာလဲ၊ တရားကို ကြည်ညိုတာလဲ၊ သံဃာကို ကြည်ညိုတာလဲ။ ဒီရတနာမြတ် တစ်ပါးချင်းစီကို ဘာကြောင့် ကြည်ညို ဆည်းကပ်ရသလဲဆိုတာ ဗုဒ္ဓဘာသာ မှန်ရင် ဦးပဥ္စင်းတို့ ရှင်းရှင်းလင်းလင်း သိထားကြဖို့ မလိုဘူးလား…။

"လိုပါတယ်ဘုရား"

အရင်ဆုံး ဘုရားရတနာကို ဘာကြောင့် ကြည်ညိုဆည်းကပ်ရသလဲဆိုတော့…။

**ဘုရားကိုယုံကြည်ခြင်း -**

**"ဟိတေ ပဝတ္တနေန အဟိတာ စ နိဝတ္တနေန သတ္တာနံ ဘယံ ဟိံသတိ ဗုဒ္ဓေါ"**[၂၄]

---

[၂၄] [ဒီ - ဌ - ၁၊ ၂၀၆]

ဟိတေ – **အကျိုးစီးပွားကို**
ပဝတ္တနေန စ – **ဖြစ်စေတတ်သည့် အဖြစ်ဖြင့်လည်းကောင်း၊**
အဟိတာ – **အကျိုးစီးပွားမဲ့မှ**
နိဝတ္တနေန စ – **တားမြစ်တတ်သည့်အဖြစ်ဖြင့် လည်းကောင်း၊**
သတ္တာနံ – **သတ္တဝါတို့အား**
ဘယံ – **ဘေးရန်အန္တရာယ်ကို**
ဟိံသတိ – **ကာကွယ်တားဆီးပယ်ဖျက်၍ ပေးတတ်ပါပေ၏။**
ဣတိတသ္မာ – **ထို့ကြောင့်**
ဗုဒ္ဓေါ – **ဘုရားရှင်သည်**
သရဏံ – **ကြည်ညိုဆည်းကပ်ရာအစစ် အဖြစ်ကြီးဖြစ်ပါပေ တော့သတည်း။**

"သာဓု၊ သာဓု၊ သာဓုပါဘုရား"

ဒါဟာ ဘုရားကို ဘာကြောင့် ကြည်ညိုဆည်းကပ် ရတာလဲ ဆိုတဲ့ အဓိပ္ပာယ် နှစ်ချက်ပဲ။ ပထမအချက်အနေနဲ့... ဘုရားရှင်ဟာ **သတ္တဝါတို့ရဲ့ အကျိုးစီးပွားကို ဖြစ်စေတတ်လို့။** သတ္တဝါတို့ရဲ့ ဘာကို ဖြစ်စေတတ်...။

"အကျိုးစီးပွားကို ဖြစ်စေတတ်ပါတယ်ဘုရား"

အေး... ဒုတိယအချက်က **သတ္တဝါတို့ရဲ့ အကျိုးစီးပွားမဲ့ခြင်းမှ တားမြစ်တတ်လို့။** သတ္တဝါတို့ရဲ့ ဘာကိုတားမြစ်တတ်...။

"အကျိုးစီးပွားမဲ့ခြင်းကို တားမြစ်တတ်ပါတယ်ဘုရား"

ဒါကြောင့် ဦးပဥ္စင်းတို့ ဘုရားရှင်ကို ကြည်ညိုဆည်းကပ်ကြတာ။ ဒီလိုသတ္တဝါတွေရဲ့ အကျိုးစီးပွားကို ဖြစ်စေတတ်၊ အကျိုးမဲ့တွေမှ တားမြစ်တတ်၊ သတ္တဝါတို့ရဲ့ ဘေးအန္တရာယ်တွေကို ကာကွယ်တားဆီး ပေးတတ်တဲ့အတွက်ကြောင့် ဦးပဥ္စင်းတို့ ဗုဒ္ဓဘာသာသူတော်ကောင်း ဒါယကာကြီး, ဒါယိကာမကြီးတွေ... **ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ – ဘုရားကို**

**ကြည်ညိုဆည်းကပ်ပါ၏… လို့ နေ့စဉ်ရွတ်ဆိုနေကြတာ။**

ဘုရားရှင်ကို ဘာကြောင့် ကြည်ညိုဆည်းကပ်ရသလဲ။ ဘုရားရှင်သည် ဘာကြောင့် ကြည်ညိုရာ ဆည်းကပ်ရာ မည်ထိုက်တာလဲ… ဆိုတဲ့ အဓိပ္ပာယ်ကို အခုတော့ လေးလေးနက်နက် သိသွားကြပြီ မဟုတ်လား။

"လေးလေးနက်နက် သိပါပြီဘုရား"

ဘုရားကို ကြည်ညိုဆည်းကပ်ကြတာ ဒီအချက် နှစ်ချက်ကြောင့်ပဲ။ ပထမအချက် … **ဟိတေ ပဝတ္တနေန – အကျိုးစီးပွားကို ဖြစ်စေတတ်လို့၊** ဒုတိယအချက် … **အဟိတာ စ နိဝတ္တနေန – အကျိုးစီးပွားမဲ့မှ တားမြစ်တတ်လို့။**

ဒီအဓိပ္ပာယ်နှစ်ခုကို လေးလေးနက်နက် နားလည်ပြီဆိုရင် ဘုရားကို ကြည်ညိုဆည်းကပ်ရတာ တို့ပရိသတ် အဓိပ္ပာယ်ရှိသွားပြီ။ **ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ**လို့ ရွတ်ဆိုရတာ အဓိပ္ပာယ်ရှိသွားပြီ။

ဒါပေမဲ့ ဘုရားရှင်တို့ရဲ့ ဂုဏ်တော်တွေဟာ ဒီနှစ်ခုတည်းတော့ မဟုတ် ဘူး။ အင်မတန်မှ ကြီးကျယ်များမြတ်လှတယ်။ ဘယ်လောက်တောင် သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်တွေရဲ့ ဂုဏ်တော်တွေဟာ များပြားပြီး ဂုဏ်ကျေးဇူး ကြီးမား သလဲဆိုတော့…

**"ဗုဒ္ဓေါပိ ဗုဒ္ဓဿ ဘဏေယျ ဝဏ္ဏံ,**
**ကပ္ပမ္ပိ စေ အညမဘာသမာနော၊**
**ခီယေထ ကပ္ပေါ စိရဒီဃမန္တရေ,**
**ဝဏ္ဏော န ခီယေထ တထာဂတဿာ"တိ။**[၂၅]

မြတ်စွာဘုရားတစ်ဆူသည် ရှေးကပွင့်ခဲ့ဖူးသော မြတ်စွာဘုရားတစ်ဆူ၏ ဂုဏ်ကျေးဇူးမှတစ်ပါး အခြားသော တရားတို့ကို မဟောကြားဘဲ ဘုရားရှင်တစ်ဆူ၏ ဂုဏ်ကျေးဇူးကိုသာ ဟောကြားပါသော်လည်း ရှည်လျားစွာသော အာယုကပ်သည် ကုန်သွား

[၂၅][ဒီ - ဋ္ဌ - ၁၊ ၂၅၇။ ၃ - ၆၁။ မ - ဋ္ဌ - ၃၊ ၂၇၉။ ဥဒါန - ဋ္ဌ - ၃၀၅။ ဗုဒ္ဓဝံသ - ဋ္ဌ - ၁၆၃ ]

သွားရာ၏။ ဘုရားရှင်တစ်ဆူ၏ ဂုဏ်ကျေးဇူးတို့ကား မကုန်နိုင်ကုန်ရာ ...တဲ့။

ပွင့်တော်မူခဲ့ပြီးတဲ့ ရှေ့ရှေ့ဘုရားရှင်တို့ရဲ့ ဂုဏ်တော်တွေကို နောက်နောက် ပွင့်တော်မူသော ဘုရားရှင်အဆူဆူတိုင်းက သက်တမ်းပြည့် ကာလပတ်လုံး ဟောကြားနေမယ်ဆိုရင်တောင် သမ္မာသမ္ဗုဒ္ဓဘုရားရှင်တွေရဲ့ဂုဏ်တော်တွေဟာ ကုန်နိုင်ဖွယ်ရာမရှိဘူး။ အဲဒီလောက် သမ္မာသမ္ဗုဒ္ဓဘုရားရှင်တွေရဲ့ဂုဏ်တော်တွေဟာ အင်မတန်မှ များပြားတယ်တို့ပရိသတ်။

အဲဒီလောက်များပြားလှတဲ့ သမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့ရဲ့ဂုဏ်တော်တွေထဲကနေမှ **ဟိတေ ပဝတ္တနေန၊ အဟိတာ စ နိဝတ္တနေန** ဆိုတဲ့ ဘုရားရှင်ရဲ့ ဂုဏ်ကျေးဇူး နှစ်မျိုးကိုသာ ဦးပဥ္စင်းတို့ သာဓကလေးတွေနဲ့ ပြောရင်း ရှေ့ဆက်ကြရအောင်...။

ဘုရားရှင်သည် သတ္တဝါတို့၏ အကျိုးစီးပွားကို ဖြစ်စေတတ်၊ အကျိုးမဲ့ကို တားမြစ်တတ်ခြင်းဆိုတဲ့ ဂုဏ်တော်ကို ပေါ်လွင်အောင်**စဏ္ဍာလီဝတ္ထု**[၂၆] နဲ့ သာဓကပြုရမယ်ဆိုရင်...။

တစ်ချိန် ဘုရားရှင်ကိုယ်တော်မြတ် ရာဇဂြိုဟ်ပြည်မှာ သီတင်းသုံးနေတော်မူစဉ် နံနက်မိုးသောက် အလင်းရောက်လို့ မဟာကရုဏာတော် သမာပတ်ကိုဝင်စားပြီး လောကကိုကြည့်ရှုတော်မူလိုက်တဲ့ အခါ ဘုရားရှင်ရဲ့ ဉာဏ်တော်ကွန်ရက်ထဲမှာ စဏ္ဍာလီဆိုတဲ့ အမယ်အိုကြီး တစ်ယောက် ပေါ်လာတယ်။

ဘုရားရှင်က ဆက်ပြီးတော့ ဆင်ခြင်တော်မူလိုက်တဲ့အခါမှာစဏ္ဍာလီ အမယ်အိုကြီး လူ့သက်တမ်းကုန်ပြီ၊ ဒီနေ့ သေရတော့မယ်။ သူ့ရဲ့ သက်တမ်းကဒီနေ့ နောက်ဆုံးတဲ့။ စဏ္ဍာလီအမယ်အိုကြီး ဒီနေ့ သေပြီးတဲ့နောက် ဘယ်ဘဝရောက်မလဲဆိုတာ ဆက်လက်ဆင်ခြင်တော်မူတဲ့ အခါ ငရဲကျရောက်မည့်အကြောင်း သိရပြန်တယ်။

---

[၂၆][ဝိမာန - ၄ - ၉၄]

အဲဒီလို ငရဲသွားရမယ့် စဏ္ဍာလီအမယ်အိုကြီးကို ငါဘုရား ကယ်တင်နိုင်မလားလို့ မဟာကရုဏာသမာပတ်ဝင်စားပြီး ကြည့်လိုက်ပြန်တဲ့အခါ ဒီစဏ္ဍာလီအမယ်အိုကြီးရဲ့သန္တာန်မှာ ရဲရဲတောက်နေတဲ့ သဒ္ဓါတရား ထင်ရှားရှိနေတာ တွေ့မြင်တော်မူတဲ့အတွက် ဒီစဏ္ဍာလီအမယ်အိုကြီးကို အပါယ်ဒုဂ္ဂတိဘုံ မရောက်အောင် ငါဘုရား ချီးမြှောက်ကယ်တင်လို့ ရနိုင်သေးတယ် ဆိုတာကိုလည်းပဲ မြတ်စွာဘုရားရှင် သိမြင်တော်မူတယ်။

ဒီနေရာမှာ သတ္တဝါတွေကို ကယ်တင်ချင်ပေမယ့် သဒ္ဓါတရား မရှိရင် ကယ်တင်လို့မရဘူး။ သဒ္ဓါတရားရှိမှ ကယ်တင်လို့ရတယ်ဆိုတာ တို့ပရိသတ် နားလည်ထားရမှာဖြစ်တယ်။ ဒါကြောင့် သဒ္ဓါတရားသည် အင်မတန်မှ အရေးကြီးတယ်။ အခု စဏ္ဍာလီအမယ်အိုကြီးရဲ့ သန္တာန်မှာ သဒ္ဓါတရားရှိတဲ့အတွက် အပါယ်ဘေးမှ ကယ်တင်ဖို့ရာ မြတ်စွာဘုရားရှင်ဟာ ရာဇဂြိုဟ်မြို့တွင်းကို နောက်လိုက်ရဟန်းသံဃာအပေါင်း ခြံရံပြီးတော့ ဆွမ်းခံကြွလာတယ်။

အဲဒီ စဏ္ဍာလီအမယ်အိုကြီးဟာ ရာဇဂြိုဟ်ပြည်တွင်းမှာ လှည့်လည်ပြီးတော့ တောင်းရမ်းစားသောက်နေရတဲ့ ဒီနေ့ခေတ်အခေါ်အဝေါ်နဲ့ ပြောရမယ်ဆိုရင်တော့ သူတောင်းစားပေါ့။

အဲဒီလို အသက်အရွယ်ကလည်း အင်မတန်မှ အိုမင်းရင့်ရော်နေပြီဖြစ်တဲ့ စဏ္ဍာလီအမယ်အိုကြီး ငရဲကျမယ့်အရေးကိုမြင်လို့ ကယ်တင်ဖို့ရာ ဘုရားရှင် ရာဇဂြိုဟ်မြို့ထဲ ဆွမ်းခံကြွတာ။ စဏ္ဍာလီအမယ်အိုကြီး **သေလွန်တဲ့အခါ ဒုဂ္ဂတိငရဲဘုံကို ကျရောက်မယ်ဆိုတဲ့ အကျိုးစီးပွားမဲ့ခြင်းကို ကာကွယ်တားမြစ်ဖို့** ဘုရားရှင် ကြွတာ။

ဒီတော့ စဏ္ဍာလီအမယ်အိုကြီးက သူနေ့စဉ်တောင်းစားနေကြဖြစ်တဲ့ ရာဇဂြိုဟ်မြို့ထဲမှာ ရှိနေခိုက် ထိုစဏ္ဍာလီအမယ်အိုကြီး ရှိရာနေရာကို ကြွလာပြီး ဘုရားရှင်က သူ့ရှေ့မှာ ခြေစုံရပ်ကာ ဆက်ကြွတော်မမူတော့ဘူးတဲ့။

ဒီလို ဘုရားရှင်ဟာ သူ့ရှေ့မှာ ခြေစုံရပ်ပြီး ဆက်ကြွတော်မမူတာကို စဏ္ဍာလီအမယ်အိုကြီး သတိထားမိပုံမရဘူး။ ဘာကြောင့်လဲဆိုရင် သူက သူတောင်းစားဆိုတော့ ခေါင်းလေးငုံ့ပြီး ပေးကြပါ၊ ကမ်းကြပါ . . . အစရှိသဖြင့် ဒီလို တောင်းရမ်းနေရတော့ သတိထားမိပုံ မရဘူးပေါ့။

နောက်ပြီး စဏ္ဍာလီအမယ်အိုကြီးက သူ့ဝမ်းရေးအတွက် နေ့စဉ် တောင်းရမ်းရတဲ့ အလုပ်နဲ့ပဲ အချိန်ကုန်တော့ သာသနာတော်နဲ့လည်း သိပ်ပြီး ရင်းနီးပုံမရဘူး။ ဒါကြောင့် ဘုရားရှင် သူ့ရှေ့မှာ ကြွရောက်ပြီး ခြေစုံရပ်နေတာကို သတိပြုမိရင်တောင် ဖူးမြော်ရမှန်း၊ ကန်တော့ရမှန်း သိပ်ပြီးတော့ နားလည်မယ်မထင်ဘူး။ ဒါပေမဲ့ ဦးပဉ္စင်းတို့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ မဟာကရုဏာတော် ဘယ်လောက်ကြီးမား သလဲဆိုတော့... အဲဒီလို သာသနာတော်နဲ့ ဝေးနေတဲ့ပုဂ္ဂိုလ်တစ်ယောက်ရဲ့ အကျိုးစီးပွားမဲ့ခြင်းကိုတောင် လိုလားတော်မမူဘူး။ ဆင်းရဲဒုက္ခမှ လွတ်မြောက်စေချင်တယ်။

ဒါကြောင့် အခုလိုကြွလာပြီး ခြေစုံရပ်နေလိုက်တဲ့ အခါကျတော့ နောက်တော်ပါးမှာပါတဲ့ အရှင်မဟာမောဂ္ဂလာန်က ဒီစဏ္ဍာလီ အမယ် အိုကြီးရဲ့ရှေ့မှာ ဘုရားရှင် ဘာကြောင့်များ ရပ်သလဲလို့ဆင်ခြင်ပြီး ဘုရားရှင်ရဲ့ အလိုတော်ကို သိတဲ့အခါမှာ...

**“စဏ္ဍာလိ ဝန္ဒ ပါဒါနိ၊ ဂေါတမဿ ယသဿိနော၊**
**တမေဝ အနုကမ္ပာယ၊ အဋ္ဌာသိ ဣသိသတ္တမော။”**(၂၇)

စဏ္ဍာလိ – **စဏ္ဍာလီအမယ်အိုကြီး၊** ယသဿိနော – **အကျော် အစောအခြံအရံရှိတော်မူသော၊** ဂေါတမဿ – **ဂေါတမနွယ်ဖွား ဖြစ် တော်မူသော၊** ဘဂဝတော – **မြွေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား ၏၊** ပါဒါနိ – **ခြေတော်အစုံ ကြာပဒုမ်ကို၊** ဝန္ဒ – **ရှိခိုးလိုက်ဦးလော့...။**

ဣသိသတ္တမော – **ဝိပဿီဘုရားရှင်မှစ ခုနစ်ဆူမြောက် ဗုဒ္ဓ–**

(၂၇)[ဝိမာန - ၂၅]

ဏ္ကာသိ ဖြစ်တော်မူသော၊ ဘဂဝါ – ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူပါပေထသော မြတ်စွာဘုရားသည်၊ တမေဝ – သင်စဏ္ဍာလီအမယ်အိုကြီးကိုသာလျှင်၊ အနုကမ္ပာယ – ချီးမြှောက်တော်မူခြင်းငှာ၊ အဋ္ဌာသိ – ခြေတော်စုံရပ်တော်မူခြင်း ဖြစ်ပါပေသတည်း။

"သာဓု၊ သာဓု၊ သာဓုပါဘုရား"

**"အဘိပ္ပသာဒေဟိ မနံ၊ အရဟန္တမှိ တာဒိနိ၊**
**ခိပ္ပံ ပဥ္စလီကာ ဝန္ဒ၊ ပရိတ္တံ တဝ ဇီဝိတံ။"**(၂၇)

စဏ္ဍာလိ – **စဏ္ဍာလီအမယ်အိုကြီး၊ တဝ – သင်စဏ္ဍာလီအမယ်အိုကြီး၏၊** ဇီဝိတံ – **အသက်သည်၊** ပရိတ္တံ – **နည်းလှပါပေ၏။** တာဒိနိ – ဣဋ္ဌ, အနိဋ္ဌတို့၌ တပ်မက်ခြင်း၊ အမျက်ထွက်ခြင်းမရှိ သည်းခံတော်မူထသော၊ အရဟန္တမှိ – ကိလေသာအညစ်အကြေး ကင်းဝေး စင်ကြယ်တော်မူ၍ လူ, နတ်, ဗြဟ္မာ, သတ္တဝါတို့၏ ဝပ်စင်းကော်ရော် ပူဇော်အထူးကို ခံယူတော်မူထိုက်ထသော အရဟံဂုဏ်တော်ရှင် ဖြစ်တော်မူသော၊ ဘဂဝတိ – မြတ်စွာဘုရား၌၊ တဝ – သင်စဏ္ဍာလီအမယ်အိုကြီး၏၊ မနံ – စိတ်ကို၊ အဘိပ္ပသာဒေဟိ – ကြည်လင်စေလော့...။ ခိပ္ပံ – လျှင်မြန်စွာ၊ ပဥ္စလီကာ – လက်အုပ် ချီမြှောက်၍၊ ဝန္ဒ – ရှိခိုးလိုက်လော့။ ဣတိ – ဤသို့၊ အဝေါစ – အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်မှ တိုက်တွန်းစကား မိန့်ကြား – တော်မူလိုက်ပါပေသတည်း။

"သာဓု၊ သာဓု၊ သာဓုပါ ဘုရား"

ဘုရားရှင်က စဏ္ဍာလီအမယ်အိုကြီးကို ချီးမြှောက်ချင်လို့ဆိုတာ ကိုသိတဲ့ အရှင်မဟာမောဂ္ဂလာန်က စဏ္ဍာလီအမယ်အိုကြီးကို ဒီလို ဂါထာနှစ် ဂါထာနဲ့ ပြောပြီးတိုက်တွန်းတာ။ ဒီဂါထာမှာ ဘယ်လို တိုက်တွန်းသလဲဆိုတော့...

ရှိခိုးလိုက်ဦး သင်အမယ်အိုကြီးရှေ့မှာ ရပ်နေတဲ့အကြောင်းက

ဘုရားရှင် သင့်ကို ချီးမြှောက်ချင်လို့ . . . တဲ့။ ဘာကြောင့် ဘုရားရှင်ဟာ စဏ္ဍာလီ အမယ်အိုကြီးရှေ့မှာ ရပ် . . .။

"ချီးမြှောက်ချင်လို့ပါဘုရား"

ဟော . . . အရှင်မဟာမောဂ္ဂလာန်က စဏ္ဍာလီအမယ်အိုကြီးကို နောက်ဘာထပ်ပြောသလဲဆိုတော့ . . .။

သင့်ရဲ့ သက်တမ်းဟာ မကြာခင်မှာ ကုန်ဆုံးတော့မှာ။ သို့ အတွက် ကြောင့် လောကမှာ အမြတ်ဆုံး၊ လူ,နတ်,ဗြဟ္မာ,သတ္တဝါတို့၏ ရှိခိုးရာ အစစ် ကြီး ဖြစ်တော်မူတဲ့ ဘုရားရှင်ကို ဦးတိုက်လိုက်ပါ။ ရှိသေမြတ်နိုးစွာနဲ့ ရှိခိုးကန်တော့ လိုက်ပါလို့ . . . ဒီလို ဂါထာနှစ်ဂါထာနဲ့ တိုက်တွန်းလိုက် ပါတယ်။ ဘယ်သူက စဏ္ဍာလီအမယ်အိုကြီးကို တိုက်တွန်း . . .။

"အရှင်မဟာမောဂ္ဂလာန်က စဏ္ဍာလီအမယ်အိုကြီးကို တိုက်တွန်းတာပါဘုရား"

အဲဒီလို တိုက်တွန်းလိုက်တဲ့ အခါမှာ... ခေါင်းကို ငိုက်စိုက်ပြီးတော့ တောင်းရမ်းနေတဲ့ စဏ္ဍာလီအမယ်အိုကြီးဟာ ဦးခေါင်းလေးကို မော့ပြီး တော့ ဒကာကြီး၊ ဒကာမကြီးတွေ မျက်လုံးထဲမှာ ပုံဖော်ကြည့် . . .။ အသက်အရွယ်ကလည်း အင်မတန်ကြီး၊ တုန်တုန်ချိချိနဲ့ တောင်းရမ်း စားသောက်နေရတဲ့ စဏ္ဍာလီ အမယ်အိုကြီး။

တစ်ခါတည်း ခေါင်းငုံ့နေရာကနေ ဦးခေါင်းလေးကိုမော့ပြီး သူ့ရှေ့ မှာ ခြေစုံရပ်တည်တော်မူနေတဲ့ ဘုရားရှင်ရဲ့ မျက်နှာတော်ကို အရှင်မဟာ မောဂ္ဂလာန်ရဲ့ တိုက်တွန်းမှုကြောင့် ဖူးမြော်လိုက်ရတဲ့ အခါမှာ...ဘဂဝါ ဆိုတဲ့ ဘုန်းတော်ခြောက်ပါးထဲက **"ရွှေမျက်နှာတော်၊ လက်ခြေတော်မှ၊ စ၍ မကြွင်း၊ ပင်လုံးဝင်းသည့်၊ ပန်းမင်းအနေ၊ ကျက်သရေမင်္ဂလာ စုဝေး ကာဖြင့်၊ လွန်စွာတင့်တယ် သပ္ပာယ်တော်မူသော သိရီဘုန်းတော်"** နဲ့ ပြည့်စုံတော်မူသော ဘုရားရှင်ရဲ့ ရူပကာယတော်ကို ဖူးတွေ့လိုက်ရ တယ်။

**"ပစ္ဆိမံ ဖလဒါနေန၊ ဇဟံ ပစိတပါရမီ
ယဿ ဝေသံ သုမာပေန္တိ၊ ကေနာပိ အသမံ သမံ"**[၂၈] တဲ့။

ဒီဂါထာရဲ့ အဓိပ္ပာယ်ကတော့ ဦးပဥ္စင်းတို့ရဲ့ ဂေါတမဘုရားရှင်ဟာ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကာလပတ်လုံး ဖြည့်ကျင့်လာတဲ့ ပါရမီတော်အဟုန်၊ ကုသိုလ်တော်အဟုန်တွေက ဒီဘဝပြီးရင် နောက်တစ်ဖန် အကျိုးပေးခွင့် မရှိတော့တဲ့ အတွက်ကြောင့် ယခုနောက်ဆုံးဘုရားဖြစ်တော်မူမယ့်ဘဝမှာ ရှိရှိသမျှသော ကောင်းမှုတွေက စုပြုံဝိုင်းဝန်းပြီးတော့ အကျိုးပေးတဲ့ အတွက်ကြောင့် ဘုရားရှင်ရဲ့ ရူပကာယတော်ဟာ လူတွေထဲမှာလည်း လူတွေထက် မြတ်လို့၊ နတ်တွေထဲမှာ နတ်တွေထက်သာကာ၊ ပြဟ္မာတွေမော့ ကြည့်ရလောက်အောင်၊ ရင်သပ်ရှုမောရလောက်အောင် အင်မတန်မှ ကြည်ညိုဖွယ်ကို ဆောင်တော်မူတဲ့ သိရီဘုန်းတော်။

အေး... အဲဒီလို သိရီဘုန်းတော်နဲ့ ပြည့်စုံတော်မူတဲ့ ဘုရားရှင်ရဲ့ ရူပကာယတော်ကို စဏ္ဍာလီအမယ်အိုကြီး ဖူးတွေ့လိုက်ရတဲ့အခါမှာ... စဏ္ဍာလီအမယ်အိုကြီးဟာ ဘုရားရှင် ကြည်ညိုခြင်းဆိုတဲ့ သဒ္ဓါနဲ့ယှဉ်တဲ့ ဝမ်းမြောက်ခြင်း ပီတိသောမနဿ ဖြစ်သွားလိုက်တာ အပြုံးပန်းတွေပါ ပွင့်လန်းလာတယ်။

ဒီနေရာမှာ တို့ပရိသတ် စဏ္ဍာလီအမယ်အိုကြီးဟာ အင်မတန်မှ ကျေနပ်ဝမ်းမြောက်နေတယ်လို့ မသိနိုင်ဘူးလား...။

"သိနိုင်ပါတယ်ဘုရား"

စဏ္ဍာလီ အမယ်အိုကြီးရဲ့ သန္တာန်မှာ သဒ္ဓါတရား အခြေခံရှိနေလို့သာ အခုလို ဘုရားရှင်ကို တစ်ကြိမ်တစ်ခါတည်း ဖူးတွေ့လိုက်ရရုံနဲ့ ကျေနပ်ဝမ်းမြောက်မှုဖြစ်တာ။ အေး... ဒီလို သဒ္ဓါနဲ့ယှဉ်တဲ့ ကျေနပ်

---

[၂၈] အရှင်ဇနကာဘိဝံသ၏[ရတနာ့ဂုဏ်ရည်၊ ၁]

ဝမ်းမြောက်တဲ့စိတ်နဲ့ပဲ သူ့ရှေ့မှာ ခြေစုံရပ်တော်မူနေတဲ့ ဘုရားရှင်ကို ရှိခိုးဦးချ ကန်တော့လိုက်တော့တယ်။ စဏ္ဍာလီအမယ်အိုကြီး ဘာနဲ့ယှဉ်တဲ့ ကျေနပ်ဝမ်းမြောက်မှုနဲ့ ဘုရားကိုရှိခိုးဦးချ...။

"သဒ္ဓါနဲ့ယှဉ်တဲ့ ကျေနပ်ဝမ်းမြောက်မှုနဲ့ပါဘုရား"

ဘာကြောင့် ကျေနပ်ဝမ်းမြောက်ရတာလဲ...။

"ဘုရားရှင်ရဲ့ သိရီဘုန်းတော်နဲ့ ပြည့်စုံတဲ့ ရူပကာယတော်ကို ဖူးမြင်လိုက်ရလို့ပါဘုရား"

အဲဒီမှာ စဏ္ဍာလီအမယ်အိုကြီး အရင်ကတော့ လောဘနဲ့လည်း တောင်းချင်တောင်းနေမှာပေ့ါ။ စားချင်တာ၊ လိုချင်တာမရလို့ ဒေါသလည်း ဖြစ်ကောင်းဖြစ်နေမှာပေ့ါ။ စဏ္ဍာလီအမယ်အိုကြီးရဲ့ ရင်ထဲနှလုံးသားထဲမှာ လိုချင်တဲ့လောဘ၊ အကယ်၍မရခဲ့ရင်လည်း အလိုမကျတဲ့ဒေါသ... စတဲ့ ကိလေသာတွေ ဖြစ်ကောင်းဖြစ်မှာပေ့ါ။

အဲဒီလို လောဘ၊ ဒေါသ...စတဲ့ ကိလေသာအညစ်အကြေးတွေနဲ့ စိတ်ဟာ ညစ်နွမ်းနေခဲ့မှာ အသေအချာပဲ။ အခု ဘုရားရှင်ရဲ့ မျက်နှာတော်ကို ဖူးမြော်လိုက်ရတဲ့အချိန် စဏ္ဍာလီအမယ်အိုကြီးရဲ့ စိတ်အစဉ်မှာ ဘုရားရှင်ကို ကြည်ညိုခြင်းဆိုတဲ့ သဒ္ဓါတရားက နေရာယူ-မသွားဘူးလား...။

"နေရာယူသွားပါတယ်ဘုရား"

အဲဒီလို ကြည်ညိုခြင်းဆိုတဲ့ သဒ္ဓါတရားက စဏ္ဍာလီအမယ်အိုကြီးရဲ့စိတ်အစဉ်မှာ အထင်အရှားရှိနေခိုက် လောဘ၊ ဒေါသ... စတဲ့ ကိလေသာတရားတွေ တဒင်္ဂတော့ ပယ်ကွာနေမယ်။ အဲဒီလို စဏ္ဍာလီအမယ်အိုကြီးရဲ့စိတ်အစဉ်မှာ ကြည်ညိုခြင်းသဒ္ဓါတရား ဖြစ်သွားတဲ့အချိန်မှာပဲ စဏ္ဍာလီ အမယ်အိုကြီးကို ငါဘုရားချီးမြှောက်တာ လုံလောက်ပြီလို့ ဆင်ခြင်တော်မူပြီး ဘုရားရှင်က ဆက်လက်ဆွမ်းခံကြွချီတော်မူတယ်။

အဲဒီလို ဘုရားရှင်နဲ့တကွ ရဟန်းသံဃာတော်တွေ ကြွချီပြီး မကြာခင်အချိန်မှာပဲ စဏ္ဍာလီအမယ်အိုကြီးသည် သူ့ရဲ့သက်တမ်းကုန်လို့

ထိုအရပ် ထိုနေရာမှာပဲ စုတိပျက်ကြွေ သေလွန်သွားတယ်။

သူ့ရဲ့ သေခါနီးမရဏာသန္နဇောမှာ ခုနက ဘုရားရှင်အပေါ်မှာ ကြည်ညိုခြင်း သဒ္ဓါတရားဦးဆောင်တဲ့ ကုသိုလ်ဇောစိတ်တွေက နေရာယူသွားလိုက်နိုင်တဲ့အတွက်ကြောင့် နဂိုကျရောက်ရမယ့် ဒုဂ္ဂတိဌာန ငရဲဘဝသို့ မကျရောက်တော့ဘဲ ဘယ်ရောက်သွားတုန်းဆိုတော့ . . . နတ်ပြည်ရောက် သွားတယ်တဲ့။ တို့ပရိသတ် စဏ္ဍာလီအမယ်အိုကြီး ဘယ်ရောက်သွား . . .။

"နတ်ပြည် ရောက်သွားပါတယ်ဘုရား"

သဒ္ဓါတရားသည် အင်မတန်မှ အရေးကြီးတယ်ဆိုတာ ဒီနေရာမှာ သိပ်ပြီးထင်ရှားပါတယ်။ ဒီနေရာမှာ ဘာသဒ္ဓါတရားလဲဆိုတော့ ဘုရားရှင်အပေါ်မှာ ကြည်ညိုတဲ့သဒ္ဓါတရားဖြစ်တယ်။ နောက်ပြီး . . . မြတ်စွာဘုရားရှင်သာ သူ့ကို ကယ်တင်မပေးခဲ့ရင် သူတကယ်ကျရောက်ရမယ့်ဘုံဟာ ဒုဂ္ဂတိလို့ခေါ်တဲ့ ငရဲဘုံ။

အေး . . . အဲဒီလို ချမ်းသာဟူ၍ မြူငွေ့မျှရှာမရတဲ့ ငရဲဆိုတဲ့ ဒုဂ္ဂတိဘုံကို ကျရောက်ရမယ့် အကျိုးစီးပွားမဲ့ခြင်းကို တားမြစ်ပေးခဲ့တဲ့ အပြင် နတ်ပြည်၊ နတ်လောက၊ နတ်စည်းစိမ်ဆိုတဲ့ အကျိုးစီးပွားကို ဖြစ်စေခဲ့တာ ဘုရားရှင်ရဲ့ ဂုဏ်ကျေးဇူးကြောင့်ဖြစ်တယ်။

ဒီနေရာမှာ ဦးပဥ္စင်းတို့ မရဏာသန္နဇောအကြောင်းကို ပြောကြရအောင်။ သတ္တဝါတိုင်း သတ္တဝါတိုင်းဟာ တစ်နေ့မှာတော့ သေခြင်းတရားကို မလွှဲသာ မရှောင်သာ ရင်ဆိုင်ရမှာပဲ။ ဒီလို သေခြင်းတရားနဲ့ နီးကပ်လာတဲ့အချိန်မှာ မရဏာသန္နဇောဆိုတာ သတ္တဝါတိုင်းမှာ ဖြစ်ကြတယ်။ တို့ပရိသတ် **သတ္တဝါတွေ သေခါနီးရင် ဘာဇောဖြစ် . . .။**

**"မရဏာသန္နဇော ဖြစ်ပါတယ်ဘုရား"**

ထိုမရဏာသန္နဇောသည်သာလျှင် သတ္တဝါတိုင်းရဲ့အနာဂတ်ဘဝကို အဆုံးအဖြတ်ပေးမှာ ဖြစ်တယ်။

အကယ်၍ သေခါနီးမရဏာသန္နဇောအခိုက်မှာ အကုသိုလ်က

နေရာ ဝင်ယူသွားခဲ့ရင် ထိုသတ္တဝါရဲ့ လားရာဂတိဟာ အပါယ်ဒုဂ္ဂတိကို ရောက် ရှိမှာပဲဖြစ်တယ်။ **သေခါနီး မရဏာသန္နဇောမှာ အကုသိုလ်က နေရာယူရင်** ဘယ်ဘုံကိုရောက်. . .။

**"ဒုဂ္ဂတိဘုံကို ရောက်ရပါတယ်ဘုရား"**

အေး. . .ဒီလိုပဲ သေခါနီး မရဏာသန္နဇောအခိုက်မှာ ကုသိုလ် တရားက နေရာဝင်ယူသွားနိုင်ခဲ့ရင်တော့ အခုလို စကြာလီအမယ်အိုကြီး ကဲ့သို့ သုဂတိဘုံဘဝတွေကို ရောက်ရှိကြရမှာဖြစ်တယ်။ **သေခါနီးမရဏာ သန္နဇောမှာ ကုသိုလ်က နေရာဝင်ယူနိုင်ရင်** ဘယ်ဘုံကိုရောက်. . .။

**"သုဂတိဘုံကို ရောက်ရပါတယ်ဘုရား"**

ထိုကဲ့သို့ မရဏာသန္နဇောမှာ ကုသိုလ်က နေရာဝင်ယူနိုင်ဖို့ဆိုရင် စိတ်ကို လေ့ကျင့်ထားမှ ဖြစ်မှာ။

ဘယ်လို လေ့ကျင့်ရမလဲဆိုတော့ ကမ္မဋ္ဌာန်းအာရုံတွေနဲ့ လေ့ကျင့်ထားဖို့လိုတယ်။ စိတ်ကို ဘာနဲ့လေ့ကျင့်ထားဖို့လို...။ "ကမ္မဋ္ဌာန်း အာရုံတွေနဲ့ လေ့ကျင့်ထားဖို့ လိုပါတယ်ဘုရား"

အေး... ဒီတော့ အဲဒီကမ္မဋ္ဌာန်းအာရုံတွေဆိုတာ တရားထိုင်နေ တာချည်းသက်သက်ကို ဆိုလိုတာမဟုတ်ဘဲနဲ့ ကိုယ်ပြုခဲ့တဲ့ ဒါနအမှုတွေကို ဆင်ခြင်နေတာ၊ ကိုယ်ဆောက်တည်ခဲ့တဲ့ သီလအမှုတွေကို ဆင်ခြင် နေတာ။ ဒီလို ကိုယ်ပြုခဲ့တဲ့ စာဂတရားတွေကို ဆင်ခြင်နေတာသည်ပင်လျှင် မိမိရဲ့စိတ်ကို ကမ္မဋ္ဌာန်းအာရုံနဲ့ မွေ့လျော်အောင် လေ့ကျင့်နေတာဖြစ်တယ်။

ဒီလို မိမိတို့ရဲ့စိတ်ကို လေ့ကျင့်ပေးနေခြင်းကိုပဲ ဘာဝနာလို့ခေါ် တယ်။ ဘာလို့ခေါ်တယ်. . .။

"ဘာဝနာလို့ခေါ်ပါတယ်ဘုရား"

အခု စကြာလီအမယ်အိုကြီးသည်လည်း သူ့ဘဝတစ်လျှောက်လုံး မှာ တောင်းရမ်းစားသောက်ရင်း လောဘ၊ ဒေါသ...စတဲ့ ကိလေသာတွေနဲ့ နေခဲ့ပေမယ့် သေခါနီး မရဏာသန္နဇောအခိုက်မှာ **ဘုရားရှင်ကိုကြည်ညို ခြင်း သဒ္ဓါတရားဦးဆောင်တဲ့ ကုသိုလ်ဇောတွေက** နေရာယူသွားနိုင်

လိုက်တဲ့အတွက်ကြောင့် **အကျိုးစီးပွားမဲ့ဖြစ်တဲ့** ဒုဂ္ဂတိဘုံကို မကျရောက်ရတော့ဘဲ **အကျိုးစီးပွားကိုဖြစ်စေတဲ့** နတ်ပြည်နတ်လောက နတ်ချမ်းသာ နတ်စည်းစိမ်ကို ခံစားရတယ်။ ဒါဟာ ဘာကြောင့်လဲဆိုတော့... ဘုရားရှင်ကို ကြည်ညိုခြင်း သဒ္ဓါတရားကြောင့်။ ဘာကြောင့်...။

"သဒ္ဓါတရားကြောင့်ပါဘုရား"

အေး... ဒါကြောင့်မို့လို့ ဘုရားရှင်သည် ကိုးကွယ်ခံထိုက်တယ်။ ရတနာထိုက်တယ်။

ဒါကြောင့်မို့လို့ ဦးပဉ္ဇင်းတို့ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ လို့ဆိုတဲ့ အခါမှာ အဲဒီလို အကျိုးစီးပွားကို ဖြစ်စေတတ်တဲ့၊ သတ္တဝါတွေရဲ့ အကျိုးစီးပွားမဲ့ကို ကာကွယ်တားဆီးပေးတတ်တဲ့ဂုဏ်ကို အာရုံယူပြီးတော့ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ လို့ရွတ်ဆိုကြမယ်ဆိုရင် ပိုပြီးတော့ အဓိပ္ပာယ်ရှိပြီး လေးနက်မသွားဘူးလား...

"လေးနက်သွားပါတယ်ဘုရား"

တို့ ဒကာကြီးတွေ၊ ဒကာမကြီးတွေ ပြန်စဉ်းစားကြည့်။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ လို့ ရွတ်ဆိုခဲ့တဲ့ အကြိမ်များလွန်းလို့ လက်ချိုးရေလို့တောင်ရနိုင် ရဲ့လား။

"မရနိုင်ပါဘူးဘုရား"

ဒါပေမဲ့ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ကို ဘာကြောင့်ရွတ်တယ်၊ ဘုရားကို ဘာကြောင့် ငါတို့ ကြည်ညိုကိုးကွယ်နေသလဲဆိုတဲ့ အဓိပ္ပာယ်ကို အခုလို လေးလေးနက်နက်သိပြီး ရွတ်ခဲ့တာလား။ မိရိုးဖလာ အမေကလည်း ဗုဒ္ဓဘာသာ၊ အဖေကလည်း ဗုဒ္ဓဘာသာမို့ နှုတ်တိုက်သင်ပေးထားလို့ ရွတ်ဆိုနေရတာမျိုးလားဆိုတာ ကိုယ့်ကိုယ်ကိုယ်ပြန်ပြီး ဆန်းစစ်ကြရမယ်။

ဒီတော့... သဒ္ဓါရဲ့ ပဌမအမျိုးအစားဖြစ်တဲ့ ရတနာသုံးပါးကို ယုံကြည်ကိုးကွယ်ခြင်းထဲက **နံပါတ်တစ် ဘုရားကို ဘာကြောင့် ကြည်ညို ကိုးကွယ်ရတာလဲ** ဆိုတဲ့အချက်ဖြစ်တဲ့ **ဟိတေ ပဝတ္တနေန** – ဘုရားရှင်သည် **သတ္တဝါတို့ရဲ့ အကျိုးစီးပွားကို ဖြစ်စေတတ်**တယ်၊

**အပဟိတာ စ နိဝတ္တနေန** – ဘုရားရှင်သည် **သတ္တဝါတို့၏ အကျိုးမဲ့ခြင်းကို ကာကွယ် တားဆီးပေးတတ်တယ်ဆိုတာ** ဒီစက္ကာလီအမယ် အိုကြီးရဲ့ ဇာတ်ကြောင်းနဲ့ ထင်ရှားမသွားပေဘူးလား...။

"ထင်ရှားသွားပါပြီဘုရား"

ကဲ...ဒါဆို ရတနာသုံးပါးထဲက ပထမရတနာဖြစ်တဲ့ ဘုရားရှင်ကို ဘာကြောင့် ကြည်ညိုဆည်းကပ်ရသလဲဆိုတဲ့အကြောင်း ဦးပဥ္စင်းတို့ ဟောကြနာကြပြီးတဲ့နောက် ဒုတိယဖြစ်တဲ့ ဓမ္မရတနာကို ဘာကြောင့် ကြည်ညိုဆည်းကပ်ရသလဲဆိုတာကို ဆက်ကြရအောင်...။

## တရားကိုယုံကြည်ခြင်း။

**"ဘဝကန္တာရာ ဥတ္တာရဏေန အဿာသဒါနေန စ ဓမ္မော"**[၂၉]

ဘဝကန္တာရာ –**ဘဝတည်းဟူသော ကန္တာရခရီးခဲကြီးမှ**

ဥတ္တာရဏေန စ – **ထုတ်ဆောင်ကယ်တင်တတ်ပါတယ်ဆိုတဲ့ အကြောင်းကြောင့်လည်းကောင်း၊**

အဿာသဒါနေန စ – **သက်သာရာကို ပေးတတ်ပါတယ်ဆိုတဲ့ အကြောင်းကြောင့်လည်းကောင်း၊**

ဓမ္မော – **မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်ပရိယတ် ဆယ်တန်သော တရားတော်မြတ်သည်၊**

သရဏံ – **ကြည်ညိုဆည်းကပ်ရာအစစ် အဖြစ်ကြီးဖြစ်ပါပေတော့ သတည်း။**

"သာဓု၊ သာဓု၊ သာဓုပါဘုရား"

ဒါဟာ တရားတော်မြတ်ကို ဘာကြောင့် ကြည်ညိုဆည်းကပ်ရသလဲဆိုတဲ့ လေးနက်တဲ့ အဓိပ္ပာယ်ပဲ။

---

[၂၉] [ဒီ - ၄ - ၁၊ ၂၀၆]

တရားတော်ကို ဘာကြောင့် ကြည်ညိုဆည်းကပ်ရသလဲဆိုတော့ ဘဝဆိုတဲ့ ကန္တာရခရီးခဲ ခရီးကြမ်းကြီးမှ **ထုတ်ဆောင်ကယ်တင်တတ်၊ သက်သာရာသက်သာကြောင်းကိုပေးတတ်**တဲ့ ဒီလိုအကြောင်း နှစ်ပါးကြောင့် ရတနာမြတ်သုံးပါးထဲက ဒုတိယမြောက် ရတနာဖြစ်တဲ့ တရားတော် ကို ကြည်ညို ဆည်းကပ်ရခြင်းဖြစ်တယ်။

အဲဒီတော့ တို့ပရိသတ်ရေ…ဦးပဥ္ဇင်းတို့ ဓမ္မံ သရဏံ ဂစ္ဆာမိ လို့ ရွတ်ဖတ်ပူဇော်ရခြင်း၊ တရားတော်ကို ကြည်ညိုဆည်းကပ်ရခြင်းရဲ့ အချက်နှစ်ချက်က…။

**ပထမအချက်…**ဘဝသံသရာခရီးခဲ ခရီးကြမ်းကြီးကနေ ထုတ် ဆောင်တတ်လို့။ **ဒုတိယအချက်…**ဘဝကန္တာရဆိုတဲ့ ခရီးကြမ်းကြီးကနေ သက်သာရာ သက်သာကြောင်းကို ပေးတတ်လို့။

တို့ပရိသတ် တရားတော်ကို ကြည်ညိုဆည်းကပ်ရတဲ့အချက် ဘယ်နှစ်ချက်ရှိ…။

"နှစ်ချက်ရှိပါတယ်ဘုရား"

အေး…အဲဒီလို တရားတော်ရဲ့ ဂုဏ်အင်္ဂါတွေကို ဦးပဥ္ဇင်းတို့ ဟောကြပြောကြမယ်ဆိုရင်တော့ ဘယ်ကုန်နိုင်ပါ့မလဲ။ အဲဒီလောက် များပြားတဲ့ တရားတော်ရဲ့ ဂုဏ်အင်္ဂါတွေထဲက ဦးပဥ္ဇင်းတို့ တရားတော်ကို ဘာကြောင့် ကြည်ညိုဆည်းကပ်သလဲဆိုတဲ့ ဒီအချက်နှစ်ချက်ကိုပဲ ပေါ်လွင်ထင်ရှား အောင် သာဓကဆောင်ပြီး ဟောကြနာကြရအောင် တို့ပရိသတ်။

အဲဒီတော့ ဘဝကန္တာရ ခရီးကြမ်းဆိုတာကို မပြောခင်မှာ ကန္တာရ ရဲ့ အဓိပ္ပာယ်ကို ဦးပဥ္ဇင်းတို့ အရင်ပြောကြရအောင်။ **ကန္တာရဆိုတာ ခက်ခဲကြမ်းတမ်းပြီး ကျော်လွှားလွန်မြောက်ဖို့ ရန် ခဲယဉ်းခြင်း သဘော ရှိတယ်။** ဘယ်လိုသဘောရှိ…။

"ခက်ခဲကြမ်းတမ်းပြီး ကျော်လွှားလွန်မြောက်ဖို့ရန် ခဲယဉ်းခြင်း သဘော ရှိပါတယ်ဘုရား"

အေး...အဲဒီလို ခက်ခဲကြမ်းတမ်းပြီး ကျော်လွှားလွန်မြောက်ဖို့ ခဲယဉ်းခြင်းသဘောရှိတဲ့ ကန္တာရကို ဦးပဥ္စင်းတို့ စာပေကျမ်းဂန်တွေမှာ ဘယ်နှစ်မျိုး ခွဲထားသလဲဆိုတော့... **"ကန္တာရံ နာမ - စောရကန္တာရံ၊ ဝါဠကန္တာရံ၊ နိရုဒကကန္တာရံ၊ အမနုဿကန္တာရံ၊ အပ္ပဘက္ခကန္တာရန္တိ ပဉ္စဝိဓံ"** [၁၀] တဲ့။ အဲဒီငါးမျိုးက ဘာတွေလဲဆိုတော့...

**ခိုးသားဓားပြတွေ ကြီးစိုးနေတဲ့ လမ်းခရီးကို** စောရကန္တာရ၊

**ခြင်္သေ့သစ်ကျား...စတဲ့ သားရဲတွေကြီးစိုးတဲ့ လမ်းခရီးကို** ဝါဠကန္တာရ၊

**သောက်ရေ၊ သုံးရေမရှိတဲ့ လမ်းခရီးကို** နိရုဒကကန္တာရ၊

**ဘီလူးများကြီးစိုးတဲ့လမ်းခရီးကို** အမနုဿကန္တာရ၊

**သစ်သီးဝလံ...စတဲ့ စားသုံးစရာတွေမရှိတဲ့ လမ်းခရီးကို** အပ္ပဘက္ခကန္တာရဆိုပြီး ကန္တာရငါးမျိုးရှိတယ်။

ထိုကန္တာရခရီးတွေဟာ အင်မတန်မှ ကြမ်းတမ်းသလို ထိုခရီးကို သွားတဲ့ပုဂ္ဂိုလ်ဟာ ထိုထိုကန္တာရတွေကနေ ကျော်လွှားလွန်မြောက် လိုရာ ရောက်ဖို့ရာ အင်မတန်မှ ခက်ခဲတယ်။

အေး...အဲဒီလို ခက်ခဲလှပါတယ်ဆိုတဲ့ ဒီကန္တာရငါးမျိုးထက် အခု ဦးပဥ္စင်းတို့ ပြောနေတဲ့ ဘဝကန္တာရခရီးကြမ်းကြီးက သာ၍သာ၍ ကျော်လွှား လွန်မြောက်ဖို့ရန် ခက်ခဲတယ်။ အဲဒီလို ကန္တာရငါးမျိုးထက် ဘယ်ကန္တာရက ပိုပြီးကျော်လွှားလွန်မြောက်ဖို့ ခက်ခဲသလဲ...။

"ဘဝကန္တာရက ကျော်လွှားလွန်မြောက်ဖို့ ပိုခက်ခဲပါတယ်ဘုရား" ဒါကြောင့် ဘုရားရှင်က...

**"အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော ပုဗ္ဗကောဋိ နပညာယတိ"** [၁၁] တဲ့။ ဒီပါဠိရဲ့ အဓိပ္ပာယ်က ဘာကိုပြောတာလဲဆိုတော့... **သံသရာဟာ ဘယ်လောက်ရှည်သလဲဆိုရင် အတိတ်သံသရာရဲ့**

---

[၁၀] [ဇာတက - ၄ - ၁၊ ၁၁၅]

[၁၁] [သံ - ၁၊ ၃၇၇ - ၃၇၈]

**အစကို မသိနိုင်၊ မမြင်နိုင်ဘူး။** ဘာရဲ့အစကို မမြင်နိုင်...။

"အတိတ်သံသရာရဲ့ အစကို မမြင်နိုင်ပါဘုရား"

ဒါဆိုရင် အနာဂတ်သံသရာကရော...။

**"ဒီဃော ဗာလာနံ သံသာရော၊ သဒ္ဓမ္မံ အဝိဇာနတံ"**(၃၂) တဲ့။ **လူမိုက်တွေရဲ့ အနာဂတ် သံသရာခရီးဟာလည်း ရှည်ဦးမယ်** တဲ့။ ဘယ်သူတွေရဲ့ အနာဂတ် သံသရာခရီးက ရှည်မယ်...။

"လူမိုက်တွေရဲ့ အနာဂတ်သံသရာခရီးက ရှည်ပါမယ်ဘုရား"

ဒီနေရာမှာ လူမိုက်ဆိုတာက ရုပ်နာမ်ဓမ္မ သင်္ခါရတွေကို သမ္မာဒိဋ္ဌိ ဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်မသိမမြင်တဲ့သူတွေ၊ သိမြင်နိုင်ဖို့ရန်လည်း မကြိုးစားဘဲ မေ့လျော့နေကြသူတွေ။ ဒီလိုမေ့လျော့နေကြတဲ့လူတွေကို **ဗာလ - လူမိုက်တွေ** တဲ့။

အဲဒီလို မေ့လျော့နေတဲ့ လူမိုက်တွေဟာ အဆုံးမထင် ရှည်လျားလွန်းတဲ့ သံသရာဆိုတဲ့ ဘဝကန္တာရ ခရီးကြမ်းကြီးထဲက သုံးဆယ့်တစ်ဘုံ ဘဝမျိုးစုံမှာ ကျင်လည်နေကြရဦးမယ်။ ဒါကြောင့် ဘဝကန္တာရဆိုတဲ့ သံသရာခရီးကြမ်းကြီးမှ ကျော်လွှားလွန်မြောက်ဖို့ရန် မခက်ခဲဘူးလား...။

"ခက်ခဲပါတယ်ဘုရား"

အဲဒီလို ဘဝကန္တာရဆိုတဲ့ သံသရာခရီးကြမ်းကြီးမှ ကျော်လွှား လွန်မြောက်ဖို့ရန် ခက်ခဲရုံတင်မက ဒီလိုလျှောက်လှမ်းနေကြရတာ မပင်ပန်းကြဘူးလား...။

"ပင်ပန်းကြပါတယ်ဘုရား"

အဲဒီလို ခက်ခဲကြမ်းတမ်းလှပြီး အစမထင်တဲ့ ဘဝသံသရာခရီး ကြမ်းကြီးကို ဦးပဥ္စင်းတို့ လျှောက်လှမ်းနေရတာ ဒီအတိုင်း လျှောက်လှမ်း နေရတာလားဆိုတော့ မဟုတ်ပြန်ဘူး။ ဝန်ထုပ်ဝန်ပိုးကြီးတွေကိုပါ ထမ်း ရွက်ပြီး လျှောက်နေကြရတာ။

---

(၃၂)[ဓမ္မပဒ - ၂၂၊]

ကဲ...စဉ်းစားကြည့်။ ခက်ခဲကြမ်းတမ်းတဲ့ ဘဝကန္တာရခရီးကြမ်းထဲကို လျှောက်ရတဲ့အခါမှာ ဝန်ထုပ်ဝန်ပိုးတွေကိုပါ ထမ်းရွက်ပြီး လျှောက်လှမ်းနေရမှတော့ ပိုပြီးမပင်ပန်းဘူးလား...။

"ပိုပြီးပင်ပန်းပါတယ်ဘုရား"

ဒီတော့ အဲဒီ ဝန်ထုပ်ဝန်ပိုးကြီးတွေဆိုတာ ဘာကိုပြောတာတုန်းဆိုတဲ့အခါကျတော့... **ဘာရာ ဟဝေ ပဉ္စက္ခန္ဓာ**[၃၃] တဲ့။ ဒီလို ဉပါဒါန်တရားတို့၏ အာရုံဖြစ်တဲ့ **ခန္ဓာငါးပါးက ဝန်ထုပ်ဝန်ပိုးကြီး** တဲ့။

နောက်တစ်ခါ **ဘာရဟာရော စ ပုဂ္ဂလော**[၃၃] တဲ့၊ အဲဒီ **ဝန်ထုပ်ဝန်ပိုးကြီးဖြစ်တဲ့ ဒီခန္ဓာကြီးကို သယ်ဆောင်နေတဲ့ သူက ပုဂ္ဂိုလ်သတ္တဝါ** တဲ့။ ခန္ဓာဝန်ထုပ်ဝန်ပိုးကြီးကို သယ်ဆောင်တဲ့သူတွေက ဘယ်သူတွေ...

"ပုဂ္ဂိုလ်သတ္တဝါတွေပါဘုရား"

ပုဂ္ဂိုလ်သတ္တဝါဆိုတဲ့ ဦးပဉ္စင်းတို့ အားလုံးသည် ဒီခန္ဓာဆိုတဲ့ ဝန်ထုပ်ဝန်ပိုးကြီးကို သယ်ဆောင်နေကြတာ မဟုတ်ဘူးလား။ အဲဒီတော့ ခန္ဓာဆိုတဲ့ ဝန်ထုပ်ဝန်ပိုးကြီး သယ်ဆောင်ပြီးတော့ ဘဝကန္တာရခရီးကြမ်းကြီးကို လျှောက်လှမ်းနေရတဲ့ အတွက်ကြောင့် ဦးပဉ္စင်းတို့အားလုံးတို့ပရိသတ်တွေ သိပ်ပြီး ပင်ပန်းနေကြရတယ်။

ဒီလို ခန္ဓာဝန်ထုပ်ဝန်ပိုးတွေကိုထမ်း ဘဝကန္တာရခရီးကြမ်းမှာ ပင်ပန်းဆင်းရဲစွာ လျှောက်လှမ်းနေရတဲ့ သတ္တဝါတွေကို **ဓမ္မဆိုတဲ့ တရားတော်တွေက ထုတ်ဆောင်ပေးတတ်တယ်။** ဒါဟာ တရားတော်ရဲ့ အခုပြောနေတဲ့ **ဥတ္တာရဏေန** ဆိုတဲ့ ဂုဏ်တော်တစ်ခုဖြစ်တယ်။

ဒီလို ကန္တာရခရီးခဲကြီးကနေ ထုတ်ဆောင်ပေးတတ်တဲ့ အတွက်ကြောင့်လည်း တရားတော်ကို ယုံကြည်ကိုးကွယ်ထိုက်သလို ဘဝသံသရာကန္တာရခရီးကြမ်းမှာ ဒီခန္ဓာကိုယ် ဝန်ထုပ်ဝန်ပိုးကြီးကို သယ်ဆောင်နေရင်း

---

[၃၃][သံ - ၂၊ ၂၂]

ပင်ပန်းဆင်းရဲနေကြတဲ့ သတ္တဝါတွေကို သက်သာရာလည်းပေးတတ်တယ်။ဒါကတော့ တရားတော်ရဲ့ ဒုတိယမြောက် **အဿာသဒါနေန** ဆိုတဲ့ ဂုဏ်တော်ပဲဖြစ်တယ်။ ကဲ . . . တို့ပရိသတ် အခုဦးပဥ္စင်းတို့ ပြောနေတဲ့ **တရားတော်ရဲ့ ဂုဏ်တော်** ဘယ်နှစ်ချက်ရှိ . . . ။

**"နှစ်ချက်ရှိပါတယ်ဘုရား"**

**ပထမအချက်က ဘဝကန္တာရမှထုတ်ဆောင်ပေးတယ်** ဆိုတဲ့ **ဥတ္တာရဏဂုဏ်တော်။**

**ဒုတိယအချက်က ဘဝကန္တာရခရီးကြမ်းကြီးမှာ ပင်ပန်းဆင်းရဲနေတဲ့ သတ္တဝါတွေကို သက်သာရာပေးတတ်တယ် ဆိုတဲ့ အဿာသဒါန ဂုဏ်တော်။**

ဒီလို **ဘဝကန္တာရ ခရီးကြမ်းကြီးမှ ထုတ်ဆောင်တတ်တဲ့အတွက်** ကြောင့်လည်းကောင်း၊ **တရားတော်သည် သက်သာရာကို** ပေးတတ်တဲ့ **အတွက်**ကြောင့်လည်းကောင်း၊ **တရားတော်မြတ်သည် ကြည်ညိုဆည်းကပ်ရာအစစ်ကြီး ဖြစ်ပါတယ်** ဆိုတဲ့ ဓမ္မရဲ့ ဂုဏ်ကျေးဇူးအနှစ်သာရကို သိပြီးမှ ဓမ္မံ သရဏံ ဂစ္ဆာမိ လို့ ရွတ်ဆိုပူဇော်ရင် ပိုပြီးအဓိပ္ပာယ် မရှိဘူးလား။

"အဓိပ္ပာယ်ရှိပါတယ်ဘုရား"

အေး...ဒါကြောင့် တရားတော်က သတ္တဝါတွေကို ဒီလိုမျိုး သက်သာရာပေးတတ်တယ်၊ ခက်ခဲကြမ်းတမ်းလွန်းလှတဲ့ ဘဝကန္တာရကြီးက ထုတ်ဆောင် ပေးတတ်တယ်ဆိုတာကို ထင်ရှားအောင် **ပဋာစာရာထေရီဝတ္ထု**[၃၄] နဲ့ သာဓကပြရမယ်ဆိုရင် . . . ။

မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ် အခါကာလတုန်းက သာဝတ္ထိပြည်မှာ သားငယ်ကိုစွန့်ချီ၊ သားကြီးကရေနစ်၊ လင်ဖြစ်သူက မြွေကိုက်ပြီး မိဘတွေနဲ့မောင်ဖြစ်သူကလည်း လေပြင်းမုန်တိုင်းဒဏ်ကြောင့်

[၃၄] [ဓမ္မ - ဋ္ဌ - ၁၊ ၄၃၇ ]

တိုက်ပြုပြီးသော၊ ဒီလိုသောကတွေကြောင့် အဝတ်မကပ်နိုင်အောင် ရူးနေတဲ့ ပဋာစာရီဆိုတဲ့ သူဌေးသမီးတစ်ယောက်ရှိတယ်။

တစ်နေ့ညနေခင်းတစ်ခုမှာ . . . အဝတ်မပါတဲ့ ပဋာစာရီဟာ သာဝတ္ထိပြည်မှာ လှည့်လည်သွားလာရင်း မြတ်စွာဘုရားရှင်ရဲ့တရားပွဲရှိရာ ဇေတဝန်ကျောင်းတော်နားကို ရောက်သွားတယ်။

အဲဒီလို အဝတ်မပါတဲ့ ပဋာစာရီဟာ ဇေတဝန်ကျောင်းနားက တရားပွဲနားကို ရောက်လာတော့ တရားနာလာကြတဲ့ ပရိသတ်တွေက မောင်းထုတ်ကြတယ်။

အဲဒီအချိန်မှာ ဘုရားရှင်က ပဋာစာရီကို မောင်းမထုတ်ကြဖို့ ပရိသတ်ကို တားမြစ်ပြီး . . .

**"သတိံ ပဋိလာဘ ဘဂိနိ – နှမငယ် ပဋာစာရီ သတိရလော့"**

လို့ မိန့်လိုက်တဲ့အချိန်မှာပဲ အဝတ်မကပ်နိုင်အောင် ရူးနေတဲ့ ပဋာစာရီလည်း သတိပြန်ဝင်လာတယ်။ ဒီလိုသတိဝင်လာခိုက် အနီးမှာရှိတဲ့ တရားနာပရိသတ်တစ်ဦးက အပေါ်ရုံအဝတ်ကို ပေးလိုက်တယ်။ အဲဒီအဝတ်ကို ဝတ်ရုံပြီးတော့ ဘုရားရှင်ကို ရိုသေစွာ ရှိခိုးပြီး ဘာပြောသလဲဆိုတော့ . . .

**"ဘန္တေ အဝဿယော မေ ဟောထ ပတိဋ္ဌာ မေ ဟောထ – အရှင်ဘုရားသည် တပည့်တော်မရဲ့ အားထားရာ ထောက်တည်ရာ ဖြစ်တော်မူပါဘုရား"** လို့ လျှောက်ထားလိုက်တဲ့အခါမှာ . . .

**"စတူသု သမုဒ္ဒေသု ဇလံ ပရိတ္တကံ၊**
**တတော ဗဟုံ အဿုဇလံ အနပ္ပကံ**
**ဒုက္ခေန ဖုဋ္ဌဿ နရဿ သောစနာ**
**ကိံ ကာရဏာ အမ္မ တုဝံ ပမဇ္ဇသိ။"**[၃၅] ဆိုတဲ့ . . . ဒီသောက

[၃၅] [ဓမ္မ - ဋ္ဌ - ၁၊ ၄၄၁]

**ငြိမ်း ဂါထာတော်ကို ဘုရားရှင်က မိန့်ကြားတော်မူလိုက်ပါတယ်။**

ဒီဂါထာရဲ့ အဓိပ္ပာယ်က ဘာလဲဆိုတော့…

သတ္တဝါတွေသည် ဘဝသံသရာမှာ မိသားစုတွေနဲ့ သေကွဲခွဲရခြင်းကြောင့် ကျခဲ့ရတဲ့ သောကမျက်ရည်တွေဟာ သမုဒ္ဒရာလေးစင်းထက်မက များလွန်းလှတယ်။ ချစ်သမီးပဋာစာရီ ဘာကြောင့် သင်သည် သတိမေ့ပြီး မေ့လျော့နေရတာလဲ…တဲ့။

ဒီလို **သတိပေးလိုက်တဲ့ တရားတော်ရဲ့ အဆုံးမှာပဲ ပဋာစာရီရဲ့ သောကမီးတွေ ငြိမ်းသွားခဲ့တယ်** တို့ပရိသတ်။

အဲဒီလို ပဋာစာရီရဲ့ သောကမီးတွေ ငြိမ်းအေးသွားတဲ့အခါမှာ…

**"န သန္တိ ပုတ္တာ တာဏာယ၊ န ပိတာ နာပိ ဗန္ဓဝါ၊**

**အန္တကေနာဓိပန္နဿ၊ နတ္ထိ ဉာတီသု တာဏတာ။**

**"ဧတမတ္ထဝသံ ဉတွာ၊ ပဏ္ဍိတော သီလသံဝုတော၊**

**နိဗ္ဗာနဂမနံ မဂ္ဂံ၊ ခိပ္ပမေဝ ဝိသောဓယေ။"**[၃၆] ဆိုတဲ့…ဘုရားရှင်တို့ရဲ့ သစ္စာလေးပါးနဲ့စပ်တဲ့ တရားတော်ကို ဆက်ပြီး နာယူလိုက်ရတဲ့အခါမှာပဲ သောတာပတ္တိမဂ်ဉာဏ်,ဖိုလ်ဉာဏ်ကို ရရှိသွားခဲ့တယ်။

အဲဒီလို သောတာပန်တည်ပြီး မကြာခင်မှာဘဲ ကိလေသာ, အာသဝေါကုန်ခမ်းပြီး နောင်တစ်ချိန် ဘုရားရှင်ရဲ့ သာသနာတော်မှာ ဝိနည်းဆောင် ဧတဒဂ်ဘွဲ့ကိုပါ ရရှိခဲ့တဲ့ ရဟန္တာထေရ်ရီမကြီး တစ်ပါးအဖြစ် ပရိနိဗ္ဗာန်ဝင်စံ ခန္ဓာဇာတ်သိမ်း ချုပ်ငြိမ်းခဲ့တယ်။

ဒီလို ပရိနိဗ္ဗာနစုတိရဲ့ နောက်ကွယ်မှာ နောက်ထပ်တစ်ဖန် ဘဝခန္ဓာ အသစ်ဖြစ်ခြင်းဆိုတာလည်း မရှိတော့ဘူး။ သို့အတွက် ခန္ဓာ့ဝန်ကို ထပ်ပြီး ဆောင်စရာလည်း မလိုတော့ဘူး။ ဒါကြောင့်မို့လို့…

**"ဘာရာဒါနံ ဒုခံ - ခန္ဓာဆိုတဲ့ ဝန်ထုပ်ဝန်ပိုးကြီးကို ဆောင်ထားရခြင်းက ဆင်းရဲတယ်။"**[၃၇]

---

[၃၆] ဓမ္မ - ၄ - ၁၊ ၄၄၂

**"ဘာရနိက္ခေပနံ သုခံ – ခန္ဓာဆိုတဲ့ ဝန်ထုပ်ဝန်ပိုးကြီးကို ချထားခဲ့နိုင်မှ ချမ်းသာတယ်။"**[၃၃]

ဒီလို ခန္ဓာဆိုတဲ့ ဝန်ထုပ်ဝန်ပိုးကြီးကို ချထားနိုင်ခဲ့ပြီး နိဗ္ဗာန်သို့ စံမြန်းနိုင်စေခြင်းသည် တရားတော်ရဲ့ ဂုဏ်ရည်တစ်ခုဖြစ်တယ်။ ဒါကြောင့် တို့ပရိသတ်ရေ တရားတော်ဆိုတာ...

**"ကြားနာရုံပင် အပူစင်၍**
**ကျင့်လျှင်ချမ်းသာ**
**ကျင့်ပြီးခါလည်း လွန်စွာငြိမ်းချမ်း နိဗ္ဗာန်နန်းနှင့်**
**စခန်းသင့်အောင် မှန်းလင့်ရည်ရော်**
**ကောင်းစွာဟောတော်မူအပ်ပါပေ၏...။**[၃၇]

အခု ဦးပဥ္ဇင်းရွတ်လိုက်တဲ့ လင်္ကာဟာ **သွာက္ခာတဆိုတဲ့ တရားဂုဏ်တော်ရဲ့** အဓိပ္ပာယ်ပဲ တို့ပရိသတ်။ ကဲ...ကြားနာရုံပင် အပူစင်၍ ဆိုတဲ့အတိုင်း တရားတော်ဆိုတာ ကြားနာလိုက်ရရုံနဲ့ အပူစင်တယ် ဆိုတာကို အခုပဋာစာရီ ဝတ္ထုကိုကြည့်။ တရားတော်ကို စပြီး ကြားနာလိုက်ရတာနဲ့ ပဋာစာရီရဲ့ သောကအပူမီးတွေ ငြိမ်းမသွားဘူးလား...။

"ငြိမ်းသွားပါတယ်ဘုရား"

တို့ဒကာကြီးတွေ၊ ဒကာမကြီးတွေ သောကများနေတဲ့ အချိန်မှာ တရားလေးနာလိုက်ရရုံနဲ့ ရင်ထဲမှာ အေးမသွားဘူးလား...။

"အေးသွားပါတယ်ဘုရား"

အေး... ဒီလို ရင်ထဲမှာ အေးသွားတာ အပူတွေ ငြိမ်းသွားလို့။ ဒီလို အပူတွေငြိမ်းအေးသွားစေတာ ဘာရဲ့ဂုဏ်...။

"တရားတော်ရဲ့ ဂုဏ်ပါဘုရား"

ဒါကြောင့် ကြားနာရုံပင်အပူစင်၍လို့ လင်္ကာမှာဆိုထားတာ။

ပြီးတော့...ကျင့်လျှင်ချမ်းသာတဲ့။ တရားတော်ကို ကျင့်နေတဲ့

---

(၃၇) [အရှင်ဇနကာဘိဝံသ ရတနာ့ဂုဏ်ရည်- ၁၀၀]

အချိန်မှာကိုက ချမ်းသာနေတယ်။ ဘယ်လိုချမ်းသာရာ ရသလဲဆိုတော့... တရားနလုံးသွင်းဖူးတဲ့ ဒကာကြီးဒကာမကြီးတွေ သိကြလိမ့်မယ်။ ကမ္မဋ္ဌာန်း အာရုံတစ်ခုကို နလုံးသွင်းနေခိုက် သမာဓိလေးတော်တော်ဖြစ်လာပြီဆိုရင် ခန္ဓာကိုယ်ကြီးက တစ်ခါတည်းပေ့ါပါးပြီး အေးချမ်းလိုက်တာ။ ချမ်းသာ လိုက်တာ။ ဒါဟာ တရားကိုကျင့်နေခိုက် ချမ်းသာတာ။

ဒါကြောင့်မို့လို့ ကျင့်လျှင်ချမ်းသာ...တဲ့။

ဟော...ကျင့်ပြီးခါလည်း **လွန်စွာငြိမ်းချမ်း နိဗ္ဗာန်နန်းနှင့် စခန်းသင့်အောင် မှန်းလင့်ရည်ရော် ကောင်းစွာဟောတော် မူအပ် ပါပေတယ်** တဲ့။ အဲဒီတော့ ကျင့်စဉ်တစ်ခုကို အောင်အောင်မြင်မြင် ကျင့် ပြီးသွားတဲ့အခါ သံသရာဝဋ်ဒုက္ခတွေက လွတ်မြောက်ရာ နိဗ္ဗာန်ရောက် သည့်တိုင်အောင် တရားတော်က ဆောင်ကျဉ်းပေးသွားမှာဖြစ်တယ်။

အခု ပဋာစာရီထေရ်ရီမကြီးကို သာဓကကြည့်ကြမယ်ဆိုရင်... တရားတော်ကို နာကြားလိုက်ရတဲ့အချိန်မှာ သောကအပူမီးတွေ ကင်းဝေး ပြီး ကျင့်ကြံအားထုတ်လိုက်တဲ့ အချိန်မှာလည်း တရားတော်က သံသရာ ဝဋ်ဆင်းရဲ ဒုက္ခမှအပြီးတိုင် လွတ်မြောက်အောင် ထုတ်ဆောင်ပေးခဲ့တဲ့ အတွက် ဒီဘဝမှာပဲ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံမြန်းနိုင်ခဲ့တယ်။

ဒီလို ဘဝကန္တာရာ - **ဘဝတည်းဟူသော ကန္တာရခရီးခဲကြီးမှ**

ဥတ္တာရဏေန စ - **ထုတ်ဆောင်ကယ်တင်တတ်ပါတယ်ဆိုတဲ့ အကြောင်းကြောင့်လည်းကောင်း၊**

အဿာသဒါနေန စ - **သက်သာရာကို ပေးတတ်ပါတယ်ဆိုတဲ့ အကြောင်းကြောင့်လည်းကောင်း၊**

ဓမ္မော - **မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ် ဆယ် တန်သော တရားတော်မြတ်သည်၊**

သရဏံ - **ကြည်ညိုဆည်းကပ်ရာအစစ် အဖြစ်ကြီးဖြစ်ပါ ပေတော့သတည်း။**

"သာဓု၊ သာဓု၊ သာဓုပါဘုရား"

တို့ဒကာကြီး ဒကာမကြီးတွေ **တရားတော်ကို ဘာကြောင့် ကြည်ညိုဆည်းကပ်ရသလဲ** ဆိုတဲ့ **တရားတော်ရဲ့ဂုဏ်ကျေးဇူးကို** အခုလို **လေးလေးနက်နက်သိပါမှ** ဓမ္မေ သရဏံ ဂစ္ဆာမိ လို့ ရွတ်ဆိုရတာ အဓိပ္ပာယ်ရှိမယ်။

ဒါကြောင့်မို့လို့ဒီနေ့ကစပြီးဓမ္မံသရဏံဂစ္ဆာမိလို့ရွတ်ဆိုကြတဲ့အခါ တရား ရတနာရဲ့ဂုဏ်ကျေးဇူးကို မှန်းမျှော်ပြီး ယုံကြည်မှုသဒ္ဓါလေး စွက်ပြီးတော့ ရွတ်ဆိုနိုင်ပါစေလို့ ဦးပဉ္ဇင်းဆန္ဒပြုပါတယ်။

ကဲ...နောက်ထပ်တတိယမြောက် ရတနာတစ်ပါးဖြစ်တဲ့ သံဃာရတနာကို ဆက်ကြရအောင်...။

## သံဃာကိုယုံကြည်ခြင်း။

အဲဒီတော့ ရတနာမြတ်သုံးပါးထဲက သံဃာရတနာကိုရော ဘာကြောင့် ယုံကြည်ကိုးကွယ်တာတုန်းဆိုတဲ့နေရာမှာ... **"အပ္ပကာနမ္ပိ ကာရာနံ ဝိပုလဖလပဋိလာဘကရဏေန သံဃော"**(၃၈)

အပ္ပကာနမ္ပိ ကာရာနံ - **အနည်းငယ်မျှ ပူဇော်ကြ၊** လှူဒါန်းကြ ခြင်းကို ပြုကြကုန်သောသူတို့အား...

ဝိပုလဖလ ပဋိလာဘကရဏေန - **ကြီးကျယ်ဖွံ့ဖြိုး များမြတ်တဲ့ အကျိုးတရားတွေကို** ရအောင် ပြုတတ်သည်၏အဖြစ်ကြောင့်

သံဃော - **သံဃာတော်အပေါင်းသည်**

သရဏံ - **ယုံကြည်ကိုးကွယ်ရာအစစ် အဖြစ်ကြီးဖြစ်တော်မူပါပေသတည်း။**

"သာဓု၊ သာဓု၊ သာဓုပါဘုရား"

အဲဒီတော့ တို့ပရိသတ် သံဃာတော်တွေကို ပူဇော်မှု၊ ပေးကမ်းလှူဒါန်းမှု အနည်းငယ်ပြုရုံမျှနဲ့ ကြီးကျယ်ဖွံ့ဖြိုးများမြတ်တဲ့ အကျိုးတွေကို

---

(၃၈)[ဒီ - ၄ - ၁၊ ၂၀၆]

ရအောင်ပြုပေးတတ်တယ်။ သို့အတွက်ကြောင့် သံဃာတော်တွေသည် ကြည်ညိုခံထိုက်တယ်။ သံဃာတော်တွေသည် ဆည်းကပ်ထိုက်တယ်။

အဲဒီတော့ ဒီနေရာမှာ **ပုဏ္ဏသီဟသူဌေးဝတ္ထု**[၃၉]ကို သာဓကပြုကြရအောင်။ မြတ်စွာဘုရားရှင် သက်တော်ထင်ရှား ရှိစဉ်အခါက ရာဇဂြိုဟ်ပြည်မှာ ပုဏ္ဏဆိုတဲ့ သူဆင်းရဲသားတစ်ယောက် ရှိခဲ့တယ်။ ဘယ်လောက်တောင်ဆင်းရဲသလဲဆိုရင် သူတစ်ပါးအိမ်မှာ သူရင်းငှား အလုပ်ကို လုပ်ကိုင်ပြီး အသက်မွေးရတယ်။

တစ်နေ့ မနက်စောစော သူဆင်းရဲ မောင်ပုဏ္ဏက သူ့သူဌေးရဲ့ လယ်တောထဲမှာ လယ်ထွန်နေခိုက် . . . အဲဒီအချိန်မှာပဲ ဦးပဥ္စင်းတို့ရဲ့ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးကလည်း နိရောဓသမာပတ်မှထပြီး ဒီနေ့ ငါသည် ဘယ်သူ့ကို ချီးမြှောက်ရမလဲလို့ ဆင်ခြင်တော်မူလိုက်တဲ့အခါ မောင်ပုဏ္ဏရဲ့ **ရှေးကောင်းမှု ဥပနိဿယ** ကို မြင်တော်မူတယ်။ မောင်ပုဏ္ဏရဲ့ ဘာကိုမြင်။

"ရှေးကောင်းမှုကို မြင်ပါတယ်ဘုရား"

အဲဒီလို မြင်တော်မူတဲ့အခါမှာ အရှင်သာရိပုတ္တရာ မထေရ်မြတ်က သူဆင်းရဲ မောင်ပုဏ္ဏ လယ်ထွန်ရာအရပ်နဲ့ မနီးမဝေးကို ကြွတော်မူခဲ့တယ်။ အဲဒီလို အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး ကြွလာတာတာကို မြင်လိုက်တဲ့အခါ သူဆင်းရဲမောင်ပုဏ္ဏက လယ်ထွန်တာကို ခဏရပ် အရှင်သာရိပုတ္တရာ အနားကို ချဉ်းကပ်ပြီး ရှိခိုးကန်တော့တယ် . . . တဲ့။ အရှင်သာရိပုတ္တရာကို မြင်တော့ မောင်ပုဏ္ဏဘာလုပ် . . .။

"လယ်ထွန်တာကိုရပ်ပြီး သွားရောက်ရှိုးခိုးခဲ့ပါတယ်ဘုရား"

အဲဒီလို အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးထံကို မောင်ပုဏ္ဏက ချဉ်းကပ်ရှိခိုးတော့ အရှင်သာရိပုတ္တရာက ရေကိုအလိုရှိတဲ့အတွက် မောင်ပုဏ္ဏက ရေနဲ့ဒန်ပူကို လှူလိုက်တယ်။

---

[၃၉] [အံ - ၄ - ၁၊ ၃၄၂ - ၃၄၃ - ၃၄၄]

အဲဒီလို မောင်ပုဏ္ဏလှူဒါန်းလိုက်တဲ့ ရေနဲ့ဒန်ပူကို သုံးဆောင်ပြီးတဲ့ နောက်မှာ အရှင်သာရိပုတ္တရာမထေရ်မြတ်က ဆွမ်းခံဆက်ကြွသွားတယ်။ အဲဒီလို ဆွမ်းခံဆက်ကြွသွားတဲ့လမ်းမှာပဲ မောင်ပုဏ္ဏအတွက် နေ့လယ်စာ ထမင်းလာပို့တဲ့ မောင်ပုဏ္ဏရဲ့ဇနီးက အရှင်သာရိပုတ္တရာကို တွေ့မြင်လိုက်ရ တဲ့အခါမှာ...

**"အညေသု ဒိဝသေသု မယှံ ထေရံ ဒိသွာ ဒေယျဓမ္မော န ဟောတိ ဒေယျဓမ္မေ သန္တေပိ မမ အယျံ န ပဿာမိ၊ အဇ္ဇ ပန ဒွိန္နမ္ပိ သမ္မုခီဘာဝေါ ဇာတော"** (၃၉) တဲ့။

ဒီပါဠိရဲ့ အဓိပ္ပာယ်က **ယခင်နေ့တွေက ငါဟာ မထေရ်မြတ်ကို တွေ့ရတဲ့အချိန်မှာ လှူဖွယ်ဝတ္ထုက မရှိဘူး။ ငါ့မှာ လှူဖွယ်ဝတ္ထုရှိတဲ့ အခါကျပြန်တော့လည်း မထေရ်မြတ်ကို မတွေ့ရဘူး။ ဒီနေ့တော့ ဖြင့် ငါ့မှာလှူဖွယ်ဝတ္ထုကလည်း အသင့်ရှိနေပြီ။ မထေရ်မြတ်ကို လည်း ငါတွေ့ရပြီ။**

ဒီလိုတွေးပြီး သူ့ရဲ့အိမ်ရှင်ယောကျ်ား မောင်ပုဏ္ဏအတွက် ဆောင်ယူလာတဲ့ နေ့လယ်စာကို အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးရဲ့ သပိတ်ထဲကို စေတနာထက်သန်စွာဖြင့် လောင်းလှူလိုက်တယ်။ တို့ပရိသတ် မောင်ပုဏ္ဏရဲ့ဇနီးက အရှင်သာရိပုတ္တရာမထေရ်မြတ်ကို လောင်းလှူလိုက်တဲ့ဆွမ်းဟာ ဘယ်သူ့အတွက် နေ့လယ်စာ...။

"မောင်ပုဏ္ဏအတွက် နေ့လယ်စာပါဘုရား"

အေး...အဲဒီလို သူ့ဇနီးက မောင်ပုဏ္ဏရဲ့ နေ့လယ်စာကို အရှင် - သာရိပုတ္တရာမထေရ်မြတ်ထံ ဆွမ်းအဖြစ်လောင်းလှူပြီး ဘယ်လို ဆုတောင်းသလဲ ဆိုတော့ **"အခုလို ဆင်းဆင်းရဲရဲ အသက်မွေး နေရတဲ့ဘဝက လွတ်မြောက်ရပါလို၏"** ဟု ဆုတောင်းလိုက်တယ်။ အဲဒီလိုဆုတောင်းတော့ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးကလည်း " **သင်ရဲ့အလိုဆန္ဒပြည့်စေ**" လို့ ဆုပေးပြီး ပြန်ကြွသွားတယ်။

အဲဒီလို အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးထံမှာ မောင်ပုဏ္ဏတို့

ဇနီးမောင်နှံနှစ်ယောက် ကောင်းမှုကုသိုလ် ပြုပြီးတဲ့နောက် တို့ပရိသတ် သိကြတဲ့အတိုင်း မောင်ပုဏ္ဏထွန်ထားတဲ့ လယ်ထဲက မြေသားတွေက ရွှေသားအတိ ဖြစ်သွားတယ်။ မောင်ပုဏ္ဏထွန်ထားတဲ့ လယ်ထဲက မြေတွေ ဘာဖြစ်သွား...။

"ရွှေသားတွေ ဖြစ်သွားပါတယ်ဘုရား"

အဲဒီအချိန်မှာ မောင်ပုဏ္ဏက သူ့ဇနီးကို ဒီလိုပြောတယ်။

**"ဘဒ္ဒေ အညေသံ ဝပိတဗီဇံ နာမ တီဟိ ဝါ စတူဟိဝါမာ သေဟိ ဖလံ ဒေတိ အမှာကံ ပန အယျဿ သာရိပုတ္တတ္ထေ- ရဿ အန္တရေ ရောပိတေန သဒ္ဓါ ဗီဇေန အဇ္ဇေဝ အဝဿံ ဖလံ ဒိန္နံ"(၃၉)**

**"ရှင်မ သူတစ်ပါးတွေ စိုက်ပျိုးတဲ့ မျိုးစေ့ဟာ သုံးလေးလကြာမှ အသီးအပွင့်ကို ဖြစ်စေတယ်။ အရှင်သာရိပုတ္တရာ မထေရ်မြတ်ထံ ဒီနေ့ ငါတို့ စိုက်ပျိုးလိုက်တဲ့ သဒ္ဓါဆိုတဲ့ မျိုးစေ့ဟာ ဒီနေ့ပဲ အသီးအပွင့်ဆိုတဲ့ အကျိုးကို ပေးတယ်။**

အဲဒီတော့ ဒီနေရာလေးမှာ တို့ပရိသတ် မောင်ပုဏ္ဏတို့ စိုက်ပျိုးလိုက်တာ ဘာမျိုးစေ့...။

"သဒ္ဓါဆိုတဲ့မျိုးစေ့ပါဘုရား"

ဒီတော့ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးဆိုတာ ရတနာသုံးပါးထဲက **သံဃာရတနာ**။ ဘာရတနာ...။

"သံဃာရတနာပါဘုရား"

ဒါကြောင့် **မောင်ပုဏ္ဏတို့ ဇနီးမောင်နှံနှစ်ယောက်ရဲ့ စိတ်အစဉ်မှာ ဖြစ်ခဲ့တဲ့သဒ္ဓါက ရတနတ္တယသဒ္ဓါ**။ တို့ပရိသတ် ဘာသဒ္ဓါ...။

"ရတနတ္တယသဒ္ဓါ ပါဘုရား"

အေး...အဲဒီလို ရတနာသုံးပါးထဲက သံဃာရတနာဖြစ်တဲ့ **သံဃာတော်ကို ပူဇော်လှူဒါန်းရတဲ့ အနည်းငယ်သော ကောင်းမှုက**

ကြီးကျယ်,ဖွံ့ဖြိုး, များမြတ်တဲ့အကျိုးကို ပေးတယ်ဆိုတာ ထင်ရှားမသွား ဘူးလား...။

"ထင်ရှားသွားပါတယ်ဘုရား"

မောင်ပုဏ္ဏတို့ ဇနီးမောင်နှံလှူလိုက်တာက ဆွမ်းတစ်နပ်။ အဲဒီလို ဆွမ်းတစ်နပ်လေး လှူလိုက်ပေမယ့် ရလိုက်တဲ့အကျိုးကတော့ သူဌေး ရာထူးရတဲ့အထိ ချမ်းသာကြွယ်ဝသွားတယ်။ ဘာဖြစ်သွား...။

"ချမ်းသာကြွယ်ဝသွားပါတယ်ဘုရား"

ဒီနေရာမှာ မောင်ပုဏ္ဏတို့ရဲ့ ကောင်းမှုကုသိုလ်က ချက်ချင်း အကျိုးပေးတာနော်။ ဒီလို ချက်ချင်းအကျိုးပေးတဲ့ **ဒိဋ္ဌဓမ္မဝေဒနီယကံဖြစ်ဖို့ အတွက် ပြည့်စုံခြင်း "သမ္ပဒါလေးပါး"** ကိုလည်း မှတ်သားထားသင့်တယ်။

**"စတဿော ဟိ သမ္ပဒါ နာမ - ဝတ္ထုသမ္ပဒါ၊ ပစ္စယသမ္ပဒါ၊ စေတနာသမ္ပဒါ၊ ဂုဏာတိရေကသမ္ပဒါတိ။"**(၄၀)

ဒိဋ္ဌဓမ္မဝေဒနီယကံ ဖြစ်ဖို့အတွက် ပြည့်စုံခြင်း "သမ္ပဒါလေး ပါး" ဆိုတာ...

ဝတ္ထုသမ္ပဒါ- **အလှူခံပုဂ္ဂိုလ်က အနာဂါမ်, ရဟန္တာဖြစ်ခြင်း။**

ပစ္စယသမ္ပဒါ -**တရားသဖြင့် ရှာဖွေစုဆောင်း ရရှိအပ်သော လှူဖွယ်ပစ္စည်းဖြစ်ခြင်း။**

စေတနာသမ္ပဒါ - **မပေးလှူခင်၊ ပေးလှူဆဲ၊ ပေးလှူပြီး နောက် ကာလသုံးပါးမှာ ဝမ်းမြောက်ဝမ်းသာ ဉာဏ်နဲ့ယှဉ်ပြီး လှူဒါန်းသော စေတနာဖြစ်ခြင်း။**

ဂုဏာတိရေကသမ္ပဒါ -**အလှူခံပုဂ္ဂိုလ်၏ နိရောဓသမာပတ်မှ**

---

(၄၀) တတ္ထ နိရောဓသမာပတ္တိရဟော အရဟာ ဝါ အနာဂါမီ ဝါ ဒက္ခိဏေယျော "ဝတ္ထုသမ္ပဒါ" နာမ။ ပစ္စယာနံ ဓမ္မေန သမေန ဥပ္ပတ္တိ "ပစ္စယသမ္ပဒါ" နာမ။ ဒါနတော ပုဗ္ဗေ ဒါနကာလေ ပစ္ဆာ ဘာဂေတိ တီသု ကာလေသု စေတနာယ သောမနဿသဟဂတ ဉာဏသမ္ပယုတ္တဘာဝေါ "စေတနာသမ္ပဒါ" နာမ။ ဒက္ခိဏေယျဿ သမာပတ္တိတော ဝုဋ္ဌိတဘာဝေါ "ဂုဏာတိရေကသမ္ပဒါ" နာမာတိ။ [ဓမ္မ - ၄ - ၂၊ ၅၉]

ထခြင်း...ဆိုတဲ့ သမ္ဗဒါလေးပါး။ တို့ပရိသတ် သမ္ဗဒါဘယ်နှစ်ပါး...။

"လေးပါးပါဘုရား"

ဒီတော့...မောင်ပုဏ္ဏတို့ဇနီးမောင်နှံရဲ့ကောင်းမှုကုသိုလ်ဟာ ဒီလို ဒိဋ္ဌဓမ္မဝေဒနီယကံဖြစ်ဖို့ အကြောင်းလေးပါးပြည့်စုံတဲ့အတွက် ချက်ချင်း အကျိုးပေးတာ။ ကဲ...တို့ပရိသတ် မောင်ပုဏ္ဏတို့ရဲ့ ကောင်းမှုကုသိုလ်ကို ကြည့်ကြရအောင်...။

မောင်ပုဏ္ဏတို့ဇနီးမောင်နှံရဲ့ ဆွမ်းကိုအလှူခံတဲ့ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးဟာ **ဝတ္ထုသမ္ဗဒါဆိုတဲ့ ရဟန္တာပုဂ္ဂိုလ်** ဖြစ်မနေဘူးလား တို့ပရိသတ်...။

"ဖြစ်နေပါတယ်ဘုရား"

နောက်တစ်ချက်...မောင်ပုဏ္ဏတို့ဇနီးမောင်နှံဟာ သူတစ်ပါးရဲ့ သူရင်းငှားအလုပ်ကို ရိုးသားစွာလုပ်ကိုင်ပြီး သမ္မာအာဇီဝကျကျနဲ့ အသက် မွေးနေတာ။ ဒီတော့ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးကို လှူဒါန်းလိုက် တဲ့ ဆွမ်းတစ်နပ်ဟာ **ပစ္စယသမ္ဗဒါဆိုတဲ့ တရားသဖြင့်ရှာဖွေစုဆောင်း ရရှိအပ်တဲ့ပစ္စည်း** ဖြစ်မနေဘူးလား...။

"ဖြစ်နေပါတယ်ဘုရား"

နောက်ပြီးတော့...သူတို့ဟာ မလှူရသေးခင် အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးကို မြင်လိုက်ရတဲ့ အချိန်ကတည်းက လှူခွင့်ရတော့မယ် ဆိုပြီး ဝမ်းမြောက်နေတာ။ လှူနေဆဲမှာလည်း ဝမ်းသာနေကြတာ။ လှူပြီး နောက်မှာလည်း ဝမ်းမြောက်လိုက်ကြတာ။ ဒီအချက်သုံးချက်နဲ့ ပြည့်စုံ တဲ့ သူတို့ရဲ့ အလှူဟာ **စေတနာသမ္ဗဒါဆိုတဲ့ စေတနာနဲ့ပြည့်စုံ** မနေ ဘူးလား။

"ပြည့်စုံနေပါတယ်ဘုရား"

ကဲ...မောင်ပုဏ္ဏတို့ဇနီးမောင်နှံရဲ့ ဆွမ်းကို အလှူခံလိုက်တဲ့ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးက အဲဒီနေ့မှာ နိရောဓသမာပတ်က ထလာတာဆိုတော့ **ဂုဏာတိရေကသမ္ဗဒါဆိုတဲ့ အလှူခံပုဂ္ဂိုလ်၏**

**နိရောဓသမာပတ်မှထခြင်းနဲ့ရော ပြည့်စုံမနေဘူးလား...။**

"ပြည့်စုံနေပါတယ်ဘုရား"

ဒါကြောင့်မို့လို့ အနည်းငယ်မျှသော ပူဇော်လှူဒါန်းမှုကို ပြုရုံနဲ့ ကြီးကျယ်ဖွံ့ဖြိုး များမြတ်သောအကျိုးတွေကို သံဃာရတနာက ပေးတတ်တယ်ဆိုတာ အခုမောင်ပုဏ္ဏတို့ဝတ္ထုက မထင်ရှားဘူးလား...။

"ထင်ရှားပါတယ်ဘုရား"

သံဃာရတနာက အဲဒီလိုကြီးကျယ်ဖွံ့ဖြိုး များမြတ်တဲ့အကျိုး ကို ပေးတတ်တဲ့အတွက်ကြောင့် သံဃာ့ဂုဏ်တော်ကိုးပါးထဲမှာ "**အနုတ္တရံ ပုညက္ခေတ္တံ လောကဿ**" တဲ့။ **သံဃာရတနာဆိုတာ ကောင်းမှုမျိုးစေ့တို့၏ ကြဲချရာ လယ်ယာမြေကောင်း** သဖွယ်ဖြစ်တယ်တဲ့။ တို့ပရိသတ် သံဃာရတနာဆိုတာ ဘာရဲ့ ကြဲချရာလယ်ယာမြေကောင်း...။

"ကောင်းမှုမျိုးစေ့တို့ရဲ့ ကြဲချရာ လယ်ယာမြေကောင်းပါဘုရား"

အေး...အဲဒီလို ရတနာသုံးပါးထဲက တစ်ပါးအပါဝင်ဖြစ်တဲ့ သံဃာရတနာရဲ့ ဒီလိုဂုဏ်ကျေးဇူးကိုသိပြီးမှ သမ္မုတိပရမတ် နှစ်ရပ်သော သံဃာရတနာသည် ကြည်ညိုဆည်းကပ်ရာ အစစ်အဖြစ်ကြီးဖြစ်ပါပေတယ်လို့ ယုံကြည်ချက်သဒ္ဓါတရားနဲ့ သံဃံ သရဏံ ဂစ္ဆာမိလို့ ရွတ်မယ်ဆိုရင် တို့ပရိသတ် ပိုပြီးလေးနက်မသွားဘူးလား...။

"လေးနက်သွားပါတယ်ဘုရား"

ဒီတော့ ... ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးတို့ရဲ့ ဂုဏ်တော်အဓိပ္ပာယ်တွေကို ဝတ္ထုသာဓကတွေနဲ့ ထင်ရှားအောင်ပြုရင်း ဦးပဥ္စင်းတို့ ဟောခဲ့နာခဲ့ကြပြီးပြီ။

ဒီတော့ ရတနာသုံးပါးထဲက ဗုဒ္ဓရတနာဟာ **ဟိတေ ပဝတ္တနေန - အကျိုးစီးပွားကိုဖြစ်စေတတ်၊ အဟိတာ စ နိဝတ္တနေန - အကျိုးစီးပွား မဲ့ခြင်းမှ တားမြစ်တတ်**တဲ့အတွက်ကြောင့် ဘုရားရတနာကို **ကြည်ညို ဆည်းကပ်** ထိုက်တယ်။

အဲဒီလိုပဲ။ ဒုတိယရတနာတစ်ပါးဖြစ်တဲ့ **ဓမ္မရတနာ**ဟာလည်း

တို့ဒကာဒကာမကြီးတွေကို ဘဝကန္တာရခရီးကြမ်းကြီးမှ **ဥတ္တာရဏေန စ – ထုတ်ဆောင်ကယ်တင်တတ်တယ်၊ အဿာသဒါနေန စ – သက်သာရာကို ပေးတတ်ပါတယ်**ဆိုတဲ့ အကြောင်းကြောင့် တရား ရတနာဟာလည်း **ကြည်ညိုဆည်းကပ်ထိုက်တယ်။**

ဟော…တတိယရတနာဖြစ်တဲ့ သံဃာရတနာသည် အနည်းငယ် မျှသော ပူဇော်လှူဒါန်းမှုကိုပြုပေမယ့် **ဝိပုလဖလ ပဋိလာဘကရဏေန –ကြီးကျယ်ဖွံ့ဖြိုး များမြတ်တဲ့ အကျိုးတရားတွေကို ရအောင်ပြုတတ်** တဲ့အတွက်ကြောင့် သမ္မုတိ၊ ပရမတ် နှစ်ရပ်သောသံဃာတော်များသည် **ကြည်ညိုဆည်းကပ်ထိုက်ပါတယ်**လို့ ဒီလို လေးလေးနက်နက် သိပြီးမှ…

**ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ – ဘုရားကို ယုံကြည်သိမှတ်ဆည်းကပ်ပါ၏။**
**ဓမ္မံ သရဏံ ဂစ္ဆာမိ – တရားကို ယုံကြည်သိမှတ်ဆည်းကပ်ပါ၏။**
**သံဃံ သရဏံ ဂစ္ဆာမိ –သံဃာကို ယုံကြည်သိမှတ်ဆည်းကပ်ပါ၏**လို့ သရဏဂုံဆောက်တည်ကြမယ်ဆိုရင် ရတနာသုံးပါးအပေါ်မှာ ယုံကြည်မှု ပိုပြီးခိုင်မြဲမသွားဘူးလား…။

"ခိုင်မြဲသွားပါတယ်ဘုရား"

ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးတို့ရဲ့ ဂုဏ်ကျေးဇူးတော် တို့ကို အခုလို လေးလေးနက်နက်သိပြီး ယုံကြည်ခြင်းသဒ္ဓါတရားကို တည်ဆောက်နိုင်ပြီဆိုရင် တို့ဒကာကြီးတွေ ဒကာမကြီးတွေရဲ့စိတ်အစဉ်မှာ သဒ္ဓါရဲ့ ပထမအမျိုးအစားဖြစ်တဲ့ ရတနတ္တယသဒ္ဓါ ခိုင်မြဲစွာတည်ပြီ။

အဲဒီလို ရတနာသုံးပါးအပေါ်မှာ ခိုင်မြဲတဲ့ ယုံကြည်ခြင်းသဒ္ဓါတရား နဲ့ ဦးပဥ္စင်းတို့ သာသနာတော်ကြီးလည်း အရှည်တည်တံ့ဖို့ရာ ဆရာဒကာ လက်တွဲညီစွာနဲ့ ရှေ့ဆက်ကြ ရအောင်…။

"မှန်လှပါဘုရား"

အခု…ရတနတ္တယသဒ္ဓါပြီးတော့…

နောက် သဒ္ဓါတစ်မျိုးဖြစ်တဲ့ ကမ္မဖလသဒ္ဓါအကြောင်းကို ဆက်ပြီး

ဟောကြနာကြရအောင်...။

## ကမ္မဖလသဒ္ဓါ

သဒ္ဓါနှစ်မျိုးမှာ အစပြောခဲ့တာက ရတနတ္တယသဒ္ဓါ။

နောက် သဒ္ဓါတစ်မျိုးက ဘာတဲ့တုန်း...။

"ကမ္မဖလသဒ္ဓါပါဘုရား"

ဒါကတော့ ကံနှင့်ကံရဲ့အကျိုးကို ယုံကြည်တဲ့သဒ္ဓါ။ ဘာသဒ္ဓါ....။

"ကံနှဲ့ကံ၏အကျိုးကို ယုံကြည်ခြင်းသဒ္ဓါပါဘုရား"

ဦးပဉ္ဇင်းတို့ ဗုဒ္ဓဘာသာသူတော်ကောင်းတွေမှန်ရင် ဒီလို ကံနဲ့ ကံ၏အကျိုးကို ယုံကြည်ခြင်း ကမ္မဖလသဒ္ဓါကတော့ အခြေခံအားဖြင့် ရှိပြီး သားပဲ။ တိုပ့ရိသတ်ရော ကံနဲ့ ကံရဲ့အကျိုးကို ယုံကြည်ကြရဲ့လား...။

"ယုံကြည်ပါတယ်ဘုရား"

အေး...ဒါပေမဲ့ သာမန်ပုထုဇဉ်တွေမှာတော့ ကံနဲ့ကံရဲ့အကျိုးကို ယုံကြည်တယ်ဆိုတဲ့ အဲဒီလိုကမ္မဖလသဒ္ဓါတရား ရှိပင်ရှိငြားသော်လည်း အားမကောင်းဘူး။ ဘာမဖြစ်ဘူးလဲ...။

"အားမကောင်းပါဘူးဘုရား"

အေး... အားမကောင်းဘူး။ ဒီကမ္မဖလသဒ္ဓါဆိုတဲ့ ကံနဲ့ကံရဲ့ အကျိုးကို ယုံကြည်ခြင်းက ဘယ်ရောက်မှ အားကောင်းသလဲ ဆိုတော့ . . . ရုပ်တရားနာမ်တရားတို့ကို ပရမတ္ထဉာဏ်အမြင်စိုက်သည့်တိုင်အောင် သိပြီးမြင်ပြီးတဲ့နောက် ထိုရုပ်နာမ်ဓမ္မသင်္ခါရတရားတို့ကို ဖြစ်ပေါ်စေတတ်တဲ့ အကြောင်းတရားတို့ကို သိမ်းဆည်းခြင်း ပစ္စယပရိဂ္ဂဟ ဉာဏ် ရရှိတဲ့ သူတော်ကောင်းတစ်ယောက်၏ သန္တာန်၌သာလျှင် ကံနဲ့ကံ၏ အကျိုးကို ယုံကြည်ခြင်းဆိုတဲ့ ကမ္မဖလသဒ္ဓါက အားကောင်းတယ်။ ပစ္စယ ပရိဂ္ဂဟဉာဏ်ရရှိတဲ့ သူတော်ကောင်းတစ်ယောက်၏ သန္တာန်မှာ ဘာသဒ္ဓါ အားကောင်းသလဲ...။

"ကမ္မဖလသဒ္ဓါအားကောင်းပါတယ်ဘုရား"

အေး...အဲဒီလို ပစ္စယပရိဂ္ဂဟဉာဏ်ရရှိတဲ့ သူတော်ကောင်းတစ်ယောက်သည်သာလျှင် ဒီဘဝဒီခန္ဓာဆိုတဲ့ ရုပ်နာမ်ဓမ္မသင်္ခါရတွေကို ဖြစ်ပေါ်စေတတ်တဲ့ အကြောင်းတရားကို သမ္မာဒိဋ္ဌိဉာဏ်ပညာနဲ့ ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်တဲ့အတွက်ကြောင့် ကောင်းကံတွေက ကောင်းကျိုးကို ပေးတယ်၊ မကောင်းကံတွေက မကောင်းကျိုးကို ပေးတယ်ဆိုတဲ့ ကံနဲ့ကံ၏ အကျိုးအပေါ်မှာ ယုံကြည်ခြင်း **ကမ္မဖလသဒ္ဓါကအားကောင်းတယ်။** ဒါကြောင့် အဲဒီလို ကမ္မဖလသဒ္ဓါအားကောင်းပြီး ပစ္စယပရိဂ္ဂဟဉာဏ်ရရှိတဲ့ သူတော်ကောင်းတစ်ယောက်ဟာ...

**"ကင်္ခါဝိတရဏ ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာ ပန္နော နာမ ဟောတိ"**[၄၁]

ကင်္ခါဝိတရဏ ဉာဏေန - ဤအကြောင်းတရားတို့ကို သိမ်းဆည်းခြင်း **ပစ္စယပရိဂ္ဂဟဉာဏ်နှင့်**

သမန္နာဂတော - ပြည့်စုံသော

ဝိပဿကော - **ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းအားထုတ် သောယောဂါဝစရပုဂ္ဂိုလ်သည်**

ဗုဒ္ဓသာသနေ - **ဗုဒ္ဓမြတ်စွာ သာသနာတော်အတွင်း၌**

လဒ္ဓဿာသော - **ရအပ်သော သက်သာရာရှိသည်**

လဒ္ဓပတိဋ္ဌော - **ရအပ်သော ထောက်ရာတည်ရာရှိသည်**

နိယတဂတိကော - **မြဲသောဂတိရှိသည်**

စူဠသောတာပန္နောနာမ - **စူဠသောတာပန်မည်သည်**

ဟောတိ - **ဖြစ်လေတော့သတည်း။**

"သာဓု၊ သာဓု၊ သာဓုပါဘုရား"

---

[၄၁] [ဝိသုဒ္ဓိမဂ် - ၂၊ ၂၄၀]

တို့ပရိသတ် အခုလို ပစ္စယပရိဂ္ဂဟဉာဏ် ရရှိတဲ့သူတော်ကောင်း တစ်ယောက်ဟာ သာသနာတော်မှာ **လဒ္ဓဿာသော - သက်သာရာရ သွားပြီတဲ့။ လဒ္ဓပတိဋ္ဌော - ထောက်ရာတည်ရာလည်း ရသွားပြီ၊ နိယတဂတိကော - ဂတိလည်းမြဲသွားပြီ၊ စူဠသောတာပန္နောနာမ - စူဠသောတာပန်လည်း** မည်ပြီ။ တို့ပရိသတ်ရေ အဲဒီလို ပစ္စယ-ပရိဂ္ဂဟဉာဏ်ရမှ ဂတိမြဲတယ်။ ဘာမြဲတာလဲ။

"ဂတိမြဲပါတယ်ဘုရား"

အဲဒီလို ဂတိမြဲတယ်ဆိုတာ ဒီဘဝကထောက် ဒုတိယ မြောက်ဘဝ အပါယ်လေးပါးကို မကျရောက်တော့ဘူး။ စူဠသောတာပန် ဖြစ်သွားပြီ။ အဲဒီလို ဂတိမြဲပြီး စူဠသောတာပန်ဖြစ်တဲ့ ပုဂ္ဂိုလ်ဟာ သာသနာတော်မှာ သက်သာရာရတယ်။ ထောက်ရာတည်ရာရတယ်။ **ဒါဟာ ပစ္စယပရိဂ္ဂဟဉာဏ်ကိုရလို့**။ ဘယ်ဉာဏ်ကိုရလို့...။

"ပစ္စယပရိဂ္ဂဟဉာဏ်ကို ရလို့ပါဘုရား"

အဲဒီလို ပစ္စယပရိဂ္ဂဟဉာဏ်ဆိုတာ ရုပ်နာမ်ဓမ္မသင်္ခါရတွေကို ဖြစ်ပေါ်စေတတ်တဲ့ အကြောင်းတရားတွေကို သိမ်းဆည်းတတ်တဲ့ဉာဏ်။ အဲဒီ ပစ္စယပရိဂ္ဂဟဉာဏ်ရဖို့ ရုပ်နာမ်ဓမ္မသင်္ခါရတွေကို ရှေးဦးစွာသိထားမြင်ထား ရမယ်။ ရုပ်နာမ်ဓမ္မသင်္ခါရတွေကိုမှ မသိမမြင်ထားရင် ထိုရုပ်နာမ်ဓမ္မသင်္ခါရ တွေကို ဖြစ်ပေါ်စေတတ်တဲ့ အကြောင်းတရားတွေကို သိနိုင်မြင်နိုင်ပါ့မလား။

"မသိနိုင်မမြင်နိုင်ပါဘုရား"

ဒါကြောင့် ဦးစွာပထမ ရုပ်နာမ်ဓမ္မ သင်္ခါရတွေကို သိရမယ်။ ဘာကို သိရမယ်...။

"ရုပ်နာမ်ဓမ္မသင်္ခါရတွေကို သိရပါမယ်ဘုရား"

ရုပ်နာမ်ဓမ္မသင်္ခါရဆိုတဲ့အပိုင်းမှာ ဦးပဥ္စင်းတို့ အခုရရှိနေတဲ့ ခန္ဓာကိုယ်ကြီးက ရုပ်တရားတွေနဲ့ တည်ဆောက်ထားတာ။ ဒီလို ရုပ်တရားတွေက ဘယ်ပုံဘယ်ပန်း ဘယ်နည်းလမ်းအားဖြင့် ဖြစ်ပေါ်နေ ကြသလဲဆိုတော့ အဘိဓမ္မာအရပြောရမယ်ဆိုရင် ရုပ်ကလာပ်လေးတွေရဲ့

အပေါင်းအစု အနေနဲ့ဖြစ်နေတာ။ အဲဒီ ရုပ်ကလာပ်လေးတွေက ဘယ်လောက်သေးသလဲဆိုတော့…ပရမာဏုမြူထက် အဆပေါင်းများစွာ သေးငယ်တယ်လို့ ယူဆရတဲ့ အမှုန်အမွှားလေးတွေ။ ဘာလေးတွေ…။

"အမှုန်အမွှားလေးတွေပါဘုရား"

ဒီရုပ်ကလာပ်အမှုန်အမွှားလေးတွေကို ယနေ့မျက်မှောက်ခေတ် ဆေးပညာအယူအဆအရပြောရရင် ဆဲ(လ်) Cell လေးတွေပေါ့။ **အဲဒီဆဲ (လ်) Cell လေးတွေကို ဦးပဥ္စင်းတို့ ပကတိမျက်စိနဲ့မမြင်နိုင်ဘူး။ မိုက်ခရိုစကုပ် Microscope လို့ခေါ်တဲ့ အဏုကြည့်မှန်ပြောင်းနဲ့ကြည့်မှ** မြင်နိုင်မယ်။ ဘာနဲ့ကြည့်မှမြင်နိုင်မယ်…။

"မိုက်ခရိုစကုတ်နဲ့ကြည့်မှ မြင်နိုင်ပါတယ်ဘုရား"

ဒါက ဒီနေ့ခေတ် **ဆေးပညာရှုထောင့်က** ကြည့်တာ။ Medical point of view လို့ခေါ်တာပေါ့။

ဟော…ဦးပဥ္စင်းတို့ ဗုဒ္ဓအဘိဓမ္မာရှုထောင့်က ပြောမယ်ဆိုရင် ပရမာဏုမြူထက် အဆပေါင်းများစွာ သေးငယ်တဲ့ ရုပ်ကလာပ်လေးတွေရဲ့ အပေါင်းအစုကို **သမာဓိရဲ့အကူညီကို ယူပြီးကြည့်မှ သိနိုင်မြင်နိုင်**တယ်။

ဆိုလိုတာကတော့ **သမာဓိရှိမှ အဲဒီရုပ်ကလာပ်လေးတွေကို သိနိုင်မြင်နိုင်မယ်**။ ထိုရုပ်ကလာပ်လေးတွေကို သိပါမြင်ပါမှ ထိုရုပ်ကလာပ် **တစ်ခုတစ်ခုအတွင်းမှာရှိတဲ့ ပထဝီ၊ အာပေါ၊ တေဇော…အစရှိသော ပရမတ္ထဓာတ်သားတွေကို ဓာတ်ခွဲနိုင်မှာ**ဖြစ်တယ်။

အဲဒီ ပရမတ္ထဓာတ်သားတွေကို တစ်လုံးစီတစ်လုံးစီ ဓာတ်ခွဲနိုင်မှ ရုပ်နာမ်ဓမ္မသင်္ခါရတရားတွေကို ပရမတ္ထဉာဏ်အမြင်ဆိုက်သည့်တိုင်အောင် သိနိုင်မြင်နိုင်မယ်လို့ ဦးပဥ္စင်းတို့ရဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဟော ကြားတော်မူထားတယ်။

တို့ပရိသတ် ဒီတရားတွေက ဘယ်သူဟောတဲ့တရား…။

“ဘုရားဟောတဲ့ တရားတွေပါဘုရား”

အေး . . . လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်ကတည်းက ဟောကြားခဲ့တဲ့ ဘုရားရှင်ရဲ့ ဒီတရားဒေသနာတော်တွေဟာ ယနေ့မျက်မှောက်ခေတ် ဆေးပညာ၊ သိပ္ပံပညာတွေရှိချက် သဘောတရားတွေထက်ကိုပဲ ကျော်လွန်နေတယ်။

ယနေ့ခေတ် ရှေ့ပြေးနေတယ်ဆိုတဲ့ ဆေးပညာ၊ သိပ္ပံပညာတွေက ရုပ်တရားလောက်ကိုပဲ ခွဲခြမ်းစိတ်ဖြာနိုင်သေးတယ်။ အဲဒီလို ခွဲခြမ်းစိတ်ဖြာနိုင်တဲ့နေရာမှာ ဆေးပညာအရဆိုရင် ဆဲ(လ်) Cell, သိပ္ပံပညာအရဆိုရင် အက်တ(မ်) Atom, ပရိုတွန် Proton, အီလက်ထရွန် Electron, နျူထရွန် Neutron ဆိုတဲ့ Subatomic Particles ရုပ်ကလာပ်အမှုန်အမွှားလေးတွေလောက်အထိပဲ လေ့လာတွေ့ရှိနိုင်ကြသေးတယ်။ ဒါတောင်မှ ၁၉ ရာစု အကုန်၊ ၂၀ ရာစုအစပိုင်းလောက်မှ တွေ့ရှိခဲ့ကြတာ။ ဦးပဉ္ဇင်းတို့ရဲ့ မြတ်စွာဘုရားရှင်က လွန်ခဲ့သောနှစ်ပေါင်းနှစ်ထောင်ကျော်ကတည်းက သမ္မာဒိဋ္ဌိဉာဏ်ပညာနဲ့ ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်ခဲ့တာ။

**ဒီနေ့ခေတ် သိပ္ပံပညာအရ Subatomic Particles ဆိုတဲ့ ထိုရုပ်ကလာပ်လေးတွေ တစ်ခုတစ်ခုစီဟာ ဦးပဉ္ဇင်းတို့ ဗုဒ္ဓအဘိဓမ္မာမှာတော့ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ . . . စတဲ့ ရှစ်ခု၊ ကိုးခု အစရှိသည်ဖြင့် ရုပ်ပရမတ္ထတရားတို့ရဲ့အပေါင်းအစုဖြစ်တယ်ဆိုတဲ့အထိ နက်နက်နဲနဲ ခွဲခြမ်းစိတ်ဖြာပြီး မြတ်စွာဘုရားရှင်က ဟောကြားထားတော်မူခဲ့တယ်။**

ဒီ ပရမတ္ထဓာတ်သားရှစ်ခုဟာ ရုပ်ကလာပ်တစ်ခုရဲ့ အနည်းဆုံးအဖွဲ့အစည်းဖြစ်တယ်။ တချို့တချို့ရုပ်ကလာပ်တွေမှာတော့ ပရမတ္ထဓာတ်သား ကိုးခု၊ ဆယ်ခု...စသည်အထိ ရှိကြတယ်။ ဒီလို ရုပ်ကလာပ်တစ်ခုစီတစ်ခုစီမှာရှိတဲ့ ပရမတ္ထဓာတ်သားတွေကို ခွဲခြမ်းစိတ်ဖြာနိုင်ဖို့ဆိုတာ ဦးပဉ္ဇင်းတို့ ရှေ့မှာပြောခဲ့တဲ့ **သမာဓိရှိမှ** ခွဲခြမ်းစိတ်ဖြာ သိနိုင်မှာ။

ဒါကြောင့်မို့လို့ ဘုရားရှင်က သမာဓိသုတ္တန်[၄၂] မှာ...

"သမာဓိံ ဘိက္ခဝေ ဘာဝေထ။ သမာဟိတော ဘိက္ခဝေ ဘိက္ခု ယထာဘူတံ ပဇာနာတိ"

ဘိက္ခဝေ - သံသရာဘေးကို ရှုတွေးလျှက်ရှိကြကုန်သော ချစ်သားချစ်သမီးတို့...

သမာဓိံ - ဥပစာရအပ္ပနာ နှစ်ဖြာသောသမာဓိကို

ဘာဝေထ - ပွားများအားထုတ်ကြကုန်လော့...

ဘိက္ခဝေ - သံသရာဘေးကို ရှုတွေးလျှက်ရှိကြကုန်သော ချစ်သားချစ်သမီးတို့...

သမာဟိတော - သမာဓိရှိသော

ဘိက္ခု - ရဟန်းတော်သည်

ယထာဘူတံ - ဟုတ်တိုင်းမှန်စွာ

ပဇာနာတိ - ကွဲကွဲပြားပြားသိ၏။

ဣတိ - ဤသို့

ဘဂဝါ - ဘုန်းတော်နေဝန်း ထွန်းလင်းထောက်ပတော်မူပါ ပေထသော မြတ်စွာဘုရားသည်

ဒေသေတိ - ကရုဏာရှေ့ထား မေတ္တာအားဖြင့် ဟောကြား တော်မူခဲ့ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား"

ဒီ သမာဓိသုတ္တန်မှာ သမာဓိထူထောင်ဖို့ကို ဘုရားရှင်က တိုက်တွန်းထားတယ်။ သမာဓိရှိပါမှ ဟုတ်တိုင်းမှန်စွာ သိမယ်မြင်မယ်တဲ့ တို့ပရိသတ်။ ဘာတွေကို ဟုတ်တိုင်းမှန်စွာ သိမြင်မှာလဲဆိုတော့...

ဣဒံ ဒုက္ခန္တိ ယထာဘူတံ ပဇာနာတိ - ဒါဟာ ဒုက္ခသစ္စာပဲလို့ ဟုတ်တိုင်းမှန်စွာသိမယ်။

---

[၄၂] [သံ - ၃၊ ၃၆၃]

အယံ ဒုက္ခသမုဒယောတိ ယထာဘူတံ ပဇာနာတိ - ဤကား ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာပဲလို့ ဟုတ်တိုင်းမှန်စွာ သိမယ်။

အယံ ဒုက္ခနိရောဓောတိ ယထာဘူတံ ပဇာနာတိ - ဤကား ဒုက္ခချုပ်ရာ နိရောဓသစ္စာပဲလို့ ဟုတ်တိုင်းမှန်စွာသိမယ်။

အယံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါတိ ယထာဘူတံ ပဇာနာတိ - ဤကား ဒုက္ခချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်းကျင့်စဉ် မဂ္ဂသစ္စာပဲလို့ ဟုတ်တိုင်းမှန်စွာသိမယ်။

ဒီလို သမာဓိ ထူထောင်နိုင်မှ သစ္စာလေးပါးကို ဟုတ်တိုင်းမှန်စွာ သိနိုင်မြင်နိုင်မှာဖြစ်တယ်။ သမာဓိထူထောင်နိုင်ရင် ဘာကို ဟုတ်တိုင်းမှန်စွာ သိနိုင်မြင်နိုင်. . .။

"သစ္စာလေးပါးကို ဟုတ်တိုင်းမှန်စွာ သိနိုင်မြင်နိုင်ပါမယ်ဘုရား"

ထိုသစ္စာလေးပါးမှာ ဝိပဿနာရဲ့ အရှုခံဖြစ်တဲ့ သစ္စာဆိုတာ. . .

"တတ္ထ ပုရိမာနိ ဒွေ သစ္စာနိ ဝဋ္ဋံ၊ ပစ္ဆိမာနိ ဝိဝဋ္ဋံ။

တေသု ဘိက္ခုနော ဝဋ္ဋေ ကမ္မဋ္ဌာနာဘိနိဝေသော ဟောတိ၊ ဝိဝဋ္ဋေ နတ္ထိ အဘိနိဝေသော"[၄၃] တဲ့။

အဲဒီလို သစ္စာလေးပါးတို့တွင် ရှေ့သစ္စာနှစ်ပါးဖြစ်တဲ့ ဒုက္ခ-သစ္စာနဲ့ သမုဒယသစ္စာက ဝဋ္ဋသစ္စာ။

နောက်သစ္စာနှစ်ပါးဖြစ်တဲ့ နိရောဓသစ္စာနဲ့ မဂ္ဂသစ္စာက ဝိဝဋ္ဋသစ္စာ။ ဒီလိုဝဋ္ဋသစ္စာနဲ့ ဝိဝဋ္ဋသစ္စာ နှစ်ပါးတို့တွင် ရှေ့သစ္စာနှစ်ပါးဖြစ်တဲ့ ဝဋ္ဋသစ္စာသည်သာလျှင် ဝိပဿနာရဲ့ အရှုခံအာရုံဖြစ်တယ်။ ဝိပဿနာ နှလုံးသွင်းရမယ်။ နောက်သစ္စာနှစ်ပါးဖြစ်တဲ့ ဝိဝဋ္ဋသစ္စာကတော့ ဝိပဿနာရဲ့ အရှုခံအာရုံ မဟုတ်တဲ့အတွက် ဝိပဿနာ နှလုံးမသွင်းရဘူး။ ဒါကြောင့် ဝိပဿနာရဲ့ အရှုခံအာရုံက ရှေ့သစ္စာနှစ်ပါး ဖြစ်တဲ့ ဝဋ္ဋသစ္စာ။

---

[၄၃] [အဘိ - ဋ္ဌ - ၂၊ ၁၀၉]

ဘာသစ္စာ...။

"ဝဋ္ဋသစ္စာပါဘုရား"

ရှေ့ဝဋ္ဋသစ္စာနှစ်ပါးဖြစ်တဲ့ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာဟာ ဝိပဿနာရဲ့ အရှုခံအာရုံဆိုတော့ ဒီနေရာမှာ ဝိပဿနာရဲ့ အရှုခံအာရုံ ဖြစ်တဲ့ ဒုက္ခသစ္စာကို...**ဓမ္မစက္កပ္ပဝတ္တနသုတ္တန်**(၄၄) မှာ...

**"သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ"** တဲ့။

ဒါက ဘာကိုပြောတာလဲဆိုတော့...ဝိပဿနာရဲ့ အရှုခံအာရုံ ဖြစ်တဲ့ ဒုက္ခသစ္စာဆိုတာ အကျဉ်းချုပ်အားဖြင့် ပြောရမယ်ဆိုရင်တော့ **ဥပါဒါန်တရားတို့ရဲ့ အာရုံဖြစ်သော ခန္ဓာငါးပါးတဲ့။**

**သမုဒယသစ္စာဆိုတာကတော့ ဓမ္မစက္ကပ္ပဝတ္တနသုတ္တန်အရ ပြောရမယ်ဆိုရင် ဒုက္ခရဲ့ အရင်းခံဖြစ်တဲ့ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ...တဲ့။** ဒါကို **ဝိဘင်းပါဠိတော်**(၄၅) မှာဆိုရင်တော့...

၁။ တဏှာကို သမုဒယသစ္စာ

၂။ ကိလေသာအားလုံးကို သမုဒယသစ္စာ

၃။ အကုသိုလ်အားလုံးကို သမုဒယသစ္စာ။

၄။ အာသဝေါတရားတို့၏ အာရုံဖြစ်သော၊ သံသရာဝဋ်ကို လည်ပတ်စေတတ်သော အလောဘ၊ အဒေါသ၊ အမောဟ ဟူသော ကုသိုလ်မူလသုံးပါးကို သမုဒယသစ္စာ။

၅။ အာသဝေါတရားတို့၏ အာရုံဖြစ်သော၊ သံသရာဝဋ်ကို လည်ပတ်စေတတ်သော ကုသိုလ်တရားအားလုံးကို သမုဒယသစ္စာ...ဆိုပြီး **သမုဒယသစ္စာကို ဒီလို ငါးချက်နဲ့ဟောထားပါတယ်။**

အဲဒီလို ဒုက္ခသစ္စာအမည်ရတဲ့ ခန္ဓာငါးပါး ရုပ်နာမ်တရား၊ **သမုဒယသစ္စာအမည်ရတဲ့ လောဘစတဲ့ သံသရာဝဋ်ကို လည်ပတ်စေ တတ်တဲ့ ကုသိုလ်၊ အကုသိုလ်နာမ်တရား...၊** အဲဒီလို ရုပ်တရား၊

---

(၄၄)[သံ - ၃၊ ၃၆၈။ ဝိ - ၃၊ ၁၄]

(၄၅)[အဘိ - ၂၊ ၁၁၂၊ ၁၁၈]

နာမ်တရားဆိုတဲ့ ခန္ဓာငါးပါးဟာ ဝိပဿနာဉာဏ်ရဲ့ အရှုခံအာရုံဖြစ်တယ်။ ရုပ်တရားနာမ်တရားဆိုတဲ့ ခန္ဓာငါးပါးဟာ ဘာရဲ့အရှုခံအာရုံ...။

"ဝိပဿနာဉာဏ်ရဲ့ အရှုခံအာရုံပါဘုရား"

အဲဒီလို ရုပ်တရား၊ နာမ်တရားဆိုတဲ့ **ခန္ဓာငါးပါးကို မသိမမြင်ရင် ဝိပဿနာရှုလို့မရနိုင်ဘူး။** ခန္ဓာငါးပါးကို မသိမမြင်ရင် ဝိပဿနာရှုလို့ ရနိုင်ပါ့မလား...။

"ဝိပဿနာရှုလို့ မရနိုင်ပါဘူးဘုရား"

ဝိပဿနာမရှုနိုင်ဘဲ သံသရာဝဋ်ဆင်းရဲမှ မလွတ်မြောက်နိုင်ဘူး။

အေး...ဒါကြောင့် **ဝိပဿနာရှုဖို့ရန် ရုပ်တရား၊ နာမ်တရား၊ ခန္ဓာငါးပါးကို သိဖို့မြင်ဖို့ မလိုအပ်ဘူးလား...။**

**"လိုအပ်ပါတယ်ဘုရား"**

ဒါကြောင့်မို့လို့ **ပထမအပရိဇာနနသုတ္တန်**[၄၆] မှာ...

**"သဗ္ဗံ ဘိက္ခဝေ အနဘိဇာနံ အပရိဇာနံ အဝိရာဇယံ အပ္ပဇဟံ အဘဗ္ဗော ဒုက္ခက္ခယာယ"**

ဘိက္ခဝေ - **သံသရာဘေးကို ရှုတွေးလျှက်ရှိကြကုန်သော ချစ်သား၊ ချစ်သမီးတို့...**

သဗ္ဗံ - **အလုံးစုံသော ခန္ဓာငါးပါး၊ ရုပ်နာမ်တရားကို**

အနဘိဇာနံ - အနဘိဇာနန္တော - **ဉာတပရိညာပညာဖြင့် ထိုးထွင်း၍မသိခဲ့သော်၊**

အပရိဇာနံ - အပရိဇာနန္တော - **တီရဏပရိညာပညာဖြင့် ပိုင်းခြား၍မသိခဲ့သော်၊**

အဝိရာဇယံ အပ္ပဇဟံ - **ထိုခန္ဓာငါးပါး ရုပ်နာမ်တရားတို့အပေါ်၌ တွယ်တာမက်မောနေတဲ့ တဏှာတရားကို ပဟာနပရိညာပညာဖြင့် ကင်းပြတ်ရတ်သိမ်းချုပ်ငြိမ်းအောင် မကျင့်နိုင်ခဲ့သော်၊ မပယ်စွန့်**

---

(၄၆)[သံ - ၂၊ ၂၄၉]

**နိုင်ခဲ့သော်၊**

ဒုက္ခက္ခယာယ - **သံသရာဝဋ်ဆင်းရဲဒုက္ခ၏ ကုန်ဆုံးခြင်းငှာ (ဝါ) သံသရာဝဋ်ဆင်းရဲဒုက္ခ၏ကုန်ဆုံးရာ နိဗ္ဗာန်သို့ရောက်ခြင်းငှာ**

အဘဗ္ဗော - **မထိုက်တန်ပါပေ။**

ဣတိ - **ဤသို့**

ဘဂဝါ - **ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူပါပေထသော မြတ်စွာဘုရားသည်**

ဒေသေတိ - **ကရုဏာရှေ့ထား မေတ္တာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။**

"သာဓု၊ သာဓု၊ သာဓုပါဘုရား"

ဒီသုတ္တန်မှာ ဘုရားရှင်က အလုံးစုံသော ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတွေကို . . . ဉာတပရိညာပညာဖြင့် ထိုးထွင်း၍ မသိခဲ့ရင်၊ **တီရဏပရိညာပညာဖြင့်** ပိုင်းခြားပြီးမသိခဲ့ရင်၊ **ပဟာနပရိညာပညာဖြင့်** ကင်းပြတ်ရုတ်သိမ်းချုပ်ငြိမ်းအောင် မကျင့်နိုင်ခဲ့ရင်၊ မပယ်စွန့်နိုင်ခဲ့ရင် သံသရာဝဋ်ဆင်းရဲဒုက္ခမှ လွတ်မြောက်ဖို့ ရန် မထိုက်တန်ဘူးတဲ့ တို့ပရိသတ်။

ဒါကြောင့် **သံသရာဝဋ်ဆင်းရဲဒုက္ခမှ လွတ်မြောက်ချင်တယ်ဆိုရင်** ခန္ဓာငါးပါး ရုပ်နာမ်တရားတွေကို **ဉာတပရိညာပညာဖြင့် ထိုးထွင်းပြီး သိရမယ်။ တီရဏပရိညာပညာဖြင့် ပိုင်းခြားပြီး သိရမယ်။ ပဟာနပရိညာပညာဖြင့် ခန္ဓာငါးပါးရုပ်နာမ်တရားတို့ အပေါ်၌ တွယ်တာမက်မောနေတဲ့ တဏှာတရားကို ကင်းပြတ် ရုတ်သိမ်းချုပ်ငြိမ်းအောင် ကျင့်နိုင်ရမယ်၊ ပယ်စွန့်နိုင်ရမယ်။** တို့ပရိသတ် အချက်ဘယ်နှစ်ချက် . . .။

"သုံးချက်ပါဘုရား"

အဲဒီလို ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့ကို ဉာတပရိညာပညာဖြင့် ထိုးထွင်းသိနိုင်ဖို့၊ တီရဏပရိညာပညာဖြင့် ပိုင်းခြားသိနိုင်ဖို့ရာ၊ ထိုခန္ဓာငါးပါး

ရုပ်နာမ်တရားတို့အပေါ်၌ တွယ်တာမက်မောနေတဲ့ တဏှာတရားကို ပဟာနပရိညာပညာဖြင့် ကင်းပြတ်ရတ်သိမ်းချုပ်ငြိမ်းအောင် ကျင့်နိုင်ဖို့ရာ၊ ပယ်စွန့်နိုင်ဖို့ရာ ရှေ့မှာပြောခဲ့တဲ့ သမာဓိလိုအပ်တယ်။ ဘာကို လိုအပ်သလဲ။

"သမာဓိကို လိုအပ်ပါတယ်ဘုရား"

အေး. . . အဲဒီလို အဓိကလိုအပ်တဲ့ သမာဓိကို ခိုင်ခိုင်မာမာ ထူထောင်နိုင်ဖို့အတွက် ကိုယ်ကျင့်သီလတွေ စင်ကြယ်နေဖို့လိုတယ်။ ကိုယ်ကျင့်သီလတွေ စင်ကြယ်သန့်ရှင်းနေတဲ့ သူတော်ကောင်းသည် သာလျှင် သမာဓိကို ခိုင်ခိုင်မြဲမြဲထူထောင်နိုင်မယ်လို့ နားလည်ထားရမယ်။

ဒီတော့ အကျဉ်းချုပ်ပြောရမယ်ဆိုရင် ဒီလိုသီလကို အခြေခံပြီး သမာဓိထူထောင်တယ်ဆိုတာ အလုံးစုံသော ခန္ဓာငါးပါး ရုပ်နာမ်တရား တို့ကို သိမြင်နိုင်ဖို့။ အဲဒီလို အလုံးစုံသော ခန္ဓာငါးပါးရုပ်နာမ်တရားတို့ကို သိမြင်နိုင်တဲ့ သူတော်ကောင်းသည်သာ သံသရာဝဋ်ဆင်းရဲဒုက္ခကနေ လွတ်မြောက်နိုင်မယ် တို့ပရိသတ်. . .။

အဲဒီလို သံသရာဝဋ်ဆင်းရဲဒုက္ခမှ လွတ်မြောက်ရာဆိုတာ တို့ပရိသတ်အားလုံး သိကြတဲ့ နိဗ္ဗာန်ပဲ။ ဘာတဲ့တုန်း. . .။

"နိဗ္ဗာန်ပါဘုရား"

**အေး. . . အဲဒီလို သံသရာဝဋ်ဆင်းရဲဒုက္ခမှ လွတ်မြောက်ရာ နိဗ္ဗာန်ကို ဆိုက်ရောက်လိုတဲ့ သူတော်ကောင်းဟာ ဝိသုဒ္ဓိခုနစ်ပါးကို မဖြစ်မနေ ဖြည့်ကျင့်ဖို့ရန်လည်း လိုအပ်လာပြန်တယ်။ ဒီနေရာမှာ ဝိသုဒ္ဓိခုနစ်ပါးကို အခြေခံအားဖြင့် သိထားဖို့လိုလိမ့်မယ်။**

ဝိသုဒ္ဓိခုနစ်ပါးဆိုတာ. . .

## ဝိသုဒ္ဓိခုနစ်ပါး

**သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ။ ဉာဏဒဿနဝိသုဒ္ဓိ ဆိုပြီး ဝိသုဒ္ဓိခုနစ်ပါး ရှိတယ်။** ဒီဝိသုဒ္ဓိခုနစ်ပါးဆိုတာ. . .

နိဗ္ဗာန်ကို လိုလားတောင့်တတဲ့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတိုင်း အစဉ်အတိုင်းကျင့်ရမယ့် ကျင့်စဉ်တစ်ခုဖြစ်တယ်။ အဆင့်ကျော်ပြီး ကျင့်လို့မရဘူး တဲ့ပရိသတ်။ ဘယ်လိုကျင့်ရမယ်...။

"အစဉ်အတိုင်းကျင့်ရပါမယ်ဘုရား"

ထိုခုနစ်ပါးထဲက ပထမဖြစ်တဲ့ **သီလဝိသုဒ္ဓိ**ဆိုတာ...ကိုယ်ကျင့်**သီလ၏စင်ကြယ်ခြင်း။**

ဒုတိယဖြစ်တဲ့ စိတ္တဝိသုဒ္ဓိဆိုတာ... နီဝရဏအညစ်ကြေးတွေ **ကင်းစင်သဖြင့် စိတ်၏စင်ကြယ်ခြင်း။**

တတိယဖြစ်တဲ့ ဒိဋ္ဌိဝိသုဒ္ဓိဆိုတာ... ရုပ်နာမ်ပရမတ်၌ ဉာဏ်**အမြင်၏ စင်ကြယ်ခြင်း။**

စတုတ္ထဖြစ်တဲ့ ကင်္ခါဝိတရဏဝိသုဒ္ဓိဆိုတာ... ကံနှင့်ကံ၏ အကျိုး၌ ယုံမှားမှုကို ကျော်လွှားလွန်မြောက်သည့် ဉာဏ်အမြင်၏ **စင်ကြယ်ခြင်း။**

ပဉ္စမဖြစ်တဲ့ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဆိုတာ...မဂ်ဟုတ်သည် မဟုတ်သည်၌ ဉာဏ်အမြင်၏ **စင်ကြယ်ခြင်း။**

ဆဋ္ဌမဖြစ်တဲ့ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဆိုတာ... ကျင့်စဉ်၌ **ဉာဏ်အမြင်၏ စင်ကြယ်ခြင်း။**

သတ္တမဖြစ်တဲ့ ဉာဏဒဿနဝိသုဒ္ဓိဆိုတာ... နိဗ္ဗာန်၌ ဉာဏ်**အမြင်၏ စင်ကြယ်ခြင်း။**

## သီလဝိသုဒ္ဓိ

ဒီတော့...နိဗ္ဗာန်ကို လိုလားတောင့်တတဲ့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတိုင်းဟာ ပထမဖြစ်တဲ့ သီလဝိသုဒ္ဓိကို အရင်ဆုံး ဖြည့်ကျင့်ရမှာဖြစ်တယ်။

**"သီလဝိသုဒ္ဓိနာမ သုပရိသုဒ္ဓံ ပါတိမောက္ခသံဝရာဒိ စတုဗ္ဗိဓံ သီလံ"**(၄၇)တဲ့။ ပါတိမောက္ခသံဝရသီလစသော သီလကြီးလေးပါးကို

ထက်ဝန်းကျင်ဖြူစင်စွာ ဖြည့်ကျင့်ခြင်းကို သီလဝိသုဒ္ဓိလို့ ခေါ်တယ်။ ဒီ သီလကြီးလေးပါးကတော့ သာသနာတော်တွင်းသား ရဟန်းတော်များရဲ့ သီလဝိသုဒ္ဓိ သီလစင်ကြယ်ရေးအတွက် ဖြည့်ကျင့်ရမယ့်သီလတွေဖြစ်တယ်။

လူဝတ်ကြောင် ဒကာကြီးဒကာမကြီးတွေအနေနဲ့ သီလဝိသုဒ္ဓိ ဖြစ်ရေးအတွက်ကတော့ ငါးပါး၊ ရှစ်ပါးစတဲ့ ကိုယ်ကျင့်သီလတွေကို ဖြည့်ကျင့်ရမှာဖြစ်တယ်။

ဒီနေရာမှာ ကိုယ်ကျင့်သီလ ဖြူစင်သန့်ရှင်းဖို့ရာ ကြိုးစားနေတဲ့ ဗုဒ္ဓဘာသာဝင် သူတော်ကောင်းတွေအတွက် သမ္မာအာဇီဝဖြစ်ရေး ဟာလည်း အလေးထားရမယ့် ကဏ္ဍတစ်ခုဖြစ်တယ်။ ဒါကြောင့် ဗုဒ္ဓဘာသာဝင် သူတော်ကောင်းတွေ ရှောင်ကြဉ်ရမယ့် ကုန်သွယ်မှု ငါးမျိုး[၄၈] ကိုလည်း သိထားသင့်တယ်။

**နံပါတ်တစ် – သတ္ထဝဏိဇ္ဇာ ဆိုတဲ့...လက်နက်ရောင်းဝယ်ခြင်း။**

**နံပါတ်နှစ် – သတ္တဝဏိဇ္ဇာ ဆိုတဲ့...လူကုန်ကူးခြင်း။**

**နံပါတ်သုံး – မံသဝဏိဇ္ဇာ ဆိုတဲ့ ... သားငါးတို့ကို မွေးမြူ၍ ရောင်းဝယ်ခြင်း။**

**နံပါတ်လေး – မဇ္ဇဝဏိဇ္ဇာ ဆိုတဲ့ ... သေရည်အရက်မူးယစ် ဆေးဝါးရောင်းဝယ်ခြင်း။**

**နံပါတ်ငါး – ဝိသဝဏိဇ္ဇာ ဆိုတဲ့...အဆိပ်ကိုရောင်းဝယ်ခြင်း။**

ဒီတော့...ဒီလို သမ္မာအာဇီဝမဖြစ်တဲ့ ကုန်သွယ်မှုငါးမျိုးထဲက တစ်မျိုးမျိုးနဲ့ အသက်မွေးဝမ်းကျောင်းပြုနေတဲ့ ပုဂ္ဂိုလ်ဟာ သီလမစင်ကြယ် နိုင်ဘူး။

ဒီလို သီလမစင်ကြယ်တဲ့ ပုဂ္ဂိုလ်ဟာ သီလ ဝိသုဒ္ဓိ ဖြစ်နိုင်ပါဦး မလား။

"မဖြစ်နိုင်တော့ပါ ဘုရား"

---

[၄၇] [ဝိသုဒ္ဓိ - ၂၊ ၂၂၂]

[၄၈] [အံ - ၂၊ ၁၇၃]

ဒါကြောင့်မို့လို့ စားဝတ်နေရေး ရုန်းကန်လှုပ်ရှားနေရတဲ့ လူ့လောကမှာ လူဝတ်ကြောင် ဒကာကြီးဒကာမကြီးတွေ သီလဝိသုဒ္ဓိဖြစ်ရေးအတွက် သမ္မာအာဇီဝမကျတဲ့ ဒီလိုကုန်သွယ်ခြင်းငါးမျိုးနဲ့ အသက်မွေးဝမ်းကြောင်း မပြုမိဖို့ အရေးကြီးတယ်။

ဒီသီလဝိသုဒ္ဓိကတော့ နိဗ္ဗာန်ကိုလိုလားတောင့်တတဲ့ သူတော်ကောင်းတိုင်း အခြေခံဖြည့်ကျင့်ရမယ့် အချက်ပဲဖြစ်တယ်။ ဒါကြောင့်မို့လို့...

**"အသုဒ္ဓသီလော ဒုပ္ပညော စိတ္တေကဂ္ဂံ န ဝိန္ဒတိ။**

**ဝိက္ခိတ္တစိတ္တော နေကဂ္ဂေါ သမ္မာ ဓမ္မံ န ပဿတိ၊**

**အပဿမာနော သဒ္ဓမ္မံ ဒုက္ခာ န ပရိမုစ္စတိ။"**(၄၉) လို့ ဝိနည်းဒေသနာတော်မှာ ဟောကြားတော်မူထားတယ်။ ဒီပါဠိရဲ့ အဓိပ္ပာယ်က...

**"မစင်ကြယ်သည့် သီလရှိသောပုဂ္ဂိုလ်သည် ပညာမရှိသည်ဖြစ်၍ စိတ်၏ငြိမ်သက်တည်ကြည်ခြင်းကို မရနိုင်"**

**"ပျံ့လွင့်သော စိတ်ရှိသောသူသည် များသောအာရုံရှိသည်ဖြစ်၍ သူတော်ကောင်းတရားကို မမြင်နိုင်"**

**"သူတော်ကောင်းတရားကို မမြင်သောသူသည် ဆင်းရဲ- ဒုက္ခမှ မလွတ်မြောက်နိုင်"** တဲ့။

ဒီတော့ ... ဆင်းရဲဒုက္ခကနေ လွတ်မြောက်ချင်ရင် သူတော်ကောင်းတရားကိုမြင်ရမယ်။ သူတော်ကောင်းတရားကို မြင်နိုင်ဖို့ ငြိမ်သက်တည်ကြည်တဲ့ စိတ်ထားရှိရမယ်။ ငြိမ်သက်တည်ကြည်တဲ့ စိတ်ထားရှိဖို့ သီလရှိရမယ်။

ဒါကြောင့် သီလတည်းဟူသော မြေပေါ်မှာရပ်တည်ပြီးမှ သမာဓိကို ထူထောင်ရတယ်လို့ ပြောတာ။ သီလရှိမှ မိမိရဲ့စိတ်ဟာ ငြိမ်သက်တည်

---

(၄၉)[ဝိ - ၄၊ ၄၁၆]

ကြည်မယ်။ ဘာရှိမှ မိမိစိတ်က ငြိမ်သက်တည်ကြည်မှာလဲ…။

"သီလရှိမှပါဘုရား"

အေး…အဲဒီလို မိမိစိတ်ရဲ့ ငြိမ်သက်တည်ကြည်မှုကို သမာဓိလို့ ခေါ်တယ်။ ဒီလို သီလရှိမှ သမာဓိကို ကောင်းစွာထူထောင်နိုင်မယ်။ သီလရှိမှ ဘာကိုကောင်းစွာ ထူထောင်နိုင်မယ်…။

"သီလရှိမှ သမာဓိကို ကောင်းစွာထူထောင်နိုင်ပါမယ်ဘုရား"

ဒါကြောင့် နိဗ္ဗာန်ကို လိုလားတောင့်တတဲ့ သူတော်ကောင်းတိုင်းဟာ **သီလဝိသုဒ္ဓိ** ကို အရင်ဆုံး ဖြည့်ကျင့်ရမှာ ဖြစ်တယ်။ **နိဗ္ဗာန်ကို လိုလားတောင့်တရင် ဘယ်ဝိသုဒ္ဓိက အရင်စပြီး ဖြည့်ကျင့်ရမယ်…။**

**"သီလဝိသုဒ္ဓိကစပြီး ဖြည့်ကျင့်ရပါမယ်ဘုရား"**

ကဲ…သီလဝိသုဒ္ဓိပြီးတော့ ဒုတိယမြောက်ဖြစ်တဲ့ စိတ္တဝိသုဒ္ဓိကို ဆက်ကြရအောင်…။

## စိတ္တဝိသုဒ္ဓိ

**"စိတ္တဝိသုဒ္ဓိ နာမ သဥပစာရာ အဋ္ဌ သမာပတ္တိယော"**[(၅၀)]

**စိတ်၏စင်ကြယ်ခြင်း…စိတ္တဝိသုဒ္ဓိဆိုတာ ဥပစာရသမာဓိနဲ့ တကွ သမာပတ်ရှစ်ပါး**[(၅၁)]ကိုပြောတာ။ အဲဒီလို စိတ္တဝိသုဒ္ဓိအမည်ရတဲ့ ဥပစာရသမာဓိနဲ့တကွ ဈာန်သမာပတ်ရှစ်ပါးကို ရရှိရေးအတွက် သမထကမ္မဋ္ဌာန်းကို ပွားများအားထုတ်ရမယ်။ **စိတ္တဝိသုဒ္ဓိဖြစ်ရေးအတွက် ဘာကမ္မဋ္ဌာန်းကို ပွားများရမယ်။**

**"သမထကမ္မဋ္ဌာန်းကို ပွားများရပါမယ်ဘုရား"**

**သမထကမ္မဋ္ဌာန်း ပွားများအားထုတ်ဖို့ရန်အတွက် ဘုရား**

---

(၅၀) [ဝိသုဒ္ဓိ - ၂၊ ၂၂၂]

(၅၁) ၁-ပထမဈာန်၊ ၂-ဒုတိယဈာန်၊ ၃-တတိယဈာန်၊ ၄-စတုတ္ထဈာန်၊ ၅-အာကာသာနဉ္စာယတနဈာန်၊ ၆-ဝိညာဏဉ္စာယတနဈာန်၊ ၇-အာကိဉ္စညာယတနဈာန်၊ ၈-နေဝသညာ-နာသညာယတနဈာန်။

**ရှင်က ကမ္မဋ္ဌာန်းလေးဆယ်ဟောကြားထားခဲ့တယ်။ သမထကမ္မဋ္ဌာန်း** အားထုတ်ဖို့ရာ...ကမ္မဋ္ဌာန်းဘယ်လောက် ဟောကြားထားခဲ့...။

"လေးဆယ်ပါဘုရား"

အေး...အဲဒီ **သမထကမ္မဋ္ဌာန်းလေးဆယ်ထဲက မိမိကြိုက်နှစ်သက်တဲ့ ကမ္မဋ္ဌာန်းနဲ့ သမာဓိထူထောင်နိုင်တယ်။** သမထကမ္မဋ္ဌာန်းလေးဆယ်မှာ **ဈာန်ရတဲ့ကမ္မဋ္ဌာန်းကသုံးဆယ်**[၅၂] ရှိတယ်။ အဲဒီ သုံးဆယ်သော ကမ္မဋ္ဌာန်းဆိုတာ ကသိုဏ်းဆယ်ပါး၊ အသုဘဆယ်ပါး၊ အာနာပါနဿတိ၊ ကာယဂတာသတိ၊ ဗြဟ္မဝိဟာရလေးပါး၊ အာရုပ္ပလေးပါး...။

**ဈာန်မရတဲ့ ကမ္မဋ္ဌာန်းဆယ်ပါး**[၅၂] ကတော့...ကြွင်း အနုဿတိရှစ်ပါး၊ အာဟာရေပဋိကူလသညာ၊ စတုဓာတုဝဝတ္ထာန်...။

## အာနာပါနကမ္မဋ္ဌာန်းအားထုတ်ပုံ

ကဲ...ဒီနေရာမှာ ကမ္မဋ္ဌာန်းလေးဆယ်ထဲက ဝင်လေထွက်လေကို ရှုမှတ်ရတဲ့ အာနာပါနကမ္မဋ္ဌာန်း အားထုတ်ချင်တဲ့ ဒကာကြီးဒကာမကြီးတွေအတွက် အာနာပါနကမ္မဋ္ဌာန်း အားထုတ်ပုံကို မဟာသတိ-ပဋ္ဌာနသုတ်မှာ ဘုရားရှင်က ဘယ်လိုညွှန်ကြားထားခဲ့သလဲဆိုတာ ဦးပဉ္ဇင်းတို့ ဆက်ပြီးဟောကြ နာကြရအောင်...။

"**ဣဓ ဘိက္ခဝေ ဘိက္ခု အရညဂတော ဝါ ရုက္ခမူလဂတော ဝါ သုညာဂါရဂတော ဝါ နိသီဒတိ ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံ ကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ။ သော သတောဝ အဿသတိ သတောဝ ပဿသတိ**"[၅၃] လို့ ဒီလိုဟောကြားခဲ့တယ်။

ဒီဒေသနာတော်က အာနာပါနကမ္မဋ္ဌာန်းအားထုတ်ချင်တဲ့ သူတော်ကောင်းတွေအတွက် ညွှန်ကြားချက်ပဲ။ ဘယ်လို ညွှန်ကြားထား

(၅၂)[ဝိသုဒ္ဓိ - ၁၊ ၁၀၇]

(၅၃)[ဒီ - ၂၊ ၂၃၁။ မ - ၁ - ၇၀]

သလဲဆိုတော့ . . . **အာနာပါနကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်ချင်တဲ့ သူတော်ကောင်းအတွက် နေရာကို ဦးစွာပထမညွှန်ပြထားတယ်။** ဘာကို ဦးစွာပထမ ညွှန်ပြထား . . .။

"နေရာကို ဦးစွာပထမညွှန်ပြထားပါတယ်ဘုရား"

ဘယ်လိုနေရာတွေက အာနာပါနကမ္မဋ္ဌာန်း အားထုတ်လိုတဲ့ သူတော်ကောင်းအတွက် သင့်လျော်လျောက်ပတ်သလဲဆိုတော့ . . .

**"အရညဂတောဝါ - တောအရပ်ကိုလည်းသွားပါ"** တဲ့။ **"ရုက္ခမူလဂတောဝါ - သစ်တစ်ပင်၊ ဝါးတစ်ရုံအောက်ကိုလည်း သွားပါ"** တဲ့။ **"သုညာဂါရဂတောဝါ - ဆိတ်ငြိမ်ရာအရပ်ကိုလည်း ချဉ်းကပ်ပါ"** တဲ့။ ဒီညွှန်ကြားချက်ကို ကြည့်လိုက်ရင် . . .

တောအရပ်၊ သစ်တစ်ပင်ဝါးတစ်ရုံအောက်၊ ဆိတ်ငြိမ်ရာအရပ် ဆိုတာ လူသူအသံတွေ ကင်းဆိတ်တဲ့ နေရာမျိုးဖြစ်တယ်။ ဒါကြောင့် ဒီသုံးချက်ကို ချုပ်လိုက်ရင် ဝင်လေထွက်လေဆိုတဲ့ အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်ချင်တဲ့ သူတော်ကောင်းဟာ ဆိတ်ငြိမ်တဲ့နေရာကို ရွေးချယ်ရမယ်။ ဘာကြောင့် ဆိတ်ငြိမ်ရာကိုရွေးချယ်ရတာလဲဆိုတော့ . . .

**"သဒ္ဒ ကဏ္ဋကတ္တာ ဈာနဿ - အသံဟာ ဈာန်သမာဓိရဲ့ ဆူးငြောင့်သဖွယ် အန္တရာယ်ဖြစ်ခြင်းကြောင့်"**(၅၄) တဲ့။ ဈာန်သမာဓိရဲ့ အန္တရာယ်ဟာ ဘာတဲ့ . . .။

"အသံပါဘုရား"

အေး . . . ဒါကြောင့် ဆိတ်ငြိမ်ရာနေရာကို ဘုရားရှင်က ညွှန်ပြထားတာ။ ဒါကြောင့် နေရာက အရေးကြီးတယ်လို့ ပြောတာ။ ကိုယ့်ရပ်ထဲရွာထဲ ကိုယ့်အိမ်မှာပဲ တရားအားထုတ်ရင်ရော မရနိုင်ဘူးလားလို့ ခဏခဏ မေးတတ်တဲ့ ဒကာကြီးဒကာမကြီးတွေ သတိပြုကြရမယ် . . .။ ရပ်ထဲရွာထဲမှာဆို လူသူအသံတွေနဲ့ ဆူညံနေတော့ သမာဓိထူထောင်

---

(၅၄)[ဝိသုဒ္ဓိ - ၁၊ ၂၆၁]

နိုင်ဖို့ လွယ်ပါ့မလားဆိုတာ ကိုယ့်ဘာသာစဉ်းစားကြပေတော့...။

အဲဒီလို အာနာပါနကမ္မဋ္ဌာန်း အားထုတ်ဖို့အတွက် ဆိတ်ငြိမ်တဲ့နေရာကို ညွှန်ပြပြီးတဲ့နောက် ဘုရားရှင်က ဣရိယာပုထ်ကို ဆက်ပြီး ညွှန်ကြားတယ်။ တို့ပရိသတ် နေရာပြီးတော့ ဘာကို ထပ်ညွှန်ကြား...။

"ဣရိယာပုထ်ကို ညွှန်ကြားပါတယ်ဘုရား"

ဘယ်လို ဣရိယာပုထ်ကို ဘုရားရှင်က ညွှန်ကြားသလဲဆိုတော့...

**"နိသီဒတိ ပလ္လင်္ကံ အာဘုဇိတွာ - ထက်ဝယ်ဖွဲ့ခွေ၍ထိုင်ပါ"** တဲ့။ အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်ချင်တဲ့ သူတော်ကောင်းဟာ ထိုင်တဲ့ ဣရိယာပုထ်နဲ့ အားထုတ်ရမယ်။ ဘယ်လိုဣရိယာပုထ်...။

"ထိုင်တဲ့ဣရိယာပုထ်နဲ့ပါဘုရား"

ဒါပေမဲ့ ဒီနေရာမှာ လျောင်း,ထိုင်,ရပ်,သွား ဣရိယာပုထ်လေးပါးထဲက ထိုင်တဲ့ဣရိယာပုထ်တစ်မျိုးတည်းနဲ့သာ အာနာပါနကမ္မဋ္ဌာန်းကို အားထုတ်လို့ရတာလားဆိုတော့... ဒီလိုတော့မဟုတ်ဘူး။ အာနာပါနကမ္မဋ္ဌာန်းကို အချိန်ကြာကြာအားထုတ်နိုင်ဖို့ရန် ထိုင်တဲ့ ဣရိ-ယာပုထ်ဟာ အကောင်းဆုံးလို့ ညွှန်ပြထားခြင်းသာဖြစ်တယ်။ အခြားသော ဣရိယာပုထ်တွေနဲ့လည်း ပွားများအားထုတ်လို့ ရနိုင်ပါတယ်။

ဘာကြောင့် ထိုင်တဲ့ဣရိယာပုထ်ဟာ အကောင်းဆုံးလို့ ညွှန်ပြထားတာလဲဆိုတော့... **"စိတ်တွန့်ဆုတ်ခြင်း၊ စိတ်ပျံ့လွင့်ခြင်း မဖြစ်ဖို့ရန်"** [၅၅]တဲ့။ ဘာကြောင့် ထိုင်တဲ့ဣရိယာ ပုထ်ကသာအကောင်းဆုံး...။

"စိတ်တွန့်ဆုတ်ခြင်း၊ စိတ်ပျံ့လွင့်ခြင်း မဖြစ်ဖို့ပါဘုရား"

ကဲ...အခုလို ဣရိယာပုထ်ကို ညွှန်ပြပြီးတဲ့နောက် ကိုယ်ဟန်အနေအထားကို ထပ်ပြီးညွှန်ပြပြန်တယ်။

"ဥဇုံ ကာယံ ပဏိဓာယ - အထက်ပိုင်းခန္ဓာကိုယ်ကို

[၅၅] အလီနာနုဒ္ဓစ္စပက္ခိကံ [ဝိသုဒ္ဓိ - ၁၊ ၂၆၂]

**ဖြောင့်ဖြောင့်မတ်မတ်ထားပါ"** တဲ့။ အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်း အားထုတ်ချင်တဲ့ သူတော်ကောင်းအတွက် အသင့်တော်ဆုံးဖြစ်တဲ့ ထိုင်တဲ့ ဣရိယာပုတ်ကို ရွေးချယ်ပြီး အထက်ပိုင်းကိုယ်ကို ဖြောင့်ဖြောင့်မတ် မတ်ထားရမယ်တဲ့။ ကမ္မဋ္ဌာန်းအားထုတ်တဲ့ ပုဂ္ဂိုလ်ဟာ အထက်ပိုင်းခန္ဓာ ကိုယ်ကို ဘယ်လိုအနေအထားနဲ့ အားထုတ်ရမလဲ...။

"ဖြောင့်ဖြောင့်မတ်မတ်ထားပြီး အားထုတ်ရပါမယ်ဘုရား"

အေး...ဘာကြောင့် အထက်ပိုင်းခန္ဓာကိုယ်ကို ဖြောင့်ဖြောင့်မတ် မတ်ထားရမလဲဆိုတော့...ခန္ဓာကိုယ်က ရှေ့ နောက်, ဝဲ, ယာ တစ်ဖက်ဖက် ကို ကိုင်းညွတ်နေမယ်ဆိုရင် မိမိရဲ့ကိုယ်ခန္ဓာမှာ နာကျင်မှုတွေ ခဏခဏ ဖြစ်ပေါ်လာနိုင်တဲ့အတွက် သမာဓိကို အနှောက်အယှက်ပေးတယ်။ ဒါကြောင့် **အထက်ပိုင်းခန္ဓာကိုယ်ကို ဖြောင့်ဖြောင့်မတ်မတ် ထားရတာ။**

ဒီနေရာမှာ အထက်ပိုင်းခန္ဓာကိုယ်ကို ဖြောင့်ဖြောင့်မတ်မတ် ထားရမယ်ဆိုတာ **တောင့်တောင့်ကြီးထားရမယ်လို့ ဆိုလိုတာမဟုတ် ဘူး။** သက်တောင့်သက်သာနဲ့ အထက်ပိုင်းခန္ဓာကိုယ်က ဖြောင့်မတ် နေရင်ရပြီ။ တောင့်တောင့်ကြီး လုပ်ထားမယ်ဆိုရင် တချို့ယောဂီတွေမှာ ကြာကြာမထိုင်နိုင်ဘဲ အသက်ရှူမဝတာမျိုးလည်း ဖြစ်တတ်တယ်။ ဒါကြောင့် အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်ချင်တဲ့ သူတော်ကောင်းဟာ အထက်ပိုင်းခန္ဓာကိုယ်ကို သက်တောင့်သက်သာနဲ့ ဖြောင့်ဖြောင့် မတ်မတ် အနေအထားလေး ဖြစ်ရင်ရပြီ။

ကဲ...ဒီတော့ အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်ချင်တဲ့ သူတော်ကောင်းအတွက် **ပထမ နေရာအရေးကြီးတယ်။ ဒုတိယ ဣရိယာပုထ်က အရေးကြီးတယ်။ တတိယ ကိုယ်ဟန်အနေအထား မှန်ကန်ဖို့အရေးကြီးတယ်။** တို့ပရိသတ် အချက်ဘယ်နှစ်ချက်...။

"သုံးချက်ပါဘုရား"

ဒါကြောင့် အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်ချင်တဲ့ သူတော်ကောင်းသည် **ပထမက နေရာ**, အေးချမ်းဆိတ်ငြိမ်တဲ့ နေရာကို ရွေးချယ်ပြီး၊ **ဒုတိယက ဣရိယာပုထ်**, ထက်ဝယ်ဖွဲ့ခွေပြီး ထိုင်တဲ့ ဣရိယာပုထ်နဲ့၊ **တတိယက, ကိုယ်ဟန်အနေအထား**, သက်တောင့်သက်သာနဲ့ ခပ်မတ်မတ် ကိုယ်ဟန်အနေအထား ထားပြီးတဲ့အခါ...“ **ပရိမုခံ သတိံ ဥပဋ္ဌပေတွာ - ကမ္မဋ္ဌာန်းအာရုံ၌ သတိကိုရှေးရှုထား**” ရမယ်။

ဒီနေရာမှာ အာနာပါနကမ္မဋ္ဌာန်းကို ပွားများအားထုတ်နေတဲ့ သူတော်ကောင်းတစ်ယောက်အတွက် ကမ္မဋ္ဌာန်းအာရုံဆိုတာ ဝင်လေထွက်လေကို ပြောတာ။ ဝင်လေထွက်လေသည်သာ ကမ္မဋ္ဌာန်းအာရုံလို့ သေသေချာချာ နားလည်ထားရမှာဖြစ်တယ်။ ဒါကြောင့် ဝင်လေထွက်လေကို သတိမြဲအောင်ရှုမှတ်ရမယ်။ ဒီလို ဝင်လေထွက်လေကို အဖန်ဖန် အထပ်ထပ် အောက်မေ့အမှတ်ရနေခြင်းကို အာနာပါနသတိကမ္မဋ္ဌာန်းကို ပွားများအားထုတ်နေခြင်းလို့ ခေါ်တယ်။

**ဒီလို အာနာပါနသတိကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်ချင်တဲ့ ယောဂီသူတော်ကောင်းအတွက် နေရာ၊ ဣရိယာပုထ်၊ ကိုယ်ဟန်အနေအထား . . . ဒီအချက်သုံးချက်ကို ဘုရားရှင်ညွှန်ပြတဲ့အတိုင်း လိုက်နာပြီး ဝင်လေထွက်လေကို အဖန်ဖန်အထပ်ထပ် ရှုမှတ်နေမယ်ဆိုရင် စိတ်တည်ကြည်မှု သမာဓိရလာမယ်။**

သို့သော်...တကယ်လက်တွေ့အားထုတ်တဲ့အပိုင်းမှာ ကြုံတွေ့ရနိုင်တဲ့ အခက်အခဲတချို့ကို တို့ဒကာကြီး၊ ဒကာမကြီးတွေ သတိပြုနိုင်အောင် တစ်ခါတည်း ပြောသွားကြရအောင်...။

## အာနာပါနကမ္မဋ္ဌာန်း၌အခက်ခဲများကိုကျော်ဖြတ်ခြင်း

စတင်အားထုတ်ခါစ ယောဂီတွေမှာ တရားထိုင်ပြီးမကြာခင် နာရီ

ဝက်ဝန်းကျင်မှာ ခန္ဓာကိုယ်က နာကျင်မှုတွေ ထင်ရှားလာတတ်တယ်။ အဲဒီလို နာကျင်လာတဲ့အချိန်မှာ ဣရိယာပုထ်ကို ချက်ချင်းပြောင်း လိုက်တာမျိုး မလုပ်သင့်ဘူး။ ထိုနာကျင်မှုတွေကိုလည်း မိမိစိတ်က လိုက်ပြီး ရှုမှတ်တာမျိုးလည်း မလုပ်သင့်ဘူး။

အကြောင်းကတော့... ယောဂီတွေအနေနဲ့ သမာဓိထူထောင်နေတာဖြစ်တဲ့အတွက် စိတ်ကို အာရုံတစ်ခုတည်းအပေါ်မှာပဲ ထားသင့်တယ်။ ဒါကြောင့် ဝင်လေထွက်လေကို ရှုမှတ်နေစဉ် ခန္ဓာကိုယ်နာကျင်မှုတွေ ဖြစ်လာတဲ့အခါမှာ နာကျင်မှုတွေကိုသည်းခံပြီး ဝင်လေထွက်လေကိုပဲ ကြိုးစားရှုမှတ်နေရမှာ ဖြစ်တယ်။ တို့ပရိသတ် တရားထိုင်နေတုန်း ခန္ဓာကိုယ် နာကျင်မှုတွေ ဖြစ်လာတဲ့အခါ ဘာကိုပဲ ကြိုးစားပြီးမှတ်ရမယ်...။

"ဝင်လေထွက်လေကိုပဲ ကြိုးစားပြီးမှတ်ရပါမယ်ဘုရား"

ခန္ဓာကိုယ် နာကျင်မှုတွေ ဘယ်လိုပဲဖြစ်လာဖြစ်လာ ဘာကြောင့် ဝင်လေထွက်လေကိုပဲ ကြိုးစားပြီး မှတ်ခိုင်းတာလဲဆိုတော့...**စိတ်က တစ်ချိန်တည်းမှာ အာရုံနှစ်ခုကို တစ်ပြိုင်တည်း မသိနိုင်ဘူး။** စိတ်က တစ်ချိန်တည်းမှာ အာရုံနှစ်ခုကို တစ်ပြိုင်တည်းသိနိုင်ရဲ့လား။

"မသိနိုင်ပါဘူးဘုရား"

အေး...အဲဒီလို တစ်ခါတစ်လေမှာ ဝင်လေထွက်လေနဲ့ နာကျင်မှုကို ပြိုင်တူ သိနေတယ်လို့တော့ ထင်တတ်ကြတယ်။ တကယ်တော့ စိတ်ဟာ အချိန်တစ်ခုမှာ အာရုံတစ်ခုတည်းကိုပဲ ယူနိုင်တာ ဖြစ်တယ်။

ဒါပေမဲ့ ဦးပဥ္စင်းတို့ ဒကာကြီးဒကာမကြီးတွေ စိတ်ရဲ့ဖြစ်ပျက်နှုန်းက အင်မတန်မှ မြန်လွန်းတော့ အာရုံနှစ်ခုကို တစ်ပြိုင်တည်းသိတယ်လို့ ထင်နေကြတာ။ ဒီနေရာမှာ စိတ်ရဲ့ဖြစ်ပျက်နှုန်းက ဘယ်လောက်တောင် မြန်သလဲဆိုတော့...

**"ဧကစ္ဆရက္ခဏေ ကောဋိသတသဟဿသင်္ချာ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ [၅၆] - လက်ဖျစ်တစ်တွက်အတွင်းမှာ စိတ်ဟာ ကုဋေ-**

---

[၅၆] [သံ - ၄ - ၂၊ ၂၉၅]

**တစ်သိန်းလောက် ဖြစ်ပြီးချုပ်တယ်**" တဲ့ တို့ပရိသတ် . . .။ လက်ဖျစ် တစ်တွတ်အတွင်းမှာ စိတ်ရဲ့ဖြစ်ပျက်နှုန်း ဘယ်လောက်ရှိ...။

"ကုဋေတစ်သိန်းလောက်ပါဘုရား"

ဒီလို စိတ်ကတစ်ချိန်တည်းမှာ ဝင်လေထွက်လေကိုရော ခန္ဓာကိုယ်နာကျင်မှုကိုရော အာရုံနှစ်ခုကိုပြိုင်တူ မသိနိုင်တဲ့အတွက် **အာနာပါနကမ္မဋ္ဌာန်းရဲ့ အာရုံဖြစ်တဲ့ ဝင်လေထွက်လေကိုပဲ ကြိုးစားပြီး ရှုတ်မှတ်မယ်**ဆိုရင် ခန္ဓာကိုယ်နာကျင်မှုတွေဟာ အလိုလိုပြန်ပြီး ပျောက်သွားလိမ့်မယ်။ တို့ပရိသတ် ခန္ဓာကိုယ်နာကျင်မှုတွေ ဖြစ်လာရင်လည်း ဘာကိုပဲ ကြိုးစားပြီး ရှုမှတ်ရမလဲ...။

"ဝင်လေထွက်လေကိုပဲ ကြိုးစားပြီး ရှုမှတ်ရပါမယ်ဘုရား"

ဒါပေမဲ့ ခန္ဓာကိုယ်နာကျင်မှု ဝေဒနာတွေက အရမ်းပြင်းထန်လာတဲ့ အခါမှာ ဝင်လေထွက်လေကိုမှတ်ဖို့ အနှောက်အယှက် ပေးလာတဲ့အထိ တစ်ခါတစ်လေမှာ ဖြစ်တတ်တယ်။ အဲဒီလို ဝင်လေထွက်လေကို ရှုမှတ်ဖို့ ခက်ခဲလာတဲ့အထိ ခန္ဓာကိုယ်နာကျင်မှုဖြစ်လာပြီ ဆိုရင်တော့... ဝင်လေထွက်လေကို ကြိုးစားပြီး သတိကပ်ကာ ဣရိယာပုထ်ကို ငြင်ငြင်သာသာလေး ပြောင်းသင့်တယ်။ ဣရိယာပုထ် ပြောင်းလိုက်တော့ ခန္ဓာကိုယ်နာကျင်မှုတွေက ပြေလျော့သွားမှာပေါ့။ အဲဒီလို ခန္ဓာကိုယ်နာကျင်မှုတွေ ပြေလျော့သွားတဲ့အခါ မိမိရှုမှတ်ဆဲ ဝင်လေထွက်လေကိုပဲဆက်ပြီး ရှုမှတ်ရင်းနဲ့ သမာဓိကို ထူထောင်ကြရမှာဖြစ်တယ်။

အဲဒီလို ရှုမှတ်နေစဉ်မှာ ခန္ဓာကိုယ်နာကျင်မှုတွေ ဖြစ်တာကိုလည်း ကြုံရသလို နောက်တစ်ခုကြုံရတတ်တာက...**အတွေးတွေ ဝင်လာခြင်းပဲဖြစ်တယ်**။ နောက်ထပ်ကြုံရမယ့် အခက်အခဲက ဘာတဲ့...။

"အတွေးတွေဝင်လာခြင်းပါဘုရား။"

အဲဒီလို ဝင်လေထွက်လေကို ရှုမှတ်နေစဉ် အတွေးတွေဝင်လာတဲ့အခါမှာလည်း တစ်ခါတစ်လေမှ ဝင်လာတဲ့အတွေးမျိုးဆိုရင်တော့ အတွေး

တွေနောက်ကို စိတ်မလိုက်ဘဲ ကမ္မဋ္ဌာန်းအာရုံဖြစ်တဲ့ ဝင်လေထွက်လေမှာပဲ ကြိုးစားပြီး စိတ်ကိုထားသင့်တယ်။ အဲဒီလို ဝင်လေထွက်လေမှာ ကြိုးစားပြီး စိတ်ကိုထားနိုင်ရင် ပေါ်လာတတ်တဲ့ အတွေးတွေဟာ တဖြေးဖြေးပါးသွား၊ ကျဲသွားလိမ့်မယ်။ **အတွေးတွေ ပါးသွားတယ်ဆိုတာ** အတွေးအာရုံတွေ ထင်ထင်ရှားရှားမရှိတော့တာကို ပြောတာ။ တို့ပရိသတ် အတွေးပါးသွားတယ်ဆိုတာ ဘာကိုပြောတာ...။

"အတွေးအာရုံတွေ ထင်ထင်ရှားရှားမရှိတာပါဘုရား"

ဒီနေရာမှာ အတွေးတွေပါးသွားတယ်၊ အတွေးအာရုံတွေ ထင်ထင်ရှားရှား မရှိတော့ဘူးဆိုတာကိုတော့ ရှင်းပြဖို့လိုလိမ့်မယ်။

အာနာပါနကမ္မဋ္ဌာန်းကို ရှုမှတ်အားထုတ်နေချိန်...အစပိုင်းမှာတော့ ရောက်တတ်ရာရာ အတွေးအာရုံတွေက ထင်ထင်ရှားရှား ဖြစ်နေတတ်တယ်။ စိတ်ကလည်း အတွေးအာရုံတွေနောက်လိုက်ပြီး အချိန်ကုန်သွားတတ်တယ်။ ဒါပေမဲ့ သတိကြီးကြီးထားပြီး အဲဒီလိုအတွေးတွေနောက်ကို စိတ်ကလိုက်မသွားဘဲ ဝင်လေထွက်လေအာရုံကိုသာ ကြိုးစားပြီး ရှုမှတ်နေမယ်ဆိုရင် အဲဒီအတွေးအာရုံတွေဟာ ဘာရယ်လို့ မယ်မယ်ရရ မဟုတ်ဘဲ ဖြစ်သွားလိမ့်မယ်။

ဒါပေမဲ့ ဒီအခြေအနေဟာ ဝင်လေထွက်လေ အာရုံတစ်ခုကိုပဲ သိနေတာလားဆိုတော့လည်း မဟုတ်ပြန်ဘူး။ ဘာကိုတွေးလို့ တွေးနေမှန်းမသိတဲ့ အတွေးစလေးတွေလည်း ရှိနေပြန်သေးတယ်။ ဒီလို အခြေအနေမျိုးကို အတွေးပါးသွားတယ်လို့ ပြောတာ။

နောက်တစ်မျိုး... **အတွေးတွေ ကျဲသွားတယ်ဆိုတာ** ဒီလို အတွေးအာရုံတွေနောက်ကို စိတ်ကမလိုက်ဘဲ ဝင်လေထွက်လေ အာရုံကိုပဲ ကြိုးစားရှုမှတ်နိုင်တဲ့အခါ ဘာအတွေးမှမရှိဘဲ ကမ္မဋ္ဌာန်းအာရုံ တစ်ခုတည်းသာ သိနေတဲ့ အချိန်မျိုးတွေ သတိပြုမိလာတတ်ကြတယ်။ ဆိုလိုတာက ငါးမိနစ်၊ ဆယ်မိနစ် စသည်ဖြင့် ဘာအတွေးမှ မရှိဘဲ ကမ္မဋ္ဌာန်းအာရုံ တစ်ခုတည်းကိုပဲ သိနေတာမျိုးပေါ့။ ဒါကို အတွေးတွေ

ကျဲသွားတယ်လို့ခေါ်တယ်။

ဒီလို ကမ္မဋ္ဌာန်းအာရုံဖြစ်တဲ့ ဝင်လေထွက်လေမှာပဲ ကြိုးစားပြီး ရှုမှတ်နေတဲ့အခါ အဲဒီလို အတွေးတွေပါးသွား ကျဲသွားပြီဆိုတာနဲ့ မိမိထူထောင်နေတဲ့ သမာဓိဟာလည်း အားကောင်းလာလိမ့်မယ်။

**နောက်တွေ့နိုင်တဲ့ အခက်အခဲတစ်ခုက** ကမ္မဋ္ဌာန်းအာရုံဖြစ်တဲ့ ဝင်လေထွက်လေကို ကြိုးစားပြီး ရှုမှတ်နေတဲ့အချိန်မှာ **အတွေးတွေ သိပ်များပြီး ဆက်တိုက်ဆိုသလို အတွေးတွေဝင်နေရင်တော့ . . . အဋ္ဌကထာ ဆရာတော်များက**(၅၇) **ရေတွက်တဲ့နည်းကို အသုံးပြုဖို့ ညွှန်ကြားထားတာတွေရှိတယ်။**

ဘယ်လိုရေတွက်ရမလဲဆိုတော့. . . **“ဝင်လေထွက်လေတစ်စုံကို တစ်၊ နောက် ဝင်လေထွက်လေတစ်စုံကို နှစ်”**. . .စသည်အားဖြင့်ရေတွက်ဖို့ ညွှန်ပြကြတယ်။ အဲဒီလို ရေတွက်တဲ့နည်းကို အသုံးပြုတဲ့အခါမှာ. . . **ငါးအောက်လည်း မလျော့ရ၊ တစ်ဆယ်ထက်လည်းမကျော်စေရဘူး။** ဘာကြောင့်လဲဆိုတော့. . .

ငါးအောက်လျော့ပြီး ရေတွက်ရင် **သင်္ချာအရာက ကျဉ်းမြောင်းတော့ ကမ္မဋ္ဌာန်းအာရုံမှာ စိတ်မကျရောက်ဘဲ တုန်လှုပ်နေတတ်**တယ်။ ငါးအောက်လျော့ရင် ဘာဖြစ်တတ်. . .။

“ကမ္မဋ္ဌာန်းအာရုံမှာ **စိတ်မကျရောက်ဘဲ တုန်လှုပ်နေတတ်**ပါတယ်ဘုရား”

တစ်ဆယ်ထက် ကျော်လွန်ပြီးတော့ ရေတွက်ခဲ့ရင်လည်း **သင်္ချာနောက်ကို စိတ်ရောက်ပြီး ကမ္မဋ္ဌာန်းအာရုံမှာ စိတ်မကျရောက်ဘဲ ပျံ့လွင့်နေတတ်**တယ်။ တစ်ဆယ်ထက်ကျော်ရင် ဘာဖြစ်တတ်. . .။

“ကမ္မဋ္ဌာန်းအာရုံမှာ **စိတ်မကျရောက်ဘဲ** ပျံ့လွင့်နေတတ်ပါတယ်ဘုရား”

---

(၅၇) ဂဏနာဋ္ဌေန စ ပဉ္စန္နံ ဟေဋ္ဌာ န ဌပေတဗ္ဗံ။ ဒသန္နံ ဥပရိ န နေတဗ္ဗံ။ [ဝိသုဒ္ဓိမဂ် - ၁၊ ၂၇၀]

ဒါကြောင့် **ငါးနဲ့တစ်ဆယ်ကြား မိမိကြိုက်နှစ်သက်ရာ ဂဏန်းကို ရွေးချယ်ပြီး ရှုမှတ်သင့်တယ်။**

ဥပမာ ဆိုကြစို့…မဂ္ဂင်ရှစ်ပါးကို ပူဇော်တဲ့အနေနဲ့ ရှစ်ဂဏန်းကို ရွေးချယ်မယ်ဆိုရင် ဝင်လေထွက်လေတစ်စုံကို တစ်…စသည်အားဖြင့် "တစ်ကနေ ရှစ်၊ တစ်ကနေ ရှစ်အထိရေတွက်၊ တစ်ကနေရှစ်အတွင်း ငါ့စိတ်ဘယ်မှမရောက်စေရဘူး" လို့ ဆုံးဖြတ်သတ်မှတ်ထားပြီး ရှုပွားမယ်ဆိုရင် ကမ္မဋ္ဌာန်းအာရုံဖြစ်တဲ့ ဝင်လေထွက်လေကို သိခြင်းကလွဲလို့ တခြားအာရုံတွေကို စိတ်မရောက်တော့ဘူး။ ဒီလိုနည်းလမ်းနဲ့ အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်ချင်တဲ့ သူတော်ကောင်းဟာ ဝင်လေထွက်လေမှာ အချိန်ကြာနိုင်သမျှ ကြာအောင်ကြိုးစားပြီး သတိကပ်ထားဖို့ လိုအပ်တယ်။

ဒီနေရာမှာ သတိပြုရမှာက ကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်နေတဲ့ သူတော်ကောင်းဟာ အနာဂါတ်အစီအစဉ်တွေ သိပ်များနေတယ်ဆိုရင် ကမ္မဋ္ဌာန်းအာရုံပေါ်မှာ သတိကမြဲနိုင်မှာမဟုတ်ဘူး။ ဘာတွေသိပ်များနေရင် ကမ္မဋ္ဌာန်းအာရုံပေါ်မှာ သတိမမြဲနိုင်…။

"အနာဂါတ်အစီအစဉ်တွေ သိပ်များနေရင် ကမ္မဋ္ဌာန်းအာရုံပေါ်မှာ သတိမမြဲနိုင်ပါဘုရား"

ဒါကြောင့် ဦးပဥ္စင်းတို့ရဲ့ တရားပြဆရာတော်တွေက **ကမ္မဋ္ဌာန်းအားထုတ်နေတဲ့ ယောဂီတစ်ယောက်အနေနဲ့ အနာဂါတ်အစီအစဉ်တွေကိုလည်း ဖျက်ထားဖို့လိုအပ်တယ်လို့** မိန့်ကြားလေ့ရှိတယ်။

အဲဒီလိုနဲ့ တစ်နာရီခန့် ထိုင်တိုင်းထိုင်တိုင်း ဝင်လေထွက်လေအပေါ်မှာ သတိကပ်နိုင်ပြီဆိုရင် အတိတ်ကကျင်လည်ခဲ့ဖူးတဲ့ အာရုံတွေလည်း ပေါ်မလာနိုင်တော့သလို အနာဂတ်အစီအစဉ်တွေလည်း ဝင်မလာနိုင်တော့ဘူး။ ဒီလိုသာ ဝင်လေထွက်လေဆိုတဲ့ ကမ္မဋ္ဌာန်းအာရုံမှာပဲ သတိမြဲလာပြီဆို ရင် နာကျင်မှုတွေပျောက်ပြီး ခန္ဓာကိုယ်က ပေါ့ပါးလာမယ်။ ချမ်း သာလာမယ်။

ဒီနေရာမှာ အခုလို ကိုယ်ခန္ဓာပေါ့ပါးမှုမျိုး၊ ချမ်းသာမှုမျိုးဖြစ်လာ

သည်ဖြစ်စေ၊ မဖြစ်လာသည်ဖြစ်စေ ကမ္မဋ္ဌာန်းရှုမှတ်တဲ့ သူတော်ကောင်းဟာ နောက်တစ်ဆင့်ကို ဆက်တက်ရမှာဖြစ်တယ်။

ဒါကတော့ အာနာပါနကမ္မဋ္ဌာန်းကို ရှုမှတ်တဲ့ သူတော်ကောင်းဟာ ဝင်လေထွက်လေကို သတိကပ်ထားရမယ့် အခြေခံအဆင့်ပေါ့။

## အာနာပါနကမ္မဋ္ဌာန်းအဆင့်ဆင့်

အဲဒီလို အာနာပါနကမ္မဋ္ဌာန်းကို ရှုမှတ်တဲ့ သူတော်ကောင်းဟာ **ဝင်လေထွက်လေကို ခပ်ကြာကြာ သတိကပ်ထားနိုင်ပြီဆိုရင် ဝင်လေထွက်လေရဲ့အရှည်အတိုကို သိအောင်ကြိုးစားရမှာဖြစ်တယ်။** ဝင်လေထွက်လေကို ခပ်ကြာကြာ သတိကပ်ထားနိုင်ပြီဆိုရင် ဘာကိုသိအောင် ကြိုးစားရမယ်. . .။

"ဝင်လေထွက်လေရဲ့ အရှည်အတိုကို သိအောင်ကြိုးစားရပါမယ်ဘုရား"

ဝင်လေထွက်လေရဲ့ အရှည်အတိုဆိုတာကို ဝိသုဒ္ဓိမဂ်[၅၈]မှာ "**ကာလရဲ့ အစွမ်းအားဖြင့် သိရမယ်**" လို့ ပြောထားတယ်။ ဆိုလိုတာက **ဝင်လေထွက်လေရဲ့ အရှည်အတိုဆိုတာ အချိန်ကာလနဲ့ သတ်မှတ်ရမှာ။** တို့ပရိသတ် ဝင်လေထွက်လေရဲ့ အရှည်အတိုကို ဘာနဲ့သတ်မှတ်။

"အချိန်ကာလနဲ့ သတ်မှတ်ရပါတယ်ဘုရား"

အချိန်ကာလနဲ့ သတ်မှတ်တယ်ဆိုတာ မိမိရှူသွင်းရှူထုတ်လိုက်တဲ့ ဝင်လေထွက်လေက အချိန်ကြာကြာဖြစ်နေရင် ရှည်တယ်လို့ သတ်မှတ်၊ ခပ်မြန်မြန်ဆိုရင်တော့ တိုတယ်လို့ သတ်မှတ်ပေါ့။

ဒီနေရာမှာ ဝင်လေထွက်လေရဲ့ အရှည်အတိုဟာ သဘာဝအတိုင်း ဖြစ်ရမယ်။ ဝင်လေထွက်လေကို သက်သက်ရှည်အောင်၊ သက်သက်တိုအောင်လုပ်ပြီးတော့ မရှူသွင်းမရှူထုတ်ရဘူး။ အသက်ကို

---

[၅၈] ယာ ပန တေသံ ဒီဃရဿတာ၊ သာ အဒ္ဓါနဝသေန ဝေဒိတဗ္ဗာ။[ဝိသုဒ္ဓိမဂ် - ၁၊ ၂၆၃]

သဘာဝအတိုင်း ရှုသွင်း ရှုထုတ်လို့ဖြစ်လာတဲ့ ဝင်လေထွက်လေရဲ့ အရှည်အတိုကိုပဲ ရှုမှတ် ရမယ်။

အဲဒီလို ဝင်လေထွက်လေရဲ့ အရှည်အတိုကို မိမိရှုမှတ်တဲ့ အချိန်တိုင်းမှာ တစ်နာရီလောက် သတိမြဲနေပြီဆိုရင်တော့ နောက်တစ်ဆင့်ဖြစ်တဲ့ **အလုံးစုံသော ဝင်လေထွက်လေအပေါင်းကို သိအောင် ကျင့်ရမှာ**[၁၉] ဖြစ်တယ်။

**အလုံးစုံသော ဝင်လေထွက်လေအပေါင်းဆိုတာ ဝင်လေ ထွက်လေရဲ့ အစ, အလယ်, အဆုံး သုံးပါးလုံးကို ထင်ထင်ရှားရှား သိအောင် ကျင့်ခြင်း** ကိုပြောတာဖြစ်တယ်။ တို့ပရိသတ် အလုံးစုံသော ဝင်လေထွက်လေ အပေါင်းဆိုတာ ဘာကိုပြောတာ . . .။

"ဝင်လေထွက်လေရဲ့ အစ, အလယ်, အဆုံး သုံးပါးလုံးကို ပြောတာပါဘုရား"

အဲဒီလို ဝင်လေထွက်လေရဲ့ အစ, အလယ်, အဆုံး သုံးပါးလုံးကို ထင်ထင်ရှားရှားသိအောင် ကျင့်ခြင်းဆိုတာ...ဦးပဉ္ဇင်းတို့ ဝင်လေထွက်လေ အရှည်အတိုကို သတိကပ်နိုင်ပြီဆိုရင် . . . ဆိုကြပါစို့ ဝင်လေထွက်လေက ခြောက်စက္ကန့်စီကြာမြင့်တယ်ဆိုရင် ရှေ့ရှေ့ကတော့ယောဂီသူတော်ကောင်းဟာ ဝင်လေရဲ့ အစနှစ်စက္ကန့် သို့မဟုတ်၊ အလယ်နှစ်စက္ကန့် သို့မဟုတ်၊ အဆုံး နှစ်စက္ကန့်ကိုသာ သိနေတတ်ကြတယ်။ အခုပြောနေတဲ့ ဝင်လေထွက်လေရဲ့ အစအလယ်အဆုံး သုံးပါးလုံးကို သိအောင် ကျင့်တဲ့အပိုင်းမှာတော့ ထိုဝင်လေရဲ့ စဖြစ်ချိန်ကနေ ဆုံးသွားသည့်တိုင်အောင် ခြောက်စက္ကန့်လုံးကို ထင်ထင်ရှားရှား သိနေခြင်းမျိုး ကို ဆိုလိုတာဖြစ်တယ်။

ဒါကြောင့် . . . ယောဂီ သူတော်ကောင်းဟာ ဝင်လေထွက်လေ စဖြစ်တဲ့ အချိန်ကစပြီး ဆုံးသွားတဲ့အထိ အစ, အလယ်, အဆုံး သုံးပါးလုံးကို သိနေအောင်ကျင့်ရမှာ။

---

[၁၉] [ဝိသုဒ္ဓိမဂ် - ၁၊ ၂၆၅]

အဲဒီလို ကျင့်နိုင်လာပြီဆိုတာနဲ့ **ဝင်လေထွက်လေအပေါ်မှာ သတိမြဲလို့ သမာဓိဖြစ်လာတဲ့အခါ** ဝင်လေထွက်လေအာရုံဟာ တစ်ဖြည်းဖြည်းနဲ့ **သိမ်မွေ့လာလိမ့်မယ်။** ဝင်လေထွက်လေရဲ့ အစ, အလယ်, အဆုံး သုံးပါးလုံးကိုသိရင် ဝင်လေထွက်လေရဲ့ အာရုံဟာ ဘာဖြစ်လာမယ် . . .။

"သိမ်မွေ့လာပါမယ်ဘုရား"

ဒီနေရာမှာ သတိပြုစရာတစ်ခုက ဝင်လေထွက်လေ သိမ်မွေ့လာတဲ့အခါ သိမ်မွေ့တဲ့ဝင်လေထွက်လေနဲ့ မရင်းနှီးသေးတဲ့ ယောဂီမှာ တစ်ခါတစ်လေ ဝင်လေထွက်လေကို ရှာမတွေ့ဘဲ ဖြစ်နေတတ်တယ်။

အဲဒီလို ဝင်လေထွက်လေကို ရှာမတွေ့ဘဲဖြစ်လာခဲ့ရင် စိုးရိမ်ကြောင့်ကျမှုမထားဘဲ ဝင်လေထွက်လေကို နောက်ဆုံးသိခဲ့တဲ့ နေရာလေးမှာပဲ သတိထားပြီး စောင့်မှတ်နေမယ်ဆိုရင် ပျောက်သွားတယ်လို့ထင်ရတဲ့ ထိုသိမ်မွေ့တဲ့ ဝင်လေထွက်လေကို တဖန်ပြန်တွေ့လာမှာဖြစ်တယ်။

**ပျောက်သွားတယ်လို့ထင်ရတဲ့ ဝင်လေထွက်လေကို ပြန်တွေ့ချင်ရင် ဘယ်နေရာကနေ စောင့်မှတ်ရမလဲ တို့ပရိသတ် . . .။**

**"ဝင်လေထွက်လေကို နောက်ဆုံးသိခဲ့တဲ့ နေရာကနေ စောင့်မှတ်ရပါမယ်ဘုရား"**

ဒီနေရာမှာ အဲဒီလို ဝင်လေထွက်လေကို နောက်ဆုံးသိခဲ့တဲ့ နေရာလေးက စောင့်နေလို့မှ ပြန်ရှာမရခဲ့ဘူးဆိုရင် ဆင်ခြင်ရမှာက . . . "**အသက်မရှူတဲ့ ပုဂ္ဂိုလ်ခုနစ်ယောက်**[(၆၀)] ထဲမှာ ငါမပါဘူးလို့ ဆင်ခြင်ပြီး သိမ်မွေ့တဲ့ ဝင်လေထွက်လေကို နောက်ဆုံးတွေ့ခဲ့တဲ့ နေရာမှာပဲ သတိနဲ့ စောင့်နေမယ်ဆိုရင် ဝင်လေထွက်လေကို ပြန်ရှာတွေ့နိုင်မှာဖြစ်တယ်။

---

[(၆၀)] ၁ - အမိဝမ်းတွင်း၌ပဋိသန္ဓေနေဆဲပုဂ္ဂိုလ်၊ ၂ - ရေနစ်နေသောပုဂ္ဂိုလ်၊ ၃ - သတိမေ့လျော့နေသောပုဂ္ဂိုလ်၊ ၄ - သေသောပုဂ္ဂိုလ်၊ ၅ - စတုတ္ထဈာန်ဝင်စားနေသောပုဂ္ဂိုလ်၊ ၆ - ဗြဟ္မာ၊ ၇ - နိရောဓသမာပတ်ဝင်စားနေသောပုဂ္ဂိုလ် [ဝိသုဒ္ဓိမဂ် - ၁၊ ၂၇၅]

အလုံးစုံသော ဝင်လေထွက်လေအပေါင်းဖြစ်တဲ့ ဝင်လေထွက်–လေရဲ့ အစ, အလယ်, အဆုံး သုံးပါးလုံးကို သိအောင်ကျင့်တဲ့အပိုင်းမှာ ထိုင်တိုင်းထိုင်တိုင်း တစ်နာရီခန့် ကမ္မဋ္ဌာန်းရှုမှတ်နိုင်တဲ့ ယောဂီသူတော်ကောင်းဟာ နောက်တစ်ဆင့်ဖြစ်တဲ့ **ဝင်လေထွက်လေကို ငြိမ်အောင်ငြိမ်းအောင် ကျင့်ရမယ်။** ဦးပဉ္ဇင်းတို့ ရှေ့ကပြောခဲ့သလို ဝင်လေထွက်လေက သူ့အလိုလို သိမ်မွေ့မသွားခဲ့ရင် ဒီအပိုင်းမှာ ဝင်လေထွက်လေ သိမ်မွေ့အောင်၊ ငြိမ်အောင်၊ ငြိမ်းအောင် ကြိုးစားပြီး ကျင့်ရမှာဖြစ်တယ်။ ဘယ်လိုကြိုးစားပြီး ကျင့်ရမယ်...။

"ငြိမ်အောင်ငြိမ်းအောင် ကြိုးစားပြီးကျင့်ရပါမယ်ဘုရား"

ရှေ့မှာပြောခဲ့တဲ့ အဆင့်တိုင်းမှာ နိမိတ်ပေါ်နိုင်တယ်။ ဝင်လေထွက်လေ အရှည်အတိုသိအောင် ကြိုးစားတဲ့အပိုင်းမှာလည်း နိမိတ်ပေါ်နိုင်သလို၊ ဝင်လေထွက်လေကို အစ, အလယ်, အဆုံး သုံးပါးလုံးကို သိအောင် ကြိုးစားတဲ့အပိုင်းမှာလည်း နိမိတ်ပေါ်နိုင်တယ်။ အဲဒီလို ရှေ့ပိုင်းအဆင့်တွေမှာ နိမိတ်မပေါ်ခဲ့ရင် အခုဝင်လေထွက်လေကို သိမ်မွေ့အောင်ကြိုးစားတဲ့ အပိုင်းမှာ နိမိတ်ပေါ်လာနိုင်တယ်။

ဒီနေရာမှာ နိမိတ်နဲ့ပတ်သက်လို့ **"နိမိတ်သုံးမျိုး"** ရှိတယ်လို့ နားလည်ထားရမယ်။ နိမိတ်ဘယ်နှစ်မျိုး...။

"သုံးမျိုးပါဘုရား"

အဲဒီနိမိတ်သုံးမျိုးက ဘာတွေလဲဆိုတော့ ... **ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ်...**လို့ သုံးမျိုးရှိတယ်။

**ပရိကမ္မနိမိတ်ဆိုတာ...** မှတ်ခါစ ဝင်လေထွက်လေ အာရုံကို **ပရိကမ္မနိမိတ်**လို့ ခေါ်တယ်။ ထိုကနေတစ်ဆင့် သမာဓိဖြစ်လာတဲ့အခါ ပကတိဝင်လေထွက်လေလေးက **ညစ်ထေးထေးမီးခိုးရောင်သို့ ပြောင်းသွားခဲ့ရင် ဒီလိုညစ်ထေးထေး မီးခိုးရောင်ကလည်း ပရိကမ္မနိမိတ်ပဲဖြစ်တယ်လို့** နားလည်ထားရမယ်။

ထိုပရိကမ္မနိမိတ်ပေါ်မှာ စူးစူးစိုက်စိုက် ရှုမှတ်နိုင်ခဲ့ရင် ညစ်ထေး ထေးမီးခိုးရောင်ကနေ ဝါဂွမ်းစိုင်ကဲ့သို့ ဆွတ်ဆွတ်ဖြူလာမယ်။ ဒါကို ဥဂ္ဂဟနိမိတ်လို့ ခေါ်တယ်။

ထိုဥဂ္ဂဟနိမိတ်အပေါ်မှာ စူးစူးစိုက်စိုက် ရှုမှတ်ခြင်းအားဖြင့် သမာဓိကို ခိုင်ခိုင်မာမာထူထောင်နိုင်ခဲ့ရင် သောက်ရှူးကြယ်ကဲ့သို့ တောက်ပနေသော ဖန်တုံးမှန်တုံးတွေလို အလွန်ကြည်လင်နေသော နိမိတ်ကို ပဋိဘာဂနိမိတ်လို့ခေါ်တယ်။

တို့ပရိသတ် ရှုမှတ်ခါစ ပကတိဝင်လေထွက်လေနဲ့ ညစ်ထေးထေး မီးခိုးရောင်နိမိတ်ကို ဘာနိမိတ်လို့ခေါ်...။

"ပရိကမ္မနိမိတ်လို့ ခေါ်ပါတယ်ဘုရား"

ပရိကမ္မနိမိတ်ကို စူးစူးစိုက်စိုက်ရှုမှတ်လို့ ဝါဂွမ်းစိုင်လို ဆွတ်ဆွတ်ဖြူလာရင် ဘာနိမိတ်လို့ခေါ်...။

"ဥဂ္ဂဟနိမိတ်လို့ ခေါ်ပါတယ်ဘုရား"

ဥဂ္ဂဟနိမိတ်ကို စူးစူးစိုက်စိုက်ရှုမှတ်လို့ ကြည်လင်လာရင် ဘာ နိမိတ်လို့ခေါ်...။

"ပဋိဘာဂနိမိတ်လို့ ခေါ်ပါတယ်ဘုရား"

ဒီလိုနိမိတ်တွေပေါ်ရာမှာ ယောဂီတစ်ဦးနဲ့တစ်ဦးတော့ မတူညီနိုင် ဘူးပေါ့။ တချို့ယောဂီတွေမှာ အစပြောသလို နိမိတ်အဆင့်ဆင့် ပေါ်လာ တတ်သလို တချို့ယောဂီတွေမှာတော့ အလင်းရောင်ကစပြီး ပေါ်လာတာ မျိုးလည်းရှိတတ်တယ်။ အဲဒီအလင်းရောင်က တချို့ယောဂီတွေမှာ မျက်နှာ ရှေ့တည့်တည့် ခပ်လှမ်းလှမ်း ဒါမှမဟုတ် အထက်မှာပေါ်တတ်တယ်။ တချို့ယောဂီတွေမှာတော့ ခန္ဓာကိုယ်ဝန်းကျင်မှာ လင်းနေတာမျိုးတွေ လည်း ဖြစ်တတ်တယ်။ ဒီလို ကိုယ့်ခန္ဓာရဲ့အကွာအဝေးအမျိုးမျိုးမှာပုံသဏ္ဌာန်အမျိုးမျိုးနဲ့ ပေါ်တတ်တယ်။ အဲဒီလို အလင်းရောင်တွေ ပေါ်တဲ့အခါ မူလမိမိမှတ်သားနေတဲ့ ဝင်လေထွက်လေအာရုံကို လွှတ်ပြီး ပေါ်လာတဲ့ အာရုံတွေနောက်ကို လိုက်ပြီးမရှုမှတ်ရဘူး။

ဒီနေရာမှာ **အဋ္ဌကထာဆရာများရဲ့ ညွှန်ပြချက်** [၆၁] ဖြစ်တဲ့ ဝင်လေထွက်လေထိမှုထင်ရှားတဲ့ နေရာမှာ သတိကိုရှေးရှုပြီး ပွားများအားထုတ်တဲ့ သူတော်ကောင်း၏ သန္တာန်၌သာလျှင် အာနာပါနသသတိဘာဝနာကမ္မဋ္ဌာန်းသည် ဈာန်ရသည့်တိုင်အောင် ပြီးပြည့်စုံနိုင်တယ်။

ဒီနေရာမှာ **ဝင်လေထွက်လေထိတဲ့နေရာကနေ စောင့်ပြီး ထိထိသွားတဲ့ လေကိုရှုမှတ်ရမှာ**ဖြစ်တယ်။ ဝင်လေထွက်လေ ထိထိသွားတာကို မှတ်ရမှာမဟုတ်ဘူး။ **ထိထိသွားတဲ့လေကိုသာ မှတ်ရမှာ**။ ဘာကိုမှတ်ရမယ်...။

"ထိထိသွားတဲ့လေကို မှတ်ရပါမယ်ဘုရား"

အဲဒီလို ထိတဲ့နေရာကနေစောင့်ပြီး ဝင်လေထွက်လေကို မှတ်နေရင် ရှေ့ကပြောခဲ့တဲ့ ခန္ဓာကိုယ်ဝန်းကျင်မှာ ပေါ်လာတတ်တဲ့ အလင်းရောင်တွေဟာလည်း ဝင်လေထွက်လေနဲ့ တစ်သားတည်း ဖြစ်သွားလိမ့်မယ်။ အဲဒီလို ဝင်လေထွက်လေနဲ့ တစ်သားတည်းဖြစ်လာပြီဆိုရင် ထိုနိမိတ်အပေါ်မှာ တစ်နာရီ တစ်နာရီခွဲစသည်ဖြင့် စူးစူးစိုက်စိုက် ရှုမှတ်ရပါမယ်။ စွမ်းနိုင်ရင်တော့ နှစ်နာရီ သုံးနာရီပေါ့။ အဲဒီလို နိမိတ်ပေါ်မှာ စူးစူးစိုက်စိုက် ရှုမှတ်နိုင်ပြီဆိုရင် အာနာပါနပဋိဘာဂနိမိတ်ဟာလည်း ပိုပြီးခိုင်မာလာလိမ့်မယ်။

အဲဒီလို ခိုင်မာလာတဲ့ အာနာပါနပဋိဘာဂနိမိတ်အပေါ်မှာ သမာဓိကို ဆက်ပြီးထိန်းထားနိုင်မယ်ဆိုရင်တော့ ဈာန်သမာဓိစိုက်သည့်တိုင်အောင် နက်ရှိုင်းတဲ့သမာဓိကို ရရှိလာမှာဖြစ်တယ်။

ထိုနက်ရှိုင်းတဲ့ အထက်ပိုင်းဈာန်သမာဓိတွေကို ရရှိအောင် အားထုတ်လိုသော သူတော်ကောင်းတွေအနေနဲ့ ဆရာကောင်း သမားကောင်းတွေထံမှာ ချဉ်းကပ်ပြီး ဆက်လက်လေ့လာရမှာဖြစ်တယ်။

ခုလို ဥပစာရသမာဓိ၊ အပ္ပနာဈာန်သမာဓိကို ရရှိအောင်အားထုတ်

---

(၆၁) ဖုဋ္ဌဖုဋ္ဌောကာသေ ပန သတိံ ဌပေတွာ ဘာဝေန္တဿေဝ ဘာဝနာ သမ္ပဇ္ဇတိ။
[ဝိသုဒ္ဓိမဂ် - ၁၊ ၂၇၁]

ပြီးတဲ့ သူတော်ကောင်းဟာ တတိယဝိသုဒ္ဓိဖြစ်တဲ့ ဒိဋ္ဌိဝိသုဒ္ဓိကို တက်လို့ရပြီ။

**ဒိဋ္ဌိဝိသုဒ္ဓိ**

**ရုပ်နာမ်ပရမတ်၌ ဉာဏ်အမြင်၏စင်ကြယ်ခြင်းဆိုတဲ့ ဒိဋ္ဌိ–ဝိသုဒ္ဓိ အပိုင်းမှာ...**[၆၂]အရင်ဆုံးပြောချင်တာက ကမ္မဋ္ဌာန်းဘယ်နှစ်မျိုးရှိသလဲဆိုတာကို နားလည်ထားရမယ်။ စိတ္တဝိသုဒ္ဓိအပိုင်းမှာ သမထကမ္မဋ္ဌာန်း လေးဆယ်ရှိခဲ့ပေမယ့် အခုဒိဋ္ဌိဝိသုဒ္ဓိကစပြီးတော့ ဝိပဿနာပိုင်းမှာ ရုပ်ကမ္မဋ္ဌာန်း နာမ်ကမ္မဋ္ဌာန်းဆိုပြီး **ကမ္မဋ္ဌာန်းနှစ်မျိုး**[၆၃] သာရှိတယ်။ ဒိဋ္ဌိဝိသုဒ္ဓိကစပြီးတော့ ဝိပဿနာပိုင်းမှာ ကမ္မဋ္ဌာန်းဘယ်နှစ်မျိုးရှိ...။

"နှစ်မျိုးရှိပါတယ်ဘုရား"

အဲဒီနှစ်မျိုးမှာ ရုပ်ကမ္မဋ္ဌာန်းကို ဘုရားရှင်က ဘယ်လိုဟောသလဲဆိုတော့... **ဓာတ်ကမ္မဋ္ဌာန်းအကျဉ်းနည်း၊ ဓာတ်ကမ္မဋ္ဌာန်းအကျယ်နည်းဆိုပြီး နည်းလမ်းနှစ်သွယ်သာ** ဟောတော်မူတယ်။ ရုပ်ကမ္မဋ္ဌာန်းကို ဘုရားရှင်က နည်းလမ်းဘယ်နှစ်သွယ်နဲ့ဟော...။

"နည်းလမ်းနှစ်သွယ်နဲ့ ဟောပါတယ်ဘုရား"

အဲဒီနည်းလမ်းနှစ်မျိုးထဲက တစ်မျိုးမျိုးကို အောင်အောင်မြင်မြင်အားထုတ်နိုင်ခဲ့ရင် ရုပ်တရားတွေကို ပရမတ်ဆိုက်အောင် သိနိုင်မြင်နိုင်မှာဖြစ်တယ်။

ဒီနေရာမှာ **ဓာတ်ကမ္မဋ္ဌာန်း အကျဉ်းနည်းကို မဟာသတိပဋ္ဌာနသုတ္တန်မှာ ဓာတ်ကြီးလေးပါး ကမ္မဋ္ဌာန်းအဖြစ်** ဟောကြားထားတော်မူတယ်။ **ဓာတ်ကမ္မဋ္ဌာန်းအကျယ်နည်းကတော့ သုံးဆယ့်နှစ်ကောဋ္ဌာသကမ္မဋ္ဌာန်းဖြစ်တယ်။** တို့ပရိသတ် ဓာတ်ကမ္မဋ္ဌာန်း

---

[၆၂] [ဝိသုဒ္ဓိ - ၂ - ၂၂၂]

[၆၃] ဒုဝိဓဉ္ဟိကမ္မဋ္ဌာနံ ရူပကမ္မဋ္ဌာနဉ္စ အရူပကမ္မဋ္ဌာနဉ္စ။ ရူပပရိဂ္ဂဟော အရူပပရိဂ္ဂဟောတိပိ ဧတဒေဝ ဝုစ္စတိ။ တတ္ထ ဘဂဝါ ရူပကမ္မဋ္ဌာနံ ကထေန္တော သင်္ခေပမနသိကာရဝသေန ဝါ ဝိတ္ထာရမနသိကာရဝသေန ဝါ စတုဓာတုဝဝတ္ထာနံ ကထေသိ။ [မ - ဌ - ၁၊ ၂၈၀]

အကျဉ်းနည်းကို မဟာသတိပဋ္ဌာနသုတ်မှာ ဘုရားရှင်က ဘယ်ကမ္မဋ္ဌာန်း အဖြစ်ဟော...။

"ဓာတ်ကြီးလေးပါးကမ္မဋ္ဌာန်းအဖြစ် ဟောထားပါတယ်ဘုရား"

ဓာတ်ကမ္မဋ္ဌာန်းအကျယ်နည်းက ဘာကမ္မဋ္ဌာန်း...။

"သုံးဆယ့်နှစ်ကောဋ္ဌာသကမ္မဋ္ဌာန်းပါဘုရား"

ဒီတော့...ဒီနည်းလမ်းနှစ်မျိုးထဲက **ဓာတ်ကမ္မဋ္ဌာန်းအကျဉ်းကို ဘယ်ပုံဘယ်ပန်းဘယ်နည်းလမ်းအားဖြင့် အားထုတ်ရသလဲဆိုတာ** ကို ဟောကြနာကြရအောင်...။

## ဓာတ်ကမ္မဋ္ဌာန်းအကျဉ်းနည်း

ဓာတ်ကြီးလေးပါး ကမ္မဋ္ဌာန်းဖြစ်တဲ့ ဓာတ်ကမ္မဋ္ဌာန်းအကျဉ်းနည်း ကို အားထုတ်ချင်တဲ့ သူတော်ကောင်းဟာ **ဓာတ်ကြီးလေးပါးရဲ့ ဓာတ်သဘောတရားတစ်ဆယ့်နှစ်မျိုးကို နားလည်ထားကြရမယ်။**

ဓာတ်ကြီးလေးပါးရဲ့ဓာတ်သဘောတရားတစ်ဆယ့်နှစ်မျိုးဆိုတာ။

ပထဝီဓာတ်ရဲ့...မာမှုသဘော၊ ကြမ်းမှုသဘော၊ လေးမှုသဘော၊ ပျော့မှုသဘော၊ ချောမှုသဘော၊ ပေါ့မှုသဘော။

အာပေါဓာတ်ရဲ့...ယိုစီးမှုသဘော၊ ဖွဲ့စည်းမှုသဘော။

တေဇောဓာတ်ရဲ့...ပူမှုသဘော၊ အေးမှုသဘော။

ဝါယောဓာတ်ရဲ့...ထောက်ကန်မှုသဘော၊ တွန်းကန်မှုသဘော။

ဒီလို ဓာတ်ကြီးလေးပါးရဲ့ဓာတ်သဘောတရား တစ်ဆယ့်နှစ်မျိုးကို ခန္ဓာကိုယ်၏ အရေကြား၊ အသားကြား၊ အကြောကြား၊ အရိုးကြားထဲထိ ဉာဏ်တည်းဟူသော လက်သွင်းပြီး ရှုပွားသုံးသပ်နိုင်ခဲ့မယ်ဆိုရင် **နောက်ဆုံးမှာ ရုပ်ကလာပ်တွေကို သိမြင်လာနိုင်လိမ့်မယ်။** ရုပ်ကလာပ်တွေကို ဒီလိုသိမြင်လာပြီဆိုမှ **သန္တတိဃန** ပြိုမှာ ဖြစ်တယ်။

**သန္တတိဃနဆိုတာ ရုပ်တရားတို့ရဲ့ အစဉ်အတန်းပဲ။**

တို့ပရိသတ် သန္တတိဃနဆိုတာ ဘာရဲ့အစဉ်အတန်း...။

"ရုပ်တရားတို့ရဲ့ အစဉ်အတန်းပါဘုရား"

ဥပမာ - ခြေ၊ လက်၊ ခေါင်း၊ ခါး၊ ပုဂ္ဂိုလ်၊ သတ္တဝါအနေနဲ့ မြင်နေခြင်းဟာ သန္တတိဃနက ဖုံးလွှမ်းထားလို့ပဲ။ သန္တတိဃန ဖုံးလွှမ်းနေလို့ ငါ၊ သူ တစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်အနေနဲ့ သတ္တဝါတွေဟာ မြင်နေကြတာ။

အဲဒီတော့ **ဓာတ်ကြီးလေးပါးကမ္မဋ္ဌာန်းကို စနစ်တကျ ပွားများအားထုတ်လို့ ရုပ်ကလာပ်တွေကို မြင်ပြီဆိုခါမှ** ထိုခြေ၊ လက်၊ ခေါင်း၊ ခါး၊ ပုဂ္ဂိုလ်၊ သတ္တဝါလို့ထင်အောင် ဉာဏ်အမြင်ကိုဖုံးကွယ်ထားတဲ့ ရုပ်တရားတို့၏ အစဉ်အတန်း၊ အတုံးအခဲ သန္တတိဃနကို ဖြိုနိုင်မှာဖြစ်တယ်။

အဲဒီလို ရုပ်ကလာပ်တွေကိုမြင်ပြီး သန္တတိဃနကို ဖြိုနိုင်ရုံနဲ့ ရုပ်တရားတို့ကို ပရမတ်ဆိုက်သည့်တိုင်အောင် မမြင်သေးဘူး။ ရုပ်တရားတို့ကို **ပရမတ်စိုက်သည့်တိုင်အောင် သိဖို့မြင်ဖို့ရန် ဆက်ပြီးတော့ သမူဟ-ဃနကို ဖြိုရမှာဖြစ်တယ်။** ရုပ်တရားတွေ ပရမတ်ဆိုက်သည့်တိုင်အောင် ဘာကို ဆက်ပြီးဖြိုရမယ်...။

"သမူဟဃနကိုပါဘုရား"

သမူဟဃနဆိုတာ...ရုပ်တရားတို့၏ အပေါင်းအစုလို့ နားလည်ထားရမယ်။ ရှေ့က သန္တတိဃနကိုဖြိုနိုင်လို့ မြင်ခဲ့တဲ့ ရုပ်ကလာပ် တစ်ခုချင်းစီ တစ်ခုချင်းစီမှာရှိတဲ့ ရုပ်သဘောတရား ရှစ်မျိုး၊ ကိုးမျိုး...စသည်ဖြင့် ခွဲခြမ်းစိတ်ဖြာနိုင်ပါမှ ရုပ်တရားတို့ရဲ့ အပေါင်းအစုဖြစ်တဲ့ သမူဟဃန ပြိုမှာဖြစ် တယ်။ ရုပ်ကလာပ် တစ်ခုချင်းစီ တစ်ခုချင်းစီရဲ့ ရုပ်သဘောတရားကို ခွဲခြမ်း စိတ်ဖြာနိုင်ရင် ဘာပြိုမယ်...။

"သမူဟဃနပြိုပါမယ်ဘုရား"

ရုပ်ကလာပ်ကို ဓာတ်မခွဲနိုင်သေးဘဲ ရုပ်ကလာပ်မျှသာ မြင်နေဦးမယ်ဆိုရင် ရုပ်တရားတို့ကို ပရမတ်ဉာဏ်အမြင်ဆိုက်အောင် မသိမမြင်နိုင်သေးဘူး။ အဲဒီတော့...ပရမတ်ကို ဉာဏ်အမြင်ဆိုက်အောင် ရုပ်ကလာပ် တစ်ခုချင်းစီမှာရှိတဲ့ ဓာတ်သဘောတရားတွေကို ဘယ်လိုခွဲခြမ်းစိတ်ဖြာရ

မလဲဆိုတော့ **. . . ထိုရုပ်ကလာပ်တစ်ခုတစ်ခုစီမှာရှိတဲ့** ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ ဆိုတဲ့ **ဓာတ်သဘောတရားရုပ်မျိုး** ...စသည်ဖြင့် ခွဲခြမ်းစိတ်ဖြာရမှာဖြစ်တယ်။

ရုပ်ကလာပ်တွေကို ဒီလိုဓာတ်ခွဲနိုင်ပြီဆိုရင် ရုပ်တရားတို့ရဲ့ အပေါင်းအစုဖြစ်တဲ့ သမူဟဃနကို ဖြိုနိုင်ပြီဖြစ်တယ်။

ဒီလို ရုပ်တရားတို့ရဲ့ **အစဉ်အတန်းဖြစ်တဲ့ သန္တတိဃန**၊ ရုပ်တရားတို့ရဲ့ **အပေါင်းအစုဖြစ်တဲ့ သမူဟဃန...ဒီလိုအတုံးအခဲ** ဆိုတဲ့ **ဃနနှစ်မျိုးကို ဖြိုနိုင်ပြီဆိုမှ** ရုပ်တရားတို့ရဲ့ **ကိုယ်ပိုင်လုပ်ငန်း ကိစ္စဖြစ်တဲ့ ကိစ္စဃန**ကို ဆက်ပြီးဖြိုရမှာဖြစ်တယ်။ ဘာကို ဆက်ပြီး ဖြိုရမယ်...။

"ရုပ်တရားတို့ရဲ့ ကိုယ်ပိုင်လုပ်ငန်း ကိစ္စဖြစ်တဲ့ ကိစ္စဃနကို ဖြိုရပါမယ်ဘုရား"

ပရမတ္ထဓာတ်သား ရုပ်တရားတွေကိုသိဖို့ နောက်ဆုံးအဆင့်ဖြစ်တဲ့ ကိစ္စဃနကို ဖြိုနိုင်ဖို့ရာအတွက် ထိုပရမတ္ထဓာတ်သား ရုပ်တရားတစ်ခုချင်းစီရဲ့ ကိုယ်ပိုင်လုပ်ငန်းကိစ္စ အသီးသီးကို သိမြင်အောင် ခွဲခြမ်းစိတ်ဖြာနိုင်ရမယ်။

ရုပ်တရားတစ်ခုချင်းစီရဲ့ ကိုယ်ပိုင်လုပ်ငန်းကိစ္စတွေဆိုတာ...

**ပထဝီဓာတ်**သည် ကလာပ်တူရုပ်တရားတို့၏ တည်ရာလုပ်ငန်းကိစ္စ **ပတိဋ္ဌာနရသ**[၆၄]

**အာပေါဓာတ်**သည် ရုပ်တရားတို့ကို တိုးပွားစေခြင်း လုပ်ငန်းကိစ္စ **ဗြူဟနရသ**

တေဇောဓာတ်သည် ရုပ်တရားတို့ကို ရင့်ကျက်စေခြင်း၊ ဆွေးမြည့်စေခြင်း လုပ်ငန်းကိစ္စ **ပရိပါစနရသ**

ဝါယောဓာတ်သည် တွန်းကန်ခြင်းလုပ်ငန်းကိစ္စ **သမုဒီရဏရသ** စသည်ဖြင့်...ဒီလို ရုပ်တရားတို့မှာ ကိုယ်ပိုင်လုပ်ငန်းကိစ္စ အသီးအသီးရှိကြတယ်။

---

[၆၄] [အဘိဋ္ဌ - ၁၊ ၃၆၈။ ဝိသုဒ္ဓိမဂ် - ၁၊ ၃၆၂]

ဒီလို ခွဲခြမ်းစိတ်ဖြာနိုင်မှ ရုပ်ပရမတ်တို့ရဲ့ ကိစ္စဃနကို ဖြိုနိုင်မှာဖြစ်တယ်။ အဲဒီလို ခွဲခြမ်းစိတ်ဖြာပြီးတော့ မရှုမြင်နိုင်ရင် ရုပ်တရားတို့ရဲ့ လုပ်ငန်း ကိစ္စအသီးသီးတို့ကို ကိစ္စတစ်ခုတည်းလို့ **ကိစ္စအတုံးအခဲ - ကိစ္စဃနအနေနဲ့** မြင်နေဦးမှာဖြစ်တယ်။

ဒီလိုမြင်နေသမျှ ပရမတ်ဉာဏ်အမြင် မဆိုက်နိုင်ဘူး။

ပရမတ်ဉာဏ်အမြင်ဆိုက်ရေးအတွက် ကိစ္စဃနကိုပါ ဖြိုရမယ်လို့ နားလည်ထားရမယ်။ ဒီလို ရုပ်တရားတို့ရဲ့ အစဉ်အတန်းဖြစ်တဲ့ **သန္တတိဃန**၊ ရုပ်တရားတို့ရဲ့ အပေါင်းအစုဖြစ်တဲ့ **သမူဟဃန**၊ ရုပ်တရား တို့ရဲ့ ကိုယ်ပိုင်လုပ်ငန်းဖြစ်တဲ့ **ကိစ္စဃန**. . . ဆိုတဲ့ **ဒီဃနသုံးမျိုးကို** ရုပ်တရားမှာ ဖြိုနိုင်ပြီဆိုပါမှ ရုပ်တရားတို့ကို ပရမတ္ထဉာဏ်အမြင်စိုက်သည့်တိုင်အောင် သိပြီ။ မြင်ပြီ။ **ရူပပရိဂ္ဂဟဉာဏ်** ရပြီ။

အေး. . . ဒီလို ရူပပရိဂ္ဂဟဉာဏ်ရပြီး ပရမတ္ထဉာဏ်အမြင်ရှိတဲ့ သူတော်ကောင်းဟာ အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓ စတဲ့. . . . တစ်ဆယ့်တစ်မျိုးသော အချင်းအရာအားဖြင့် ရုပ်ပရမတ်တရားတွေကို ဆက်လက်ပြီးတော့ ရှုပွားသုံးသပ်ရမှာဖြစ်တယ်။

အဲဒီလို ရုပ်ပရမတ်တရားတွေကို အတိတ်, အနာဂတ်, ပစ္စုပ္ပန် အဇ္ဈတ္တ, ဗဟိဒ္ဓ စတဲ့. . . တစ်ဆယ့်တစ်မျိုးသော အချင်းအရာအားဖြင့် ရှုပွားသုံးသပ်နိုင်တဲ့ သူတော်ကောင်းဟာ **နာမ်ကမ္မဋ္ဌာန်းကို ပရမတ္ထ - ဉာဏ်အမြင်ဆိုက်သည့်တိုင်အောင် ဆက်လက်ရှုပွားသုံးသပ် ရဦးမယ်။ ဘာကြောင့်လဲဆိုတော့ . . . ရုပ်တရားသက်သက်ကို ဝိပဿနာ ရှုပွားရုံမျှနဲ့တော့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို မဆိုက်ရောက် နိုင်သေးဘူး။ နာမ်တရားတွေကိုလည်း ဆက်ပြီး ဝိပဿနာရှုပွား သုံးသပ်ရဦးမယ်။**[၆၅]

---

(၆၅) ယသ္မာ ပန န သုဒ္ဓရူပဒဿနမတ္တေနေဝ ဝုဋ္ဌာနံ ဟောတိ, အရူပမ္ပိ ဒဋ္ဌဗ္ဗမေဝ။ [အဘိ - ဋ္ဌ - ၁၊ ၂၇၁။ ဝိသုဒ္ဓိ - ၂၊ ၃၀၀]

ဒါကြောင့် မင်္ဂဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ကို လိုလားတောင့်တတဲ့ ယောဂီသူတော်ကောင်းသည် ရုပ်တရားသက်သက်သာမကဘဲ နာမ်တရားတို့ကိုလည်း ဆက်လက်ရှုပွားရဦးမယ်လို့ နားလည်ထားရမယ်။

ဒါကြောင့် ရုပ်တရားတို့အပေါ်၌ ပရမတ္ထဉာဏ်အမြင် စိုက်သည့်တိုင်အောင် အသိဉာဏ်သန့်ရှင်းပြီးတဲ့ သူတော်ကောင်းတစ်ဦးသည် **နာမ်ကမ္မဋ္ဌာန်းကိုဆက်ပြီး ရှုပွားသုံးသပ်ရမှာ ဖြစ်တယ်။ ရုပ်ပရမတ်ကို မြင်ပြီဆိုရင် နာမ်ပရမတ်ကို ဆက်ရှုရမယ်။** ဘာကိုဆက်ရှုရမယ်။

"နာမ်ပရမတ်ကို ဆက်ရှုရပါမယ်ဘုရား"

ထိုကဲ့သို့ ရုပ်တရားတို့အပေါ်၌ ပရမတ္ထဉာဏ်အမြင်ဆိုက်သည့် **တိုင်အောင် အသိဉာဏ်သန့်ရှင်းပြီးတဲ့ သူတော်ကောင်းအား နာမ်တရားတို့သည် အချင်းအရာသုံးမျိုးအားဖြင့် ထင်ရှားလာလိမ့်[(၆၆)] မယ်။** နာမ်တရားတွေဟာ အချင်းအရာ ဘယ်နှစ်မျိုးနဲ့ထင်ရှားလာမယ်...။

"သုံးမျိုးနဲ့ ထင်ရှားလာပါမယ်ဘုရား"

အဲဒီသုံးမျိုးက ဘာတွေလဲဆိုတော...

**- ဖဿ၏အစွမ်းအားဖြင့်လည်းကောင်း**

**- ဝေဒနာ၏အစွမ်းအားဖြင့်လည်းကောင်း**

**- အသိစိတ်ဝိညာဏ်၏အစွမ်းအားဖြင့်လည်းကောင်း...**ဤသုံးမျိုးမှာ တစ်မျိုးမျိုးနဲ့ ထင်ရှားလာလိမ့်မယ်။ အဲဒီလို နာမ်တရားတွေကို ရှုပွားသိမ်းဆည်းတဲ့အခါ **ရုပ်တရားမှာ ဃနသုံးမျိုးရှိပြီး နာမ်တရားမှာတော့ ဃနလေးမျိုးရှိတယ်။** နာမ်တရားမှာကျတော့ ဃန ဘယ်နှစ်မျိုး ရှိ။

"လေးမျိုးရှိပါတယ်ဘုရား"

---

(၆၆) ဇဝံ သုဝိသုဒ္ဓရူပပရိဂ္ဂဟဿ ပနဿ အရူပဓမ္မာ တီဟိ အာကာရေဟိ ဥပဋ္ဌဟန္တိ ဖဿဝသေန ဝါ ဝေဒနာဝသေန ဝါ ဝိညာဏဝသေန ဝါ။ [ဝိသုဒ္ဓိ - ၂၊ ၂၂၆]

နာမ်ဃနလေးမျိုးဆိုတာ...

**သန္တတိဃန** – **နာမ်တရားတို့ရဲ့ အစဉ်အတန်း** အတုံးအခဲ။

**သမူဟဃန** – **နာမ်တရားတို့ရဲ့ အပေါင်းအစု** အတုံးအခဲ။

**ကိစ္စဃန** – **နာမ်တရားတို့ရဲ့ လုပ်ငန်းကိစ္စ** အတုံးအခဲ။

**အာရမ္မဏဃန** – **အာရုံယူတတ်တဲ့ နာမ်တရား** အတုံးအခဲ။

ဦးစွာပထမ နာမ်တရားတို့ရဲ့ အစဉ်အတန်းဖြစ်တဲ့ သန္တတိဃန – ပိုင်းမှာ... နာမ်တရားတို့၌ **ဝီထိစိတ်၊ ဝီထိမုတ်စိတ်ဆိုပြီး နှစ်မျိုး** ရှိတယ်။ နာမ်တရားတို့၌ စိတ်ဘယ်နှစ်မျိုးရှိ...။

"နှစ်မျိုးရှိပါတယ်ဘုရား"

အဲဒီနှစ်မျိုးထဲက **ဝီထိစိတ်ကိုနားလည်ဖို့ စိတ်ဖြစ်စဉ် စိတ္တဝီထိ၊ စိတ္တနိယာမ**[၆၇] **ကို** သဘောပေါက်နားလည်ထားရမယ်။

တို့ဒကာကြီးဒကာမကြီးတွေ နားလည်အောင် **စက္ခုဒွါရဝီထိ** ကို ဥပမာယူပြီး ပြောကြရအောင်...။

**စက္ခုဒွါရဝီထိမှာ ... အတိမဟန္တာရုံအမည်ရသော အဆင်း** ရူပါရုံဟာ စက္ခုဒွါရနဲ့ မနောဒွါကို ရှေးရှုရိုက်ခတ်တဲ့အခါ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော (၇) ကြိမ်၊ တဒါရုံ (၂) ကြိမ်ဆိုပြီး ဒီလိုစက္ခုဒွါရဝီထိ နာမ်တရားစုတို့က စိတ္တက္ခဏ (၁၄) – ကြိမ်အားဖြင့် အစဉ်အတန်းလိုက် ဖြစ်ပေါ်လာကြတယ်။

ဒီလိုစက္ခုဒွါရဝီထိ နာမ်တရားစုတို့ ဖြစ်ပေါ်လာရာ၌ စိတ္တက္ခဏ အလိုက် ဤကားပဉ္စဒွါရာဝဇ္ဇန်း၊ ဤကားစက္ခုဝိညာဏ်၊ ဤကားသမ္ပဋိစ္ဆိုင်း၊ ဤကားသန္တီရဏ၊ ဤကားဝုဋ္ဌော၊ ဤကားပထမဇော၊ ဤကားဒုတိယဇော၊ ဤကားတတိယဇော၊ ဤကားစတုတ္ထဇော၊ ဤကားပဉ္စမဇော၊ ဤကားဆဋ္ဌမဇော၊ ဤကားသတ္တမဇော၊ ဤကားပထမတဒါရုံ၊ ဤကားဒုတိယတဒါရုံ

---

[၆၇] [အဘိ - ၄ - ၁၊ ၃၁၄]

...ဟု ခွဲခြမ်းစိတ်ဖြာသိနိုင်မယ်ဆိုရင် **နာမ်တရားတို့ရဲ့အစဉ်တန်း** အတုံး အခဲဖြစ်တဲ့ သန္တတိဃနကို ဖြိုနိုင်မှာဖြစ်တယ်။

ယောဂီသူတော်ကောင်းဟာ စိတ္တက္ခဏတိုင်းကို ထိုကဲ့သို့ခွဲခြမ်း စိတ်ဖြာမသိခဲ့ဘူးဆိုရင် နာမ်တရားတို့ရဲ့ အစဉ်အတန်းအတုံးအခဲဖြစ်တဲ့ သန္တတိဃနကို မဖြိုနိုင်သေးဘူး။ ဒါကြောင့် ယောဂီသူတော်ကောင်းဟာ **နာမ်တရားတို့ရဲ့ အစဉ်အတန်းအတုံးခဲဖြစ်တဲ့ သန္တတိဃန ပြိုသည့် တိုင်အောင် စိတ္တက္ခဏတိုင်း စိတ္တက္ခဏတိုင်းကို ထိုကဲ့သို့ ခွဲခြမ်းစိတ်ဖြာ သိမြင်အောင် ကြိုးစားအားထုတ်နိုင်ပြီဆိုရင် သန္တတိဃနကို ဖြိုနိုင်မယ်။** ဘာကိုဖြိုနိုင်မယ်...။

"သန္တတိဃနကို ဖြိုနိုင်ပါမယ်ဘုရား"

ဒီလို သန္တတိဃနကို ဖြိုနိုင်တဲ့သူတော်ကောင်းဟာ နောက်တစ် ဆင့်ဖြစ်တဲ့ သမူဟဃနကို ဆက်ပြီးဖြိုရမယ်။ စိတ္တနိယာမအတိုင်း ဖြစ်ပေါ် လာတဲ့ နာမ်တရားတွေဟာ **စိတ္တက္ခဏတိုင်း စိတ္တက္ခဏတိုင်းမှာ နာမ် ကလာပ်လို့ခေါ်တဲ့ အုပ်စုလိုက်ဖြစ်လေ့ရှိကြတယ်။ တစ်ခုတည်းဖြစ်ရိုးထုံးစံ မရှိဘူး။** ဒီသမူဟဃနပိုင်းမှာလည်း တို့ဒကာကြီးတွေ၊ ဒကာမကြီးတွေ နားလည်အောင် စက္ခုဝိညာဏ်စိတ္တက္ခဏကို ဥပမာထုတ် ပြရမယ် ဆိုရင်...။

စက္ခုဝိညာဏ်ဖြစ်တဲ့ မြင်သိစိတ်နဲ့အတူ စေတသိက်ခုနစ်လုံး၊ စုစုပေါင်းရှစ်လုံးဟာ စက္ခုဝိညာဏ်စိတ္တက္ခဏမှာ အတူဖြစ်ကြတယ်။

ဒီလို စက္ခုဝိညာဏ် စိတ္တက္ခဏ၌ အတူဖြစ်ကြတဲ့ နာမ်တရား တွေကို **ဤကား မြင်သိစိတ်၊ ဤကား ဖဿ၊ ဤကား ဝေဒနာ၊ ဤကား သညာ၊ ဤကား စေတနာ၊ ဤကား ဧကဂ္ဂတာ၊ ဤကား ဇီဝိတ၊ ဤကား မနသိကာရဟူ၍**...နာမ်တရားတစ်လုံးစီ တစ်လုံးစီကို ခွဲခြမ်းစိတ်ဖြာနိုင်ပါမှ နာမ်တရားတို့ရဲ့အစုအပေါင်း အတုံးအခဲဖြစ်တဲ့ သမူဟဃနကို ဖြိုနိုင်မှာဖြစ်တယ်။ အကယ်၍ ဒီလိုစိတ္တက္ခဏ တစ်ခု

အတွင်း၌ နာမ်တရားတစ်လုံးစီတစ်လုံးစီကို ခွဲခြမ်းစိတ်ဖြာ မသိခဲ့ဘူးဆိုရင် နာမ်တရားအစုအပေါင်း အတုံးအခဲဖြစ်တဲ့ သမူဟဃနကို မဖြိုနိုင်သေးဘူး။

ဒါကြောင့် ယောဂီသူတော်ကောင်းဟာ **နာမ်တရားတို့ရဲ့ အစုအပေါင်း အတုံးအခဲဖြစ်တဲ့ သမူဟဃနပြိုသည့်တိုင်အောင် စိတ္တက္ခဏတစ်ခုအတွင်း၌ ဖြစ်ပေါ်သွားသော နာမ်တရားတစ်လုံးစီတစ်လုံး စီကို ထိုကဲ့သို့ခွဲခြမ်းစိတ်ဖြာ သိမြင်အောင် ကြိုးစားအားထုတ်ရမှာ ဖြစ်တယ်။** ဒါမှ သမူဟဃနကို ဖြိုနိုင်မယ်။ ဘာကိုဖြိုနိုင်မယ်...။

"သမူဟဃနကို ဖြိုနိုင်ပါမယ်ဘုရား"

ဒီလို သမူဟဃနကို ဖြိုနိုင်တဲ့သူတော်ကောင်းဟာ နောက်တစ်ဆင့်ဖြစ်တဲ့ ကိစ္စဃနကို ဆက်ပြီးဖြိုနိုင်ဖို့ရာအတွက် စိတ္တက္ခဏတစ်ခုအတွင်း၌ ဖြစ်ပေါ်သွားသော နာမ်တရား တစ်လုံးစီတစ်လုံးစီတို့ရဲ့ လုပ်ငန်းကိစ္စကို သိအောင်မြင်အောင် ကြိုးစားအားထုတ်ရမှာဖြစ်တယ်။

မြင်သိစိတ် – **ရူပါရုံအရောင်မျှကိုသာ အာရုံပြုခြင်းကိစ္စ။(သိခြင်း)**

ဖဿ – **အာရုံနှင့်အသိစိတ်ကို ပွတ်ချုပ်ထိခိုက်၊ ဆက်စပ်ပေးခြင်းကိစ္စ။**

ဝေဒနာ – **ယှဉ်ဖက်တရားတို့ကို မတိုးပွားစေလွန်း၊ မညှိုးနွမ်းစေလွန်းခြင်းကိစ္စ။**

သညာ – **ရှေးအမှတ်ဖြင့် နောက်ထပ်သိခြင်းကိစ္စ၊ (အာရုံကို နောက်တစ်ဖန်သိအောင် အမှတ်အသားပြုခြင်းကိစ္စ။)**

စေတနာ – **ယှဉ်ဖက်တရားတို့ကို မိမိတို့၏ကိစ္စတို့၌ ဖရိုဖရဲကျဲ၍မနေအောင် ပေါင်းစုစည်းခြင်း = ကြောင့်ကြဗျာပါရပြုခြင်းကိစ္စ။**

ဧကဂ္ဂတာ – **အတူဖြစ်သောတရားတို့ကို ပေါင်းစုပေးခြင်း ကိစ္စ။**

ဇီဝိတ – **အတူဖြစ်သောတရားတို့ကို ဖြစ်စေခြင်း = မျှစေခြင်း = အသက်ရှည်စေခြင်းကိစ္စ။**

မနသိကာရ - **ယှဉ်ဖက်တရားတို့ကို အာရုံနှင့်ယှဉ်စပ်စေခြင်း ကိစ္စ။**

ဒီလိုနာမ်တရား တစ်လုံးစီတစ်လုံးစီတို့ရဲ့ လုပ်ငန်းကိစ္စတွေကို ခွဲခြမ်းစိတ်ဖြာ ရှုမြင်နိုင်မယ်ဆိုရင် နာမ်တရားတို့ရဲ့လုပ်ငန်းကိစ္စအတုံးအခဲ ဖြစ်တဲ့ ကိစ္စဃနကို ဖြိုနိုင်မှာဖြစ်တယ်။

စိတ္တက္ခဏတစ်ခုရဲ့အတွင်းမှာရှိတဲ့ နာမ်တရားတစ်လုံးစီတစ်လုံးစီရဲ့ လုပ်ငန်းကိစ္စကို မသိဘူးဆိုရင် ကိစ္စဃနကို ဖြိုနိုင်မှာမဟုတ်ဘူး။ ဒါကြောင့် ယောဂီသူတော်ကောင်းဟာ **စိတ္တက္ခဏ တစ်ခုအတွင်းမှာ ရှိသော နာမ်တရားတစ်လုံးစီတစ်လုံးစီရဲ့ လုပ်ငန်းဖြစ်တဲ့ ကိစ္စဃနပြိုသည့်တိုင်အောင် ထိုကဲ့သို့ ခွဲခြမ်းစိတ်ဖြာ သိမြင်အောင် ကြိုးစားအားထုတ်နိုင်မယ်ဆိုရင်** ကိစ္စဃနဖြိုနိုင်ပြီလို့ နားလည်ထားရမယ်။

နာမ်တရားတွေကို ပရမတ္ထဉာဏ်အမြင်စိုက်အောင် သိမြင်လိုတဲ့ သူတော်ကောင်းဟာ ကိစ္စဃနကို ဖြိုနိုင်ပြီဆိုတာနဲ့ နောက်ဆုံးအဆင့်ဖြစ်တဲ့ အာရမ္မဏဃနကို ဆက်ပြီးဖြိုရဦးမယ်။ နောက်ဆုံး ဘာဃနကို ဆက်ပြီး ဖြိုရဦးမယ်...။

"အာရမ္မဏဃနကို ဆက်ပြီးဖြိုရပါဦးမယ်ဘုရား"

ဒီတော့...ရုပ်တရားနဲ့ နာမ်တရားမှာ ရုပ်တရားကတော့ အာရုံ မယူတတ်ဘူး။ **နာမ်တရားက အာရုံယူတတ်တဲ့တရား။** တို့ပရိသတ် နာမ်တရားဆိုတာ ဘယ်လိုတရား...။

"အာရုံယူတတ်တဲ့တရားပါဘုရား"

ဒီတော့...နာမ်တရားတွေမှာ နောက်ဆုံးအဆင့်ဖြစ်တဲ့ အာရမ္မဏဃနပြိုဖို့အတွက်ကို အကျဉ်းချုပ်ပြီး ပြောရမယ်ဆိုရင်...

အာရုံယူတတ်တဲ့ နာမ်တရားဖြစ်တဲ့ စိတ္တဝီထိစဉ်တိုင်း စိတ္တဝီထိစဉ်တိုင်းရဲ့ အာရုံကိုသိမြင်အောင် ရှုမှတ်ရမယ်။

ဥပမာဆိုကြပါစို့ . . . ပဉ္စဒွါရဝီထိမှာဆိုရင် . . . ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာ ရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ . . . အာရုံတွေကို အာရုံယူမှာ ဖြစ်ပေမယ့် မနောဒွါရဝီထိမှာကျတော့ . . . ရှေ့ကအာရုံငါးပါးကိုလည်း အာရုံယူနိုင်သလို ဓမ္မာရုံအမည်ရတဲ့ ပသာဒရုပ်, သုခုမရုပ်, စိတ်, စေတသိက်, နိဗ္ဗာန်, ပညတ်ဟူသော တရားတို့ကိုလည်း အာရုံယူနိုင်တယ်။

အဲဒီလို အသီးသီးအာရုံယူတဲ့အပိုင်းမှာ ဝိပဿနာပိုင်းအရ ပြောရရင်တော့ ရှေ့ဝိပဿနာဉာဏ်ကို နောက်ဝိပဿနာဉာဏ်နဲ့ ရှုရမယ်[၆၈] လို့ ပြောထားတဲ့အတွက်ကြောင့် . . . ရှေ့ဝိပဿနာဉာဏ်က ရုပ်တရားကို လက္ခဏာရေးသုံးတန်တင်ပြီး ရှုပွားတယ်ဆိုရင် ထိုအခိုက်မှာဖြစ်တဲ့ ဝိပဿနာဉာဏ်တွေက ရုပ်တရားကို အာရုံယူထားခြင်းဖြစ်တယ်။

ဒီနေရာမှာ ရုပ်တရားကို လက္ခဏာရေးသုံးတန်တင်ပြီး ရှုတဲ့ ဝိပဿနာဉာဏ်ကို နောက်ဝိပဿနာဉာဏ်က ပြန်ပြီးဝိပဿနာရှုတယ်ဆိုတာ . . . နောက်ဝိပဿနာဉာဏ်သည် ရှေ့ကရုပ်တရားကို အာရုံယူထားတဲ့ ဝိပဿနာဉာဏ် နာမ်တရားစုကို အာရုံယူပြီး လက္ခဏာရေးသုံးတန်တင်ပြီး ရှုပွားခြင်းဖြစ်တယ်လို့ နားလည်ထားရမယ်။

ဒီတော့ . . . နားလည်အောင် ရှင်းရှင်းပြောရမယ်ဆိုရင်တော့ . . . ရှေ့ဝိပဿနာဉာဏ်သည် ရုပ်တရားကို အာရုံယူတယ်။ အဲဒီရုပ်တရားကို အာရုံယူတဲ့ ရှေ့ဝိပဿနာဉာဏ်တည်းဟူသော နာမ်တရားစုကို နောက်ဝိပဿနာဉာဏ်က အာရုံယူခြင်းဖြစ်တယ်။ ဒီတော့ ရှေ့ဝိပဿနာဉာဏ်ရဲ့ အရှုခံအာရုံက ရုပ်တရား၊ နောက်ဝိပဿနာဉာဏ်ရဲ့ အရှုခံအာရုံက နာမ်တရား။ အဲဒီလို ဝီထိစဉ်တိုင်းမှာ အာရုံတွေက မတူညီနိုင်ကြဘူး။

ဒီလို အာရုံကွဲပြားမှုကိုနားလည်တဲ့ ယောဂီသူတော်ကောင်းသည်

---

[၆၈] ဉာတဉ္စ ဉာဏဉ္စ ဥဘောပိ ဝိပဿတိ။[ဝိသုဒ္ဓိမဂ် - ၂၊ ၂၇၇]

အာရမ္မဏဃနကိုလည်း ဖြိုနိုင်ပြီဖြစ်တယ်။

ထိုကဲ့သို့ ရုပ်ကမ္မဋ္ဌာန်းကို **သန္တတိဃန၊ သမူဟဃန၊ ကိစ္စဃန** ဖြိုသည့်တိုင်အောင် **ပရမတ္ထဉာဏ်အမြင်စိုက်တဲ့** ယောဂီသူတော်ကောင်းတစ်ယောက်ရဲ့ **အဇ္ဈတ္တ၊ ဗဟိဒ္ဓသန္တာန်နှစ်ရပ်လုံးမှာ** ခြေ၊ လက်၊ ခေါင်း၊ ခါး၊ ငါ၊ သူတစ်ပါး၊ ယောကျာ်း၊ မိန်းမဆိုတာ ရှာမရတော့ဘဲ ရုပ်တရားအစုအပုံသာ ရှိတော့တယ်လို့ သမ္မာဒိဋ္ဌိဉာဏ်ပညာနဲ့ကိုယ်တိုင် မျက်မှောက် ထွင်းဖောက်သိမြင်လာမှာဖြစ်ပြီး...**နာမ်ကမ္မဋ္ဌာန်းကိုလည်းပဲ သန္တတိဃန၊ သမူဟဃန၊ ကိစ္စဃန၊ အာရမ္မဏဃန** ဖြိုသည့်တိုင်အောင် **ပရမတ္ထဉာဏ်အမြင်စိုက်တဲ့** ယောဂီသူတော်ကောင်းတစ်ယောက်ရဲ့ သန္တာန်မှာ အသက်ကောင်၊ လိပ်ပြာကောင်၊ ဝိညာဉ်ကောင်လို့ ရှာမရတော့ဘဲ **နာမ်တရား အစုအပုံမျှသာ ရှိတော့တယ်လို့** သမ္မာဒိဋ္ဌိဉာဏ်ပညာနဲ့ ကိုယ်တိုင် မျက်မှောက် ထွင်းဖောက်သိမြင်လာမှာဖြစ်တယ်။

ဒီလို ရုပ်၊ နာမ်ပရမတ်တရားတွေကို သိမြင်လာနိုင်ဖို့ရာ ဘယ်ဉာဏ်ပညာနဲ့မှ သိမြင်နိုင်...။

"သမ္မာဒိဋ္ဌိဉာဏ်ပညာနဲ့မှ သိမြင်နိုင်ပါတယ်ဘုရား"

ထိုကဲ့သို့ အသီးသီးသော ရုပ်တရား၊ နာမ်တရားတို့ကို တစ်လုံးစီ တစ်လုံးစီ ဉာဏ်ဖြင့်ခွဲခြမ်းစိတ်ဖြာ၍ **ရုပ်တုံးရုပ်ခဲ၊ နာမ်တုံးနာမ်ခဲတည်း ဟူသော ရုပ်ဃန၊ နာမ်ဃနကို သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့်** ဖြိုခွဲ ဖျက်ဆီး **နိုင်မှသာ အနတ္တလက္ခဏာ**[(၆၉)] ထင်ရှားလာမှာဖြစ်တယ်။

ဒီလို သမ္မာဒိဋ္ဌိဉာဏ်ပညာနဲ့ ရုပ်၊နာမ်ပရမတ်တရားတွေကို ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်တဲ့ သူတော်ကောင်းဟာ သတ္တသညာကို ခွာနိုင်ပြီးတော့ **ရုပ်ပရမတ်၊ နာမ်ပရမတ်တို့၌**

---

(၆၉) နာနာဓာတုယော ဝိနိဗ္ဘုဇိတွာ ဃနဝိနိဗ္ဘောဂေ ကတေ အနတ္တလက္ခဏံ ယာထာဝသရသတော ဥပဋ္ဌာတိ။[ဝိသုဒ္ဓိမဂ် - ၂။ ၂၇၆]

ဟုတ်တိုင်းမှန်စွာသိမြင်ခြင်း ဒိဋ္ဌိဝိသုဒ္ဓိ(၇၀)နဲ့ ပြည့်စုံမှာဖြစ်တယ်။ သတ္တသညာကိုခွာနိုင်မှ ဒိဋ္ဌိဝိသုဒ္ဓိနဲ့ ပြည့်စုံမယ်။ ဘာကိုခွာနိုင်မှဒိဋ္ဌိဝိသုဒ္ဓိနဲ့ ပြည့်စုံမယ်။

"သတ္တသညာကိုခွာနိုင်မှ ဒိဋ္ဌိဝိသုဒ္ဓိနဲ့ ပြည့်စုံပါမယ်ဘုရား"

ထိုကဲ့သို့ သတ္တသညာကိုခွာနိုင်ပြီး ရုပ်ပရမတ်၊ နာမ်ပရမတ်၌ ဟုတ်တိုင်းမှန်စွာသိမြင်ခြင်း ဒိဋ္ဌိဝိသုဒ္ဓိနဲ့ပြည့်စုံသော သူတော်ကောင်းဟာ ကင်္ခါဝိတရဏဝိသုဒ္ဓိကို ဆက်ရမှာဖြစ်တယ်။

## ကင်္ခါဝိတရဏဝိသုဒ္ဓိ

ကံနှင့်ကံ၏အကျိုး၌ ယုံမှားမှုကို ကျော်လွှားလွန်မြောက်သည့် ဉာဏ်အမြင်၏စင်ကြယ်ခြင်း . . . ဆိုတဲ့ ကင်္ခါဝိတရဏဝိသုဒ္ဓိနဲ့ ပြည့်စုံလိုတဲ့ သူတော်ကောင်းဟာ ရှေ့ကဒိဋ္ဌိဝိသုဒ္ဓိပိုင်းမှာ ထိုးထွင်းသိမြင်ခဲ့ပြီးဖြစ်တဲ့ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့ကို ဖြစ်ပေါ်စေတတ်သော အကြောင်းတရားတွေကို ဆက်လက်ရှုပွား သိမ်းဆည်းရမှာဖြစ်တယ်။

ထိုရုပ်နာမ်ဓမ္မ သင်္ခါရတရားတွေကို ဖြစ်ပေါ်စေတတ်တဲ့ အကြောင်းတရားတို့ကို ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်ရေးအတွက် အတိတ် အနာဂါတ် ပစ္စုပ္ပန်ဆိုတဲ့ ကာလသုံးပါးကိုဆက်စပ်ပြီး ရှုပွားသုံးသပ်တတ်ဖို့လည်း လိုအပ်တယ်။

ဒီနေရာမှာ အတိတ် အနာဂါတ် ပစ္စုပ္ပန်ဆိုတဲ့ ကာလသုံးခု၊ ကြောင်းကျိုးဆက်နွယ်နေမှုကို ပဋိစ္စသမုပ္ပါဒ်လို့ခေါ်တယ်။ ဒါကြောင့် ကြောင်းကျိုးဆက်နွယ်မှု ပဋိစ္စသမုပ္ပါဒ် သံသရာစက်ရဟတ်ကို ပြတ်ပြတ်ထင်ထင် သိမြင်နိုင်ရေးအတွက် အတိတ်အနာဂါတ်ပစ္စုပ္ပန်ဆိုတဲ့ ကာလသုံးပါးကိုဆက်စပ်ပြီး ရှုပွားသုံးသပ်ရမှာဖြစ်တယ်။

ဒီနေရာမှာ အရှင်အာနန္ဒာမထေရ်မြတ်ရဲ့ လျှောက်ထားချက်ကို

---

(၇၀) ဧဝံ နာနာနယေဟိ နာမရူပံ ဝဝတ္ထာပယတော သတ္တသညံ အဘိဘဝိတွာ အသမ္မောဟဘူမိယံ ဌိတံ နာမရူပါနံ ယာထာဝဒဿနံ ဒိဋ္ဌိဝိသုဒ္ဓီတိ ဝေဒိတဗ္ဗံ။ [ဝိသုဒ္ဓိမဂ် - ၂။ ၂၃၂]

အကြောင်းပြုပြီး မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သော မဟာနိဒါနသုတ္တန်[၇၁]အရ ကြောင်း,ကျိုးဆက်နွယ်မှု ပဋိစ္စသမုပ္ပါဒ်ဟာ ဘယ်လောက်လေးနက်ပြီး အရေးပါသလဲဆိုတာကို လေ့လာကြည့်ကြရအောင်...။

ကုရုတိုင်း၊ ကမ္မာသဒမ္မနိဂုံးမှာ မြတ်စွာဘုရား သီတင်းသုံးခိုက်တစ်နေ့မှာ အရှင်အာနန္ဒာမထေရ်မြတ်က ဘုရားရှင်ထံချဉ်းကပ်ပြီး...“မြတ်စွာဘုရား...ဒီပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီးက နက်လည်းနက်နဲပါတယ်ဘုရား။ နက်နဲတဲ့အသွင်လည်းရှိပါတယ်ဘုရား။ ဒါပေမဲ့တပည့်တော်ရဲ့ဉာဏ်မှာတော့ ထင်ရှားပေါ်လွင်ပြီး တိမ်သယောင်ယောင်ထင်ရပါတယ်ဘုရား”...လို့ လျှောက်ထားခဲ့တယ်။ အဲဒီလိုအရှင်အာနန္ဒာမထေရ်မြတ်က လျှောက်ထားတော့ မြတ်စွာဘုရားက...

“အာနန္ဒာ ဒီလိုမဆိုနဲ့၊ ဒီလိုမပြောနဲ့။ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်က နက်လည်းနက်နဲတယ်။ နက်နဲတဲ့အသွင်လည်းရှိတယ်။ အာနန္ဒာ...ထိုကြောင်း, ကျိုးဆက်နွယ်မှုပဋိစ္စသမုပ္ပါဒ်တရားတော်ကို အနုဗောဓဉာဏ် ပဋိဝေဓဉာဏ်တို့ဖြင့် မသိမမြင်ခြင်းကြောင့် သတ္တဝါတွေဟာ ချည်ခင်ထွေးကဲ့သို့ဖြစ်၍ စာပေါင်းသိုက်ကဲ့သို့လည်းဖြစ်၍၊ ဖြူဆံမျက်ကဲ့သို့လည်းဖြစ်၍၊ မကောင်းသောလားရာ၊ ပျက်စီးကျရောက်ရာဖြစ်တဲ့ အပါယ်ကိုလည်းကောင်း၊ သံသရာကိုလည်းကောင်း မလွန်မြောက်နိုင်ဘဲရှိတယ်” တဲ့။ ဒီလို ဘုရားဟောဒေသနာတော်တွေ ထင်ရှားရှိတာကြောင့် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်လိုတဲ့ သူတော်ကောင်းဟာ ထိုကြောင်းကျိုးဆက်နွယ်မှု ပဋိစ္စသမုပ္ပါဒ်ကို အနုဗောဓဉာဏ် ပဋိဝေဓဉာဏ်တို့ဖြင့် ထိုးထွင်းသိမြင်သည့်တိုင်အောင် ရှုပွားသုံးသပ်ရပါမယ်။

ထိုကဲ့သို့ ပဋိစ္စသမုပ္ပါဒ်ကို ဘဝသုံးခုကွင်းဆက် ရှုနိုင်ရေးအတွက် အတိတ်အကြောင်းတရားငါးပါးကြောင့် ပစ္စုပ္ပန်အကျိုးတရား ငါးပါးဖြစ်ပုံ၊

---

[၇၁][ဒီ - ၂၊ ၄၇]

ပစ္စုပ္ပန်အကြောင်းတရား ငါးပါးကြောင့် အနာဂတ်အကျိုးတရားငါး ပါးဖြစ်ပုံကို အဋ္ဌကထာကြီးတွေမှာ ...[၇၂] ဖော်ပြထားကြသည့်အတိုင်း သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိပါမြင်ပါမှ ကြောင်းကျိုးဆက်နွယ်မှု ပဋိစ္စသမုပ္ပါဒ်ကို နားလည်မှာဖြစ်တယ်။

အတိတ်က အဝိဇ္ဇာ၊တဏှာ၊ဥပါဒါန်...ကိလေသာဝဋ်သုံးပါး ခြံရံပြီး ပြုစုပျိုးထောင်ခဲ့တဲ့ ကောင်းမှု့,မကောင်းမှုဆိုတဲ့ ကုသိုလ်,အကုသိုလ်တွေ ဟာ သင်္ခါရတရားတွေဖြစ်ခြင်းကြောင့် ခဏချင်းဖြစ်ပြီး ခဏချင်းချုပ်ပျက် သွားကြရိုး ဓမ္မတာရှိကြပေမယ့် အကျိုးတစ်စုံတရာကို မပေးဘဲ ဖြစ်ပြီးပျက်ရုံ မျှသက်သက်တော့ မဟုတ်ကြ ဘူး။

နောင်တစ်ချိန်မှာ အကျိုးကိုဖြစ်စေနိုင်တဲ့ **စွမ်းအင်ကမ္မသတ္တိကို** ရုပ်နာမ်ခန္ဓာ သန္တာန်အစဉ်မှာ မြှုပ်နှံပြီးမှ ချုပ်ပျက်သွားကြတာဖြစ်တယ်။

**ဒါကြောင့် အတိတ်က အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ သင်္ခါရ၊ ကံ . . . . ဆိုတဲ့ငါးပါးဟာ ယခုပစ္စုပ္ပန်မှာ အကျိုးတရားကို ဖြစ်ပေါ်စေ တတ်တဲ့ အကြောင်းတရားတွေ ဖြစ်လာကြတယ်။**

ထို့အတူပဲ... ပစ္စုပ္ပန်မှာ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်...ကိလေသာဝဋ် သုံးပါးခြံရံပြီး ပြုစုပျိုးထောင်တဲ့ ကောင်းမှု့,မကောင်းမှုဆိုတဲ့ ကုသိုလ်, အကုသိုလ်ကံတွေဟာ နောင်တစ်ချိန်အနာဂတ်မှာ အကျိုးတရားကို ဖြစ်ပေါ်စေတတ်တဲ့ အကြောင်းတရားတွေ ဖြစ်လာကြလိမ့်မယ်။

ဒီနေရာမှာ တို့ဒကာကြီး၊ဒကာမကြီးတွေ နားလည်သဘောပေါက် အောင် အရှင်းဆုံးပြောရမယ်ဆိုရင် အတိတ်က အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် ဆိုတဲ့ ဒီကိလေသာဝဋ်သုံးပါး ခြံရံပြီး ပြုခဲ့တဲ့ ကုသိုလ်,အကုသိုလ် အမှုတွေဟာ သတ္တဝါတိုင်းမှာ ရှိခဲ့ကြတယ်။

**ဒီကုသိုလ်,အကုသိုလ်အမှုတွေကို သင်္ခါရလို့ခေါ်တယ်။** ကောင်းမှု ,မကောင်းမှုတွေကို ဘာလို့ခေါ်...။

---

[၇၂] အတီတေ ဟေတဝေါ ပဉ္စ, ဣဒါနိ ဖလပဉ္စကံ၊ ဣဒါနိ ဟေတဝေါ ပဉ္စ, အာယတိံ ဖလပဉ္စကန္တိ။ [ဝိသုဒ္ဓိမဂ် - ၂၊ ၂၁၄။ အဘိ - ဋ္ဌ - ၂၊ ၁၈၂]

"သင်္ခါရလို့ခေါ်ပါတယ်ဘုရား"

အေး...**ဒီကုသိုလ် အကုသိုလ်**ဆိုတဲ့ သင်္ခါရတွေက နောင်အနာဂါတ်သံသရာမှာ အကျိုးကိုဖြစ်စေတတ်တဲ့ **စွမ်းအင်သတ္တိကို မိမိတို့ရဲ့ ရုပ်နာမ်ခန္ဓာ သန္တာန်အစဉ်မှာ မြှုပ်နှံခဲ့ပြီးမှ ချုပ်ပျက်သွားကြတယ်။ ထိုစွမ်းအင်သတ္တိကို ကံလို့ခေါ်တယ်။**

ဒီတော့အတိတ်က အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ သင်္ခါရ၊ ကံ...ဆိုတဲ့ အကြောင်းတရားငါးပါးဖြစ်ခြင်းကြောင့် ပစ္စုပ္ပန်၌ ဝိညာဏ်, နာမ်ရုပ်, သဠာယတန ,ဖဿ ဝေဒနာ...ဆိုတဲ့ အကျိုးတရားငါးပါးဖြစ်ပုံကို တို့ဒကာကြီး ဒကာမကြီးတွေ ပိုပြီးနားလည်အောင် အများသိကြတဲ့ **မင်းကုသနဲ့ ပဘာဝတီတို့ရဲ့ဝတ္ထုဇာတ်ကြောင်း**(၇၃) ကို သာဓကထုတ်ပြီး ပြောကြရအောင်...။

မင်းကုသနဲ့ ပဘာဝတီဘဝကို မရောက်ခင်မှာ ဘုရားလောင်း မင်းကုသဟာ သာမန်တောသူတောင်သား ဘဝတစ်ခုမှာ ဖြစ်ခဲ့တယ်။

မင်းကုသလောင်းလျာ အမျိုးကောင်းသားမှာ အစ်ကိုတစ်ယောက်ရှိသလို သူ့အစ်ကိုမှာ ဇနီးလည်းရှိတော့ မင်းကုသလောင်းလျာ အမျိုးကောင်းသားနဲ့ဆို မရီးတော်တာပေါ့။ ဒီလိုသူတို့ညီအစ်ကိုဟာ မိဘတွေနဲ့ အတူနေခဲ့ကြတဲ့ ဘဝတစ်ခုမှာ...

တစ်နေ့တော့ သူတို့မိသားစု မုန့်တစ်မျိုးလုပ်စားကြတယ်။ သာမန်တောသူတောင်သား မိသားစုဆိုတော့ မုန့်ကိုပိုပိုလျှံလျှံ လုပ်ကြပုံမရဘူး။ မိသားစုဝင်တစ်ယောက်ကို ဘယ်နှစ်ခုစီ...စသည်အားဖြင့် ကိုယ့်ဝေစုနဲ့ကို အတိအကျလုပ်ထားတာဖြစ်မယ်။

မင်းကုသလောင်းလျာက တောသူတောင်သားဆိုတော့ နေ့ပိုင်းမှာ တောထဲမှာ တောင်ယာလုပ်ကိုင်ရင်း အချိန်ကုန်ရမှာပေါ့။

အဲဒီလို သူတို့မိသားစု မုန့်လုပ်စားကြတဲ့အခါ တောထဲသွားနေတဲ့ မင်းကုသအတွက် ဝေစုဖြစ်တဲ့မုန့်ကို တောကပြန်လာရင် စားဖို့ချန်ထား

---

(၇၃) [ဇာတက - ၄ - ၅၊ ၃၀၆]

ကြတယ်။ အဲဒီလို မင်းကုသလောင်းလျာရဲ့ ဝေစုမုန့်ကိုချန်ထားပြီး သူတို့မိသားစုလည်း သူတို့ဝေစုမုန့်ကို စားပြီးတဲ့အချိန် ပစ္စေကဗုဒ္ဓဘုရားရှင်က သူတို့အိမ်ရှေ့ကို ဆွမ်းခံကြွရောက်လာတယ်။ ဘယ်သူဆွမ်းခံကြွရောက်လာ

"ပစ္စေကဗုဒ္ဓဘုရားရှင်ပါဘုရား"

အဲဒီလို ပစ္စေကဗုဒ္ဓဘုရားရှင် ဆွမ်းခံကြွလာတာကို မင်းကုသလောင်းလျာရဲ့ မရီးမြင်တဲ့အခါမှာ...မတ်ဖြစ်သူအတွက် ချန်ထားတဲ့ဝေစုမုန့်ကို ဆွမ်းကိစ္စပြီးစီးစေဖို့ လောင်းလှူလိုက်တယ်။

အဲဒီလို လောင်းလှူပြီးတဲ့အချိန်မှာပဲ မင်းကုသလောင်းလျာအမျိုးကောင်းသားက ပြန်ရောက်လာတယ်။ အဲဒီလို ပြန်ရောက်လာတော့ မရီးဖြစ်သူက မင်းကုသလောင်းလျာကို ဘာပြောသလဲဆိုတော့..."ငါ့မောင် စိတ်ကြည်ကြည်လင်လင်ထား၊ ဝမ်းမြောက်ဝမ်းသာဖြစ်ပါ။ ငါ့မောင်အတွက် ချန်ထားတဲ့ဝေစုမုန့်ကို ပစ္စေကဗုဒ္ဓဘုရားရှင် ဆွမ်းခံကြွလာတာနဲ့ တိုက်ဆိုင်တဲ့အတွက် လှူဒါန်းလိုက်တယ်" လို့ ပြောတယ်။

အဲဒီမှာ မင်းကုသလောင်းလျာက စိတ်အတော်ဆိုးသွားတယ်။

ဘာကြောင့်စိတ်ဆိုးရသလဲဆိုတော့ မင်းကုသလောင်းလျာရဲ့ အတွေးက...သူတို့ဝေစုဖြစ်တဲ့ မုန့်ကိုကျတော့ အကုန်စားပစ်ပြီး ငါ့ဝေစုဖြစ်တဲ့ မုန့်ကိုကျမှ လှူရသလား၊ အခုတော့ ငါ့အတွက် စားစရာဘာရှိတော့မှာလဲ ဆိုတဲ့အတွေးနဲ့ စိတ်ဆိုးသတဲ့။

အဲဒီမှာ မင်းကုသလောင်းလျာက တစ်ခါတည်းဒေါသမထိန်းနိုင်တော့ဘဲ ပစ္စေကဗုဒ္ဓဘုရားရှင်ရဲ့နောက်ကိုလိုက်သွားပြီး သပိတ်ထဲကမုန့်ကို ပြန်ယူတယ် တို့ပရိသတ်။ မင်းကုသလောင်းလျာ ဒေါသစိတ်ကို မထိန်းနိုင်တော့ ပစ္စေကာဗုဒ္ဓဘုရားရှင်ရဲ့ သပိတ်ထဲက ဘာကိုပြန်ယူ...။

"သပိတ်ထဲက မုန့်ကို ပြန်ယူပါတယ်ဘုရား"

မတ်ဖြစ်သူမင်းကုသလောင်းလျာက ပစ္စေကဗုဒ္ဓဘုရားရှင်ရဲ့ သပိတ်ထဲကမုန့်ကို ပြန်လုယူလိုက်တာကို မြင်လိုက်တဲ့မရီးဖြစ်သူက စိတ်မကောင်းဖြစ်သွားတယ်။ ဘာကြောင့်လဲဆိုတော့ ဒီပစ္စေကဗုဒ္ဓဘုရားရှင်ဟာ

ဒီမုန့်ဆွမ်းကိုမှ မဘုဉ်းပေးရရင် ဒီနေ့ဆွမ်းကိစ္စအတွက် အခက်တွေ့ပြီ။ အချိန်ကလည်း နေ့မွန်းတည့်ခါနီး ဖြစ်ပုံရပါတယ်။ ဒါ့အပြင် ပစ္စေကဗုဒ္ဓ-ဘုရားရှင်များဟာ မျက်မှောက်ဘဝ၌ ချမ်းသာစွာနေတော်မူလိုတဲ့အတွက် နိရောဓသမာပတ်ကို အမြဲလိုလို ဝင်စားတော်မူလေ့ရှိကြတယ်။

ဒီနေရာမှာ **နိရောဓသမာပတ်ဆိုတာက**[(၇၄)] ခုနစ်ရက်ပတ်လုံး ဝင်စားရတာဆိုတော့ ဒီလိုနိရောဓသမာပတ် ဝင်စားနေတဲ့ ခုနစ်ရက်လုံးလုံး ဆွမ်းဘုဉ်းပေးခြင်းမရှိဘဲ သမာပတ်ချမ်းသာမှုနဲ့သာ နေလေ့ရှိကြတယ်။

ဒီလိုနိရောဓသမာပတ်က ခုနစ်ရက်မြောက်တဲ့နေ့မှာ သမာပတ်က ထပြီး ဆွမ်းခံ, ဆွမ်းဘုဉ်းပေးလေ့ရှိတော့ ဒီနေ့မှာမှ ဆွမ်းမဘုဉ်းပေးရရင် အာဟာရပြတ်တောက်ပြီး ပရိနိဗ္ဗာန်စံဝင်နိုင်တယ်။ ဒါကြောင့် သူ့ရဲ့မှတ်ဖြစ်သူ မင်းကုသလောင်းလျာက ပစ္စေကဗုဒ္ဓဘုရားရှင် ရဲ့ သပိတ်ထဲက မုန့်ကို ပြန်ယူတာမြင်တော့ မရီးဖြစ်သူက စိတ်မကောင်းဖြစ်တာ။

အဲဒီလို မင်းကုသလောင်းလျာရဲ့ မရီးဖြစ်သူက ပစ္စေကဗုဒ္ဓ-

---

(၇၄) နိရောဓသမာပတ်ကို လောကီသမာပတ်ရှစ်ပါးရရှိတော်မူကြကုန်သော အနာဂါမ် အရိယာသူတော်ကောင်းတို့နှင့်ရဟန္တာပုဂ္ဂိုလ်များသည် ရုပ်နာမ်ကြောင်းကျိုးသင်္ခါရတရားတို့၏ ဖြစ်ခြင်းပျက်ခြင်းအထူးအပြား၌ ငြီးငွေ့တော်မူကြကုန်သည်ဖြစ်၍ မျက်မှောက်သော ကိုယ်၏ အဖြစ်၌ စိတ်၊ စေတသိက်တို့ ချုပ်ငြိမ်းကုန်သည်ဖြစ်၍ စိတ္တဇရုပ်တို့လည်း ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်၍ ချမ်းချမ်းသာသာနေကြကုန်အံ့ဟု နှလုံးသွင်းပြီး နိရောဓသမာပတ်ကို ဝင်စားတော်မူကြကုန်သည်။ [ဝိသုဒ္ဓိမဂ် - ၂၊ ၃၄၇]

ထိုကဲ့သို့ နိရောဓသမာပတ်ဝင်စားတော်မူလိုကြကုန်သော အနာဂါမ်နှင့် ရဟန္တာပုဂ္ဂိုလ် တို့သည် အာကိဉ္စညာယတနစျာန်မှထသောအခါ ရှေးဦးစွာ "ပြုသင့်ပြုထိုက်သော ပုဗ္ဗကိစ္စ လေးပါးကို" ဆင်ခြင်ပြီးမှ နိရောဓသမာပတ်ကို ဝင်စားကြရသည်။ ပုဗ္ဗကိစ္စလေးပါးဟူသည် -

၁။ မိမိကိုယ်နှင့်မစပ် အသီးအခြားဖြစ်နေသော ကျောင်း, သင်္ကန်း ... စသော ပရိက္ခရာတို့ကို မပျက်စီးဖို့ရန် အဓိဋ္ဌာန်ခြင်း။

၂။ သံဃာတော်က သံဃာ့ကိစ္စအတွက် အလိုရှိခဲ့သော် နိရောဓသမာပတ်မှ ထနိုင်ရန် ဆင်ခြင်ခြင်း။

၃။ သဗ္ဗညုတဘုရားရှင်တို့ အလိုရှိ၍ ခေါ်တော်မူသည်ရှိသော် နိရောဓသမာပတ်မှ ထနိုင်ရန် ဆင် ခြင်ခြင်း။

၄။ မိမိ၏အသက်အပိုင်းအခြား အခွန့်ကာလကို ဆင်ခြင်ခြင်း။ (အာယုသင်္ခါရမချုပ်ဆုံးမီ နိရောဓသမာပတ်မှ ထနိုင်ရန်ဆင်ခြင်ခြင်း။ [ဝိသုဒ္ဓိမဂ် - ၂၊ ၃၄၈]

ဘုရားရှင်ရဲ့ လက်ထဲကသပိတ်ကို ပြန်ယူပြီး . . . ပစ္စေကဗုဒ္ဓဘုရားရှင်ရဲ့ ဆွမ်းကိစ္စအတွက် သူ့အိမ်မှာရှိတဲ့ထောပတ်ကို သပိတ်ထဲလောင်းထည့်ပြီး လှူလိုက်တယ်။ တို့ပရိသတ် မင်းကုသလောင်းလျာရဲ့ မရီးဖြစ်သူက ပစ္စေကဗုဒ္ဓဘုရားရှင်ရဲ့ သပိတ်ထဲကို ဘာတွေလောင်းလှူ...။

"ထောပတ်တွေ လောင်းလှူလိုက်ပါတယ်ဘုရား"

မင်းကုသလောင်းလျာရဲ့ မရီးဖြစ်သူက ပစ္စေကဗုဒ္ဓဘုရားရှင်ရဲ့ သပိတ်ထဲကို ထောပတ်တွေလောင်းလှူပြီးတဲ့အခါမှာ ဆုတောင်းတယ်။ မင်းကုသလောင်းလျာရဲ့ မရီးဖြစ်သူ ဘယ်လိုအကြောင်းကနေ ဆုတောင်းဖြစ်တာလဲဆိုတော့ . . . အဲဒီလို ပစ္စေကဗုဒ္ဓဘုရားရှင်ရဲ့ သပိတ်ထဲကို သူ ထော ပတ်လောင်းလှူလိုက်တဲ့အခါမှာ ...တို့ပရိသတ် စဉ်းစားကြည့်...။

ထောပတ်က ဘာအရောင်ရှိ...။

"အဝါရောင်ပါဘုရား"

သပိတ်က ဘာအရောင်ရှိ...။

"အနက်ရောင်ပါဘုရား"

အေး...ဒီလို ပစ္စေကဗုဒ္ဓဘုရားရှင်ရဲ့ အနက်ရောင်သပိတ်ထဲကို အဝါရောင်ထောပတ်တွေ လောင်းလှူလိုက်တဲ့အခါမှာ မဲနက်နေတဲ့ သပိတ်ထဲက ထောပတ်တွေက ပိုပြီးအရောင်တောက်သွားမှာပေါ့။ အဲဒီလို ရွှေရောင်လို ဝင်းဝါတောက်ပနေတဲ့ ထောပတ်တွေကို ကြည့်ပြီး မင်းကုသ လောင်းလျာ ရဲ့မရီးက တစ်ခါတည်း ဆုသုံးခုတောင်းလိုက်တာ။

ဘယ်လိုဆုသုံးခုတောင်း(၇၅) သလဲဆိုတော့...ပထမဆုက ဒီလို လှူဒါန်းရတဲ့ အကျိုးအားကြောင့် ဖြစ်လေရာဘဝတိုင်းမှာ တပည့်တော်မရဲ့ ခန္ဓာကိုယ်မှ အရောင်အလင်း ထွက်ပေါ်ရပါစေသားဘုရား...တဲ့။

ဒုတိယဆုက ရုပ်ရည်အဆင်း အလွန်လှပရပါလို၏...တဲ့။ ဒီနေရာ

---

(၇၅) ဘန္တေ ဣမိနာ ဒါနဗလေန နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ မေ သရီရံ ဩဘာသဇာတံ ဟောတု, ဥတ္တမရူပဓရာ စ ဘဝေယျံ, ဣမိနာ စ မေ အသပ္ပုရိသေန သဒ္ဓိံ ဧကဋ္ဌာနေ ဝါသော မာ အဟောသီတိ။ ဣတိ သာ ဣမိဿာ ပုဗ္ဗပတ္ထနာယ ဝသေန တံ နက္ခတ္တိ။ [ဇာ - ၄ - ၅၊ ၃၀၆]

မှာ နောက်ဆုံးဆုက ဘာလဲဆိုတော့ ...**ဒီလို သူတော်မဟုတ်၊ သူယုတ်မာနဲ့ အတူမဆုံပါရစေနဲ့**...တဲ့။ မင်းကုသလောင်းလျာရဲ့ မရီးဖြစ်သူက ဆုဘယ်နှစ်ခုတောင်း...။

"သုံးခုတောင်းပါတယ် ဘုရား"

ပစ္စေကဗုဒ္ဓဘုရားရှင်ရဲ့ သပိတ်ထဲကို လောင်းလှူလိုက်တဲ့ ထောပတ်တွေကိုကြည့်ပြီး တောင်းတဲ့ပထမဆုတစ်ခုက ခန္ဓာကိုယ်ကနေ အရောင်အလင်း ထွက်ပေါ်ပါရစေ...တဲ့။ နောက်တစ်ခုက ရုပ်ရည်လှပပါရစေ...တဲ့။ ဒီလို မင်းကုသလောင်းလျာရဲ့မရီးဖြစ်သူ ဆုတောင်းခဲ့တဲ့ ကုသိုလ်ကံတွေကြောင့် ခုနစ်ဆောင်တိုက်ခန်း မီးမထွန်းဘဲလင်းတဲ့ ပဘာဝတီရယ်လို့ ဖြစ်လာတာ။ ဒီတော့...မင်းကုသလောင်းလျာ အမျိုးကောင်းသားရဲ့ မရီး ဖြစ်သူက ဘယ်သူလောင်းလျာ...။

"ပဘာဝတီလောင်းလျာပါဘုရား"

ဟော..အဲဒီလို ပဘာဝတီလျောင်းလျာဖြစ်တဲ့ မရီးဖြစ်သူရဲ့နောက်ဆုံးဆုတစ်ခုက သူ့ရဲ့မုတ်ဖြစ်သူ မင်းကုသလောင်းလျာနဲ့ အတူမဆုံပါရစေနဲ့တဲ့။ ကဲ...တို့ပရိသတ် ဒီ မင်းကုသလောင်းလျာက နောင်တစ်ချိန်မှာ ဦးပဥ္စင်း တို့ရဲ့ ကိုးကွယ်ရာဖြစ်တဲ့ ဂေါတမဘုရားအလောင်းပဲ။ ဘုရားအလောင်းဖြစ်တဲ့ ဒီမင်းကုသလောင်းလျာနဲ့ အတူ မဆုံပါရစေနဲ့တဲ့။ ကဲ...အတူမဆုံရမယ့် ဆုကိုတောင်းတဲ့အပြင် မသူတော်လို့ပါ ပြောလိုက်သေးတာ။ ဒီလိုဆုတောင်းတဲ့ မရီးဖြစ်သူ ပဘာဝတီလောင်းလျာက ဘယ်သူမှတ်လို့လဲ တို့ပရိသတ်...အခြားသူမဟုတ်ဘူး။ ဒီပကံရာမြတ်စွာဘုရားရှင်လက်ထက်တော်မှာ ဦးပဥ္စင်းတို့ဘုရားလောင်း သုမေဓာရှင်ရသေ့နဲ့ ပါရမီဖြည့်ဖက်ဖြစ်ရပါလို၏လို့ ဆုပန်ခဲ့တဲ့ ယသော်ဓယာလောင်းလျာပဲ တို့ပရိသတ်။ ဦးပဥ္စင်းတို့ ဘုရားလောင်းဖြစ်တဲ့ မင်းကုသလောင်းလျာရဲ့ မရီးဖြစ်သူ ပဘာဝတီလောင်းလျာက နောက်ဆုံးဘဝမှာ ဘယ်သူတဲ့...။

"ယသော်ဓယာလောင်းလျာပါဘုရား"

တို့ပရိသတ်စဉ်းစားကြည့်နော်…ဒီပက်ရာဘုရားလက်ထက်တော်မှာ သုမိတ္တာအဖြစ်နဲ့ ဦးပဥ္စင်းတို့ဘုရားလောင်း သုမေဓာရှင်ရသေ့နဲ့ အတူဘုရားဖြစ်သည့်တိုင်အောင် ပါရမီဖြည့်ဖက် ဖြစ်ပါရစေလို့ ဆုပန်ခဲ့တာပဲ။ ဒါပေမဲ့ အခုဘဝမှာကျတော့ မတ်ဖြစ်သူမသူတော်နဲ့ မဆုံတွေ့ရပါစေနဲ့လို့တောင် ပစ္စေကဗုဒ္ဓဘုရားရှင်ထံမှာ ဆုတောင်းတယ်။

ကဲ . . . တို့ဒကာကြီး ဒကာမကြီးတွေ အလောင်းတော်ကြီးတွေတောင်မှ သံသရာတစ်ကွေ့မှာ အခုလိုဆုံကြရတဲ့အခါ စိတ်သဘောထားချင်း တိုက်ဆိုင်ရင်တစ်မျိုး၊ မတိုက်ဆိုင်ရင်တစ်မျိုးနဲ့ သဘောထားကွဲလွဲမှုတွေ ရှိခဲ့ကြသေးတာပဲ။ ဦးပဥ္စင်းတို့ အားလုံးလည်းပဲ ဒီလိုသာဓကတွေကို သင်ခန်းစာယူပြီး ဘဝသံသရာမှာ အာဃာတတွေနဲ့ မဆုံဖြစ်ကြဖို့အရေးကြီးတယ်။

အဲဒီလို မင်းကုသလောင်းလျာ အမျိုးကောင်းသားက မရီးဖြစ်သူရဲ့ဒီလို ဆုတောင်းစကားကို ကြားတဲ့အခါမှာ ဘာဖြစ်သလဲဆိုတော့…တစ်ခါတည်း စိတ်တိုတာပေ့ါ။ တို့ပရိသတ် စဉ်းစားကြည့်ပေ့ါ။ လူတစ်ယောက်က မိမိရှေ့မှာ မိမိကို သူတော်မဟုတ် သူယုတ်မာလို့ပြောပြီး မတွေ့ပါရစေနဲ့လို့ဆုတောင်းတာကို ဘယ်သူကနှစ်သက်နိုင်မလဲ။ ပဘာဝတီလောင်းလျာသူ့မရီးဖြစ်သူရဲ့ ဆုတောင်းကိုသူက လုံးဝမကျေနပ်တော့…

အဲဒီမှာ မင်းကုသလောင်းလျာက တစ်ခါတည်း ပစ္စေကဗုဒ္ဓဘုရားရှင်ရဲ့ သပိတ်ထဲက သူပြန်ယူထားတဲ့မုန့်ကို သူ့မရီးလောင်းလှူထားတဲ့ထောပတ်တွေအပေါ်မှာတင်ကာ ပြန်လောင်းလှူလိုက်ပြီး **ဆုတောင်းမှုတစ်ခု**[၇၆] ပြုတယ်။

အဲဒီဆုတောင်းက ဘာလဲဆိုတော့ . . . "အရှင်ဘုရား ယူဇနာတစ်ရာဝေးကွာတဲ့ အရပ်မှာနေရပါသော်လည်း ဒီအမျိုးသမီးကို

---

[၇၆] ဘန္တေ ဣမံ ယောဇနသတေ ဝသန္တိမ္ပိ အာနေတွာ မမ ပါဒပရိစာရိကံ ကာတုံ သမတ္ထော ဘဝေယျန္တိ။ (ဇာ - ၄ - ၅၊ ၃၀၆)

တပည့်တော်၏ ခြေရင်းအလုပ်အကျွေးအဖြစ် ဆောင်ယူခြင်းငှာ စွမ်းနိုင်သောယောက်ျားကောင်း ဖြစ်ရပါလို၏ဘုရား . . . ” ဆိုပြီး ဒီလိုဆုကို တောင်းခဲ့တယ်။

ကဲ...ပဘာဝတီလောင်းလျာဖြစ်သူမရီးက မင်းကုသလောင်းလျာနဲ့ မဆုံတွေ့ရပါစေနဲ့လို့ ဆုတောင်းပြီး မင်းကုသလောင်းလျာဖြစ်သူကတော့ ယူဇနာတစ်ရာ ဝေးကွာနေတဲ့ အရပ်မှာနေရရင်တောင် ဒီအမျိုးသမီးကို သူ့ခြေရင်းမှာ အလုပ်အကျွေးအဖြစ် သိမ်းပိုက်နိုင်ရပါလို၏တဲ့။

ဒီလိုနဲ့ အဲဒီဘဝကနေ စုတိပြတ်ကြွေ သေလွန်တဲ့အခါ သံသရာမှာ ကျင်လည်ကြရင်း ပစ္စေကဗုဒ္ဓဘုရားရှင်ကို သူတို့လှူဒါန်းခဲ့တဲ့ ထိုကုသိုလ်ကံတွေက ရင့်ကျက်လို့ အကျိုးပေးတဲ့အခါ...ထောပတ်လှူဒါန်းခဲ့တဲ့ ကုသိုလ်ကြောင့် အလွန်ချောမောလှပတဲ့ ပဘာဝတီမင်းသမီး ဖြစ်လာခဲ့တယ်။ ဒီနေရာမှာ ထောပတ်လှူဒါန်းခဲ့တဲ့ ကုသိုလ်လေးတစ်ခုက ဘာကြောင့်ဒီလောက်တောင် အကျိုးပေးရတာလဲဆိုတော့ **သီလတည်းဟူသောမြေပေါ်မှာ ရပ်တည်ပြီးပြုခဲ့တဲ့ ကောင်းမှုကုသိုလ်ဖြစ်လို့** သီလရှိတဲ့ပုဂ္ဂိုလ်ရဲ့ ဆုတောင်းဟာပြည့်စုံတယ်။ (၇၇) တို့ပရိသတ် ဆုတောင်းတွေပြည့်ဖို့ဆိုရင် ဘာအခြေခံရှိထားဖို့လို...။

“သီလအခြေခံရှိထားဖို့ လိုပါတယ်ဘုရား”

ဒ့ါအပြင် **ဓမ္မိယလဒ္ဓ** (၇၈) ဖြစ်တဲ့ သမ္မာအာဇီဝကျကျရှာဖွေစုဆောင်းထားတဲ့ လှူဖွယ်ဝတ္ထု ပစ္စည်းစုကို လှူဒါန်းပြီး ဆုတောင်းတာဖြစ်တဲ့အတွက်ကြောင့်လည်း ဆုတောင်းဟာပြည့်ဝတယ်။ တို့ပရိသတ် .. .ဆုတောင်းတွေပြည့်ဖို့ဆိုရင် လှူဖွယ်ဝတ္ထုပစ္စည်းစုက ဘယ်လိုပစ္စည်းမျိုး ဖြစ်ဖို့လို...။

“ဓမ္မိယလဒ္ဓဖြစ်တဲ့ သမ္မာအာဇီဝကျကျ ရှာဖွေစုဆောင်းထားတဲ့ လှူဖွယ်ဝတ္ထုပစ္စည်းစုမျိုး ဖြစ်ဖို့လိုပါတယ်ဘုရား”

---

(၇၇) ဣဇ္ဈတိ ဘိက္ခဝေ သီလဝတော စေတောပဏိဓိ ဝိသုဒ္ဓတ္တာ။ [အံ-၈၊၇၁] (၇၈) [မ - ၃၊ ၃၀၀]

အဲဒီလို ပဘာဝတီလောင်းလျာဘဝက ပြုခဲ့တဲ့ကုသိုလ်ကံတွေ ရင့်ကျက်လို့ ဒီလိုရုပ်အဆင်းအင်္ဂါ ချောမောလှပပြီး သူ့ရဲ့ဆုတောင်းအတိုင်း ကိုယ်ရည်အဆင်း ထွန်းလင်းတောက်ပမှုမျိုးကို ပိုင်ဆိုင်ရရှိတဲ့ ပဘာဝတီဆိုတဲ့ အမျိုးသမီးဖြစ်လာခဲ့သလို...

မင်းကုသလောင်းလျာဟာလည်း သူ့ရဲ့သီလစင်ကြယ်မှု သမ္မာအာဇီဝကျစွာ ရှာဖွေထားတဲ့ လှူဖွယ်ဝတ္ထုကို လှူဒါန်းခဲ့တဲ့ ကောင်းမှုကံတွေ ရင့်ကျက်လို့ အကျိုးပေးတဲ့အခါမှာ မင်းကုသဆိုပြီး အင်မတန်မှ ဘုန်း - တန်ခိုးကြီးတဲ့ မင်းယောက်ျားဖြစ်လာတယ်။

ဒါပေမဲ့ မင်းကုသလောင်းလျာ အတိတ်ကပြုခဲ့တဲ့ ကုသိုလ်ကို ရှေ့နောက်မှာ ဒေါသတွေခြံရံပြီး ပြုခဲ့တဲ့အတွက်ကြောင့် အင်မတန် အကျည်းတန် အရုပ်ဆိုးခဲ့တယ်တဲ့။ တို့ပရိသတ်...မင်းကုသရုပ်ရည် အကျည်းတန်တာ သူပြုခဲ့တဲ့ကုသိုလ်တွေရဲ့ ရှေ့နောက်မှာ ဘာတရားတွေ ခြံရံထားခဲ့လို့လဲ...။

"ဒေါသတရားတွေ ခြံရံထားခဲ့လို့ပါဘုရား"

အေး...ဒီနေရာမှာ မင်းကုသရဲ့ရုပ်ရည်ဟာ ဘယ်လောက်တောင် အကျည်းတန်သလဲဆိုတော့...မင်းကုသနဲ့ လက်ထပ်ပြီးတဲ့အထိ မင်းကုသရဲ့ ရုပ်ရည်အမှန်ကို ပဘာဝတီမသိခဲ့ရဘူး။ မမြင်ဖူးဘူး။

ပဘာဝတီဟာ မင်းကုသရဲ့မယ်တော်ထံမှာ မင်းကုသကိုတွေ့မြင်ခွင့် အကြိမ်ကြိမ်တောင်းခဲ့ရတယ်။ နောက်ဆုံးမှာ မင်းကုသရဲ့ရုပ်ရည် အမှန်ကို ပဘာဝတီမြင်တွေ့လိုက်ရတဲ့အခါ မူးမေ့သွားတယ်တဲ့။ အဲဒီမှာ ပဘာဝတီက မင်းကုသနဲ့မပေါင်းနိုင်ဘူးဆိုပြီး သူ့တိုင်းပြည်ကို ပြန်သွားခဲ့သေးတယ်။ နောက်ကျမှ သိကြားမင်းရဲ့ ပတ္တမြားရတနာအစွမ်းကြောင့် မင်းကုသဟာ ရုပ်ရည်ချောမောသွားရတယ်။ နောက်တော့ ပဘာဝတီနဲ့ ပြန်ပြီးပေါင်းဖက်တယ်။ ဒါကတော့ အားလုံးနဲ့ရင်းနှီးနေတော့ အကျယ်ချဲ့ မပြောတော့ဘူး။

ဒီနေရာမှာ အဓိကပြောချင်တာက မင်းကုသနဲ့ ပဘာဝတီတို့ရဲ့

အတိတ်အကြောင်းနဲ့ ပစ္စုပ္ပန်အကျိုးဆက်စပ်ပုံကိုပဲ အဓိက ထားပြီးပြောကြရအောင်...။

ပဘာဝတီဆိုတဲ့ ဒီလိုချောမောလှပတဲ့ အမျိုးသမီးဘဝကို ဖြစ်စေတဲ့ **အတိတ်အကြောင်းတရားငါးပါးကို** အရင်ကြည့်ရအောင်...။ တို့ပရိသတ် အတိတ်အကြောင်းတရားဘယ်နှစ်ပါး...။

"ငါးပါးပါဘုရား..."

**"ပထမအကြောင်းတရားက အဝိဇ္ဇာ"**

ကုသိုလ်ပြုပြီး ဆုတောင်းတဲ့အခါမှာ ချောမောလှပပြီး ကိုယ်ရောင်ကိုယ်ဝါ ထွန်းလင်းတောက်ပတဲ့ အမျိုးသမီးလို့ အသိမှားမှုက **အဝိဇ္ဇာ**။ ဘာကြောင့် မှားတယ်လို့ပြောရတာလဲဆိုတော့... ချောမောလှပတဲ့ အမျိုးသမီးဆိုတာ တကယ်ထင်ရှားမရှိဘူး။ တကယ်ထင်ရှားရှိတာက ရုပ်တရား အစုအပုံ၊ နာမ်တရားအစုအပုံ၊ အကြောင်းတရား အစုအပုံ၊ အကျိုးတရား အစုအပုံမျှသာရှိတယ်။ ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမဆိုတာ မရှိဘူး။ ဒါကြောင့် အသိမှားမှု အဝိဇ္ဇာလို့ပြောတာ...။

**"ဒုတိယအကြောင်းတရားက တဏှာ"**

ကုသိုလ်ပြုပြီး ဆုတောင်းတဲ့အခါမှာ ချောမောလှပပြီး ကိုယ်ရောင်ကိုယ်ဝါ ထွန်းလင်းတောက်ပတဲ့ အမျိုးသမီးဘဝကို လိုချင်တပ်မက်မှု **တဏှာ**။

**"တတိယအကြောင်းတရားက ဥပါဒါန်"**

ကုသိုလ်ပြုကာ ဆုတောင်းပြီးတဲ့နောက် ချောမောလှပပြီး ကိုယ်ရောင်ကိုယ်ဝါ ထွန်းလင်းတောက်ပတဲ့ အမျိုးသမီးဘဝကို စိတ်ကျရောက် စွဲလမ်းမှု **ဥပါဒါန်**။

**"စတုတ္ထအကြောင်းတရားက သင်္ခါရ"**

အဲဒီလို **အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်** ဆိုတဲ့ **ကိလေသဝဋ်** သုံးပါး ခြံရံပြီး ပစ္စေကဗုဒ္ဓဘုရားရှင်ကို ထောပတ်လှူဒါန်းမှုက ကုသိုလ် **သင်္ခါရ**။

**"ပဋ္ဌမအကြောင်းတရားက ကံ"**

ပစ္စေကဗုဒ္ဓဘုရားရှင်ကို ထောပတ်လှူဒါန်းခဲ့တဲ့ ကုသိုလ်သခ်ါရ ဆိုတာကတော့ ဖြစ်ပြီးပျက်သွားတာ။ ဒါပေမဲ့ နောင်တစ်ချိန် အကျိုး တရားကို ဖြစ်ပေါ်စေတတ်တဲ့ ကျန်ခဲ့တဲ့စွမ်းအင်သတ္တိက ကံ။

အဲဒီလို **အတိတ်က အကြောင်းတရားငါးပါး** စုံညီတဲ့အတွက် ကြောင့် ပစ္စုပ္ပန်မှာ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဆိုတဲ့ တစ်နည်းအားဖြင့် ယခု ပဘာဝတီဆိုတဲ့ ရုပ်နာမ်တရားတည်းဟူသော ခန္ဓာငါးပါး အကျိုးတရားဖြစ်ပေါ်လာတာ။

အဲဒီလိုပဲ။ မင်းကုသမှာလည်း အတိတ်က ပြုစုပျိုးထောင်ခဲ့တဲ့ မရီးဖြစ်သူအမျိုးသမီးကို သိမ်းပိုက်နိုင်တဲ့ ယောက်ျားဘဝလို့ အသိမှားမှု **အဝိဇ္ဇာ**၊ အဲဒီလို ယောက်ျားဘဝကို တွယ်တာမက်မောမှု **တဏှာ**၊ အဲဒီလို ယောက်ျားဘဝကို စိတ်ကျရောက် စွဲလန်းမှုဥပါဒါန်**...**အဲဒီလို အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ဆိုတဲ့ ကိလေသဝဋ်သုံးပါး ခြံရံပြီး ပစ္စေကဗုဒ္ဓဘုရားရှင်ကို မုန့်ပြန်လှူခဲ့တဲ့ လှူဒါန်းမှု ကုသိုလ်သခ်ါရ၊ အဲဒီကုသိုလ်သခ်ါရ တွေရဲ့စွမ်းရည်သတ္တိဟူသော ကံ... ဒီလို အတိတ်အကြောင်းတရားငါးပါး ကြောင့် ဒီဘဝမှာ မင်းကုသဆိုပြီး ဘုန်းတန်ခိုးကြီးတဲ့ မင်းယောက်ျား တစ်ယောက်ဖြစ်ခဲ့တာ။

အဲဒီလို **အတိတ်ကအကြောင်းကြောင့် ပစ္စုပ္ပန်အကျိုးဖြစ်ပုံကို သိမြင်ပါမှ ကြောင်းကျိုးဆက်နွယ်တဲ့ ပဋိစ္စသမုပ္ပါဒ်ကို နားလည်တယ်လို့ ဆိုရမှာ** ဖြစ်တယ်။

အဲဒီလိုပဋိစ္စသမုပ္ပါဒ်ကို နားလည်တဲ့အတွက်ကြောင့် ကံနဲ့ကံရဲ့ အကျိုးကို ယုံကြည်နားလည်တဲ့ ကမ္မဿကတာ သမ္မာဒိဋ္ဌိ ဉာဏ်ဟာလည်း ပိုပြီးအားကောင်းလာမှာ ဖြစ်တယ်။ ထိုကဲ့သို့ ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ် အားကောင်းလာတဲ့ ပုဂ္ဂိုလ်ဟာ ကံတွေကိုထူထောင်တဲ့အခါမှာ အမှုမဲ့ အမှတ်မဲ့နဲ့ မထူထောင်မိတော့ဘူး။

ဒီနေရာမှာ အတိတ်ကစိတ်နေစိတ်ထားတွေကို မပြုပြင်ဘဲ အမှုမဲ့

အမှတ်မဲ့ ကံတွေကို ထူထောင်မိလို့ မတူညီတဲ့ကံတွေကြောင့် ကွဲပြားတဲ့ အကျိုးတရားတွေကို ရရှိကြတယ်ဆိုတာ မင်းကုသနဲ့ ပဘာဝတီတို့ရဲ့ ဇာတ်ကြောင်းမှာ သင်ခန်းစာယူရမှာ ဖြစ်တယ်။

အခုပြောခဲ့တဲ့ မင်းကုသနဲ့ ပဘာဝတီတို့ရဲ့ ဇာတ်ကြောင်းကို ကြည့်ကြမယ်ဆိုရင် အတိတ်ဘဝဒါနကုသိုလ် ပြုခဲ့တုန်းက ပဘာဝတီရဲ့ စိတ်အစဉ်မှာ ပစ္စေကဗုဒ္ဓဘုရားရှင် အပေါ်ထားတဲ့ **မေတ္တာ**၊ ကောင်းမှု အပေါ်မှာ ကျေနပ်နှစ်သက်မှု **ပီတိသောမနဿ** ဖြစ်ခဲ့တာက ထင်ရှားတယ်။ ပဘာဝတီလောင်းလျာရဲ့ ကုသိုလ်မှာ ဘယ်တရားတွေထင်ရှား ...။

"မေတ္တာနဲ့ ပီတိသောမနဿ ထင်ရှားပါတယ်ဘုရား"

အဲဒီလို သီလတည်းဟူသော မြေပေါ်မှာရပ်တည်ပြီး လှူဒါန်းခဲ့ တဲ့ ဒါနမှာ မေတ္တာနဲ့ ပီတိသောမနဿ ထင်ရှားရှိတဲ့ ဒါနကုသိုလ်တစ်ခု ပြုနိုင်ခဲ့လို့ ပဘာဝတီအမျိုးသမီးဘဝ ရောက်တဲ့အခါ ရုပ်ဆင်းအင်္ဂါ ချော မောလှပခြင်း၊ လူအများရဲ့ချစ်ခင်စုံမက်မှုကိုရရှိခြင်း၊ ကိုယ်ရောင်ကိုယ်ဝါ တောက်ပခြင်းဆိုတဲ့ ကောင်းကျိုးတွေကို ရရှိပိုင်ဆိုင်ရသလို . . . တစ်ဖက်မှာလည်း မင်းကုသလောင်းလျာဖြစ်တဲ့ မတ်ဖြစ်သူအပေါ်မှာ မတွေ့မဆုံချင်ဘူးဆိုတဲ့ စိတ်နေစိတ်ထားကြောင့် ဒီပဘာဝတီဘဝမှာ သောကတွေနဲ့ ကြုံခဲ့ရပြန်တယ်။

မင်းကုသလောင်းလျာမှာလည်း လှူဒါန်းခဲ့တဲ့ ကုသိုလ်ကောင်းမှု ကြောင့် ဘုန်းကံကြီးတဲ့ မင်းယောကျ်ားတစ်ယောက်ဖြစ်ခဲ့တယ်။ ဒါပေမဲ့ အတိတ်ဘဝက အလှူဒါနမှာ... မေတ္တာနဲ့ ပီတိသောမနဿမပါဘဲ မရီးဖြစ် သူရဲ့ ဆုတောင်းအပေါ်မှာ မကျေနပ်တဲ့ ဒေါသခြံရံပြီး ဒါနကောင်းမှုပြုခဲ့ မိတာကြောင့် မင်းကုသဘဝမှာ အင်မတန်မှ ရုပ်ဆိုးအကျည်းတန် ရပြန်တယ်။

ဒီတော့ . . . မင်းကုသနဲ့ ပဘာဝတီတို့ရဲ့ ဒါနကောင်းမှုချင်း တူညီ ကြပေမယ့် စိတ်နေစိတ်ထားကွဲပြားကြတဲ့အတွက် **မေတ္တာနဲ့ ပီတိသော မနဿခြံရံခဲ့တဲ့ ပဘာဝတီက ရုပ်ဆင်းအင်္ဂါလှပပြီး ဒေါသခြံရံခဲ့တဲ့**

**မင်းကုသကတော့** ရုပ်ရည်အဆင်း အကျည်းတန်ခြင်းဆိုတဲ့ ဘဝကို ရရှိရတယ်။ ဒါကြောင့် တို့ပရိသတ်… အလှူဒါနတစ်ခု ပြုတော့မယ်ဆိုရင် အမှုမဲ့အမှတ်မဲ့မပြုဘဲ စိတ်နေစိတ်ထားတွေကို ပြင်ဆင်ပြီးမှ ဒါနကောင်းမှုတွေကို ပြုသင့်တယ်။ ဒါနကောင်းမှုတွေကို ဘယ်လိုပြုသင့်…။

"စိတ်နေစိတ်ထားတွေကို ပြင်ဆင်ပြီးမှ ပြုသင့်ပါတယ်ဘုရား"

ဒါကြောင့် ကံတွေကိုထူထောင်တဲ့အပိုင်းမှာ သတိထားပြီးတော့ ထူထောင်ဖို့လိုတယ်။ ကံအရာတည်သွားပြီဆိုရင် ပြန်ပြင်လို့မရတော့ဘူး။

ကောင်းမှုကုသိုလ်ကံတွေကို ပြုတဲ့နေရာမှာတောင် စိတ်နေစိတ်ထားပြင်ဆင်ပြီးမှ ပြုသင့်တယ်။ ဒီလိုဒါန…စတဲ့ ကုသိုလ်ကံတွေကို ပြုတဲ့နေရာမှာ **ကာမာဝစရကုသိုလ်ကံရှစ်မျိုး**[(၇၉)] ရှိတယ်ဆိုတာကို နားလည်ထားကြရမယ်။ ကာမာဝစရကုသိုလ်ကံ ဘယ်နှစ်မျိုးရှိ…။

"ရှစ်မျိုးရှိပါတယ်ဘုရား"

အဲဒီရှစ်မျိုးထဲမှာ အကောင်းဆုံးနဲ့ အမြတ်ဆုံးကုသိုလ်ဖြစ်ဖို့ အင်္ဂါသုံးချက်ရှိတယ်။

ပထမအချက် **သောမနဿ**ဆိုတဲ့ ကျေနပ်နှစ်သက်ဝမ်းမြောက်မှု၊ ဒုတိယအချက် **ဉာဏသမ္ပယုတ္တ**ဆိုတဲ့ ဉာဏ်ပညာနဲ့ယှဉ်စပ်ခြင်း၊

တတိယအချက် **အသင်္ခါရိက**ဆိုတဲ့ တိုက်တွန်းနှိုးဆော်မှုမပါခြင်း။ ဒီအင်္ဂါသုံးချက်ပြည့်စုံရင် အကောင်းဆုံးနဲ့ အမြတ်ဆုံးကုသိုလ်ဖြစ်တာပေါ့။

အကောင်းဆုံးနဲ့ အမြတ်ဆုံးကုသိုလ်ရဲ့ အင်္ဂါသုံးချက်နဲ့ ဆန့်ကျင်ဘက်ကတော့…

ကျေနပ်နှစ်သက်ဝမ်းမြောက်မှု သောမနဿမပါခြင်း၊

ဉာဏ်ပညာနဲ့မယှဉ်တဲ့ ဉာဏဝိပ္ပယုတ္တဖြစ်ခြင်း၊

တိုက်တွန်းနှိုးဆော်မှုနဲ့တကွဖြစ်တဲ့ သသင်္ခါရိကဖြစ်ခြင်း…ဒီလို

---

(၇၉) [ဝိသုဒ္ဓိ - ၂၊ ၇၃]

အင်္ဂါသုံးချက်နဲ့ ပြုလုပ်တဲ့ကုသိုလ်တွေကတော့ အညံ့စားကုသိုလ်တွေပေါ့။ အဲဒီလို အမြတ်ဆုံးနဲ့ အညံ့ဆုံးကုသိုလ်နှစ်ပါးကြားထဲမှာ အလယ်အလတ်ကုသိုလ် ခြောက်မျိုးကတော့...

သောမနဿနဲ့တကွ ဖြစ်ခြင်း မဖြစ်ခြင်း။

ဉာဏ်နဲ့ယှဉ်ခြင်း မယှဉ်ခြင်း။

တိုက်တွန်းနှိုးဆော်မှုပါခြင်း မပါခြင်း... ဆိုတဲ့ အင်္ဂါရပ်တွေအပေါ် မူတည်ပြီး ခြောက်မျိုးကွဲပြားသွားတယ်။

ဒီတော့... တို့ပရိသတ် ကျေနပ်ဝမ်းမြောက်မှု ပီတိသောမနဿနဲ့ ပြုတဲ့ ကုသိုလ်ကံကအကျိုးပေးတော့ ပဘာဝတီရဲ့ ရုပ်ဆင်းအင်္ဂါ မလှဘူးလား။

"လှပါတယ်ဘုရား"

အေး... **ပီတိသောမနဿနဲ့ယှဉ်ပြီး ကုသိုလ်ပြုရင်** ထိုကံက ရင့်ကျက်လို့ အကျိုးပေးတဲ့ဘဝမှာ **မျက်နှာမြင်ချစ်ခင်မယ်။ ရုပ်အဆင်းအင်္ဂါပြေပြစ်မယ်။**

**ဉာဏ်နဲ့ယှဉ်ပြီး ကုသိုလ်ပြုရင်** ထိုကံကရင့်ကျက်လို့ အကျိုးပေးတဲ့ဘဝမှာ **ဉာဏ်ပညာကြီးမားမယ်။ ထက်မြက်တယ်။**

**တိုက်တွန်းနှိုးဆော်မှုမပါ၊ စိတ်အားထက်ထက်သန်သန်နဲ့ ကုသိုလ်ပြုရင်** ထိုကံကရင့်ကျက်လို့ အကျိုးပေးတဲ့ဘဝမှာ **သူတစ်ပါးရဲ့ရှေ့ အမြဲတမ်းရောက်ရ၊ ထိပ်တန်းကိုလည်းရောက်ရတယ်။**

အဲဒီလိုပဲ ဆန့်ကျင်ဘက်တွေးပေါ့။

ပီတိသောမနဿမပါဘဲ ဒေါသခြံရံပြီး ကုသိုလ်တစ်ခုပြုမိရင် ထိုကံက ရင့်ကျက်လို့အကျိုးပေးတဲ့ဘဝမှာ အကျည်းတန်မယ်။ ခေတ်စကားနဲ့ ပြောရရင်တော့ တစ်လောကလုံးက သူ့လုပ်စာထိုင်စားတဲ့ မျက်နှာချိုးနဲ့ပေါ့။ ဉာဏ်နဲ့မယှဉ်စပ်တဲ့ ကုသိုလ်ပြုရင်လည်း ထိုကံကရင့်ကျက်လို့ အကျိုးပေးတဲ့ဘဝမှာ ဉာဏ်ပညာထုံထိုင်းမှာပေါ့။ စိတ်အားထက်သန်မှုမပါရင်လည်း အမြဲတမ်း သူများနောက်ကဖြစ်နေမှာပေါ့။

ဒါကြောင့် ကံတရားတွေကို ထူထောင်တဲ့အခါမှာ အမှုမဲ့အမှတ်မဲ့ မပြုဘဲ သတိထားပြီး ထူထောင်ကြစေချင်တယ်။ တို့ပရိသတ် ကံတရားတွေကို ဘယ်လိုထူထောင်ရမယ်...။

"အမှုမဲ့အမှတ်မဲ့ မပြုဘဲ သတိထားပြီး ထူထောင်ရပါမယ်ဘုရား"

အေး... ဒီမင်းကုသနဲ့ပဘာဝတီတို့ရဲ့ဇာတ်ကြောင်းကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုယ်တိုင် သမ္မာဒိဋ္ဌိဉာဏ်ပညာနဲ့ ထိုးထွင်းသိမြင်ပြီးမှ ပြန်ဟောကြားတော်မူခဲ့တာဖြစ်တယ်။

အဲဒီလို အတိတ်အကြောင်းကိုသိပြီး ပစ္စုပ္ပန်အကျိုးကို ဆက်စပ်လို့ရရင် အတိတ်အကြောင်းကြောင့် ပစ္စုပ္ပန်အကျိုးတရား အစုအပုံမျှသာဖြစ်တယ်ဆိုတာကို သံသယကင်းကင်းနဲ့ သန္နိဋ္ဌာန်ချလို့ရတယ်။

ဒါကြောင့် ယောဂီသူတော်ကောင်းတစ်ယောက်ဟာ အခုပြောခဲ့သလို ကြောင်းကျိုးဆက်နွယ်မှု ပဋိစ္စသမုပ္ပါဒ်ကိုကွင်းဆက်ပြီး ရှုနိုင်ပါမှ ဉာတပရိညာပညာနဲ့ ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်နိုင်မှာဖြစ်တယ်။

ထိုကဲ့သို့ ဉာတပရိညာပညာနဲ့ ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်နိုင်တဲ့ သူတော်ကောင်းသည်သာလျှင် ကံနဲ့ကံရဲ့အကျိုးတရားတွေအပေါ်မှာ ယုံမှားသံသယကို ကျော်လွှားလွန်မြောက်နိုင်မှာဖြစ်ပြီး ကံနဲ့ကံရဲ့ အကျိုးတရားတွေအပေါ်မှာ ယုံကြည်ခြင်း **ကမ္မဖလသဒ္ဒါ** အားကောင်းလာမှာဖြစ်တယ်လို့ နားလည်ထားရမယ်။

ဒီလို ကံနဲ့ကံရဲ့အကျိုးတရားတွေအပေါ်မှာ ယုံကြည်ခြင်းဆိုတဲ့ ကမ္မဖလသဒ္ဒါ အားကောင်းလာတဲ့ သူတော်ကောင်းတစ်ယောက်ဟာ ဆရာအပြောနဲ့သာမဟုတ် မိမိ၏ သမ္မာဒိဋ္ဌိဉာဏ်ပညာနဲ့ ကံနဲ့ကံ၏ အကျိုးအပေါ်မှာ သံသယကင်းကင်းနဲ့ သိမြင်ထားခြင်းကြောင့်... လက်ရှိဘဝမှာ အပါယ်လေးဘုံကို ကျရောက်စေနိုင်လောက်တဲ့ အကုသိုလ်ဒုစရိုက်တို့ကို မပြုလုပ်မိအောင် သတိနဲ့ရှောင်ကြဉ် စောင့်စည်းသွားနိုင်လိမ့်မယ်။ တို့ပရိသတ် ကံနဲ့ကံရဲ့အကျိုးကို သံသယကင်းကင်းနဲ့ သိမြင်ခြင်းကြောင့်

ဘယ်လို ဒုစရိုက်မှုတွေကို မပြုမိအောင် ရှောင်ကြဉ်သွားနိုင်သလဲဆိုတော့ အပါယ်လေးဘုံကို ကျရောက်စေနိုင်တဲ့ ဒုစရိုက်မှုတွေကို မပြုမိအောင် ရှောင်ကြဉ်သွားနိုင်တယ်။

တကယ်တော့ ကံနဲ့ကံရဲ့အကျိုးအပေါ်မှာ ယုံကြည်ခြင်း ကမ္မဖလ သဒ္ဓါ အားမကောင်းသေးလို့သာ အပါယ်လေးဘုံကို ကျရောက်စေနိုင်တဲ့ ဒုစရိုက်မှုတွေကို ပြုလုပ်မိနေကြခြင်းဖြစ်တယ်။ တို့ဒကာကြီး ဒကာမကြီးတွေ . . . တချို့ဒုစရိုက်မှုတွေဟာ မကောင်းမှန်းသိပါလျက်နဲ့ မရှောင်နိုင်လို့ ပြုမိကြတာ။ ဘာကြောင့် မရှောင်နိုင်သလဲဆိုတော့ . . . သတိအားနည်းသွားလို့ပဲ။ ဒီလို သတိအားနည်းသွားတဲ့အခါမှာ ဒုစရိုက်မှု မှန်းသိလျက်နဲ့ ကျူးလွန်မိနေကြတယ်။ ဒီလို သတိအားနည်းခြင်းဟာလည်း ကံနဲ့ကံရဲ့အကျိုးအပေါ်မှာ ယုံကြည်ခြင်းဆိုတဲ့ ကမ္မဖလသဒ္ဓါ အားမကောင်း သေးလို့သာ ဖြစ်တယ်ဆိုတာကို နားလည်ထားရမယ်။ ဒီတော့ ကံနဲ့ကံရဲ့အကျိုးကို သံသယကင်းကင်းနဲ့ ယုံကြည်ခြင်းဆိုတဲ့ ကမ္မဖလသဒ္ဓါ အားကောင်းခဲ့ရင် ရှေ့မှာပြောခဲ့သလို အပါယ်လေးဘုံကို ကျရောက်နိုင်တဲ့ ဒုစရိုက်မှုတွေကို မပြုမိတော့ဘူး။

ဒါကြောင့် အပါယ်တံခါးပိတ်စေတတ်တဲ့ **ကမ္မဖလသဒ္ဓါ**အား ကောင်းလာအောင်... ကြောင်းကျိုးဆက်နွယ်မှု ပဋိစ္စသမုပ္ပါဒ်ကို ရှုပွားသိမ်းဆည်းခြင်း **ပစ္စယပရိဂ္ဂဟဉာဏ်**ရရှိအောင် ကြိုးစားကြရမှာဖြစ်တယ်။ ပစ္စယပရိဂ္ဂဟဉာဏ်ရရင် တစ်ဘဝအပါယ်တံခါးပိတ်စေတယ်[၃၈] တို့ပရိသတ်။ ပစ္စယပရိဂ္ဂဟဉာဏ်ရရင် တစ်ဘဝဘာတံခါးပိတ်စေနိုင် ...။

"တစ်ဘဝ အပါယ်တံခါးပိတ်စေနိုင်ပါတယ်ဘုရား"

ဒီလိုကြောင်းကျိုးဆက်နွယ်မှု ပဋိစ္စသမုပ္ပါဒ်ကို ရှုပွားသုံးသပ်နိုင်လို့ ပစ္စယပရိဂ္ဂဟဉာဏ်ရရှိတဲ့ သူတော်ကောင်းတစ်ယောက်ဟာ ဘဝသံသရာ စက်ရဟတ်ကို **နည်းလေးပါး**[၈၀] နဲ့ ကောင်းမွန်စွာ သိမြင်အပ်တယ်။

---

[၈၀] [ဝိသုဒ္ဓိ - ၂၊ ၂၂၀။ အဘိ - ဋ္ဌ - ၂၊ ၁၈၈]

## နည်းလေးပါး

ဧကတ္တနည်း၊ နာနတ္တနည်း၊ အဗျာပါရနည်း၊ ဧဝံဓမ္မတာနည်း။

**ဧကတ္တနည်းဟူသည်**(၈၁) မျိုးစေ့မှ အညွန့်အညောင့်၊ အညွန့်အညောင့်မှ ပင်စည်,အခက်,အရွက်စသည်...ဖြစ်ပေါ်လာ၏။ ထို့ကြောင့် မျိုးစေ့နှင့်သစ်ပင်သည် အစဉ်အတန်းတစ်ခုတည်းဖြစ်၍ သန္တာန - အစဉ်အတန်းမပြတ် ဆက်စပ်နေသကဲ့သို့ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ခြင်း၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ခြင်းစသည်ဖြင့် အကြောင်းတရားနှင့် အကျိုးတရားတို့ ဆက်စပ်လျှက် အထပ်ထပ်ဖြစ်နေခြင်းတည်းဟူသော **သန္တာနာနုပစ္ဆေဒ** - သန္တာန် အစဉ်၏ မပြတ်စဲမှုတည်း။

ထိုကဲ့သို့ ဧကတ္တနည်းကို သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကောင်းမွန်မှန်ကန်စွာ သိမြင်သည်ရှိသော် ဘဝဟူသည် ပုခက်နှင့်အခေါင်းကြားမှာသာရှိသည်။ သေလျှင်ပြတ်ပြီ။ အခေါင်းဟိုဘက် ဘာမျှမရှိဟု စွဲယူသော **ဥစ္ဆေဒဒိဋ္ဌိ** - အယူဝါဒဆိုးကြီးကို ပယ်စွန့်နိုင်ပြီလို့ နားလည်ထားရမယ်။

**နာနတ္တနည်းဟူသည်**(၈၂) အဝိဇ္ဇာ, သင်္ခါရ... စသော အကြောင်းတရား အကျိုးတရားတို့၏ ကိုယ်ပိုင်သဘောလက္ခဏာကို အသီးအသီး ပိုင်းခြားမှတ်သားသိမြင်ခြင်း၊ အကြောင်းတရားနှင့် အကျိုးတရားတို့၏ မတူကွဲပြားခြားနားသော သဘာဝလက္ခဏာရှိမှုတည်း။

ထိုနာနတ္တနည်းကို သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကောင်းမွန်မှန်ကန်စွာ သိမြင်သည်ရှိသော် အတ္တသည် သေလျှင်မပြတ်မြဲ၏ဟု စွဲယူတတ်သော (အသက်ကောင်, လိပ်ပြာကောင်, အတ္တကောင်သည် ဘဝတစ်ခုမှ

---

(၈၁) အဝိဇ္ဇာပစ္စယာ သင်္ခါရာ, သင်္ခါရပစ္စယာ ဝိညာဏန္တိ ဧဝံ ဗီဇဿ အင်္ကုရာဒိဘာဝေန ရုက္ခဘာဝပ္ပတ္တိဝိယ သန္တာနာနုပစ္ဆေဒေါ ဧကတ္တနယော နာမ။ ယံ သမ္မာ ပဿန္တော ဟေတုဖလသမ္ဗန္ဓေန သန္တာနဿ အနုပစ္ဆေဒါဝဗောဓတော ဥစ္ဆေဒဒိဋ္ဌိံ ပဇဟာတိ။ [ဝိသုဒ္ဓိ - ၂၊ ၂၂၀။ အဘိ - ဋ္ဌ - ၂၊ ၁၈၈]

(၈၂) အဝိဇ္ဇာဒီနံ ပန ယထာသကံလက္ခဏဝဝတ္ထာနံ နာနတ္တနယော နာမ။ ယံ သမ္မာ ပဿန္တော နဝနဝါနံ ဥပ္ပါဒဒဿနတော သဿတဒိဋ္ဌိံ ပဇဟာတိ [ဝိသုဒ္ဓိ - ၂၊ ၂၂၀။ အဘိ - ဋ္ဌ - ၂၊ ၁၈၈]

ဘဝတစ်ခုသို့ မပျက်မစီး ပြေးသွားနေခြင်းဟူသော) **သဿတဒိဋ္ဌိ** - အယူဝါဒဆိုးကြီးကို ပယ်စွန့်နိုင်ပြီလို့ နားလည်ထားရမယ်။

**အဗျာပါရနည်းဟူသည်**[(၈၃)] အဝိဇ္ဇာ၌ ငါသည် သင်္ခါရတို့ကို ဖြစ်စေရမည်ဟူသော ကြောင့်ကြဗျာပါရမရှိ၊ ဗျာပါရကင်းနေ၏။ သင်္ခါရ တရားတို့တွင်လည်း ငါတို့သည် ဝိညာဏ်ကိုဖြစ်စေရမည်ဟူသော ကြောင့် ကြဗျာပါရမရှိ၊ ဗျာပါရကင်းနေ၏။ ဤကဲ့သို့ အဝိဇ္ဇာ, သင်္ခါရ... စသော တရား တို့၌ အကျိုးတစ်စုံတရာကို ဖြစ်စေရမည်ဟူသော... ကြောင့်ကြ ဗျာပါရ မရှိမှု ကြောင့်ကြဗျာပါရကင်းမှုတည်း။

ထိုအဗျာပါရနည်းကို သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကောင်းမွန်မှန်ကန်စွာ သိမြင်သည်ရှိသော် ဖန်ဆင်းနေသော ပရမအတ္တ၊ အပြုခံရသော အဖန် ဆင်းခံရသော ဇီဝအတ္တရှိ၏ဟု စွဲယူသော **အတ္တဒိဋ္ဌိ** - အယူဝါဒဆိုးကြီးကို ပယ်စွန့်နိုင်ပြီလို့ နားလည်ထားရမယ်။

**ဧဝံဓမ္မတာနည်းဟူသည်**[(၈၄)] နို့ရည်...စသည်တို့မှ နို့ဓမ်း... စသည်တို့ ဖြစ်လာသကဲ့သို့ အဝိဇ္ဇာ...စသော အကြောင်းတရားတို့ကြောင့် သင်္ခါရ... စသော အကျိုးတရားများသာ ဖြစ်ပေါ်လာ၏။ အကြောင်းနှင့် မလျော်ညီသော အခြားအကျိုးတစ်စုံတရာမဖြစ်ပေ။ တစ်နည်းဆိုရသော် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံဟူသော အကြောင်းတရားတို့ကြောင့် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဟူသော အကြောင်းနှင့် လျော်ညီသော အကျိုးတရားတို့သာ ဖြစ်ပေါ်မှုတည်း။

ထိုဧဝံဓမ္မတာနည်းကို သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကောင်းမွန်မှန်

---

(၈၃) အဝိဇ္ဇာယ သင်္ခါရာ မယာ ဥပ္ပါဒေတဗ္ဗာ, သင်္ခါရာနံ ဝါ ဝိညာဏံ အမှေဟီတိ ဧဝမာဒိဗျာပါရာ ဘာဝေါ အဗျာပါရနယော နာမ။ ယံ သမ္မာ ပဿန္တော ကာရကဿ အဘာဝါဝဗောဓတော အတ္တဒိဋ္ဌိံ ပဇဟာတိ။ [ဝိသုဒ္ဓိ - ၂၊ ၂၂၀။ အဘိ - ဋ္ဌ - ၂၊ ၁၈၈]

(၈၄) အဝိဇ္ဇာဒီဟိ ပန ကာရဏေဟိ သင်္ခါရာဒီနံယေဝ သမ္ဘဝေါ ခီရာဒီဟိ ဒဓိအာဒီနံ ဝိယ, န အညေသန္တိ အယံ ဧဝံဓမ္မတာနယော နာမ။ ယံ သမ္မာ ပဿန္တော ပစ္စယာနုရူပတော ဖလာဝဗောဓာ အဟေတုကဒိဋ္ဌိံ အကိရိယဒိဋ္ဌိဉ္စ ပဇဟာတိ။ [ဝိသုဒ္ဓိ - ၂၊ ၂၂၀။ အဘိ - ဋ္ဌ - ၂၊ ၁၈၈]

ကန်စွာ သိမြင်သည်ရှိသော် အကြောင်းတရားနှင့်လျော်ညီသော အကျိုးတရားဖြစ်မှုကို သိမြင်ခြင်းကြောင့် အကြောင်းမရှိဟုစွဲယူသော **အဟေတုကဒိဋ္ဌိ** - အယူဝါဒဆိုးကြီးကိုလည်းကောင်း၊ ကောင်းမှု မကောင်းမှုပြုသော်လည်း ပြုလုပ်သည်မမည်ဟုစွဲယူသော **အကိရိယဒိဋ္ဌိ** - အယူဝါဒဆိုးကြီးကိုလည်းကောင်း ပယ်စွန့်နိုင်ပြီလို့ နားလည်ထားရမယ်။

ကင်္ခါဝိတရဏဝိသုဒ္ဓိအပိုင်းမှာ ပြောခဲ့တဲ့ကြောင်းကျိုးဆက်နွယ်မှု ပဋိစ္စသမုပ္ပါဒ်သဘောတရားတို့ကို သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်သော ပစ္စယပရိဂ္ဂဟဉာဏ်ရရှိသည့် သူတော်ကောင်းသည်သာလျှင် အခုပြောတဲ့နည်းလေးပါးကို ကောင်းမွန်မှန်ကန်စွာ သိမြင်မှာဖြစ်ပြီး **မိစ္ဆာဝါဒ, မိစ္ဆာဒဿန, မိစ္ဆာဒိဋ္ဌိ အမျိုးမျိုးတို့ကို ပယ်စွန့်နိုင်ကြမှာဖြစ်တယ်။** အဲဒီလို မိစ္ဆာဒိဋ္ဌိအမျိုးမျိုးကို ပယ်စွန့်နိုင်တဲ့ သူတော်ကောင်းသည် အပါယ်လေးပါး ဂတိမမှားဘဲ **နိယတဂတိကော** ဟု ဆိုသည့်အတိုင်း **ဂတိမြဲပြီ** တို့ပရိသတ်။

ထိုကဲ့သို့ ပစ္စယပရိဂ္ဂဟဉာဏ်ရရှိတဲ့ သူတော်ကောင်းသည်သာလျှင် ဦးပဉ္စင်းတို့အခုပြောနေတဲ့ စတုတ္ထမြောက်ဝိသုဒ္ဓိဖြစ်တဲ့ ကင်္ခါဝိတရဏဝိသုဒ္ဓိနဲ့ပြည့်စုံမှာဖြစ်ပြီး ကံနှင့်ကံရဲ့အကျိုးအပေါ် ယုံကြည်ခြင်း ကမ္မဖလသဒ္ဓါလည်း အားကောင်းလာမှာဖြစ်တယ်။ ဒါကြောင့် . . . ဦးပဉ္စင်းတို့ အခုဟောခဲ့တဲ့ ကမ္မဖလသဒ္ဓါပိုင်းရဲ့အစမှာ . . .

**"ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နော နာမ ဟောတိ"**(၃၈)

ဣမိနာ ဉာဏေန - ဤအကြောင်းတရားတို့ကို သိမ်းဆည်းခြင်း **ပစ္စယပရိဂ္ဂဟဉာဏ်နှင့်**

သမန္နာဂတော - **ပြည့်စုံသော**

ဝိပဿကော - **ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းအားထုတ် သော ယောဂါဝစရပုဂ္ဂိုလ်သည်**

ဗုဒ္ဓသာသနေ - ဗုဒ္ဓမြတ်စွာ သာသနာတော်အတွင်း၌
လဒ္ဓဿာသော - ရအပ်သော သက်သာရာရှိသည်
လဒ္ဓပတိဋ္ဌော - ရအပ်သော ထောက်ရာတည်ရာရှိသည်
နိယတဂတိကော - မြဲသောဂတိရှိသည်
စူဠသောတာပန္နော နာမ - စူဠသောတာပန်မည်သည်
ဟောတိ -ဖြစ်လေတော့သတည်း။
"သာဓု၊ သာဓု၊ သာဓုပါဘုရား"

ဒါကြောင့် တို့ပရိသတ်... ရှေ့ပိုင်းမှာပြောခဲ့သလိုပဲ အခုလို ပစ္စယပရိဂ္ဂဟဉာဏ်ရရှိတဲ့ သူတော်ကောင်းတစ်ယောက်ဟာ သာသနာတော်မှာ **လဒ္ဓဿာသော -သက်သာရာရသွားပြီတဲ့။ လဒ္ဓပတိဋ္ဌော - ထောက်ရာတည်ရာလည်း ရသွားပြီ၊ နိယတဂတိကော - ဂတိလည်းမြဲသွားပြီ၊ စူဠသောတာပန္နောနာမ - စူဠသောတာပန်လည်းမည်ပြီ။**

ဒီလိုကံနှင့်ကံရဲ့အကျိုးကို သံသယကင်းကင်းနဲ့ ယုံကြည်နိုင်ဖို့ ကမ္မဖလသဒ္ဓါ အားကောင်းစေဖို့ရန် ကြောင်းကျိုးဆက်နွယ်မှု ပဋိစ္စသမုပ္ပါဒ်ကို သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် သိမြင်ပြီး အကြောင်းတရားတို့ကို သိမ်းဆည်းတတ်သော ပစ္စယပရိဂ္ဂဟဉာဏ်ရရှိအောင် စတုတ္ထမြောက်ဝိသုဒ္ဓိဖြစ်သော "**ကင်္ခါဝိတရဏဝိသုဒ္ဓိနဲ့ ပြည့်စုံအောင်ကြိုးစားနိုင်ပြီ ဆိုရင် အကယ်၍ လက်ရှိပစ္စုပ္ပန်ဘဝကို ပုထုဇဉ်အဖြစ်နဲ့ပဲ အဆုံးသတ်ခဲ့ရရင်တောင် ဒီဘဝကထောက် ဒုတိယမြောက်ဘဝ အပါယ်တံခါးပိတ်ပြီ။** ထောက်ရာတည်ရာလည်း ရသွားပြီ။ ဂတိလည်းမြဲသွားပြီ။ စူဠသောတာပန်မည်ပြီ။

## မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ

ကဲ... ဝိသုဒ္ဓိ ခုနစ်ပါးထဲက အခု စတုတ္ထမြောက်ဖြစ်တဲ့ ကင်္ခါဝိတရဏဝိသုဒ္ဓိအပိုင်းအထိ ဟောခဲ့နာခဲ့ကြပြီးပြီ။ ဒီတော့...ရှေ့က

တတိယမြောက် ဝိသုဒ္ဓိဖြစ်တဲ့ ဒိဋ္ဌိဝိသုဒ္ဓိအပိုင်းမှာ ထိုးထွင်းသိမြင်ပြီးခဲ့တဲ့ ရုပ်တရား၊ နာမ်တရားတွေ . . .။

အခု စတုတ္ထမြောက်ဝိသုဒ္ဓိဖြစ်တဲ့ ကင်္ခါဝိတရဏဝိသုဒ္ဓိအပိုင်းမှာ ပိုင်းခြားသိမြင်ပြီးတဲ့ အကြောင်းတရားအကျိုးတရားတွေ။ ဒီ ရုပ်တရား နာမ်တရား အကြောင်းတရား အကျိုးတရားတို့သည် သင်္ခါရတရားတွေ ဖြစ်ခြင်းကြောင့် ခဏမစဲ တသဲသဲ ဖြစ်ပြီးပျက်နေတယ်။ ဒါကြောင့် မမြဲခြင်း အနိစ္စ၊ ဖြစ်ခြင်းပျက်ခြင်း ဒဏ်ချက်ဖြင့် နှိပ်စက်ခံနေရတဲ့အတွက်ကြောင့် ဆင်းရဲခြင်း ဒုက္ခ၊ အကြိတ်အခဲ အခိုင်အမာ အနှစ်သာရအားဖြင့် တည်တံ့မနေတဲ့အတွက်ကြောင့် အစိုးမရခြင်းအနတ္တ... ဒီလို လက္ခဏာရေးသုံးတန် တင်ပြီး ရှုပွားသုံးသပ်ခြင်းဆိုတဲ့ ဝိပဿနာအလုပ်ကို ယခုမဂ္ဂါမဂ္ဂ ဉာဏ ဒဿန ဝိသုဒ္ဓိပိုင်းကိုရောက်မှ စတင်ပွားများအားထုတ်ရမှာ ဖြစ်တယ်။

ဒီ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိပိုင်းမှ ဝိပဿနာအလုပ် စတင်အားထုတ်ရမယ်ဆိုတာ ဝိပဿနာဉာဏ်ရဲ့ **အရှုခံအာရုံသည်** ရုပ်တရား နာမ်တရား အကြောင်းတရား အကျိုးတရားဆိုတဲ့ ပရမတ္ထဓာတ်သားများ ဖြစ်ခြင်းကြောင့်လို့ နားလည်ထားရမယ်။

ပညတ်တရားတို့သည် ဝိပဿနာဉာဏ်ရဲ့ အရှုခံအာရုံမဟုတ်။ ဝိပဿနာဉာဏ်ဖြင့် ကြိတ်ချေခြင်းကို ခံနိုင်စွမ်းမရှိဘူး။ ပညတ်တရားတို့သည် အချိန်ကာလ နေရာဒေသ အခြေအနေအပေါ်မူတည်ပြီး ပြောင်းလဲတတ်ကြတယ်။ ဒါကြောင့် **ပညတ်တရားတွေဟာ ဝိပဿနာဉာဏ်ရဲ့ အရှုခံအာရုံမဟုတ်ကြဘူး။ ဝိပဿနာဉာဏ်ရဲ့ အရှုခံအာရုံ မဖြစ်နိုင်ဘူး။**

ပရမတ္ထဓာတ်သားတွေကတော့ အချိန်ကာလ, နေရာဒေသ, အခြေအနေတွေ မည်သို့ပင်ပြောင်းလဲပါစေ မိမိတို့ ပင်ကိုယ်သဘောကနေ ဘယ်သောအခါမှ **ပြောင်းလဲမှုမရှိခြင်းကြောင့်** ထိုပရမတ္ထဓာတ်သားတို့သည်သာ ဝိပဿနာဉာဏ်ရဲ့ အရှုခံအာရုံများဖြစ်ကြတယ်။

ဒီနေရာမှာ ဦးပဥ္စင်းရေးထားတဲ့ ကဗျာတစ်ပုဒ်နဲ့ မှတ်သားလိုက်ကြရအောင် . . .။

"သညာသမား မှတ်သားလေ့လာ၊
ပညတ်အတွင်း မယွင်းသေချာ၊
ပရမတ်ခိုက် စူးစိုက်ဖွေရှာ၊
ဘာမှလည်း ဉာဏ်ထဲထင်မလာ"။

"ပညာသမား ရှုပွားလေ့လာ၊
ပရမတ်တွင်း မယွင်းသေချာ၊
ပညတ်အခိုက် စူးစိုက်ဖွေရှာ၊
ဘယ်မှာလဲ ကိုင်စွဲပြစရာ"။

ဒီကဗျာရဲ့ ပထမအပိုဒ်ထဲကလို **သညာသိသာရှိတဲ့ အန္ဓပုထုဇဉ်**အနေနဲ့ ပညတ်အတွင်းမှာတော့ ခြေ၊လက်၊ခေါင်း၊ခါး၊ ငါ၊သူတစ်ပါး ယောက်ျား၊မိန်းမ၊ ပုဂ္ဂိုလ်သတ္တဝါ စသည်အနေဖြင့် မယွင်းမမှား ထင်ရှား သေချာ ရှိနေတယ်လို့ မှတ်ယူသုံးစွဲနေပြီး ပရမတ္ထဓာတ်သားတွေကိုတော့ ဉာဏ်နဲ့ပိုင်းခြားထင်ထင်သိမြင်နိုင်ခြင်း မရှိသေးဘူး။

ဒီကဗျာရဲ့ ဒုတိယအပိုဒ်ထဲက **ပညာသမား** ကလျာဏပုထုဇဉ်မှသည် အရိယာသူတော်ကောင်းတွေကတော့ အထင်အရှားရှိတဲ့ ပရမတ္ထဓာတ်သားတွေကို ကွဲကွဲပြားပြား သိမြင်ရုံသာမက အထင်အရှားမရှိတဲ့ ပညတ်တရားတွေကိုလည်း အထင်အရှားမရှိ ကိုင်စွဲပြစရာမရှိဟု သဘောပေါက်နားလည်နိုင်ကြတယ်။

ဒါကြောင့်မို့လို့ အစုပြောခဲ့တဲ့ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ နှစ်ပါးနဲ့ ပြည့်စုံတဲ့သူတော်ကောင်းသည်သာလျှင် ရုပ်တရားနာမ်တရား အကြောင်းတရားအကျိုးတရားတို့ကို ကွဲကွဲပြားပြား ထိုးထွင်းသိမြင်ပြီး ဖြစ်ခြင်းကြောင့် ဝိပဿနာအလုပ်ကို စတင်ပွားများ အားထုတ်နိုင်ပြီလို့ ပြောခဲ့တာ။

ဒီလို စတင်ပွားများအားထုတ်နိုင်ပြီဆိုရင် ပဉ္စမြောက်ဝိသုဒ္ဓိဖြစ်တဲ့ **မဂ်ဟုတ်သည်မဟုတ်သည်၌ ဉာဏ်အမြင်၏စင်ကြယ်ခြင်း မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ**မှာ အကျုံးဝင်တဲ့ ဝိပဿနာဉာဏ်တွေထဲက **သမ္မသနဉာဏ် ဥဒယဗ္ဗယဉာဏ်**ဆိုတဲ့ ဝိပဿနာဉာဏ်တွေကို ရရှိမှာဖြစ်တယ်။

## ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ

ထို ဝိပဿနာဉာဏ်တွေကို ရင့်ကျက်အောင် ဆက်လက်ကြိုးစားအားထုတ်နိုင်ခဲ့ရင် **ကျင့်စဉ်၌ဉာဏ်အမြင်၏ စင်ကြယ်ခြင်း**ဆိုတဲ့ **ဆဋ္ဌမမြောက် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ**မှာ အကျုံးဝင်တဲ့ ဥဒယဗ္ဗယဉာဏ် အရင့်ပိုင်းကစပြီး အထက်ပိုင်းဝိပဿနာဉာဏ် များဖြစ်ကြတဲ့ . . . ဘင်္ဂဉာဏ်၊ ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါ - ဉာဏ်၊ မုဉ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်၊ အနုလောမဉာဏ်တွေကို ရရှိမှာဖြစ်တယ်။

## ဉာဏဒဿနဝိသုဒ္ဓိ

ထိုဝိပဿနာဉာဏ်တွေကို ရင့်ကျက်အောင် ဆက်လက်ပြီး ကြိုးစားအားထုတ်နိုင်ခဲ့ရင် ပါရမီအားလျော်စွာ ရင့်ကျက်သော ဝိပဿနာဉာဏ်တို့၏အဆုံး၌ မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်တို့ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းဆိုတဲ့ **သတ္တမမြောက် ဉာဏဒဿနဝိသုဒ္ဓိ - နိဗ္ဗာန်၌ ဉာဏ်အမြင်၏စင်ကြယ်ခြင်း**နဲ့ ပြည့်စုံမှာဖြစ်ပြီး မိမိတို့လိုလားတောင့်တအပ်သော သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မှာဖြစ်တယ်။

ဒီတော့... ဦးပဉ္ဇင်းတို့ အခုကံနဲ့ကံရဲ့အကျိုးကို ယုံကြည်ခြင်းဆိုတဲ့ ကမ္မဖလသဒ္ဓါအပိုင်းအတွက် ဝိသုဒ္ဓိခုနစ်ပါးကို အခြေခံပြီး ဟောခဲ့ကြနာယူခဲ့ကြပြီးပြီ။

ဒီဝိသုဒ္ဓိတရားခုနစ်ပါးထဲက ကံနဲ့ကံရဲ့အကျိုးအပေါ် ယုံမှား သံသယတွေကို ကျော်လွှားလွန်မြောက်ခြင်းဆိုတဲ့ စတုတ္ထမြောက် ကင်္ခါဝိတရဏဝိသုဒ္ဓိနဲ့ပြည့်စုံတဲ့ သူတော်ကောင်းဟာ ကံနဲ့ကံရဲ့အကျိုး အပေါ်မှာ သံသယကင်းကင်းနဲ့ ယုံကြည်ခြင်းဆိုတဲ့ ကမ္မဖလသဒ္ဒါ အားကောင်းလာမယ်။

ဒီလို ကံနဲ့ကံရဲ့အကျိုးအပေါ်မှာ ယုံကြည်ခြင်း ကမ္မဖလသဒ္ဒါအား ကောင်းတဲ့ သူတော်ကောင်းတစ်ယောက်ရဲ့ သန္တာန်မှာ သံဝေဂဉာဏ်တွေ အားကောင်းလာမယ်။

ဒီလို သံဝေဂဉာဏ်တွေ အားကောင်းလာခြင်းဟာ ကံအား လျော်စွာ အပါယ်ဒုဂ္ဂတိကို ကျရောက်ပြီး ဆင်းရဲရပုံ…သုဂတိဘုံဘဝမှာ ကျင်လည်ရသော်လည်း စားဝတ်နေရေး အို, နာ, သေဘေး . . . စတဲ့ အကြောင်းတရားတွေကြောင့် စိုးရိမ်ကြောင့်ကြမှုတွေနဲ့ ပြည့်နှက်နေတဲ့ ဘဝဒုက္ခကို ကိုယ်ပိုင်ဉာဏ်နဲ့ ဒိဋ္ဌထင်ထင် သိမြင်နိုင်လာတဲ့အတွက် **ထိုဘဝတွေကိုငြီးငွေ့လာမယ်**၊ ရွံ့ရှာစက်ဆုပ်လာမယ်။ ထိုဘဝတွေက လွတ်မြောက်ချင်လာမယ်။ တို့ပရိသတ် ဘာဖြစ်ချင်လာမယ်…။

"ဘဝတွေက လွတ်မြောက်ချင်လာပါမယ်ဘုရား"

ထိုကဲ့သို့ ကမ္မဖလသဒ္ဒါအားကောင်းတဲ့ သူတော်ကောင်းဟာ လက်ရှိဘဝရဲ့ ဆင်းရဲဒုက္ခတွေကိုသာမက သံသရာမှာကျင်လည်ခဲ့ရတဲ့ ဘဝထိုထိုရဲ့ ဆင်းရဲဒုက္ခတွေကိုလည်း ကိုယ်ပိုင်ဉာဏ်နဲ့ ဒိဋ္ဌထင်ထင် သိမြင်ရတဲ့အတွက် ထိုဘဝတွေကို ငြီးငွေ့လာသလို၊ ရွံ့ရှာစက်ဆုပ် လာသလို **သံသရာကိုလည်း ငြီးငွေ့လာမယ်**။ ရွံ့ရှာစက်ဆုပ်လာမယ်။ နောက်ဆုံးသံသရာမှ လွတ်မြောက်ချင်လာမယ်။

အဲဒီလို **ဘဝဒုက္ခ၊ သံသရာဒုက္ခမှ လွတ်မြောက်ချင်**တဲ့ သူတော် ကောင်းဟာ အခုပြောခဲ့တဲ့ **ဝိသုဒ္ဓိခုနစ်ပါး ကျင့်စဉ်တရားတွေကို ပွားများ အားထုတ်ခြင်းဖြင့်**… ဘဝဒုက္ခ၊ သံသရာဒုက္ခကိုသိမြင်ရုံမျှသာမက သင်္ခါရ ဒုက္ခတွေကိုပါ သိမြင်လာမှာဖြစ်တယ်။ အဲဒီလို သင်္ခါရဒုက္ခတွေကို သိမြင်

လာရပြန်တော့လည်း သင်္ခါရတရားတွေကို ငြီးငွေ့လာမယ်။ ရွံ့ရှာစက်ဆုပ်လာမယ်။ ထိုသင်္ခါရတရားတွေမှ လွတ်မြောက်ချင်လာမယ်။

ဒီလို သင်္ခါရတရားတွေမှ လွတ်မြောက်ချင်တဲ့ သူတော်ကောင်းဟာ ဝိပဿနာဉာဏ်တွေကို ဆက်လက်ပွားများအားထုတ်ခြင်းဖြင့် ရှေ့ဆက်ရမှာဖြစ်ပြီး ထိုရင့်ကျက်လာတဲ့ ဝိပဿနာဉာဏ်တို့ရဲ့ အဆုံးမှာ သင်္ခါရတရားတို့မှ လွတ်မြောက်ရာ၊ သင်္ခါရတရားတို့ရဲ့ ကုန်ဆုံးရာ အသင်္ခတအငြိမ်းဓာတ်မှန် မြတ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြလိမ့်မယ်။

# ယုံကြည်ချက်နဲ့ရှေ့ဆက်ကြမယ်

တို့ပရိသတ် တရားခေါင်းစဉ်က ဘာတဲ့...။

"ယုံကြည်ချက်နဲ့ရှေ့ဆက်ကြမယ်...ပါဘုရား"

အခု ဦးပဥ္စင်းတို့ဟောခဲ့နာခဲ့ကြတဲ့ ကမ္မဖလသဒ္ဓါအပိုင်းမှာ ဝိသုဒ္ဓိတရားခုနစ်ပါးထဲက ကင်္ခါဝိတရဏဝိသုဒ္ဓိဖြစ်တဲ့ ကံနဲ့ကံရဲ့အကျိုးကို သံသယမရှိ ယုံကြည်ချက်ခိုင်မြဲမှ နောက်ဆုံး...တို့ဒကာကြီးဒကာမကြီး တွေ လိုလားတောင့်တတဲ့ နိဗ္ဗာန်ကိုရောက်အောင် ဝိသုဒ္ဓိခုနစ်ပါးကျင့်စဉ်တရားတွေနဲ့ ရှေ့ဆက်နိုင်မှာဖြစ်တယ်။ ဒါက ဝိပဿနာပိုင်းအတွက် ယုံကြည်ချက်ဟာ ဘယ်လောက်အရေးပါသလဲဆိုတာ ဝိသုဒ္ဓိတရား ခုနစ်ပါးထဲက ကင်္ခါဝိတရဏဝိသုဒ္ဓိက ထင်ရှားတယ်။

ဒါ့အပြင် ကမ္မဝိတရဏဝိသုဒ္ဓိဖြစ်မှ ဦးပဉ္ဇင်းတို့ အဓိကပြောခဲ့တဲ့ သဒ္ဓါနှစ်မျိုးထဲက ကမ္မဖလသဒ္ဓါတရားအားကောင်းမယ်။ ဒီလို ကမ္မဖလ သဒ္ဓါတရားအားကောင်းမှသာလျှင် အထက်ပိုင်းဝိပဿနာဉာဏ်တွေကို တက်လှမ်းနိုင်မှာဖြစ်တဲ့အတွက် . . . ကံနဲ့ကံရဲ့အကျိုးအပေါ်မှာ ယုံကြည် ခြင်းဆိုတဲ့ ကမ္မဖလသဒ္ဓါတရားက ဘယ်လောက်အရေးကြီးသလဲဆိုတာကို တို့ဒကာကြီး ဒကာမကြီးတွေ နားလည်သဘောပေါက်လောက်ပါပြီ။

ဒါကြောင့် ဝိပဿနာပိုင်းမှာလည်း ယုံကြည်ခြင်းသဒ္ဓါတရားဟာ အင်မတန်မှ အရေးကြီးတယ်။

## တရားနိဂုံးအမြွက်ဆုံး

ဒီတော့ . . . ဦးပဉ္ဇင်းတို့ အခုဟောခဲ့ နာခဲ့ကြတဲ့ တရားခေါင်းစဉ် ဖြစ်တဲ့ **ယုံကြည်ချက်နဲ့ ရှေ့ဆက်ကြမယ်** ဆိုတဲ့တရားကို နိဂုံးချုပ်ရမယ် ဆိုရင် . . . တို့ဒကာကြီး၊ ဒကာမကြီးတွေအတွက် အခြေခံအချက်ဖြစ်တဲ့ မိမိ ကိုယ်ကိုယ် မိမိယုံကြည်မှုရှိခြင်း။ တို့ပရိသတ် လူတစ်ယောက်ရဲ့ဘဝမှာ အရေးကြီးဆုံး ယုံကြည်မှုက ဘာတဲ့ . . . ။

"မိမိကိုယ်မိမိ ယုံကြည်မှုရှိခြင်းပါဘုရား"

အဲဒီကနေ နောက်တစ်ဆင့် . . . ယုံကြည်ခြင်းရဲ့ အဓိပ္ပာယ်ကို ဦးပဉ္ဇင်းတို့ ပါဠိတော်အရဆိုရင် တို့ပရိသတ် . . . သဒ္ဓါလို့ သိခဲ့ကြပြီးပြီ။ ဒီလို **သဒ္ဓါရဲ့ကြည်လင်ခြင်းသဘော၊ မဆုတ်နစ်ခြင်းသဘော . . .** ဆိုတဲ့ လက္ခဏာနှစ်မျိုးကိုလည်း ဥပမာသာဓကတွေနဲ့ ဦးပဉ္ဇင်းတို့ ဟောခဲ့နာခဲ့ ကြပြီးပြီ။

ဒီလို **ယုံကြည်ခြင်း သဒ္ဓါရဲ့လက္ခဏာနှစ်မျိုးကို တို့ဒကာကြီး ဒကာမကြီးတွေရဲ့ သန္တာန်မှာထင်ရှားတည်ရှိနိုင်အောင် ကြိုးစားပြီး** ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ သူတော်ကောင်းတရားတွေကို ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ခြင်းသည်လည်း ဦးပဉ္ဇင်းတို့ သာသနာတော်ကြီး အဓွန့်ရှည် တည်တံ့ရေးအတွက် အရေးကြီးတယ်ဆိုတာကို နားလည်သဘောပေါက်

ထားပါမှ ဗုဒ္ဓသာသနာတော်မြတ်ကြီးကို ဆရာနဲ့ဒကာ လက်တွဲညီညီနဲ့ **ရွှေ့ဆက်ပြီး** ထိန်းသိမ်းစောင့်ရှောက်သွားနိုင်ကြမှာ ဖြစ်တယ်။

အဲဒီနောက်တစ်ဆင့် ဦးပဉ္ဇင်းတို့ ဗုဒ္ဓဘာသာသူတော်ကောင်း အပေါင်းတို့ရဲ့ ရတနာမြတ်သုံးပါးကို ယုံကြည်တဲ့နေရာမှာ အဓိပ္ပာယ်ရှိတဲ့ ယုံကြည်ကိုးကွယ်ခြင်းမျိုး ဖြစ်ဖို့အတွက် ရတနတ္တယသဒ္ဓါအကြောင်းကို ဝတ္ထုသာဓက၊ ဇာတ်တော်တွေနဲ့ ဟောခဲ့နာယူခဲ့ကြသလို၊ ကံနဲ့ကံရဲ့အကျိုး ကိုလည်း သံသယကင်းကင်းနဲ့ ယုံကြည်နိုင်ဖို့၊ စူဠသောတာပန်ဖြစ်ဖို့ ပစ္စယ - ပရိဂ္ဂဟဉာဏ်ရဖို့အတွက် ကမ္မဖလသဒ္ဓါတရားသည်လည်း အရေးကြီးတယ်ဆိုတာကို ဝိသုဒ္ဓိတရားခုနစ်ပါးထဲက လေးပါးမြောက်ဖြစ်တဲ့ ကင်္ခါဝိတရဏဝိသုဒ္ဓိ ပိုင်းကို အခြေခံပြီး ဟောခဲ့ပြီးပြီ။

ဒီလို...ကြောင်းကျိုးဆက်နွယ်မှု ပဋိစ္စသမုပ္ပါဒ်ကို သမ္မာဒိဋ္ဌိဉာဏ် ပညာနဲ့ ကိုယ်တိုင်မျက်မှောက်ထွင်းဖောက်သိမြင်ပြီး သံသယကင်းတဲ့ ယုံကြည်ချက်နဲ့ရွှေ့ဆက်ကာ နိဗ္ဗာန်အထိ မျက်မှောက်ပြုနိုင်အောင် ဝိသုဒ္ဓိခုနစ်ပါး ကျင့်စဉ်တရားတွေကို ဆက်လက်အားထုတ်ဖို့ရန်ကတော့ တို့ဒကာကြီး၊ ဒကာမကြီးတွေရဲ့ တာဝန်ပဲဖြစ်တယ်။

**ဒီလို စိတ်ကူးရည်ရွယ်ချက်နဲ့ ဦးပဉ္ဇင်းရဲ့ တရားအမည်ကို ယုံကြည်ချက်နဲ့ရွှေ့ဆက်ကြမယ်လို့ အမည်ပေးခဲ့တာဖြစ်တယ်။**

ဒီတော့...တို့ဒကာကြီးတွေ ဒကာမကြီးတွေ လိုလားတောင့်တ အပ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရေးအတွက် မမေ့မလျော့, မပေါ့မဆ,မြဲမြံခိုင်ခန့်သော သတိတရားဖြင့် မိမိတို့၏သန္တာန်မှာ ရတနတ္တယ **သဒ္ဓါနဲ့ကမ္မဖလသဒ္ဓါဆိုတဲ့ ယုံကြည်ချက်နဲ့ရွှေ့ဆက်နိုင်ကြကုန်ရာသတည်း။**

**"သာဓု၊ သာဓု၊ သာဓု...ပါဘုရား..."**

## တရားသိမ်း

ကဲ…ဦးပဥ္စင်းရဲ့ “ယုံကြည်ချက်နဲ့ ရှေ့ဆက်ကြမယ်” ဆိုတဲ့ တရားကို ဒီမှာပဲ နိဂုံးချုပ်ပြီး တရားသိမ်းကြဦးစို့…။

**“မာ ဝေါ ခဏံ ဝိရာဓေထ, ခဏာတီတာ ဟိ သောစရေ**
**သဒတ္တေ ဝါယမေယျာထ, ခဏော ဝေါ ပဋိပါဒိတော။”[၈၅]**

ဘောဓ္ဓော – တရားနာပရိသတ်အပေါင်း အို,သူတော်ကောင်း တို့
ဝေါ – သင်ဒါယကာ,ဒါယိကာမအပေါင်းသူတော်ကောင်းတို့သည်

---

[၈၅] [အပ - ၁၊ ၅၁]

ခဏံ – ဗုဒ္ဓုပ္ပါဒ ဒုလ္လဘာဟု ကြုံရဘိတောင်း အခွင့်ကောင်းကြီးကို

မာ ဝိရာဓေထ – လောကီကိစ္စ အဝဝကြောင့် နေ့ညပုံသေ မချွတ်လွဲကြပါစေကုန်လင့်။

ဟိ သစ္စံ – အကြောင်းယုတ္တိ သင့်လှပေစွတကား။

ခဏာတီတာ – မင်ဖိုလ်ရနိုင်သည့်ကာလ နဝမခဏကို ကောင်းမှန်းမသိ သတိမမူ ကျော်လွန်၍သွားကြသူတို့သည်။

သောစရေ – ဆင်းရဲသည့်ဘေး တွေ့မည့်အရေးကြောင့် စိုးရိမ်ပူဆွေးငိုကြွေး၍ နေကြရလေကုန်၏။

ဝေါ – တုမှာကံ – တရားနာပရိသတ်အပေါင်း သင်သူတော်ကောင်းတို့အား

ခဏော – ဘဝအဆက်ဆက် ကြုံဖို့ခက်သည့် တစ်သက်တစ်ခါ ကြုံလာဘိတောင်း ဗုဒ္ဓုပ္ပါဒဒုလ္လဘာဆိုတဲ့ အခွင့်ကောင်းကြီးသည်

ပဋိပါဒိတော – ရှေ့ရှုမျက်မှောက် ကျရောက်၍နေလေ၏။

သဒတ္ထေ – မိမိတို့၏ အကျိုးစီးပွားကို လိုလားတောင့်တကြကုန်သော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည်

ဝါယမေယျာထ – အခွင့်သာတုန်း အားကုန်ရုန်း၍ ဝိသုဒ္ဓိခုနစ်ပါး အကျင့်မြတ်တရားကို ပွားများကြိုးကုတ် အားထုတ်လိုက်ကြကုန်ရာသတည်း။

"သာဓု...သာဓု...သာဓု...ပါဘုရား"

## ကျမ်းကိုးစာအုပ်များ

၁။ သဂါထာဝဂ္ဂ ပါဠိ
၂။ ခုဒ္ဒကပါဌ ပါဠိ
၃။ မိလိန္ဒပဉှ ပါဠိ
၄။ အပါဒါန ပါဠိ ၁
၅။ ဥပရိပဏ္ဏာသ ပါဠိ
၆။ မူလပဏ္ဏာသ ပါဠိ
၇။ ပဋ္ဌာန ပါဠိ ၁
၈။ နိဒါနဝဂ္ဂ ပါဠိ
၉။ စူဠဝဂ္ဂ ပါဠိ
၁၀။ ဓမ္မပဒ ပါဠိ
၁၁။ ခန္ဓ - သဠာယတနဝဂ္ဂ ပါဠိ
၁၂။ မဟာဝဂ္ဂ ပါဠိ (ဝိနယ)
၁၃။ မဟာဝဂ္ဂ ပါဠိ (သံယုတ္တ)
၁၄။ မဟာဝဂ္ဂ ပါဠိ (ဒီဃ)
၁၅။ အင်္ဂုတ္တရ ပါဠိ ၂ (ပဉ္စကနိပါတ)
၁၆။ အင်္ဂုတ္တရ ပါဠိ ၃ (အဋ္ဌက နိပါတ)

၁၇။ ဇာတက အဋ္ဌကထာ ၁
၁၈။ ဇာတက အဋ္ဌကထာ ၃
၁၉။ ဇာတက အဋ္ဌကထာ ၄
၂၀။ ဇာတက အဋ္ဌကထာ ၅
၂၁။ ဇာတက အဋ္ဌကထာ ၇
၂၂။ ဓမ္မပဒ အဋ္ဌကထာ ၁
၂၃။ ဓမ္မပဒ အဋ္ဌကထာ ၂
၂၄။ မူလပဏ္ဏာသ အဋ္ဌကထာ ၁
၂၅။ အပါဒါန အဋ္ဌကထာ ၂

၂၆။ အဋ္ဌသာလိနီ အဋ္ဌကထာ (ဓမ္မသင်္ဂဏီ)
၂၇။ မဟာဝဂ္ဂ အဋ္ဌကထာ (ဒီဃ)
၂၈။ ပါထိကဝဂ္ဂ အဋ္ဌကထာ
၂၉။ စရိယာပိဋက အဋ္ဌကထာ
၃၀။ ဥပရိပဏ္ဏာသ အဋ္ဌကထာ
၃၁။ သီလက္ခန္ဓဝဂ္ဂ အဋ္ဌကထာ
၃၂။ ဝိဘင်္ဂ အဋ္ဌကထာ
၃၃။ မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ
၃၄။ ဥဒါန အဋ္ဌကထာ
၃၅။ ဗုဒ္ဓဝံသ အဋ္ဌကထာ
၃၆။ ဝိမာနဝတ္ထု အဋ္ဌကထာ
၃၇။ ဧကကနိပါတ အဋ္ဌကထာ
၃၈။ ခန္ဓဝဂ္ဂ အဋ္ဌကထာ
၃၉။ ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ ၁
၄၀။ ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ ၂

၄၁။ မဟာဝဂ္ဂ ဋီကာ (ဒီဃ)

၄၂။ နိဗ္ဗာနဂါမိနိပဋိပဒါ ၁ – ဖားအောက်တောရ ဆရာတော်
၄၃။ နိဗ္ဗာနဂါမိနိပဋိပဒါ ၂ – ဖားအောက်တောရ ဆရာတော်
၄၄။ နိဗ္ဗာနဂါမိနိပဋိပဒါ ၃ – ဖားအောက်တောရ ဆရာတော်
၄၅။ နိဗ္ဗာနဂါမိနိပဋိပဒါ ၄ – ဖားအောက်တောရ ဆရာတော်
၄၆။ နိဗ္ဗာနဂါမိနိပဋိပဒါ ၅ – ဖားအောက်တောရ ဆရာတော်
၄၇။ နိဗ္ဗာန်သို့သွားရာတစ်ကြောင်းတည်းသောလမ်း – ဖားအောက်တောရ ဆရာတော်
၄၈။ စိတ်ဓာတ်ပြုပြင်ပြောင်းလဲရေး – ဖားအောက်တောရ ဆရာတော်
၄၉။ အလွန်ရခဲသောရတနာ – အရှင်ရေဝတ (ဖားအောက်တောရ – ဟဲဟိုး)
၅၀။ ရတနာ့ဂုဏ်ရည် – အရှင်ဇနကာဘိဝံသ

## စာအုပ်ထုတ်ဝေရန်လှူဒါန်းကြသောဓမ္မဒါနအလှူရှင်စာရင်း

၁။


<table>
<tr><td>1.</td><td>Clifford & Sheron</td><td>SGD 100</td></tr>
<tr><td>2.</td><td>Tan Teck Lee</td><td rowspan="2">SGD 150</td></tr>
<tr><td>3.</td><td>Ng Siew Kee</td></tr>
<tr><td>4.</td><td>Tay Geok Suan</td><td rowspan="4">SGD 100</td></tr>
<tr><td>5.</td><td>Li Tak Kwan</td></tr>
<tr><td>6.</td><td>Ng Zheng Yang</td></tr>
<tr><td>7.</td><td>Ng Ann Hock</td></tr>
<tr><td>8.</td><td>Phang Kum Wing</td><td rowspan="4">SGD 100</td></tr>
<tr><td>9.</td><td>Koh Chai Lian</td></tr>
<tr><td>10.</td><td>Phang Si Qing</td></tr>
<tr><td>11.</td><td>Phang Kuang Wei</td></tr>
<tr><td>12.</td><td>Tan Boon Liang</td><td rowspan="4">SGD 50</td></tr>
<tr><td>13.</td><td>Lim Geok Mui</td></tr>
<tr><td>14.</td><td>Tan Mei Chin</td></tr>
<tr><td>15.</td><td>Tan Li Chin</td></tr>
<tr><td>16.</td><td>Wong Geck Choo & Family</td><td>SGD 50</td></tr>
<tr><td>17.</td><td>Lee Ek Huay</td><td>SGD 20</td></tr>
<tr><td>18.</td><td>Ng Bee Lai</td><td>SGD 20</td></tr>
<tr><td>19.</td><td>Fan Zhang Yuan</td><td>SGD 10</td></tr>
<tr><td>20.</td><td>Thaokha Arunsri</td><td>SGD 10</td></tr>
<tr><td>21.</td><td>Tan Nam Kiong & Yip Yee Leng</td><td>SGD 20</td></tr>
<tr><td>22.</td><td>Yong Siew Tim</td><td>SGD 100</td></tr>
<tr><td></td><td></td><td>SGD 730</td></tr>
<tr><td></td><td></td><td>x 2130 MMK</td></tr>
<tr><td></td><td></td><td>1,554,900 MMK</td></tr>
</table>

## စာအုပ်ထုတ်ဝေရန်လှူဒါန်းကြသောဓမ္မဒါနအလှူ့ရှင်စာရင်း

၂။ ကိုဝင်းလှိုု + Dr.ခင်သန်းဝင်းမိသားစု
USA မှအလှူငွေ ၄ ကြိမ်စုစုပေါင်း
(၃၀၀,၀၀၀ + ၂၈၀,၀၀၀ + ၂၈၀,၀၀၀ + ၂၈၁,၀၀၀) = ၁,၁၄၁,၀၀၀ိ/ -

၃။ ဦးတင်မောင် + ဒေါ်မြင့်မြင့်ထွေး
(သား) မိုးလင်းဟိန်း မိသားစု ၂၀၀,၀၀၀ိ/ -

- အလှူရှင်တစ်ဦး ၅၀,၀၀၀ိ/ -
- ဦးဇော်ဝင်း + ဒေါ်နွယ်နွယ်ဝင်း
ပြည့်ဖြိုးကျော်ရောင်းဝယ်ရေး၊ မြန်အောင် ၁၀၀,၀၀၀ိ/ -
- ဦးဝင်းမောင် + ဒေါ်ခင်ထွေး (သမီး) ဒေါ်ယုယု
ရွှေဆင်မင်း လက်ဖက်ခြောက်မိသားစု ၁၀၀,၀၀၀ိ/ -
- ဦးမြင့်စိုး၊ ညီမ ဒေါ်ခင်ညိုညို မသင်းမုန့်ဆိုင် မိသားစု ၁၀၀,၀၀၀ိ/ -
- ဦးဇော်နိုင်စိုး၊ ဒေါ်ဆွေဇင်ဖြိုး
(သား) မောင်ကိုကိုညက်လင်း မိသားစု ၁၀၀,၀၀၀ိ/ -
- ဦးမောင်မောင်သန်း + ဒေါ်ဥမ္မာဟိန်း မိသားစု ၁၀၀,၀၀၀ိ/ -
- ဦးသန့်ဇင် ထန်းသုံးပင်ကျေးရွာ မိသားစု ၁၀၀,၀၀၀ိ/ -



အရှင်ဇာနေယျာစာရကို ခမည်းတော် ဦးကြည်အေး၊ မယ်တော် ဒေါ်သောင်းအေးတို့မှ ဝါခေါင်လဆန်း ၄ ရက် အင်္ဂါနေ့ ၄.၈.၁၉၈၁ တွင် ဧရာဝတီတိုင်း၊ မြန်အောင်မြို့နယ်၊ ကနောင်တိုက်နယ်၊ ကျွဲတဲကုန်းအုပ်စု၊ ငှက်ကြီးသိုက်ကျေးရွာ၌ ဖွားမြင်ခဲ့ပြီး မွေးချင်းသုံးယောက်တို့တွင် ဒုတိယမြောက် သားရတနာဖြစ်သည်။ အသက် ၁၆ နှစ်အရွယ် ၁၃၅၉ ခုနှစ် နယုန်လဆန်း ၁၄ ရက် ကြာသပတေးနေ့ ၁၉.၆.၁၉၉၇ တွင် ဧရာဝတီတိုင်း၊ မြန်အောင်မြို့နယ်၊ ကနောင်တိုက်နယ်၊ ကျွဲတဲကုန်းအုပ်စု သိရီမင်္ဂလာအိုင်ကလော ကျောင်းဆရာတော် ဘဒ္ဒန္တကုသလကို ဥပဇ္ဈာယ်ပြု၍ သုံးကြိမ်မြောက် အရှင်သာမဏေ ပြုခဲ့ပြီး ပရိယတ္တိစာပေးများကို စတင်သင်ယူခဲ့သည်။ ဆက်လက်၍ မြန်အောင်မြို့ ပရိယတ္တိဝဲပုံစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဝါယာမာဘိဝံသနှင့် စာချဆရာတော်များ၊ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ရွှေနှင်းဆီလမ်း ကန်ဦးဇေတဝန်စာသင်တိုက် ဆရာတော် ဘဒ္ဒန္တနန္ဒသာမီဘိဝံသနှင့် စာချဆရာတော်များထံ၌ ပရိယတ္တိစာပေတို့ကို သင်ယူခဲ့ပြီး၊ ၁၃၆၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်၊ တနင်္လာနေ့ ၂၀.၁၁.၂၀၀၀ တွင် ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရွှေနှင်းဆီလမ်း ကန်ဦးဇေတဝန်စာသင်တိုက် သာသနာ့ကာရီသိမ်တော်၌ ပဲခူးတိုင်း၊ မိုးညိုမြို့နယ် မြစ်သာကျောင်း ဆရာတော် ဘဒ္ဒန္တဝိစာရကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။ ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ ဓမ္မပါလလမ်း၊ မဟာသုခါရာမစာသင်တိုက်ဆရာတော် ဒွိပိဋကဓရ ဘဒ္ဒန္တဝိရောစနထံ၌ ပရိယတ္တိစာပေတို့ကို ဆက်လက်သင်ယူလေ့လာခဲ့ရာ ၁၃၆၈ ခုနှစ် ၂၀၀၆ တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲတွင် ဝိနည်းရှေ့ပိုင်းကို အာဂုံပြန်ဆို၍ ဥဘတောဝိဘင်္ဂဓရဘွဲ့ ရရှိခဲ့ပြီး၊ ထိုနှစ်မှာပဲ အစိုးရပထမပြန်စာမေးပွဲ၌ အစိုးရဓမ္မာစရိယတန်း ကျမ်းရင်းသုံးကျမ်းအောင်မြင်သဖြင့် သာသနဓဇဓမ္မာစရိယဘွဲ့ကိုလည်း ရရှိခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် မြောက်ဥက္ကလာ ဇမ္ဗူအေးတိုက်၊ ဒေးဒရဲကျောင်းတိုက် ဆရာတော်ထံတွင် တစ်ဝါ၊ ၂၀၀၉ ခုနှစ်တွင် စမ်းချောင်းမြို့နယ်၊ ဉယျာဉ်တိုက်၊ မနောရမ္မကျောင်းဆရာတော်ထံတွင် တစ်ဝါ အသီးသီးဆိုခဲ့ပါသည်။ ၁၃၇၁ ခုနှစ် ၂၀၀၉ တွင် ပဋိပတ္တိဘက်သို့ ပိုမို၍အားစိုက်လာခဲ့ပြီး ပိုင်းလော့ ဆရာတော်၊ မြောက်ဦးဆရာတော်တို့ထံ ရက်ပိုင်းတရားစခန်းများ ဝင်ရောက်ခဲ့ကာ သန်လျင်ဖားအောက်တောရ၌ တစ်လခွဲခန့် သီတင်းသုံးခဲ့သည်။ ဖားအောက်တောရဆရာတော်၏ ၂၀၁၀ ခြောက်လတရားစခန်းမှစ၍ မော်လမြိုင်ဖားအောက်တောရတွင် ဆက်လက်သီတင်းသုံးခဲ့သည်။ ဖားအောက်တောရဆရာတော်မှ ၂၀၁၄ တွင် စင်ကာပူဖားအောက်တောရ၌ သီတင်းသုံးစေခဲ့ပြီး ၂၀၁၅ ဝါတွင်းကာလကို ပြင်ဦးလွင် ဖားအောက်တောရရိပ်သာသစ်၌ သီတင်းသုံးစေခဲ့သည်။ ယခုအခါ ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ ဇေယျာအောင်မြေကျောင်းတိုင် သက်တော်ရှည်ဆရာတော် ဘဒ္ဒန္တနန္ဒောဘာသမထေရ်၏ ရွှေညောင်ပင်ကျောင်းတိုက်အား လှူဒါန်းမှုကို ခံယူကာ “ရွှေညောင်ပင်ဖားအောက်တောရ”အမည်ဖြင့် သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိသည်။

# ယုံကြည်ချက်နဲ့ ရှေ့ဆက်ကြမယ်

## အရှင်ဇာနေယျာစာရ

[ရွှေညောင်ပင်ဖားအောက်တောရ]

ဦးပဥ္စင်းတို့ ဗုဒ္ဓဘာသာသူတော်ကောင်းတွေရဲ့ တစ်ခုတည်းသော
ပန်းတိုင်ဖြစ်တဲ့ နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ဖို့ရာအတွက်လည်း
ကံနဲ့ကံရဲ့အကျိုးကို ယုံကြည်မှုသဒ္ဓါတရားက
ဘယ်လောက်အရေးကြီးသလဲဆိုတာကို ဗုဒ္ဓဘာသာသူတော်ကောင်းအားလုံး
နားလည်သဘောပေါက်ဖို့အတွက် ဒီတရားအမည်ကို
ရွေးချယ်ထားခြင်း ဖြစ်ပါတယ်

graphic design by naing khun arr @ 2023